
www.burmeseclassic.com



## မာလာရီ

# ဂျာနယ်ကျော်မမလေး

www.burmeseclassic.com


ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်[illegible]

သူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များ[illegible]

ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


သီဟရတနာစာအုပ် - (၇၃)

# မာလာရီ

ဂျာနယ်ကျော်မမလေး

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၄၉/၂၀၀၄ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀/၂၀၀၄ (၆)

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်၊ ၁၉၇၉ ခုနှစ်၊ မတ်လ
ဂျာနယ်ကျော်မမလေးစာပေ
ဒုတိယအကြိမ်၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ
စေတနာစာပေ
တတိယအကြိမ်၊ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ
ရတနာပုံစာအုပ်တိုက်
စတုတ္ထအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ
သီဟရတနာစာပေ

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဦးသိမ်းစိုး
(မြ-၀၃၉၈၂)
(သီဟရတနာစာပေ)
အမှတ် (၁၀၀-D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

မျက်နှာဖုံးပန်းချီ ■ ကိုဆန်း

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ (၈၀၀)ကျပ်

## သီဟရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ

၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အဖြူ
၃၃။ ချစ်ဦးညို၏ လက်ဘဒီပချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစိမ့်စိမ့်
၃၅။ မန္တလေးကလောင်စုံ၏ မဆုံဖြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဒဂုန်တာရာ၏မြိုင်
၃၈။ ရွှေဥဒေါင်း၏ ရိုက်စပီးယား ဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ပင်လယ်
၄၀။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ ကံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်
၄၄။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၄၅။ ဂျာနယ်ကျော်မမလေး၏ သွေး
၄၆။ တိန်းလတ်၏ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၄၇။ အောင်ဝေး၏ အေးမြမြမီးလျှံ
၄၈။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေးစီးပွားရေး
မြင်ကွင်းကျယ်လေ့လာချက်
၄၉။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၅၀။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၅၁။ ဒေါက်တာခင်လေးမြင့်၏ LET US SPEAK FRENCH
၅၂။ လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
၅၃။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၄။ ကျော်ဝင်း၏လူများဖြစ်ရပ်များ တွေ့ရှိချက်များ(နိုင်ငံတကာအိုင်ဒီယာမိတ်ဆက်)
၅၅။ ချစ်ဦးညို၏ အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ
၅၆။ ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ
၅၇။ ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
၅၈။ ချစ်ဦးညို၏ ချစ်သူသုန္ဒရီ
၅၉။ မြသန်းတင့်၏ အညတရရုပ်ပုံလွှာများ
၆၀။ တက်တိုး၏ မေတ္တာမွန် (Silas Marner)
၆၁။ မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj-Leon Uris)
၆၂။ ချစ်ဦးညို၏ ပန်းမှုန်ဝေ
၆၃။ ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းဘုံသီဟာသွေ့
၆၄။ စံတင့်ထွန်း(လှကွန်း)၏ ရွှေမည်း၊ တိုယိုတာစီးရီးနှင့် အီကွေတာယဉ်ကျေးမှု

www.burmeseclassic.com

၆၅။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၆၆။ အောင်ပွင့်ဦး၏ ပညတ်ချက်အမှတ် (၁၁) သင့်အားမဖမ်းမိစေရ (Jeffrey Archer- The Eleventh Commandment)
၆၇။ ချစ်ဦးညို၏ သစ္စာကပရဝိုဇ်နှင့် ကာဠုဗုဒ္ဓရက္ခိတ
၆၈။ မောင်မိုးသူ၏ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်
၆၉။ မောင်ဝံသ၏ နိုင်ငံတကာအတွေး၊ နိုင်ငံတကာအမြင်
၇၀။ ချစ်ဦးညို၏ တရားရှင်နှင့်ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ပက်တီဟတ်စ် နှင့် အက်စ်အယ်လ်အေဂိုက်း
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ

ဂျာနယ်ကျော်မမလေး၏ မာလာရီ

ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၇၄။ လူထုဒေါ်အမာ၏ သက်တန့်ရောင်
၇၅။ မောင်သန်းဆွေ(ထားဝယ်)၏ အိမ်ရှေ့စံလှိုင်မင်းမှသည် ဖွန်ဝီလီယံမောင်လတ်သို့
၇၆။ ချစ်ဦးညို၏ လက်ရွေးစင်ဝတ္ထုတိုများ
၇၇။ ညိုစေမင်း၏ နှလုံးသားမဲ့ဒေဝီ (သို့) အဲလစ်ဇဘက်နှင့် သမိုင်းနောက်ခံဖန်သားပြင်ကွန်ရက်များ
၇၈။ ဒဂုန်တာရာ၏ စိမ်းမြစရာ
၇၉။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၈၀။ ချစ်ဦးညို၏ မိမိနှင့် အဝိဇ္ဇာဏကများ
၈၁။ ဗိုလ်အေးမောင်၏ မြားနက်
၈၂။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၈၃။ သန်းမြင့်အောင်၏ ငိုခြင်း၊ ရယ်ခြင်း၊ နီးခြင်း၊ ဝေးခြင်း၊ . . . ဝတ္ထုတိုများ
၈၄။ စည်သူမြသန်း၏ ဆရာမြသန်းတင့်၊ ဒေါက်တာဘဦး၊ ကျော်မောင်၊ အမှောင်ရိပ်ဝယ် နှင့် အခြားဖြစ်ရပ်များ
၈၅။ နတ်နွယ်၏ တက္ကသိုလ်နှင့် မြင်ပကမ္ဘာ
၈၆။ ဒေါက်တာခင်လေးမြင့်၏ အိပ်မက်ဆန်သောဘဝ
၈၇။ မိုးဟိန်း(သားဂျာနယ်ကျော်)၏ ဆင့်၍ ဆင့်၍ ဆက်၍ ဆက်၍
၈၈။ မင်းဆွေ၏ မိန်းမနှင့် ယောက်ျား
၈၉။ ပါရဂူ၏ နေရှုရာ
၉၀။ ထီလာစစ်သူ၏ စီးဆင်းရစ်လေဦး ဧရာဝတီ
၉၁။ ညီပုလေး၏ လီဒိုဟူးကောင်း မင်ခြစ်မှတ်စုများ
၉၂။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူငယ်လေ
၉၃။ သုမောင်၏ ပီကင်းမှပေးစာ (Pearl S.Buck - Letter From Beijing)
၉၄။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး

# အမှာ

၁၉၅၄ ခု တပို့တွဲလ -

ဓာတ်မီးရောင်အောက်မှာရပ်ကာ ကျွန်မ စီးရမည့်ရထားကို ပလက်ဖောင်းတစ်ဘက်က မျှော်ကြည့်လိုက်သည်။ ပြည်မြို့သို့ထွက်ရမည့် ရထားသည် ခရီးသည်များကို အပြည့်တင်လျက် ထွက်ရမည့်အချိန်က ငံ့လင့်လျက်ရှိသည်။

ရထားပလက်ဖောင်းကို ကျော်ဖြတ်လျက် လှေခါးပေါ်မှ ဆင်းခဲ့သည်။ ပထမတွဲများ ချိတ်သော နောက်တွဲများရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ပထမတန်းတွဲ၌ ချိတ်ထားသောနာမည် စာကတ်များကို လျှောက်ဖတ်ကာ ကျွန်မနာမည် ကပ်ထားမည့်တွဲကို လိုက်ရှာရသည်။

ခရီးသွားရင်း လမ်းတွင် စာရေးရန် ကျွန်မ၌ အလုပ်ပါလာခဲ့သည်၊ ကျွန်မစီးမည့်တွဲ၌ ခရီးသည်များမပါလျှင် စာရေးနိုင်မှာပဲ အောက်မေ့ခဲ့သည်။ တစ်နေ့လုံး စီးရမည့်အတွက် ဝတ္ထုတိုတစ်ပုဒ်ရေးရန် အားခဲလာခဲ့သည်။

ပထမတန်းတွဲ၌ ချိတ်ထားသော နာမည်စာကတ်ကို မကြည့်သေးခင် တွဲထဲသို့ လှမ်းကြည့်လိုက်သည်၊ ခရီးသည်များ ရောက်နှင့်နေကြ

www.burmeseclassic.com



သည်။ ဒီတွဲများ ဖြစ်လေမလား . . . စိတ်အားလျော့လျော့နှင့်ဝင် နာမည်စာကတ်ကို ဖတ်ကြည့်လိုက်သည်။

'ကြည်ကြည်ဌေး'

'ဂျာနယ်ကျော် မမလေး'

ကြည်ကြည်ဌေးဆိုသော နာမည်ကို မြင်မြင်ချင်း ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေးပဲ တွက်သည်။ ကျွန်မနှင့်အတူ သွားရမည့် ခရီးသည်မှာ အနုပညာရှင်တစ်ဦးဖြစ်၍ စိတ်ဝင်စားရမည့်ခရီးဖြစ်သည်။

အသက် ၆၀ ကျော် အမယ်အို၊ ဆေးပြင်းလိပ်ခဲထားသော ဝဝ မဲမဲသဲသဲ ယောကျ်ားတစ်ယောက်၊ သူတို့နှစ်ဦးက ကျွန်မကို လှမ်းကြည့်လျက် အကဲခတ်နေကြဟန် တူသည်။

ခပ်ငယ်ငယ် မိန်းမတစ်ဦးနှင့် ကြည်ကြည်ဌေးမှာ အိပ်ပျက်လာကြပုံ၊ ထိုင်ခုံများကို အိပ်စင်အဖြစ် ဖြန့်ခင်းလျက် ရထားမထွက်ခင်ပင် လှဲအိပ်နေကြသည်။

ရထားပေါ် တက်သွားပြီး အိပ်နေသော ကြည်ကြည်ဌေးကို လှမ်းကြည့်လိုက်သည်။ တစ်ဘက်ရှိ ထိုင်ခုံများ၌ အိပ်စင်အဖြစ် ဖြန့်ခင်းလျက် ကျွန်မအတွက် နေရာယူလိုက်သည်။

ကောင်းကင်ပြင်ကြီး၌ အဖြူရောင်သမ်းစ ပြုလာချိန်တွင် ဘူတာရုံမှ ရထားထွက်လာခဲ့သည်။ မလင်းတလင်း ရိပ်ငြိမ်မှု ပြည့်လျှမ်းသော နံနက်ဦး၌ မြမြလေးရှိသော လေအေးနှင့် ပေါင်းဆုံ၍နေရခြင်းကြောင့် လန်းဆန်းကြည်နူးလျက် ငေးမောမိနေစဉ် တစ်ဘက်မှ လှုပ်ရှားသွားသောသဏ္ဍာန်ကြောင့် အသာလှည့်ကြည့်လိုက်သည်။

"ဝိုက်ထဲက . . . အောင့်လိုက်တာ . . ."

ကြည်ကြည်ဌေးသည် နှုတ်ကပြောရင်း အပေါ်ထပ် အိပ်စင်ပေါ်



တွင် တက်လှဲအိပ်ရန် လှေခါးကလေးကို ကိုင်တွယ်တက်နေသည်။

ကျွန်မက လှည့်အကြည့် မျက်လုံးချင်း ဆုံကြသည်။

ပြည့်ဝိုင်းသော မျက်နှာလေး၌ သူ့မျက်လုံးသည် ထူးထူးခြားခြား ကြည်လင်တောက်ပနေသည်။ ထို ကြည်လင်တောက်ပသော မျက်လုံးအစုံတွင် ပြုံးစနဲ့ ပြုံးကြည်ချိုမြ၍ ရယ်နေသောမျက်လုံးကို တွေ့လိုက်ရသည်။ ရုပ်ရှင်ပြဇာတ်ထဲတွင် အကြိမ်ကြိမ် တွေ့ခဲ့ဖူးသော ပြုံးစစ ပြုံးကြည်ကြည်ရှိသော မျက်လုံးနှင့် မျက်နှာဟန်ပန်သည် ကျွန်မမျက်စိထဲတွင် စွဲနေသည်။

ကျွန်မ ကြည့်ခဲ့သမျှ ပြဇာတ်ရုပ်ရှင်၊ သူပါဝင်သော သူ့အခန်း၊ သူ့ဇာတ်ကွက်ကို နိုင်နိုင်နင်းနင်း သယ်ယူတတ်သော သူ၏အနုပညာစွမ်းရည်သည် စူးစိုက်လေ့လာချင်စရာကောင်းအောင် ဆွဲဆောင်မှုရှိသည်။

ရုပ်ရှင်ပြဇာတ်မှနေ၍ သူ့ကိုကြည့်ပြီး ပွင့်သစ်စ ပညာသည်ကလေးတစ်ယောက်ဟု ထင်မှတ်ယူဆ၍ မရသော သူ့ပညာစွမ်းရည်ကြောင့် အနုပညာဘက်၌ ဝါရင့်ပြီးသား ပညာရှင်တစ်ယောက် ဖြစ်လိမ့်မည်ဟု တွက်ထားပြီးသားဖြစ်သည်။

'လင်းလုလုရောင်နီ' ပြဇာတ်ထဲ၌ ကြည်ကြည်ဌေးကို စတွေ့ရသည်။ ရုပ်ရှင်ပြဇာတ်များကို သွားရောက်ကြည့်သည့်အခါတိုင်း ဇာတ်လမ်းဇာတ်ကွက်ကိုလည်း မျက်ခြည်မပြတ် ကျွန်မ အာရုံစိုက်တတ်သည်။ ပညာသည်များ၏ ပင်ကိုယ်အရည်အသွေးကိုလည်း တစ်စမကျန် အာရုံစိုက်လျှက် အကဲခတ်၍ကြည့်နည်းမျိုး ကျွန်မမှာ အကျင့်ပါနေသည်။ ပေါ်လာရာ၊ ပြသရာ၊ မြင်မြင်သမျှ အရာအားလုံးကို စူးစိုက်စိစစ်ပြီး ကြည့်လေ့ကြည့်ထရှိသည့်အပြင် တစ်ပြိုင်တည်း ဝေဖန်မှုပါပြီးသား ဖြစ်သည်။

တချို့သော ရုပ်ရှင်ပြဇာတ် မင်းသမီးများ၏ အမူအရာ သရုပ်

www.burmeseclassic.com



သဏ္ဌာန်တို့သည် ဇာတ်ကွက်၊ ဇာတ်ခန်းနှင့် တိမ်းယိမ်းလွတ်ချော်သွားတတ်သော အမှတ်မထင်ကလေးတို့ကိုပင် ဂရုပြုလွန်း၍လားမသိ ဖမ်းမိသည်။

ကြည်ကြည်ဌေး၏ လွတ်ကွက်၊ လစ်ကွက်တို့ကို တွေ့မြင်ရခဲ့သောကြောင့် သည်မျှလျှောက် ကိုယ်ရေးစိတ်ပါ စွမ်းဆောင်သွားနိုင်သော အရည်အချင်း၊ သည်မျှလောက် တစ်သားတည်းကျညီနိုင်သော အသားသေပုံမျိုးသည် ပွင့်သစ်စပညာရှင် မဟုတ်တန်ရာ၊ အနုပညာအခြေခံ ရင့်သန်ပြီးသား ဖြစ်ရမည်။ ကျွန်မ ဤသို့ ဝေဖန်ထားသည်။

ကြည်ကြည်ဌေးကို မြင်သည်နှင့်၊ ကျွန်မ ဝေဖန်ထားချက်ကို ပြန်၍ သတိရသည့်အတိုင်း ကြည်ကြည်ဌေး၏ ဘဝအကြောင်းနှင့် ပညာအခြေခံကို သိလိုသောစိတ်ဆန္ဒမှာ နေရင်းထိုင်ရင်း ပြင်းပြလာသည်။

အိပ်မောကျလျက်ရှိသော အမယ်အိုကိုကြည့်လျက် ကြည်ကြည်ဌေးအမေပဲထင်သည်။ အမယ်အို၏မျက်နှာသည် ဖြစ်မိလျှင် ရွှေသာတိုးမည်၊ နောက်ပြန်လှည့်မကြည့်၊ ပိုင်းဖြတ်နိုင်သောမျက်နှာမျိုး၊ ထက်မြတ်သောအသွင်ဆောင်သည်။ အသားဖြူဆွတ်၍ အသားအရေ နူးညံ့ ညက်ညောသည်။ နီရဲသော လက်ဖဝါးတွင် စိပ်ပုတီးကိုဆုပ်လျက် အိပ်ပျော်နေသည်။

ပက်လက်အိပ်ပျော်နေသော လူဝဝ ထောင်ထောင်မောင်းမောင်း အသားမည်းမည်း အရောင်အဆင်းရှိသည့် ထိုလူကား ကြမ်းတမ်းခက်ထန်သယောင်ယောင်၊ နူးညံ့ပျော့ပြောင်းမယောင်ယောင်၊ တွက်ရခက်သော၊ အကဲခတ်ရခက်သော ကြန်အင်လက္ခဏာမျိုး ဆောင်သည်။ 'ကြည်ကြည်ဌေးရဲ့ ခင်ပွန်းများလား. . .' ခင်ပွန်းဆိုလျှင် ခင်ပွန်းလို့ မထင်စရာ။ မင်းသမီးကို ထပ်ကြပ်မကွာအုပ်ထိန်းနေသော ဇာတ်အုပ်ဇာတ်



ခေါင်းများလား . . .။

အမယ်အိုသည် နိုးလာကာ ထ၍ထိုင်သည်။ ရထားပြင်ဘက် လယ်ကွင်းများကို ငေးမောကြည့်ရာမှ ကျွန်မနှင့် မျက်နှာချင်းဆိုင်ကာ စကားလှမ်းပြောသည်။

"ဒီနေရာတွေဟာ အမေတို့နေခဲ့တဲ့ နေရာတွေပေါ့။ ပြည်ဒိစတြိတ်၊ လက်ပံတန်းနယ်၊ မိုးအိုင်ရွာမှာ အမေတို့ လယ်လုပ်ခဲ့ကြတယ်။ ကြည်ကြည်ဌေးက ငယ်ငယ်လေးရှိသေးတယ်။ သမီးကြီးတွေကတော့ သူ့အရီးဇာတ်ထဲ ပါကုန်ကြပြီ။ ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံဆိုတာ အမေ့ယောင်းမ၊ ဆရာအောင်ဗလတပည့်၊ အဆိုကောင်း အကကောင်း အင်မတန် နာမည်ကြီးတယ်"

အမယ်အို၏အသံမှာ လွန်စွာ ညင်သာလျက် သူ၏ပျော့ပျောင်းပျောင်း အမူအရာနှင့် လိုက်ဖက်လှသည်။ ကျွန်မသိလိုချက်တွေ အမယ်အိုထံမှ စတင်ကြားရသည်နှင့်တစ်ပြိုင်နက် နားစိုက်ထားသည်။

ထိုအချိန်တွင် ကြည်ကြည်ဌေးသည် လှေကားလေးမှ ပြန်တွယ်ဆင်းလာသည်။

"မမက . . . ဂျာနယ်ကျော် မမလေးနော် . . ."

ကြည်ကြည်ဌေးသည် ရှေ့မဆက်ဘဲ ပြုံးချိုထားသည်။

"ဟုတ်ပါတယ် . . . ဂျာနယ်ကျော် မမလေးဟာ မမပါပဲ"

"ရထားမှာကပ်ထားတဲ့ စာရွက်ကလေးမြင်ရတော့ မမနဲ့ ခရီးသွားရပြီလို့ ဝမ်းသာသွားတယ်"

အသံသာသာထဲ၌ ရယ်မောသံလေးပါစွက်ဖက်လျက် မျက်နှာချိုချို ပြန်ပြောသည်။

"ကြည်ကြည်ဌေးနဲ့ တွဲတစ်တွဲတည်း လာကြုံရတာ မမ ဝမ်းသာ

www.burmeseclassic.com



မိတယ်။ ညီမကို ပြဇာတ်ထဲမှာ စတွေ့ဖူးတာပဲ။ နောက် ရုပ်ရှင်မှာဆိုပါတော့ . . . ညီမကို စတွေ့တွေ့ချင်း မမ စိတ်ဝင်စားလွန်းလို့ ဝေဖန်ထားတယ်”

“ဘယ်လိုဝေဖန်ထားသလဲ မမရယ် . . . သိပါရစေ . . .”

ကျွန်မအဖြေကိုစောင့်နေသော သူ့မျက်နှာလေးမှာ စိတ်အားထက်သန်စွာဖြင့် မျက်လုံးများ တောက်ပြောင်ပြုံးလဲ့နေသည်။

“ပြဇာတ်မှာ ညီမကို စတွေ့တွေ့ချင်း ပွင့်သစ်စ မင်းသမီးတော့ မဟုတ်ဘူး၊ အနုပညာအခြေခံမိ ရှိရမယ်၊ ဝါရင့်ပြီးသားဖြစ်ရမယ်လို့ မမ ဝေဖန်ထားမိတာ မှန်ရဲ့လား . . .”

ကြည်ကြည်ဌေးက ရယ်မောလိုက်သည်။

“မမ ဝေဖန်တာ မမှားပါဘူး . . . အနုပညာအခြေခံကတော့ ကျွန်မ ငါးနှစ်သမီးက စခဲ့တာပါ”

“ဟုတ်ပြီ . . . မမလည်း ထင်တယ် . . . မမထင်တာ မမှားတော့ဘူး၊ ငါးနှစ်သမီးက စခဲ့တာဆိုတော့ စပုံစနည်း အနုပညာဘက် ရောက်ပုံရောက်နည်း မမ သိပ်သိချင်တာပဲ”

ရထားသည် အရှိန်ပြင်းစွာ ခုတ်မောင်းနေသည်။ အပတ်ပေါင်း မရေမတွက်နိုင်အောင် ရထားဘီးများ လည်နေသကဲ့သို့ ကျွန်မအာရုံမှာလည်း ရပ်နားခြင်းမရှိဘဲ ချာချာလည်လျက်ရှိသည်။

ကျွန်မအနီးတွင်ရှိနေသော သူတို့မိသားစုသည် ကျွန်မအနီး၌ တစ်နေရာစီ၊ တစ်သီးတခြားစီဖြစ်ချင်ဖြစ်လျက်၊ ပျောက်သောသူကလည်း ပျောက်ကွယ်လျက်၊ ကျွန်မအနီးအနား၌မရှိသော အရာဝတ္ထုများ၊ ပုံသဏ္ဌာန်များ၊ အသွင်အပြင်များ၊ အမျိုးမျိုးအဖုံဖုံ ပြောင်းလိုက်ပေါ်လိုက်ဖြစ်လျက် ထိုအမျိုးမျိုးသောပုံသဏ္ဌာန်တို့မှ အသံဗလံများကလည်း အသံ



အမျိုးမျိုးထွက်ပေါ်လျက် . . .။

ကြည်ကြည်ဌေးသည် ငါးနှစ်သမီးအရွယ်မှစ၍ ဇာတ်သဘင်၊ ပြဇာတ်၊ ရုပ်ရှင်၊ ကဏ္ဍသုံးခုခွဲကာ သူ ပါဝင်လှုပ်ရှားခဲ့ပုံများကို ပြန်ပြောင်းပြောပြနေသည်။

ဇာတ်သဘင်အကြောင်း ပြောပြနေသည့်အခါ၌ ကပြခဲ့သော ဇာတ်လမ်း၊ ဇာတ်ကွက်၊ ထိုဇာတ်၌ ဆိုခဲ့သောသီချင်း၊ ‘ပြောခဲ့သော စကား၊ ပါးစပ်ဆိုင်းပါ တီးလျက် လက်မြှောက်မပြရုံတမည် . . .။

ပြဇာတ်ဆိုပါက . . . သူ ကပြခဲ့သော ပြဇာတ်များအနက် ‘ရွှေရည်လူး’ ပြဇာတ်ကို ပြန်ပြောသောအခါတွင် သူ့အခန်း၊ ကိုချစ်မောင်အခန်း၊ ကိုမျိုးချစ်အခန်း အကုန်လုံး၊ စကားလုံးရော သီချင်းပါ မကျန်ရစ်ခဲ့ရအောင် ပြောဆိုပြသည်။ ပြောပြနေစဉ် အသံအမျိုးမျိုး ပြောင်းသွားသည်။

ကိုချစ်မောင်စကားလုံးအတိုင်း အသံကိုလည်း ကိုချစ်မောင်နှင့်တူအောင်ဟု ပြောသောအခါ ကိုချစ်မောင်၏အသံအတိုင်း၊ မျက်နှာ အမူအရာ အက်တင်တို့မှာ ကိုချစ်မောင်၏အက်တင် . . .။

ဇာတ်သဘင်ဖြစ်စေ၊ ပြဇာတ်ဖြစ်စေ၊ ဇာတ်ခုံပေါ်၌ သုံးယောက်ဆုံထွက်နေသည့်အခန်းကို ပြောပြသည့်အခါ၌ သုံးယောက်၏အသံ၊ သုံးယောက်၏ဟန်၊ သုံးယောက်၏သီချင်း၊ သုံးယောက်ပြောသော စကားလုံးတွေကို ကျွန်မ တစ်ထိုင်တည်း၊ တစ်ပြိုင်တည်း မြင်ရကြားရသည်။

စာပေဟောဆရာ၊ ကွက်စိပ်ဟောဆရာကို ပြေးသတိရလိုက်သည်။ ရှင်ဘုရင်လည်း သူ၊ မင်းသမီးလည်းသူ၊ ကျွန်မ နားထောင်ခဲ့ဖူးသော ကွက်စိပ်မှာ ဆိုင်းက အကွက်ကျရာဘေးမှ တီးပေးရခြင်းဖြစ်သည်။

ကြည်ကြည်ဌေးသည် သုံးယောက်၏ အက်တင်နှင့်

www.burmeseclassic.com



အဆိုအပြော တို့ကို တစ်ယောက်တည်း ကွက်စေ့အောင်ကြဲနေစဉ် ဆိုင်းကို သူ့ပါးစပ် ထဲထည့်ထားသဖြင့် ကွက်စိပ်ထက် သူက သာပေသည်။

သီချင်းဆိုပြခါနီးတွင် တီးလုံးစမ်းလိုက်သည့် ဆိုင်းသံ၊ ပတ်သံ၊ တူရိယာသံတို့ကို ပါးစပ်က တီးစမ်းရင်း ဆိုပြသွားသည်။

ထိုအချိန်တွင် အက်တင်အမျိုးမျိုးပြောင်းနေသော သူ့ရုပ်သွင်ကို ပုံဖမ်း၍မရတော့ပေ။ မျက်နှာလေးမှာ လုံးသလိုလို၊ ပြားသလိုလို၊ သွယ်သလိုလို၊ ဝိုင်းသလိုလို၊ ဘယ်လိုမှ ပုံဖမ်း၍မရနိုင်သော မျက်နှာမျိုး ဖြစ်နေသည်။

အသက်ဝင်အောင် ဖန်တီးနိုင်သော အရည်အချင်းမှာ သူ့မျက်လုံးထဲ၌ တွေ့ရသည်။

လူရွှင်တော်အကွက်ဝင်၍ လူရွှင်တော်ကြည့်လိုက်သောအကြည့်ဖြင့် ပြောင်း၍ အသက်သွင်းလိုက်သော သူ့မျက်လုံးသည် သူ့မျက်လုံး မဟုတ်တော့ဘဲ လူရွှင်တော်၏မျက်လုံး ဖြစ်လာသည်။

ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသွားသော သူ့အသံ၊ သူ့အက်တင်၊ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသွားသော မင်းသားအသံ၊ မင်းသားအက်တင်၊ အသံအမျိုးမျိုး၊ အက်တင်အမျိုးမျိုး၊ အကြည့်အမျိုးမျိုး ပြောင်းသွားပုံတို့ကြောင့် မှတ်သားလေ့လာစူးစိုက်နေသော ကျွန်မအာရုံ၊ ကျွန်မမျက်လုံးတို့သည် အလွန်ပင်ပန်းနေသလောက် ကြည်ကြည်ဌေးမှာ ပင်ပန်းခြင်းအရိပ်အယောင် လုံးဝမရှိ။

တတ်လည်း တတ်နိုင်သည်။ ဒေါက်ဒေါက် . . . ဒေါက်ဒေါက် နေအောင် ပြောလည်း ပြောသွားနိုင်သည်။ ပြောနေရင်းမှ သီချင်းဝင်လာသည်။ သာယာချိုအေးသော တေးသံကလေးသည် ကျွန်မ၏ နှလုံးသားတွင် ကြည်အေးချိုမြသွားသည်။



ကြည်ကြည်ဌေးသည် အသံကောင်းရုံသာမဟုတ်၊ တစ်မူတစ်တန်နှင့် ဆိုခြင်းဖြစ်၍ ထူးခြားသည်၊ မှင်ရှိသည်။

ကျွန်မအာရုံ ကျွန်မမျက်စိ၊ ကျွန်မနား၊ ကျွန်မ နှလုံးသားကို ချယ်လှယ်စိုးမိုးလျက်ရှိသော အသံရှင်၏ ခေါ်ဆောင်ရာနောက်သို့ ထပ်ကြပ်အတူ လိုက်ပါနေသော ကျွန်မမှာ မျက်လုံးထဲ မြင်လာပုံအတိုင်း နားထဲ၌ ကြားရပုံအတိုင်း အာရုံ၌ ထင်ဟပ်လာပုံအတိုင်း စိတ်ဝင်စားဖွယ်ကောင်းလှသော ကြည်ကြည်ဌေး၏ အနုပညာကို မှတ်တမ်းတင်လိုခြင်း ပြင်းပြစိတ်ကြောင့် ၁၉၅၅ ခုနှစ်၌ ထုတ်ဝေသော ‘ရှုမဝ’ အမှတ်တစ်ရာပြည့် အထိမ်းအမှတ်တွင် သူ့ဘဝ၊ သူ့အကြောင်း ‘ရတနာပုံ’ဇာတ်ကားရိုက်သည်အထိ အကျဉ်းချုပ် ရေးသားဖော်ပြခဲ့ဖူးသည်။

ပြဇာတ်ထဲတွင်ကြည့်ဖူးစက သူ့ကို အနုပညာအခြေခံရှိရမည်ဟူ၍ဝေဖန်ချက်မှတစ်ဆင့်တက်လျက် သူ့ကို ကိုယ့်အမျိုးသားအခြေအမြစ်ကို အားကိုးသော ပညာသည်တစ်ယောက်ဖြစ်မှန်း သိလာသောအခါ၌ ကျွန်မ၏စာပေခရီးတွင် တစ်နေ့နေ့ သူ့အကြောင်း၊ သူ့ဘဝ၊ သူ့အတ္ထုပတ္တိကို စာအုပ်တစ်အုပ် မဖြစ်,ဖြစ်အောင် ရေးမည်ဟု စိတ်ပိုင်းဖြတ်ထားခဲ့သည်။

ဘယ်နေ့၊ ဘယ်ရက်၌ သူ့အတ္ထုပတ္တိရေးမည်ကို ထိုစဉ်က ကျွန်မ မခန့်မှန်းနိုင်ခဲ့ချေ။

ရှုမဝတွင် ဆောင်းပါးရေးစဉ်က ကျွန်မ စ၍ ရောက်ရှိသွားသော ကြည်ကြည်ဌေး၏အိမ်မှာ စလင်းကွင်း ရေတိုင်ကီကြီးအနားရှိ တဲအိမ်ဖြစ်သည်။ ထိုအိမ်၌ အမေ့ကိုလည်း တွေ့ရသည်။ ပထမဇနီးနှင့် သားကလေးအပါကိုပါ တွေ့ရသည်။

www.burmeseclassic.com



မကြာခဏ ရောက်သွားခြင်းကြောင့် အမေနှင့်လည်း ရင်းနှီးလာသည်။ ပထမဇနီးနှင့်လည်း မျက်မှန်းတန်းမိ၊ ခင်မင်မိလာသည်။

သူ့အကြောင်းမသိခင်က မယားကြီး၊ မယားငယ် တစ်အိမ်တည်း အတူနေရသော သူ့ဘဝကို အောက်ကျလှချည့်ဟု ကြည်ကြည်ဌေးတို့ သနားမိသည်။

ဂျာနယ်ကျော် ဦးချစ်မောင်ရေးသော 'သူ'ကို ဒါရိုက်တာ ဦးသုခ ရုပ်ရှင်ရိုက်သောအခါ ကြည်ကြည်ဌေးက မင်းသမီးဖြစ်သည်။ ထိုအချိန်က စလင်းကွင်းတဲအိမ်မှ တိုက်ဆောက်ပြီးဖြစ်၍ တိုက်ပေါ်တွင်နေထိုင်ကြသည်။ ဒါရိုက်တာဦးသုခက လာကြည့်ရန် ခေါ်သဖြင့် ရုပ်ရှင်ရိုက်သော ခြံထဲသို့သွားကာ တစ်နေကုန် ထိုင်ကြည့်သည်။

ကြည်ကြည်ဌေးနေသော တိုက်အိမ်သစ်သို့လည်း အရောက်အပေါက် ပိုများသွားပြန်သည်။

ကြည်ကြည်ဌေးမှစ၍ တစ်အိမ်သားလုံး၏ သဘာဝစရိုက်တို့မှာ စိတ်ဝင်စားစရာဖြစ်ပေသည်။ ကြည်ကြည်ဌေး၏ အနုပညာနှင့် ထပ်တူ ကြည်ကြည်ဌေး၏ ဘဝမှာလည်း တစ်နေ့တခြား ပိုမိုပီပြင်လာကာ ရှေးအထက် သူ့ဘဝကို ကျွန်မ စိတ်ဝင်စားလာတော့သည်။

"အမေ . . . ကိုယ့်သမီးကို ဒီလောက်တောင် နိုင်ချင်တိုင်းနိုင်နေတာ အမေ ဒီလိုပဲကြည့်နေနိုင်တယ်နော်"

ကျွန်မက ပြုံးစေ့စေ့ဖြင့် အမေ့စိတ်ကို သိလို၍ စမ်းကြည့်သည်။

"သမီးရယ် . . . ဒါ ကံလေ၊ သူ့ကံက သူ့ကို ခြယ်လှယ်နေတာ။ သူ့ကံပေါ့၊ သူ့ဝဋ်ကြွေးပေါ့၊ မဟုတ်ဘူးလား။ သမီးညီမရဲ့ ဝဋ်ကိုကြည့်စမ်း။ ဝဋ်ဆိုတာ ဘယ်လောက်ကြောက်စရာကောင်းသလဲ။ အမေက မခံနိုင်ဘဲ ငုံ့ခံနေခြင်းမဟုတ်ပါဘူး။ ဝဋ်ကြွေးရှိသမျှ ဒီဘဝ ဒီမျှနဲ့ ကြေပါစေလို့"



အမေ၏ နူးညံ့ညက်ညောသော အသံလေးသည် ပြောရင်းပြောရင်း ပျောက်ဝင်သွားသည်။

ကြည်ကြည်ဌေး၏ခင်ပွန်း ဗိုလ်အောင်သိန်းသည် ကြည်ကြည်ဌေးက ကျွန်မကို အစ်မရင်းတမျှ ချစ်ခင်စိတ်ရှိမှန်း သိလာသည်။ ကျွန်မ ရောက်သွားလျှင် သူက ဖော်ဖော်ရွေရွေ ဧည့်ခံသည်။

တစ်နေ့ ကြည်ကြည်ဌေးတို့အိမ်သို့ ကျွန်မ ရောက်သွားသည်။ ဖဲဝိုင်းနှင့်ခပ်လှမ်းလှမ်းရှိ ကုလားထိုင်တွင် ထိုင်စောင့်ရသည်။

ကြည်ကြည်ဌေးက အခန်းထဲမှထွက်လာကာ "မမရေ . . . မမ" ဟု ခေါ်ပြောပြောလာလျက် ကျွန်မလက်ကို လှမ်းဆွဲသည်။ ကျွန်မလက်မှ လက်စွပ်ကို ဆွဲချွတ်သည်။ ဖဲဝိုင်းမှ ဗိုလ်အောင်သိန်းက လှမ်း၍ကြည့်နေသည်။

"ကိုရွှေသိန်း . . . မမလက်စွပ် ကျွန်မ ကြိုက်လိုက်တာရှင်၊ ကျွန်မတို့ညီအစ်မ ဆင်တူဝတ်ချင်လို့ ဒီပုံစံအတိုင်း လုပ်ချင်တယ်၊ လုပ်ပေးစမ်းပါ"

ဖဲဝိုင်းမှလူများကပါ လှမ်းကြည့်ကြသည်။ ကျွန်မအား သူ့အစ်မတစ်ယောက် အမှတ်ထားစိတ်ဖြင့် ပြောနေခြင်းဖြစ်သည်။

ကြည်ကြည်ဌေး ကျွန်မအိမ်သို့ အလည်ရောက်လာပြီဆိုလျှင်လည်း ကျွန်မတို့အိမ်မှာ အထူးစိုပြည်လှသည်။ ဇာတ်ကခဲ့စဉ်က ကြိုက်ထီးရိုးသမိုင်းဇာတ်ထုပ်ကို တစ်နေကုန်အောင် ခင်းကျင်းပြသသည်။ သူ တစ်ယောက်တည်း နန်းစောလုပ်လိုက်၊ ဖထီးလုပ်လိုက်၊ လုံယော်လုပ်လိုက် တစ်ဇာတ်ထုပ်လုံး သူ့ပါးစပ်ဆိုင်းနှင့်သူ။ တစ်ဇာတ်လုံး ခင်းကျင်းသီဆိုသွားကာ နေကုန်မှ သားအမိနှစ်ယောက်ပြန်သွားတတ်သည်။

www.burmeseclassic.com



သူနှင့်တွေ့ဆုံတိုင်းပင် သူ့ဘဝ အတ္ထုပ္ပတ္တိကို စာတစ်အုပ်ဖြစ်အောင် ရေးချင်စိတ်တွေ ပြင်းပြမိသည်ချည်းဖြစ်သည်။

ဇာတ်သဘင်လောက၊ ရုပ်ရှင်လောက၌ မဲ့တစ်ပေါက်မစွန်းစေအောင် ကြံ့ခိုင်သော အကျင့်စာရိတ္တနှင့် နိုင်ငံကျော်ရုပ်ရှင်မင်းသမီးဟူ၍ မပမလွှား စံထားလောက်သော နှိမ့်ချရိုးသားမှု၊ အနေအထိုင်၊ အပြောအဆိုကို နှစ်သက်ခြင်း ကျွန်မဖြစ်မိသည်။

သူ့အတ္ထုပ္ပတ္တိကို ရေးသားရန် စိတ်အားထက်သန်လာသော အချက်များစွာရှိခဲ့သည်။ မိခင်ကို လေးစားချစ်ခင် ရိုသေခြင်း၊ အားကျနည်းယူစရာကောင်းအောင် မိခင်စကား မြေဝယ်မကျနားထောင်နိုင်ခြင်း၊ အိမ်ထောင်ရှင်ဘဝ၌ လူရာမဝင်၊ အသုံးမကျအောင် အနိမ့်ဆုံးဘဝနှင့် တွေ့ဆုံရင်ဆိုင်ခဲ့ရသော ဒုက္ခ၊ သုခအပေါင်းကို တရားလက်ကိုင်ထားလျက် လင်သားအပေါ်၌ သည်းခံချုပ်တည်း၍ ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားနိုင်သော သူ၏ စံတင်လောက်ပေသည့် 'ဇွဲ' . . .။

ရုပ်ရှင်လောကတွင် ရပ်တည်ချက်မှန်မှန်နှင့် ပန်းတိုင်အရောက်တက်လှမ်းခဲ့သော လုံ့လကြီးခြင်း၊ ရုပ်ရှင်ဒါရိုက်တာတွေ ခိုင်းသမျှ ငြင်းဆန်ခြင်းမပြုဘဲ စိတ်ပါဝင်စားစွာ လုပ်ကိုင်ခဲ့ခြင်း၊ သူ့ကို သင်ကြားပြသသော ဒါရိုက်တာ ဆရာသမားများအပေါ်၌ သူ့လောက် လေးစားရိုသေမှုရှိသော မင်းသမီးမျိုး ရှားမှားဖြစ်ခြင်း . . .

ဤအချက်တွေကြောင့် ရေးသားရန် စိတ်အားထက်သန်မှု ရှိခဲ့ခြင်းလည်း ပါဝင်ပေသည်။

သူ့အတ္ထုပ္ပတ္တိ၊ သူ့ဘဝအကြောင်း ပြည့်စုံအောင် စုံစုံလင်လင်ရေးရလျှင် သူ့ခင်ပွန်းအကြောင်းကို ချန်လှပ်ထား၍ မဖြစ်တော့ပေ။

အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ရေးလျှင် အမှန်အကန်အတိုင်း ရေးသားရန် စာရေးသူတိုင်း၌ တာဝန်ရှိသည်။ ထိုတာဝန်ရှိသည့်အတွက် မလွှဲမရှောင်သာ၍သာ ထိုတာဝန်ကိုယူပြီး သူ့ခင်ပွန်းအကြောင်းကို ရေးသား ဖော်ပြရခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ မုန်းတီးမှု စိုးစဉ်းမျှမရှိဘဲ မမှု မိဋ္ဌာန်ကျကျ ရေးသားခြင်းဖြစ်ကြောင်းကို မှု ထည့်သွင်းဖော်ပြလိုပေသည်။



အမှန်စင်စစ် မိမိအတ္ထုပ္ပတ္တိမဟုတ်ဘဲ အခြားပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိကို ရေးသားရန်မှာ စာရေးသူ စာပေလုပ်သားများအဖို့ တာဝန်ကြီးလေးခြင်းကား အမှန်ဖြစ်သည်။ အထူးသဖြင့် ကြည်ကြည်ဌေး ကိုယ်ရေးအတ္ထုပ္ပတ္တိကို စုံလင်စွာ ရေးရန်ကား ဝန်လေးစရာ . . .

ဝန်လေးစရာ . . . ဆိုခြင်းမှာ . . . ဝန်ဆောင် အပြည့်အမောက် တင်ဆောင်ထားသော လှေကလေးကို လေမုန်တိုင်းထဲ၌ အားသွန်ကြိုးစား၍ လှော်ခတ်ရတော့မည့်ပမာ ဖြစ်နေသည်။

သို့သော် . . . သို့သော် . . . ထိုဝန်ကို ကျွန်မ ထမ်းသည်။

ထူးချွန် ပြောင်မြောက်လှသော အနုပညာရှင် အမျိုးသမီးတစ်ဦး၏ မှတ်လောက်သားလောက်ဖွယ်ရှိသော အတ္ထုပ္ပတ္တိစာအုပ် တစ်အုပ်သည် အနုပညာလောကတွင် ရှိစေသင့်သည်ဆိုသော ကျွန်မ စေတနာက ထိုဝန်ကို အမျိုးသမီး စာပေလုပ်သားတစ်ဦးအနေဖြင့် ကျွန်မ ထမ်းရန် ကျွန်မကို တိုက်တွန်းစေ့ဆော်လှုခြင်းကြောင့် ရေးဖြစ်ရခြင်းဖြစ်ပေသည်။

ဗိုလ်အောင်သိန်း မရှိတော့သော်လည်း ဗိုလ်အောင်သိန်း၏သားမောင်ပါနှင့် အဆက်အနွယ်များ ရှိကြပေသေးသည်။ ကာယကံရှင် ကိုယ်တိုင်၊ ကြည်ကြည်ဌေးလည်း အသက်ထင်ရှားရှိနေသေးသည်။

ကျွန်မမှာ ဤစာမူရေးနေစဉ် အမှားအယွင်း၊ အပို၊ အလို မဖြစ်စေရန် ကြည်ကြည်ဌေးနှင့် အကြိမ်ပေါင်းများစွာ မျက်နှာချင်းဆိုင်တွေ့ဆုံ

www.burmeseclassic.com



ရုတာ ဆွေးနွေးမေးမြန်းလျက် ဤစာမူအတွက် အချက်အလက်များကို ရယူရသည်။

ကြည်ကြည်ဌေး၏သားလေး မောင်ပါကိုလည်း ဤအတ္တုပတ္တိစာအုပ်အတွက် သူသိရှိမှတ်မိသမျှ ရေးသားပေးရန် တိုက်တွန်းရသည်။

ရုပ်ရှင်ဒါရိုက်တာ ဦးတင်မောင်၊ ဒါရိုက်တာဦးသုခ၊ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၊ ဒါရိုက်တာအောင်မြင့်မြတ်တို့ထံသို့လည်း ကြည်ကြည်ဌေး၏ အတ္တုပတ္တိစာအုပ် ရေးသားပြုစုနေခြင်းကြောင့် ကြည်ကြည်ဌေးနှင့်ပတ်သက်၍ မှတ်တမ်းတင်ချက်ကလေးများ ရေးသားပေးပါရန် မေတ္တာရပ်ကာ တောင်းခံခဲ့ရသည်။

ဤအတ္တုပတ္တိစာမူ ရေးသားပြီးဆုံးသွားသည့်အခါ၌ ကျွန်မ၏ စာမူကြီးကို ဖတ်ရှုပြီး ဖြုတ်လို၊ ပြင်လိုက ပြောပါရန် ကြည်ကြည်ဌေးထံသို့ ပေးပို့လိုက်သည်။

ကြည်ကြည်ဌေးနှင့် မောင်ပါတို့သားအမိနှစ်ယောက် ညဉ့်ယံမှ ညဉ့်နှစ်ချက်တီးအထိ ပြီးဆုံးအောင် ထိုင်ဖတ်ရှုကြပြီးလျှင် ဖြုတ်စရာ ပြင်စရာ မရှိပါဟု ကျွန်မထံသို့ စာမူကြီးပြန်ပို့တော့မှပင် စိတ်ပေါ့ပါးသွားရပါတော့သည်။

ဂျာနယ်ကျော်မမလေး

(၁)

ကင်းစင်မီးများ ထွန်းလင်းလျက် ငွေခြည်ထိုးဒေါင်းရုပ်ပုံ ခြယ်ထားသော ကန့်လန့်ကာကြီးနောက်၌ ငါးနှစ်သမီးအရွယ် မင်းသမီးပေါက်စလေးသည် ဇာတ်ခုံအောက်မှ ဗေထိ ဗေထိ တီးလျက်ရှိသော ပွဲဦးထွက် ဆိုင်းသံကြောင့် စိတ်မာန်တက်ကြွကာ ကားလိပ်အဖွင့်ကို စောင့်ဆိုင်းနေသည်။

မင်းသမီးပေါက်စသည် သူနှင့်ယှဉ်၍ အတူရပ်နေသော အပျိုတော်ကြီး၏လက်ထဲမှ ကန်တော့ပွဲကို ခေါင်းလန်အောင် မော့ကြည့်သည်။ ရင်ထဲ၌ကား အောင့်သက်သက်။

ခါးတောင်အကျီ၊ ဗလာထဘီ စသည့် ဇာတ်မင်းသမီးတို့၏ ဝတ်စားတန်ဆာချင်း တစ်ပုံစံတည်းဆင်တူဖြစ်ကြပါလျက် အပျိုတော်ကြီးက တစ်ပန်းသာကာ ကန်တော့ပွဲကြီး ကိုင်မ,ထားသည်။

သြူမှာတော့ ကန်တော့ပွဲမရှိ။ နေပေစေအုံးလေ၊ ငယ်သေးတာကိုး။ မနိုင်မှ မနိုင်တာဘဲ။ နည်းနည်းကြီးရင် ကိုင်ရမှာပေါ့။

ရင်ထဲက အောင့်သက်သက်စိတ်ကလေးကို ပြန်၍ ဖြေသိမ့်လိုက်သည်။

သီဟရတနာစာပေ

www.burmeseclassic.com



ဝီစီမှုတ်ကလိုင်ခေါက်လိုက်လျှင် ကန့်လန့်ကာကြီး ပင့်တင်သွားလေသည်။

သူ့အရပ်အမောင်းကလေးကို ကန့်လန့်ကာစ ကျော်တက်သွားသည်နှင့် တစ်ပြိုင်နက် လက်ဟလေးကိုကွေးလျက် ချီလိုက်ကာ လည်ရှိရာသို့ ဦးခေါင်းလည်စောင်းညွှတ်၍ ပွဲကြည့်ပရိတ်သတ် များ, မများ ဇာတ်ခုံပေါ်က အလျင် ကဲခတ်ကြည့်လိုက်သည်။

ဇာတ်ရုံထဲ၌ ပွဲကြည့်ပရိသတ်များ ပြည့်ကျပ်နေသည်။

အပျိုတော် ပေါက်စလေးသည် ပွဲကြည့်ပရိသတ်များမှ က,လို့ အားရတတ်သည်။ ခုနစ်သံချီလျက် အပျိုတော်ကြီး က,နည်း က,ကြိုး အတိုင်း တစ်ထပ်တည်းတူအောင် လိုက်က,သည်။

ပြည်မြို့ ပန်းတောင်းဘက် ငါးမျက်နှာဘုရားပွဲတော်၌ အပျိုတော်လေးလုပ်၍ က,ခဲ့သော ငါးနှစ်သမီး မင်းသမီးပေါက်စ 'ကြည်ကြည်ဌေး'၏ ဘဝသည် ဇာတ်ထဲက စခဲ့သည်။

မင်းသမီးပေါက်စလေး၏ မိဘများမှာ သဘင်သည်များ မဟုတ်ကြပေ။ ကိုယ့်လယ်ကိုယ်လုပ်ကြသော လယ်သမားမျိုးရိုးဖြစ်သည်။

မင်းသမီးပေါက်စအဖေ၏ နှမမှာ လက်ပံတန်းနယ်ဘက်၌ အကျော်ဇေယျဇာတ်ပိုင်ရှင် ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံဖြစ်သည်။

မင်းသမီးပေါက်စ၏မိခင် ဒေါ်အုန်းကြွေမှာ ခင်ပွန်းသည် ကွယ်လွန်သွားပြီးနောက် သားသမီးငါးယောက် ကျန်ရစ်ခဲ့သည်။ ဇာတ်ပိုင်ရှင် မင်းသမီးကြီး ဒေါ်စိန်ယုံ၏လက်ထဲ၌ ငွေစတွေ ဖွေးခနဲ မြင်ရသော အဖြစ်မှ စတင်၍ အားကျသွားသည်။

အဖေမရှိသော ငါးသမီးကလေးများမှာ တောနေ၊ တောကြက် တောငှက်ဖြစ်တော့မည်။ ကောက်စိုက်ရမည်၊ ပျိုးနုတ်ရမည်။ ဝမ်းစာတို့





သူတို့ ပင်ပန်းစွာ ရှာစားကြရတော့မည်။

ဤအတွေးပေါက်၍ သမီးကြီး မသိန်းရှင်ကို တစ်လ ၈၀ နှင့် ယောင်းမဇာတ်ထဲ ပညာသင်ထည့်လိုက်သည်။

မသိန်းရှင်သည် ဇာတ်ထဲ၌ မင်းသမီးအောင်သိန်းရှင်ဖြစ်လာသည်။ ကြည်ကြည်ဌေး၏အစ်မ ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီ ဒေါ်သိန်းရှင်၏ဘဝသည် ဇာတ်မင်းသမီးအောင်သိန်းရှင်ဘဝက စခဲ့သည်။

ဒုတိယသမီး မခင်ညိုကို ဇာတ်ထဲဝင်ရန် နားချခဲ့သည်။

မခင်ညိုသည် ဇာတ်သဘင်ကို ဝါသနာမထုံ၊ စိတ်မပါ၊ ဇာတ်ထဲဝင်ရန် ပြောလိုက်လျှင် မျက်ရည်ဖြာဖြာကျလျက် ငြင်းဆန်သည်။ အမေ နားချခြင်းကို နားပူလွန်း၍ မတတ်သာသည့်အဆုံးမှ ဇာတ်ထဲရောက်သွားသည်။

လေးနှစ်သမီးအရွယ် ကြည်ကြည်ဌေးကို ကျောင်းအပ်လိုက်သည်။ ကြည်ကြည်ဌေးအား မြန်မာစာ သင်ပုန်းကြီး စ,သင်ပေးသော လက်ဦးဆရာမှာ 'သုပဏ္ဏက ဂဠုန်ရာဇာ ဂဠုန်ဆရာစံ' ဖြစ်လေသည်။ ဆရာစံသည် အင်းရွာ၌ လာစည်းရုံးရင်း ရွာရှိ ကလေးများကို စာသင်ပေးနေလေသည်။

ကြည်ကြည်ဌေးသည် နံနက်စောစော ကျောင်းတက်သည်။ နေ့လယ်ကျောင်းဆင်းလျှင် အစ်မများကို အားကျမခံ မင်းသမီးကြီး ဒေါ်စိန်ယုံထံ၌ အကသင်သည်။ အသက်ငါးနှစ်အရွယ်၌ အရွယ်နှင့်မလိုက်အောင် က,တတ်လွန်း၍ ဒေါ်စိန်ယုံဇာတ်ထဲတွင် ပွဲဦးထွက် အပျိုတော် မင်းသမီးလေး ထွက်ကခိုင်းကြည့်သည်။

မင်းသမီးကြီး ဒေါ်စိန်ယုံသည် ကလေးနှင့်မလိုက်အောင် အရွယ်နှင့်မမျှ ပညာလိုလားစုံမက်သော ကြည်ကြည်ဌေး၏ အသည်းနှလုံးထဲက

www.burmeseclassic.com



ပါသည့်ဗီဇကို မြင်ရခြင်းကြောင့် မတတ်,တတ်အောင် သင်ပေးသည်။

ပြောတိုင်း သင်တိုင်း ရကာ၊ သွက်လက်လွန်း၍ သူ့ဇာတ်ထဲ၌ သားတော် သမီးတော်ကလေးများအခန်းပါလျှင် မင်းသမီးပေါက်စကလေးအတွက် နေရာထားလိုက်သည်။

ဖိုးဦးတောင်သမိုင်း၌ မင်းသမီးပေါက်စလေးကို သားတော်လေးအသွင် တစ်ခန်း ထွက်က,ခိုင်းသည်။

သားတော်လေးအခန်း မထွက်ခင် ဒေါ်စိန်ယုံသည် ကားလိပ်ကြား၌ သားတော်လေးကို တဖွဖွသင်ပေးသည်။

"အပြင်ကျရင် . . . ငိုပြနော် ကြားရဲ့လား။ ဇာတ်ထဲမှာ ပြောငိုဆိုငို နှစ်မျိုးရှိတယ်လို့ ပြောထားတယ်မဟုတ်လား။ ကဲ . . . အရီး သင်ပေးသလို ပြောငိုကို ထပ်ငိုပြစမ်း"

သားတော်လေးသည် ချက်ချင်းပင် ငိုတော့မလိုမျက်နှာ ပြောင်းလိုက်သည်။ ငိုမဲ့မဲ့မျက်နှာထား အသစ်ကလေးနှင့် ရင်တွင်စည်းချည်ဖေးထားသော ပုဝါစကို ဟန်ပါပါဆုပ်ကိုင်လိုက်ကာ ရင်ဘတ်ကလေးထုလျက် . . .

"ခုနစ်စင်းနေရောင် . . . ကမ္ဘာမီးသားကြီးလောင်ပေ့၊ မေမေရယ် . . . နောင်ထူမည့်အသစ်၊ အမယ်မင်း . . . ကျုပ် လူပြန်ဖြစ်နိုင်ပါ့မလား . . ."

ပြောငိုအဆုံးတွင် မျက်နှာလေးကို ပဝါနှင့်အုပ်လိုက်ကာ တကယ်ငိုချလိုက်သည်။ အရီးလေးသည် ဝမ်းသာလွန်း၍ သားတော်လေးကို ကုန်းပွေ့လိုက်သည်။

"အမလေးတော် . . . တတ်လိုက်တာ၊ လိမ္မာလိုက်တာ။ ငါ သင်ပေးတဲ့အတိုင်း ရသဟဲ့။ မျက်ရည်တွေသုတ်လိုက်၊ အပြင်ကျရင် ဒီအတိုင်း





လုပ်နော်"

သားတော်လေးအခန်း ထွက်သောအခါ အရီးလေးသည် ကြည်ကြည်ဌေး၏ ပြောငို ဆိုဟန်ကလေးများကို ကားလိပ်ကြားမှ ချောင်းကြည့်နေသည်။ သူ့အခန်းပြီး၍ ပြေးဝင်လာသော သားတော်လေးကို ဆီးပွေ့လျက် အားရကျေနပ်လွန်းသဖြင့် ပွေ့မြှောက် နမ်းရှုပ်လေသည်။

ဇာတ်စင်အောက်မှ ပွဲကြည့်ပရိသတ်တို့သည် သားတော်လေးအလွမ်းကောင်းလှခြင်းကြောင့် သူ ငါ အသီးသီး မျက်ရည်ဝဲ၍ ကျန်ရစ်ကြသည်။

ကြည်ကြည်ဌေး ခြောက်နှစ်သမီးအရွယ်၌ ပရိသတ်နှုတ်ဖျားတွင် ပြောမပြီးနိုင်လောက်အောင် တသသ စွဲမက်ကြသောအခန်းမှာ လူ့ဘိုင်စကုတ် မုဆိုးလင်မယားအခန်း ဖြစ်သည်။

ခြောက်နှစ်သမီး ကြည်ကြည်ဌေးနှင့် အသက် ၄၀ ကျော် လူပြက်ပိန်ပိန်ရှည်ရှည် ဦးနတ်ပန်းတို့ စုံတွဲထွက်ကကြသောအခန်းဖြစ်သည်။

မင်းသမီးပေါက်စသည် ဆံပင်တိုလေးကို ကြက်တောင်စည်းလျက် မျက်နှာလေးတွင် မျက်နှာချေများ ဖွေးဖွေးလှုပ်နေကာ ပါး၌ ပါးကွက်ဝိုင်းထားသည်။

သူ့ဗိုက်တွင် အဝတ်များကိုခု၍ ကိုယ်ဝန်ဆောင်လုပ်ထားသည်။ ကလေးတော်ပတ်ရုပ်ကလေးကိုပိုက်လျက် မီးရဲနေသော ဆေးပေါ့လိပ်ကို လက်ကြားညှပ်ကာ မုဆိုးလင်မယားလုပ်ထွက်လာသည်။

မုဆိုးကတော် ဇာတ်သေတ္တာပေါ် တက်ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ပွဲကြည့်ပရိသတ်တို့သည် အုန်းခနဲ ရယ်မောကြတော့သည်။ အုန်းအုန်းကြွက်ကြွက် ရယ်သံတို့သည် တော်တော်နှင့်မစဲနိုင်သောကြောင့် ပတ်မတုတ်ပေးရသည်။

www.burmeseclassic.com



ကြည်ကြည်ငွေး ခြောက်နှစ်သမီးအရွယ်လောက်ကပင် မှင်သေနေပြီးမှုဆင်မှုဆိုးကို မျက်စောင်းထိုးကာ နှုတ်ခမ်းစူပြလိုက်တိုင်း တစ်ရုံလုံး တဝေါဝေါ ညံဆူနေသည်။

အသက်အရွယ်နှင့်မလိုက်အောင် သဘာဝကျကျ အမူအရာလုပ်ပြနိုင်သဖြင့် လူတွေ ပွဲကျတာကို တွေ့မြင်ရခြင်းကြောင့် "ဒါမှ ပညာ" ဆိုတာ ခြောက်နှစ်သမီးအရွယ်ကတည်းကစ၍ ကြည်ကြည်ငွေး၏ ခေါင်းထဲသို့ ဝင်သွားသည်။

သူလုပ်ပြသမျှ တအုန်းအုန်းရယ်သံတွေ ထွက်လာတိုင်း ထိုရယ်သံတို့သည် သူ့အား ဆုချလိုက်သကဲ့သို့ အားတက် အားရှိသွားသည်။

မှုဆိုးကြီးသည် လေးကိုထမ်းလျက် မယားရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာက ဇာတ်သေတ္တာနားတွင်ရပ်၍ သံကုန်ကြီးအော်ပြောလိုက်သည်။

"လင်တော်မောင် သားငါးရှာထွက်ခါနီး ဘာများအလိုမကျလို့ မျက်နှာကြီး စူထားရတာတုန်း ရှင်မရဲ့"

မုဆိုးကတော်သည် ဆေးပေါ့လိပ်ကို ကိုက်လိုက်ကာ ဗိုက်ကကိုယ်ဝန်ကို လူမြင်အောင်ကိုင်ပြကာ နေရာပြင်ထိုင်သည်။ မီးခိုးတထောင်းထောင်းထအောင် ဆေးလိပ်ကိုဖွာပြီးမှ မုဆိုးကြီး၏မျက်နှာကို မျက်စောင်းထိုးကြည့်သည်။

တစ်ရုံလုံး ရယ်မစဲနိုင်၍ ပတ်မတုတ်ရပြန်သည်။

မုဆိုးကတော်သည် လက်ညှိုးငေါက်ငေါက်ထိုး၍ အော်ငေါက်ပြောလိုက်သည်။

"သမင်သား၊ ဒရယ်သား ကျုပ်မစားချင်ဘူးနော်၊ ကျုပ်က ဆတ်မှကြိုက်တာ။ ကျုပ်အကြောင်း သိတယ်မဟုတ်လား။ တော် အိမ်အပြန်မှာ





ဆတ်သားပါမလာရင် ဒီည ဘောင်းဘီဝတ်မယ်"

မုဆိုးကတော်လုပ်၍ ထွက်ကသော မင်းသမီးကလေးသည် ဘယ်စကားပြောလို့ ဘယ်အခိုက်ပွဲယ်ရောက်မှန်းမသိ။ ကန့်လန့်ကာအပြင်ဘက်ထွက်ခါနီး၌ ခပ်ရှုပ်ရှုပ် ခပ်နောက်နောက် ယောကျ်ားကြီးတွေ မိန်းမကြီးတွေ တစ်ယောက်တစ်ပေါက် ဝိုင်း၍သင်ပေးလိုက်ကြသည့်အတိုင်း သင်ပေးသလို ပြောချသည်။

ဇာတ်ထဲတွင် ခြောက်နှစ်အရွယ် ကလေးကဲ့သို့မနေ၊ ဘယ်သူကဘာလုပ်ခိုင်းလုပ်ခိုင်း လုပ်ပြသည်။ စိတ်က သေသေဝပ်ဝပ်မရှိ။ ဆောင့်ကြွားကြွားနှင့် ဆတ်ဆတ်ကြဲမလေး ဖြစ်သည်။

ဇာတ်သူဇာတ်သားတွေ ထွက်က,နေလျှင် ကားလိပ်ကြား၌ ထိုင်လျက် ချောင်းကြည့်ပြီး အတုခိုးသည်။ တစ်ညလုံးလည်း မအိပ်၊ ပွဲပြီး၍ မိုးစင်စင်လင်းမှ မုန့်ဝဝစားပြီး တစ်နေ့လုံး ထိုးအိပ်သောအကျင့် ဖြစ်နေသည်။

ဇာတ်ထဲက လူကြီးတွေအရာ အကုန်လျှောက်ပါသည်။ အကုန်လျှောက်သြဇာပေးသည်။ ကားလိပ်ကြားမှထိုင်၍ ပွဲကြည့်နေရာမှ ဆိုင်းကြားထဲ ရောက်ချင်ရောက်သွားပြန်သည်။ ဝါးရိုက်၊ ကြေးနောင်တီးသူတို့ကို သွားကြိမ်းမောင်းသည်။

"ရှင်ကြီးက ဘာဖြစ်လို့ အိပ်ငိုက်နေရတာလဲ။ မမြင်ဘူး မထင်နဲ့။ ကားလိပ်ကြားကမြင်တယ်။ မိုးလင်းတော့ အိပ်ပေါ့။ အလုပ်နဲ့တူအောင် လုပ်ပါ"

ဇာတ်ဆရာ အဓိုးလေးသည် မင်းသမီးပေါက်စလေး ထွက်ခါနီးသူ့သင်တာ အကုန်ပါသဖြင့် အရေးပေးလျက် ဇာတ်ထဲ၌ အထူးမြှောက်စားထားသည်။ ဘယ်မြို့ဘယ်ရွာသွား၍ ကကြ ကကြ မြို့ထဲအရပ်ထဲ၌

www.burmeseclassic.com



မင်းသမီးပေါက်စအကြောင်းသာ ပွဲကြည့်သူတိုင်း၏ နှုတ်ဖျားတွင် စန်းပွင့်လျက်ရှိသည်။ ပွဲတစ်ချိပေးပြီးတိုင်း မုဆိုးကတော် ဟိုးဟိုးကျော်သွားတော့သည်။

ရာဇဝင်၊ နိပါတ်၊ သမိုင်း၊ ဇာတ်ထုပ်များ ပြရာတွင် ဇာတ်သူဇာတ်သားများ ရွတ်ဖတ်ပြောဆိုကြသော သီချင်း၊ စာသား၊ ပတ်ပိုး သဖြန်စသည့် သဘင်ပညာကို တစ်နေ့တခြား နားရည်ဝလာသည်။ ဘယ်သူ တွေထွက်၍ ကနေ၊ ဆိုနေ၊ ဆိုပြော၊ ငိုပြော စကားလုံးများ မေ့နေကြလျှင် ကန့်လန့်ကာကြားက ပွဲထိုင်ကြည့်နေသော ပေါက်စမင်းသမီးက ထောက်ပေးလိုက်သည်။

ဇာတ်ဆရာ အရီးလေးကို ဝန်ကြီးလုပ် ထွက်ပါရစေ ပူဆာသည်။ ပူဆာလွန်း၍ သူ့အရွယ်နှင့်တော်အောင် ဝန်ကြီးအဝတ် တိုင်းချုပ်ပေးရသည်။ ဝန်တွေထွက်လျှင် သူကလေးကို နောက်တိုးဝန်ပေါက်စအဖြစ် ပွဲထုတ်လိုက်သည်။ ဝန်ကြီးများနောက်မှ ဝန်တစ်ပတ်လှည့်ကလေး ဝန်က,ကို ကျကျနန က,ပြသွားသည်။

ဇာတ်ထဲ၌ ကလေးသဘာဝ ဆော့ပြုကစားနေခြင်း လုံးဝမရှိသည့်အပြင် ဇာတ်သူဇာတ်သားတို့ကို ဩဇာပေးလျှင် ပေးရ၊ မပေးရလျှင် အလကား အငြိမ်မနေ။ သူ့ပါးစပ်က အမြဲ သီချင်းဆိုနေကာ သူ့ပါးစပ်ဆိုင်းနှင့်သူ ကွေးနေအောင် က,နေလေ့ရှိသည်။

သူ့ကို အပျိုတော်မင်းသမီးလေးက တစ်ဆင့်တက်၍ ဇာတ်ဆရာ အရီးလေးက တစ်ပင်တိုင်မင်းသမီးလေးအဖြစ် ပွဲထုတ်လိုက်ပြန်သည်။ သူ့ခုမ အနုပညာ၏ အဆိုအက၊ နှစ်ရပ်စလုံး က,တတ်ဆိုတတ်ရန် မြေတောင်မြှောက်ပေးခြင်းဖြစ်သည်။

တစ်ပင်တိုင်မင်းသမီးလေး ဖြစ်လာသောအခါ ပတ်စာပိုးဆိုက





လျက် ပွဲကြည့်ပရိသတ်များ သနားအောင် တွတ်တီးတွတ်တာ ပြောတ,တတ်သည်။

သူ့အရွယ်ကလေးနှင့် အမေ မုဆိုးမကို သဘင်ပညာဖြင့် လုပ်ကျွေးနေရသည့်အကြောင်း တီတီတာတာ ဖွဲ့ကာနွဲ့ကာ ပြောတတ်လွန်း၍ ပွဲကြည့်သူများက ကရုဏာရှိလာကာ သူ့ကို ဆုချကြသည်။

ကန့်လန့်ကာရှေ့တွင် တွတ်တီးတွတ်တာ ပြောဆိုနေစဉ် ကန့်လန့်ကာနောက်၌ အမေမုဆိုးမသည် တရှုပ်ရှုပ် ငိုနေတတ်သည်။

ဇာတ်ထဲဝင်တာနှင့် ညချင်းမွေး နေ့ချင်းကြီးလာသော ခြောက်နှစ်သမီးအရွယ် မင်းသမီးပေါက်စ ကြည်ကြည်ဌေးသည် တစ်ပင်တိုင် မင်းသမီးလေး 'အောင်မြကျင်' နာမည်နှင့် တရှိန်ထိုး ကျော်ကြားသည့်ဘဝသို့ ရောက်ရှိလာသည်။

အောင်မြကျင် ရှစ်နှစ်သမီးအရွယ်၌ ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံ ကွယ်လွန်သွားသည်။ ဇာတ်မက,နိုင်တော့ဘဲ ဇာတ်ခေါင်းကွဲသွားသည်။

ထိုအချိန်တွင် ကြည်ကြည်ဌေး၏ အစ်မများမှာ အိမ်ထောင်ကျကုန်ကြသည်။ ဇာတ်မင်းသမီး မလုပ်ချင်သော မခင်ညိုသည် ဇာတ်ထဲမှ ကိုယ်လွတ်ရုန်းထွက်လျက် အိမ်ထောင်ပြုသွားသည်။

အောင်မြကျင်တို့ သားအမိသည် ဦးဘခင်၊ မင်းသမီးကြီး မရေသွယ်တို့ ထူထောင်သောဇာတ်တွင် လိုက်ပါသွားကြသည်။ ထိုမှတစ်ဖန် အမယ်ကြီးအိုအောင်စိန် ဇာတ်ထဲ၌ပါရင်း စာရေးဆရာ နယားပြန်ဆရာခနှင့် သွားတွေ့ကြသည်။

ဆရာခသည် ရှစ်နှစ်သမီး အောင်မြကျင်ကို မြင်မြင်ချင်း အမွေးမြင် အပင်သိသည်။ တောက်မည့်မီးခဲ၊ အရှိန်နှင့်ရဲရဲ၊ အသက်နှင့် မလိုက်

www.burmeseclassic.com



အောင် ဇာတ်ရည်ဝနေခြင်းကို အံ့ဩ ချီးကျူး၍ မကုန်နိုင်အောင် ဖြစ်နေသည်။ အောင်မြကျင်နှင့် ရွယ်တူတန်းတူအရွယ် သူငယ်လေးတစ်ယောက်ကို အပူတပြင်းလိုက်ရှာသည်။

ညောင်ဦးအထက် လက်ပံချိုပေါ်ရွာမှ 'ကြီးရွှေ'ခေါ် သူငယ်လေး တစ်ယောက်ကို ရှာတွေ့လာသည်။

ကြီးရွှေကို အဆိုအက ရအောင် ဆရာခက ကြပ်မတ်၍ ပညာ သင်ပေးသည်။ ကြီးရွှေ အဆိုအက တတ်လာသည့်အခါ အောက်ချင်းဖိုငှက် အမည်စွဲ၍ 'ကြီးရွှေ'ကို အောက်ချင်းဖို၊ အောင်မြကျင်ကို အောက်ချင်းမ အမည်ပြောင်း၍ သူ့ဇာတ်ထဲတွင် နှစ်ပါးသွား က,ခိုင်းသည်။

အောက်ချင်းမနှင့် အောက်ချင်းဖိုတို့ ကလေးစုံတွဲကို မင်းသား မင်းသမီး နှစ်ပါးသွားခန်းကြီးမထွက်ခင် နှစ်ပါးသွားကလေး အရင်ထွက် က,ခိုင်းခြင်းဖြစ်သည်။

"အပျိုစစ်ပါ၊
အစ်ကိုချစ်စရာ၊
မြကျင် ပျိုကညာ
စနစ်ကျကျနန၊ အထအကြွနှင့် ဂနသေချာ
ပြေပြေရွှာရွှာ . . . ကြေကြေညာညာ . . .
သြဘာနာမည် လင်းသောကြောင့် . . .
မင်းအပေါင်းတို့ ဂုဏ်အင်္ဂါ . . .
သတင်းကောင်းစုံလင်စွာ . . .
အဖေ ခက စီမံရှာ"

အောက်ချင်းဖိုနှင့် နှစ်ပါးသွားပွဲက,စဉ်က ရှစ်နှစ်သမီး ကြည်ကြည်ငွေးသည် ဤသီချင်းကို ပတ်စာပိုး အဆိုအသွားမပျက် ဆို၍က,သည်။





"ဩော် . . . တတ်သည့်ပညာ မနေသာဆိုသလို ကျွန်မ ဝါသနာပါသည့်အတွက်ကြောင့် အဲဒီလို ဝါသနာဘာဂီကို မဖျက်နိုင်လို့ မရှက်မကြောက်နဲ့ ကရပေတာ။

ဘယ့်ကလောက်မှ မလှတာကြောင့် အကြောင်းကံက နည်းလေတော့ ကောင်းလှပါတယ်လို့တော့ မဟုတ်ပါဘူး ရှင်တို့ရဲ့ . . . အစ်ကို အစ်မတို့ အပျင်းဖြေစရာ ကျွန်မ ဆိုပြမယ့် သီချင်းတွေဟာ နမူပိုင်ပိုင်နဲ့ သည်း ကခဲ့ပါသရှင့်၊

ဇူလိုင်လကမှ ရေးစပ်လို့ ပေးအပ်သေချာ
အမှေးအကပ်နဲ့ နားဝင်သာစရာ
ယခုနှစ်တော့ ပညာကလည်း နုသေးတော့
အစဉ်ညာတာလို့ ရှုကြပါတော့
တဆိတ်ကြီးပွားလို့ မြန်မကြာ
နိသျှည်းရလောက်ပါ အမှန်ပါ
အလုံးအထည်ကလည်း မထွားသေးသမို့
အများတို့ ကြိုက်စရာ အားစိုက်မှာ
တိုးပွားဖို့ ရှေ့လျှောက်ကြိုးစား သင်ဦးမှာ"

နောက်ထွက်ကမည့် နှစ်ပါးသွား မင်းသား မင်းသမီးကြီးများ ကကွက် ဆိုကွက်များ မကျန်အောင် ရှေ့ကနေ၍ အစွမ်းကုန် ကြိုးသွားတတ်ခြင်းကြောင့် ရှေ့တော်ပြေးနှစ်ပါးသွားကလေး စုံတွဲထွက်ခါနီးပြီဆိုလျှင် မင်းသားမင်းသမီးကြီးများက ပိုင်းဟောက်ကြသည်။

"တို့ သေမင်းလေးတွေ ထွက်ကြတော့မယ်ဟေ့ . . . တို့ ဆိုဖို့ တို့ကဖို့များ ချန်ခဲ့ကြပါဦး . . . သေနာလေးတွေ"

ပွဲကြည့်ပရိသတ်မှာ ကလေးနှစ်ပါးသွားကို ပို၍ ကြိုက်ကြသည်။

www.burmeseclassic.com



စွဲကြသည်။ တကယ့်မင်းသား မင်းသမီးကြီးတွေ လက်ဖျားခါရမည့် နှစ်ပါး သွားဟု ချီးကျူး၍မဆုံးအောင် ပြောစမှတ်ပြုကြသည်။

အောက်ချင်းမကို ငှက်မလေးသဏ္ဌာန် စက်ကြိုးဖြင့် တစ်ခန်း ထွက်က,ခိုင်းသည်။

အောက်ချင်းမ အဆိုအက ပိုင်လွန်း၍ ပရိသတ် အကြိုက်တွေ့ သည်။ ပွဲကြည့်ပရိသတ်က အောက်ချင်းမကို ပီပီသသပင် မခေါ်ကြ တော့ဘဲ 'အောင်ချင်းမ' ဟုခေါ်ကြသည်။

ကြည်ကြည်ငွေးသည် ရှစ်နှစ်အရွယ် တစ်ပင်တိုင်မင်းသမီး 'အောင်မြကျင်' အဖြစ်မှ 'အောင်ချင်းမ'အမည် ပြောင်း၍ ထင်ပေါ် ကျော်ကြားလာသည်။

အောင်ချင်းမသည် ပုဂံ၊ ညောင်ဦး၊ မကွေး၊ ချောက်၊ စလင်း စကု စသည့် အထက်ဘက်ရှိ မြို့တကာသို့ လှည့်ကပြခဲ့ပြီးနောက် ပြည် မြို့သို့ ရောက်သောအခါ မိုးကျ၍ ဇာတ်ခေါင်းခွဲလိုက်ကြရသည်။

ကြည်ကြည်ငွေး၏ မိခင်သည် သမီးလေး က,လေရာနောက်သို့ အတူတကွ လိုက်ပါစောင့်ရှောက်သည်။ သူများဇာတ်ထဲ လိုက်က,ရခြင်း ကို အောက်ကျသည်ဟု ထင်လာသည်။

ဇာတ်ဆရာထံတွင် ပိုက်ဆံတောင်းလျှင် 'အိပ်နေသေးတယ်၊ နေပါဦး' ဆိုလျှင် ထိုင်စောင့်နေရသည်။ သမီးကလေး လုပ်စာကို ဇာတ် ဆရာထံ၌ လက်ဝါးဖြန့်ခံ တောင်းရခြင်းအတွက် တစ်နေ့တခြား စိတ် ပျက်လာသည်။

ထို့ကြောင့် ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံ၏ ကျန်ရစ်ခဲ့သော ဇာတ်ပစ္စည်းများကို ပြန်ယူကာ သမီးလေးပညာကို အားကိုးအားထား ပြုလျက် အမေကိုယ်တိုင် ဇာတ်ထောင်လိုက်သည်။

သီဟရတနာစာပေ



ကိုယ်ပိုင်ဇာတ်ထောင်လိုက်ပြီးနောက် အောင်ချင်းမနှင့်ရွယ်တူ ကလေးမင်းသား လိုက်ရှာရပြန်သည်။ မြန်မာ့ဝန်ထမ်း မောင်ဟန်စိန် မင်းသားကလေး ရှာတွေ့၍ ကလေးဇာတ်ထောင်လိုက်သည်။

ဤကလေးဇာတ်ကို အောင်ချင်းမက ဇာတ်စီးလေသည်။ ကလေး ဇာတ်ထဲတွင် ဝန်ကြီးနှင့် လူကြမ်းများသာ လူကြီးများဖြစ်လျက် တစ်ဇာတ် လုံး ကလေးများဖြစ်ကြသည်။

အောင်ချင်းမသည် ဇာတ်ထဲဝင်လာသော ကလေးပေါက်စ ဘဝ ကတည်းက သဏ္ဌာန်လုပ် သရုပ်နှင့်တူရမည်ဆိုသည့်စကားကို သူ့နားထဲ၌ ဖန်တစ်ရာတေအောင် ကြားထားသည့်အတိုင်း သူ့ခေါင်း၌ သံမှိုစွဲထား သည်။

ရှစ်နှစ်ကိုးနှစ် ဖြစ်လင့်ကစား လူကြီးတွေ ဟန်အမူအရာအတိုင်း တူအောင် လုပ်တတ်သည်။ လွမ်းခန်းများတွင် လူကြမ်းက သူ့ကိုပါးရိုက် သည့်အခန်း ပါခဲ့လျှင် တကယ်ရိုက်ရန် မှာကြားထားသည်။

လူကြမ်း ပါးရိုက်မည့်အခန်း၌ မရိုက်သေးဘဲ လက်ကရွယ်၍ "ပါးပြင် ဝါးတင် သွားစင်ကရော" လူကြမ်းသည် သူ့နှုတ်မှ ဒါချည်းပဲ ထပ်တလဲလဲဆိုနေသည်။

"ရိုက်မှာမရိုက်ဘူး . . . ဘယ်လိုငိုရမှာတုန်း"

ပွဲကြည့်ပရိသတ်မသိအောင် ဝေါက်လိုက်သည်။ ထိုအခါမှ လူ ကြမ်းက ပါးကလေးကိုရဲသွားအောင် ဖြန်းခနဲ ချလိုက်သည်။

အောင်ချင်းမသည် သူ့ပါးကလေးကိုပွတ်ကာ လိုက်လှဲ့စွာ ငိုချင်း ချသည်။

"သနားလိုက်ပါရှင် . . .
ပါးရိုက်တာ မတော်လှသော်ကြောင့်၊

သီဟရတနာစာပေ

www.burmeseclassic.com



မျှော်ဆကာ အကြောင်းကံနှင့်
တောင်းပန်သည့်စကား”

သူကိုယ်သူ ဇာတ်ကနေသည်ဟု သိစိတ်မထားပေ။ သူကိုယ်သူ တကယ် ဖြစ်ပျက်နေသည့်အတိုင်း ခံစားချက်ဖြင့် တကယ်ငိုနေခြင်း၊ လွမ်းနေခြင်းဖြစ်သည်။

အောင်ချင်းမ လွမ်းခန်းသယ်နေလျှင် ပွဲကြည့်ပရိသတ်တို့သည် မျက်ရည်ရွှဲလျက် ရင်ဆို့နေကြသည်။

အောင်ချင်းမတို့ ကလေးဇာတ်တွင် ဇာတ်ပွဲကြီးများနည်းတူ နိပါတ်၊ ရာဇဝင်၊ သမိုင်း ဇာတ်များ က,ပြသည်။

ပဒ္မာစာရီ စောင်းမြိုင်၊ ချင်းမသားလု၊ ရေနံချောင်းသမိုင်း၊ ကျိုက်ထီးရိုးသမိုင်း၊ သိခ်ဝိလီယဇာတ်များကို အောင်ချင်းမ ကိုယ်တိုင် ဦးစီး က,သည်။

မင်းသမီး အကန်းလုပ်၊ အရူးလုပ်၊ တန်းဆာချွတ်သည့် အကမျိုးကို သူမတူအောင် ထူးချွန်စွာ က,ပြသည်။ အောင်ချင်းမတို့ ကလေးဇာတ်ဆိုလျှင် ဘယ်မြို့၊ ဘယ်အရပ်ရောက်ရောက် ရုံပြည့်အောင် ကြည့်ကြသည်။

ဇာတ်ထဲ၌ အောင်ချင်းမက ဝန်ကြီးများကို အငိုခိုင်းသည်။ ငိုရမည့် စကားလုံးကို သူက သင်ပေးသည်။

“ရှင်တို့ဟာက ဆိုင်းက တိန်-တိန်-တိန် . . . ဆိုတော့ ရှင်တို့လက်က အကျီဖားဖားနဲ့ မျက်နှာကာလိုက်ရုံနဲ့ ပြီးရောလားရှင့်။ ဒါ ငိုတာလား။ အရုပ်လို မငိုကြစမ်းပါနဲ့။ နှာလေးများ ဟန်နဲ့ပန်နဲ့ ဟောဒီလိုများ ညှစ်ပြစမ်းပါဦး”

တစ်ဇာတ်လုံး စိတ်တိုင်းမကျသမျှ သူကချည်း သင်ပြနေသည်။





င်းသားလေး မောင်ဟန်စိန်သည် အောင်ချင်းမက သူ့ကိုဩဇာပေးလွန်းသည်။ မကနိုင်ဘူးဆိုကာ ဇာတ်ထဲမှ ထွက်သွားသည်။

ကလေးဇာတ်ကို အောင်ချင်းမကိုယ်တိုင်ဦးစီးပြီး ဩဇာပေးလွန်းသည်ဟု နာမည်ထွက်မှုကြောင့် မင်းသားခေါ်မရဘဲ ဇာတ်နားထားရပြန်သည်။

အောင်ချင်းမ (၁၃)နှစ်အရွယ်၌ နယားပုံဆရာခတို့ဇာတ် ပြည်မြို့သို့ ရောက်လာ၍ ဆုံမိကြပြန်သည်။

ဆရာခမှာ အောင်ချင်းမဇာတ်ခွဲထောင်သွား၍ သူ့မင်းသားလေး အောင်ချင်းဖိုနှင့် တွဲက,ရန် ဇီးကွက်စိန်၊ ဒိုးဒုတ်စိန်၊ မင်းသမီးနှစ်လက်အာထည့်ထားရသည်။

ဆရာခက သူ့ဇာတ်ထဲ ပြန်လိုက်က,ရန်ခေါ်သည်။ အောင်ချင်းမတို့ အသက်နှင့်မလိုက်အောင် ပညာရည်ဝနေသည့် မင်းသမီးလေးမျိုးကို ဘယ်မြို့၊ ဘယ်အရပ်မှာမှ ရှာမတွေ့နိုင်မှန်းသိ၍ ချော့၍ပြန်ခေါ်သည်။ ငွေပိုပေး၍ ပြန်ခေါ်သည်။

အောင်ချင်းမ၏မိခင်မှာ ဇာတ်တစ်စင်ထောင်ပြီးသားဖြစ်နေ၍ ဇာတ်ဖြုတ်ကာ ဆရာခနောက်သို့ မလိုက်နိုင်။ အောင်ချင်းမနှင့်တွဲက,သည့် မင်းသားလေးရှာဖို့ရန်သာ အရေးကြီးနေသည်။

ဆရာခသည် အောင်ချင်းမကို ချော့မရ၊ ပြောမရသည့်အဆုံး မင်းသားလေးရအောင် ရှာပေးမည်။ သူနှင့်လိုက်ခဲ့” ဟု ခေါ်သွားသည်။

သားအမိနှစ်ယောက်သည် ဇာတ်ပစ္စည်း၊ ဇာတ်သူ ဇာတ်သားများ စုစည်းလျက် လှေကြီးတစ်စင်းဖြင့် မင်းသားရှာရန် ဆရာခနောက်သို့ လိုက်သွားကြသည်။

ဆရာခတို့ဇာတ်လှေကြီးနှင့် အောင်ချင်းမတို့ဇာတ်လှေကြီး

www.burmeseclassic.com



နှစ်စင်းယှဉ်ကာ ပြည်မြို့မှ ထွက်လာကြသည်။

ခရီးလမ်းတွင် ထုံးဘို၊ သလဲတန်း စသည့်အရပ်များတွင် မြစ်ဆိပ်၌ လှေဆိုက်၍ ဆရာခတို့ဇာတ်တက်က,ကြသောအခါ သူတို့လှေကိုလည်း မြစ်ဆိပ်၌ ဆိုက်ကပ်ထားရသည်။

တစ်နေ့တွင် ဆရာခက သူဇာတ်ထဲဝင်ကူရန် တောင်းပန်သောကြောင့် ဆရာခတို့ဇာတ်ထဲ ဝင်ကူပေးရသည်။ ရုတ်တရက်ကြီးဖြစ်၍ ဇာတ်လည်းမတိုက်ရ။ သီချင်းစာသားလည်း မရ ဖြစ်နေသည်။

"ကမှာသာ ဝင်ကပါ။ သမီးက ရှေ့ကပြော။ အဖေက ကန့်လန့်ကာကြားက ဝင်ထောက်ပေးပါမယ်"

ဆရာခသည် အောင်ချင်းမ၏ ပညာအရည်အသွေးကို အစင်းသိဖြစ်သည်။ စိတ်ချပြီးသားဖြစ်သည်။ အောင်ချင်းမကို ဇာတ်တိုက်ရန် မလို။ သီချင်းကျက်ခိုင်းစရာမလို၊ ကန့်လန့်ကာနောက်က ထောက်ပေးရုံနှင့် ကိစ္စပြီးမှန်း စိတ်ချယုံကြည်ပြီးသားဖြစ်သည်။

အောင်ချင်းမသည် ဆရာခကို ကူရန် မြစ်ဆိပ်မှ တက်က,ရပြန်သည်။

"အမေ . . . စူဠသုဘဒ္ဒါ လုပ်ရမတဲ့။ အဲဒီဇာတ်ထုပ်ကို တစ်ဆိတ် ပြန်ပြောပြပါအမေ"

အောင်ချင်းမ၏ အမေသည် သမီးလေး ညဇာတ်ဝင်က,ရန် မြစ်ဆိပ်လှေထဲ၌ ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်ကို ပြောပြသည်။

အမေ ပြောပြနေသော ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်တွင် သူ့ကိုယ်သူ စူဠသုဘဒ္ဒါနေရာ၌ ထား၍ နားထောင်နေသည်။

"မယားငယ်လုပ်ရမှာ သမီး၊ မယားငယ်နဲ့ တူအောင်လုပ်ရမှာ"

အောင်ချင်းမသည် ဇာတ်တိုက်ချိန်မရသော်လည်း စူဠသုဘဒ္ဒါ





အခန်းကို ပရိသတ်အကြိုက်တွေ့အောင် ကပြသည်။

ဘာဖြစ်အခန်းကပဲ လုပ်ရ လုပ်ရ၊ လုပ်နိုင်မည်ဟု သူ့ကိုယ်သူ ယုံကြည်မှုရှိသည်။ သူ့ကိုယ်သူ အာမခံချက်ရှိသည်။

ထိုညက မင်းသားကြီးဆရာခက မုဆိုးလုပ်သည်။ စူဠသုဘဒ္ဒါကို 'ဆရာခ'ပင် ကန့်လန့်ကာနောက်မှ သီချင်းထောက်ပေးသည်။ ဆရာခနှင့်အတူ ပြိုင်၍ ထွက်ကြရလျှင် အောင်ချင်းမသည် ပတ်ပျိုးရှိ၊ သဖြန်ရှိတာပဲဟု လက်တန်း ဆိုက,သည်။

ခြောက်နှစ်သမီးမှ ၁၃ နှစ်သမီးအထိ သဘင်ဂီတဘက်၌ ခုနစ်နှစ်ပတ်လုံး အခြေခံထားရှိသောကြောင့် ကျွမ်းကျင်နှံ့စပ် လည်ပတ်လာသည်။

သီချင်းကြီးများအတွက် မဟာဂီတ စာအုပ်ကြီးသည် သူသွားလေရာ အမြဲပါသည်။ ဇာတ်စာအုပ်ကလေးများတွေ့လျှင် ယူဝယ်ကာ မျက်နှာမခွာ ဖတ်နေတတ်သည်။

ပတ်ပျိုး၊ တေးထပ်၊ သဖြန်၊ လေးချိုး၊ ငိုချင်းများကို စာအုပ်ထဲ၌ တွေ့၍ စာသားကြိုက်ပြီဆိုလျှင် အရကျက်ထားသည်။

၁၃ နှစ်သမီးအရွယ်၌ ကြည်ကြည်ဌေးသည် ရတုကို ငါးပေါက်ဆိုချင်မှ ဆိုသည်။ နားကတတ်သလို လေးပေါက်ကပ် သို့မဟုတ် နှစ်ပေါက်ကပ် အသံသွင်း၍ ဆိုချင်သလို ဆိုလိုက်သည်။

ခန်းတွင်းရိပ်သာ ပတ်ပျိုးကို ခြောက်နှစ်သမီးအရွယ် တစ်ပင်တိုင်မင်းသမီးကလေးဘဝက ဆိုလာခဲ့သည်။

ဤပတ်ပျိုးကိုပင် လွမ်းခန်းများတွင် စည်းမပါဘဲ ငိုချင်းဆိုချင်လည်း ဆိုချလိုက်သည်။ အမျှော်ဆိုချင်လည်း ဆိုလိုက်သည်။

ဆိုင်းဝိုင်းက မင်းသမီးကို အထူးဂရုစိုက်ရသည်။ တေးထပ်ကို

www.burmeseclassic.com

ငိုချင်းလုမ်း၍ ဆိုနေပါက ဆိုင်းက စည်းလွတ်ပေးလိုက်ရသည်။

ပရိသတ်စွဲလောက်အောင် ဖွဲ့ကာနွဲ့ကာ ပြောငို ဆိုငို၍ သုဘာဒ္ဒါ လွမ်းလေတော့သည်။ ငိုချင်းဆိုရာမှ ကန့်လန့်ကာနောက်မှ ထောက်သံပေးလျှင် ငိုချင်းအဆိုကို ရပ်လျက် ဖွဲ့နွဲ့ဖြည့်စွက်ပြောဆိုနေသည့် စကားများကို ကြေးသံပတ်သံ စွဲအောင် ပြောသွားသည်။

လွမ်းခန်းများတွင် သူကပြနေသော ဇာတ်ထုပ်ကို ရုပ်လုံးပေါ်အောင် အမိပွါယ်ကလေး ရှင်းဖော်ပြောဆို၍ ငိုပြရမှ အားရကျေနပ်တတ်သည်။

နံနက်လင်းလေလျှင် "စူဠသုဘဒ္ဒါမင်းသမီးကလေး သိပ်ကောင်းတာပဲ"ဟု ဈေးထဲ၌ ဟိုးလေးတကျော် ဖြစ်နေမှုကြောင့် ဆရာခက အောင်ချင်းမကို မင်းသားမရှာဘဲ သူ့ဇာတ်ထဲ လိုက်က,ရန် အတင်းဆွဲသည်။

"ဇာတ်အဖွဲ့ကြီးနဲ့ လိုက်လာခဲ့ရတာ မင်းသမီးဝင်လုပ်နေလို့ ဘယ်ဖြစ်မလဲ ဆရာ"

အောင်ချင်းမ အမေက ငြင်းဆန်သည်။ ဆရာခ ပြောသည့်အတိုင်း ဇာတ်မင်းသားရှာပေးရန် နားပူလေသည်။

ထုံးဘို၊ သလဲတန်း၊ ဇာတ်ရုံတွေမှာ ရေကြည်၊ အသုတ်၊ အိမ်မဲမြို့သို့ ရောက်ကြသည့်အချိန်ထိ မင်းသားရှာမတွေ့ကြသေးချေ။

အိမ်မဲမြို့ သူဌေးဦးဘမောင်၏ ပန်းခြံထဲ၌ ဆရာခ ဇာတ်ထဲတွင် ဝင်ကူက,ရပြန်သည်။ ဦးဘမောင်သည် သူ့မိဘနှစ်ပါး၏ အလောင်းတို့ ပန်းခြံထဲတွင်မြှုပ်၍ ရွှေဂူလုပ်ကာ နှစ်တိုင်း ပွဲခံမြဲဖြစ်သည်။

ဆရာခနှင့်သာ လိုက်က,နေကြလျှင် မင်းသားကို ရှာမရ ဖြစ်တော့မည်။ လှေကြီးပေါ်၌ တင်လာသော ဇာတ်စရိတ်ကလည်း ကြီးလှသည်။ ဆရာခတို့ဇာတ်ကို အိမ်မဲမြို့၌ထားခဲ့ကာ ခွဲထွက်လာခဲ့ကြတော့မှ





ကျုံ့ပျော်သို့ ရောက်ကြသည်။

ကျုံ့ပျော်မြို့သို့ ရောက်သောအခါ ဇာတ်သူဇာတ်သားများနှင့် ဇာတ်ပစ္စည်းများကို ရုံထဲ၌ထားခဲ့ကာ မင်းသားရှာကြပြန်သည်။

ရေကြည်မြို့က ဆိုင်းဆရာ၏ သားကလေး က,တတ်ဆိုတတ်သည် သတင်းကြား၍ လိုက်ခေါ်ကြသည်။ ဆိုင်းဆရာ၏သားကလေးကို 'ရွှေဒေါင်းဘို' အမည်ပေးလျက် အောင်ချင်းမ မင်းသမီးလေးက အဆိုအက သင်ပြပေးသည်။

အောင်ချင်းမနှင့် ရွှေဒေါင်းဘိုတို့ ဇာတ်ထွက်ကြသည်။

နှစ်ပါးသွားသည့်အခန်း၌ လူရွှင်တော် လူပြက်ကြီးများကို အားမရ၊ စိတ်တိုင်းမကျသည့်အခါ အောင်ချင်းမသည် သူကိုယ်တိုင် ပြက်လုံးပေးပြီး ကပြသွားသည်။

မင်းသားတစ်ဘက် မင်းသမီးသုံးလက်နှင့် တွဲက,ကြသည်။

အောင်ချင်းမအပြင် အခြား မင်းသမီးလေးနှစ်လက်က မယားကြီး၊ မယားငယ်လုကာ အောင်ချင်းမကို ထေ့စောင်း၍ ဆိုကြ က,ကြသည်။

အောင်ချင်းမသည် မခံချင်စိတ်ကလေး ထလာသည်။ ဇာတ်ခုံပေါ်မှာပင် တေးတစ်ပုဒ်ကို လက်တန်းစပ်၍ ဆိုလိုက်သည်။

အပိုတွေ ထပ်ကာကြွားလို့
ဒီမှာ ၊ ရှင် . . . မုသားဆောင်ပါသရှင်
ဒါမျိုးကျတော့ ဒီကပြိုင်စမ်းချင်
ကိုယ်ပိုင် မော်တော်ကား ရှိလျက်သားနဲ့
လန်ချား အစုတ်အပြတ် အသတ်
အရပ်ကတို့ရေ . . . ကြည့်ကြပါဦး . . .

www.burmeseclassic.com

လန်ချား အစုတ်အပြတ် အသတ်

ဂျိုးဂျိုးကျတွေကိုမှ မက်တတ်ပါတဲ့ ကျွန်မလင်

ဆိုင်းဝိုင်းက ဇာတ်ခုံပေါ်မှာ အောင်ချင်းမ လက်တန်းထွင်၍ ဆိုလိုက်သောသီချင်းကို သဘောကျလွန်း၍ အားရပါးရ တီးပေးလိုက်ကြသည်။

ဇာတ်သဘင်လောက၌ စွမ်းရည်ထက်မြက်လာသောကြောင့် ကြည်ကြည်ဌေး၏ ဘုံးရနံ့သတင်းသည် ဇာတ်က,လေရာ အရပ်တကာ တိုင်းတွင် ပျံ့နှံ့ကျော်ကြားလျက်ရှိသည်။

ရွှေဒေါင်းဘိုနှင့်တွဲ၍ တစ်မြို့ပြီးတစ်မြို့ လှည့်က,ကြသည်။

ဟင်္သာတမြို့၌ မိုးကျလာသဖြင့် ခမောက်စု ဇာတ်ရုံထဲတွင် မိုးခိုရင်း သောင်တင်နေကြသည်။ မိုးကျ၍ ဇာတ်သမားများ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ကုန်ကြသည်။ ဇာတ်ပစ္စည်းများနှင့် သားအမိနှစ်ယောက် ရုံထဲတွင် ကျန်နေရစ် ခဲ့ကြသည်။

ရုံပိုင်ရှင်က မိုးတွင်းဘက် ဇာတ်ရုံပိတ်ထားရမည့်အတူတူ ဖြစ်သလိုပဲ မင်းသားရှာက,ရန် တိုက်တွန်းခြင်းကြောင့် မင်းသားရှာကြည့်သည်။ သက်တူ ရွယ်တူ မင်းသားရှာမတွေ့ဘဲ ဇာတ်မင်းသား ရွှေမန်းထွန်းကြိုင်ကို ရှာတွေ့သဖြင့် မင်းသားကို တစ်ည ၆ ကျပ်နှင့် ငှားလိုက်ကြသည်။

ရွှေမန်းထွန်းကြိုင်သည် ၁၃ နှစ်အရွယ် မလောက်လေးမလောက်စား အောင်ချင်းမ မင်းသမီးလေးနှင့် တွဲ၍ ကပြရမည့်အတွက် စိတ်ထဲ၌ သိပ်မကြည်၊ အားမလိုအားမရ ဖြစ်နေသည်။

"ဟဲ့ . . . ကောင်မလေး ဒီည ကပြမယ့်ဇာတ်ကို ငါစီးမယ်နော် . . နားလည်လား"





"ဦးလေးက ဘာဇာတ်ကမှာတုန်း"

"ပဋာစာရီမှောက်ခုံ က,မယ်၊ ပဋာစာရီမှောက်ခုံဆိုတာ နင်သိရဲ့လားဟင် . . . ငါပြောမယ် နားထောင်။ ပဋာစာရီဇာတ်အစစ်က မင်းသမီးက ရှုးရတယ်မဟုတ်လား။ မှောက်ခုံဇာတ်က,တော့ မင်းသားက ရှုးရမယ်။ အဲဒီတော့ ငါ ရှုးမယ်။ ကောင်မလေး . . . နင်က စောစောသေ"

အောင်ချင်းမသည် မင်းသားထွန်းကြိုင်ထံမှ ဇာတ်ဝင်ငိုချင်းတောင်း ထားလိုက်သည်။ သူ့ကို ဒါလောက်တောင် မင်းသားကြီးက နှိပ်ရဲမိရမလားဟု တစ်နေ့လုံး စိတ်ထဲ၌ တနုံ့နုံ့ဖြင့် အခဲမကြေနိုင်လောက်အောင် ဖြစ်လေသည်။

"ရွှေမန်းထွန်းကြိုင်ကြီးနှင့် အောင်ချင်းမလေးတို့ တွဲက,ကြမတဲ့ . . . ဘယ်သူက သာမယ်မသိဘူးဟေ့ . . ."

ဤသတင်းဖြင့် အရပ်က အကဲဖြတ်ချင်ကြ၍ တမင်များပင် လာကြည့်ကြသည်။

ပဋာစာရီဇာတ်ကို ပြောင်းပြန်မှောက်ခုံ ကပြကြမည်ဖြစ်သည့်အတွက် ပဋာစာရီသည် မြွေကိုက်ပြီး သေရပေမည်။ မင်းသား ကိုဒါသက အလွမ်းသည်ကာ အရူးလုပ်ရတော့မည်။

ကြည်ကြည်ဌေးသည် ပဋာစာရီဇာတ်ကို ပြောင်းပြန်လုပ်ပစ်သော မင်းသားကြီးကို မကျေနပ်နိုင်ဘဲ စိတ်ထဲ၌ တနုံ့နုံ့ရှိ၍ အခဲမကျေနိုင်သည့်စိတ်ကြောင့် ပညာမာန ထုပြသည်။

ပဋာစာရီ မြွေကိုက်ပြီးသေရမည့်အခန်း၌ တော်တော်နှင့် မသေဘဲ သားလေးကိုခေါ်လိုက်၊ သမီးလေးကိုခေါ်လိုက်၊ မှာလိုက်၊ ကြားလိုက်၊ ငိုလိုက် လွမ်းလိုက် လုပ်နေသည်မှာ ရောင်နီလာသည့် အချိန်အထိ လွမ်း

www.burmeseclassic.com

တောင်း နေတုန်းပင်။

ပွဲကြည့်ပရိသတ်မှာ မျက်ရည်နှင့်မျက်ခွက်၊ မင်းသဲမီးလေး အစွမ်းကုန် ပညာပြနေခြင်းကြောင့် ဘယ်အချိန်ရောက်သည်ကို မသိကြ ပဋ္ဌာစာရီ သေသွားမှ မင်းသား ကိုဒါသ ရှူးခန်းထွက်ရမည့်အချိန်တွင် မိုးလင်းနေပြီ။

ရွှေမန်းထွန်းကြိုင်သည် တစ်ညသာလျှင် အောင်ချင်းမနှင့် တွဲ လျက် နောက်ညက,ရန် ခေါ်မရတော့ပေ။

မင်းသားရှာမရ၍ ခမောက်စုရုံထဲတွင် သောင်တင်လျက် သား အမိနှစ်ယောက် ဒုက္ခရောက်ရပြန်သည်။

အောင်ချင်းမ အမေက မင်းသားထပ်ရှာပြန်သည်။

အောင်ချင်းမသည် ခမောက်စုဈေးထဲမှ ငှက်ပျောသီးသည် လင် မယား ကိုစိန်ထွားနှင့် မစိန်ပုကို သဘင်ပညာ သင်ပေးမည်ဟု ဇာတ်ထဲ သွင်းကာ လူပျက်နှင့် မိန်းမကြမ်းလုပ်စေသည်။

ဇွင်းတို့၏သမီးလေး မလှခင်ကို ဝိဇ္ဇာခင် အမည်ပေးကာ လက် ထောက်မင်းသမီးကလေးအဖြစ် အောင်ချင်းမက အဆိုအက သင်ပြပေး လေသည်။

'ကျော်မြင့်' ဆိုသော သူငယ်လေးတစ်ယောက် ရှာရလာသည်။

ကျော်မြင့်ကို မင်းသားလုပ်စေကာ ခမောက်စုသီတင်းကျွတ်ပွဲ တော်တွင် က,ကြသည်။ မင်းသားမစွံ၊ မင်းသမီးလေးကသာလျှင် တစ် ဇာတ်လုံး သယ်ရလျက် မင်းသားက ညံ့နေသည်။

မင်းသားကျော်မြင့်နှင့် တစ်နွေလုံး က,သည်။

မင်းသားညံ့၍ အမြို့မြို့သို့ရောက်တိုင်း မင်းသားအသစ် ရလို မကြား စုံစမ်းသွားကြသည်။





လေးမျက်နှာမြို့၌ မင်းသားဦးစိန်အောင်မင်းနှင့် တစ်ရွာ တည်းနေထိုင်သော အောင်ဝိဇ္ဇာမင်းသားကလေး၏ သတင်းကြား၍ အမေက လိုက်ခေါ်သည်။

အောင်ချင်းမသည် ရုပ်ချောလှသော မင်းသားသစ် အောင်ဝိဇ္ဇာ နှင့် တွဲက,သည်။ မင်းသားလေးမှာ အက အလွန်ကောင်း၍ အဆိုမရ။

အောင်ဝိဇ္ဇာ အဆိုမရသောကြောင့် အောင်ချင်းမသည် ဇာတ်ကို သူပင် စီးကာ အဆို၊ အငို၊ အပြောတို့၌ သူပင်လျှင် သူရှိသမျှ အစွမ်းအစ ထုတ်သုံးလျက် မင်းသား အဆိုညံ့ခြင်းကို သူက ထိန်းပေးရသည်။

ကပြသောဇာတ်ထုပ်များကို တစ်ညတစ်ထုပ် ပြောင်း၍ကပြရ ခြင်းကြောင့် ဇာတ်ထဲ၌ပါသော စာသားတွေကို အရကျက်မနေနိုင်။ ကျက်လျှင်လည်း မမှတ်မိအောင် ထပ်နေသည်။

ဇာတ်သဘင်များတွင် ကန့်လန့်ကာနောက်၌ ဖယောင်းတိုင် ထွန်း၍ စာပို့သောတစ်ယောက် အမြဲရှိကြသည်။ ကန့်လန့်ကာနောက်မှ သီချင်းထောက်ပေးနေစဉ် ဖယောင်းတိုင်မီး ငြိမ်းသွားပါက ကန့်လန့်ကာ ရှေ့၌ ဆိုနေသောမင်းသမီးသည် သူ့အဆိုကို ရပ်နေ၍မဖြစ်။

ဤအခက်အခဲမျိုးကြုံလျှင် အောင်ချင်းမသည် ပါးရေနပ်ရေရှိ သည့်အတိုင်း ပင်ကိုယ်စွမ်းရည်ဖြင့် ဖြေရှင်းပစ်နိုင်သည်။

“သိုက်ဆရာရှင်ရယ် . . .”

စာပို့သောသူက ကန့်လန့်ကာ စနောက်မှ တိုးတိုးထောက်ပေးနေ သည်။

အောင်ချင်းမသည် ကန့်လန့်ကာရှေ့မှ “သိုက်ဆရာရှင် . . .”

သံကုန်ဟစ်၍ဆိုလျက် အင်မတန်လျင်သောနားဖြင့် ကန့်လန့် ကာနောက်သို့ နားစွင့်ထားသည်။

www.burmeseclassic.com

"ရိုက်ကာပင် မတရား မညာတာ မပြုလိုက်ပါနဲ့ . . ."

ဤအသံကို ဆွဲငင်၍ ဆိုနေရင်းမှ "ဖြည်းဖြည်းပြောပါဟဲ့" ကန့်လန့်ကာ ရှေ့၌ ထားသောမျက်နှာနှင့်ပင် ပွဲကြည့်ပရိသတ်မသိအောင် ပါးစပ် သိပ်မလှုပ်ဘဲ နောက်က စာပို့ကြားအောင် ပြောလိုက်သည်။

"ရတနာတစ်ခု ရွှေစင်ကိုသာ ယူလိုက်ပါတော့ . . ."

အောင်ချင်းမက ကန့်လန့်ကာရှေ့မှ "ရတနာတစ်ခု ရွှေစင်ကိုသာ ယူလိုက်ပါတော့ . . ." ဆိုပြီး ကားနောက်မှ စာပို့၏ဆက်သံကို မကြားရတော့ပေ။

အောင်ချင်းမသည် စာပို့ဆက်သံ မကြား၍ ပုဝါလေးကိုကိုင်ကာ မျက်ရည်တို့သလိုနှင့် မျက်နှာကိုဖုံးကွယ်ကာ သေပြေးရှင်ပြေး နောက်မှ စာပို့ကြားအောင် ပြောလိုက်သည်။

"ဟဲ့ . . . မြန်မြန်ဆက်ပါဟဲ့ . . ."

"မီးငြိမ်းသွားပြီ၊ စောင့်ဦး . . ."

အောင်ချင်းမသည် ရပ်စောင့်နေ၍မဖြစ်၊ ရှေ့လည်း မဆက်နိုင်။ ထို့ကြောင့် . . .

"ချမ်းသာပေးပါ သိုက်ဆရာရယ်၊ ရွှေစင်ရွှေတိုက်ထဲက ရတနာတွေကို သိုက်ဆရာ ယူချင်သလောက် ယူသွားပါရှင်၊ ယူပြီးတော့ ငွေခင့်ကိုတော့ ချမ်းသာပေးခဲ့ပါ သိုက်ဆရာရဲ့ . . ."

"သိုက်ဆရာရှင် . . . ရိုက်ကာပင် မတရားမညာ မပြုလိုက်ပါနဲ့၊ ရတနာတစ်ခုကို . . ."

အောင်ချင်းမသည် ထိုသို့ပြော၍ ထိုသို့ ပြန်ကြော့ကောက်၍ ငိုဆိုရင်းက ကန့်လန့်ကာနောက်မှ စာပို့ကို ခေါက်လိုက်သည်။

"ဟဲ့ . . . ကောင်လေးရဲ့ ဆက်ပါတော့ဟဲ့ . . ."

သီဟရတနာစာပေ



ကန့်လန့်ကာနောက်မှ ဖယောင်းတိုင်မီး ငြိမ်းသွား၍ ကန့်လန့်ကာနောက်ကို ခေါက်ခါ အကြပ်ရိုက်နေသော ပွဲကြည့်ပရိသတ် မမြင်နိုင်သည့် အောင်ချင်းမ၏ အမူအရာကို ဆိုင်းဝိုင်းကပင် မသိကြသောကြောင့် ထပ်ပြန်ကြော့ဆိုနေမှန်းကို မရိပ်မိကြ။

ဇာတ်ခုံအောက်မှ ဆိုင်းသည် ယနေ့ည အောင်ချင်းမ ဘယ်သီချင်းဆိုမည်ကို အတိအကျ မှတ်သားထား၍မဖြစ်ပေ။

အောင်ချင်းမ ပါးစပ်ဟမှာကိုပဲ တစ်ချိန်လုံး ဆိုင်းက စောင့်ကြည့်နေရသည်။ အောင်ချင်းမသည် အကွက်ဆိုက်ရာ ဉာဏ်လျှင် ဉာဏ်ထွင်ပြီး တော်သလို သင့်သလို ကောက်ဆိုသွားသည်။

ဖြူပြာမှုရာပတ်ပျိုးကို မထော့တထော့ကလေးဖြင့် လွမ်းချင်းလုပ်ကာ ညည်းဆိုချင် ဆိုချလိုက်သည်။

တစ်ခါတစ်ရံ အောင်ချင်းမသည် "ရှင်တို့အမေဆိုလို့ဆဲ အိမ်ခွဲပါလို့ ဆောက်ရအောင်" ဟု ခြောက်ပေါက်သံပျိုးလိုက်သောအခါ ဆိုင်းဝိုင်းကြီးက ခြောက်ပေါက်နှင့် တီးနေစဉ်၊ ဤတစ်ပိုဒ်ကိုပင် ထပ်ပြန်၍ 'အမှန်' ကောက်ဆို လိုက်ခြင်းကြောင့် နဲ့ဆရာကြီးသည် ကပျာကယာ နဲ့ကြီးကို ဟောက်မှုတ်ရသည်။

ဇာတ်ပညာတွင် အကအဆို ပိုင်ရုံနှင့် မပြီးချေ။ ပညာကို ကိုယ့်အသက်လို အောက်မေ့၍ ကိုယ့်အစွမ်းကိုယ့်အစ ထုတ်သုံးတတ်ရသည်။

ဇာတ်ခုံပေါ်၌ အကျဉ်းအကျပ်ဖြစ်နေလျှင် ကယ်မည့်သူမရှိ။ ထိုအကျဉ်းအကျပ်များကို ဖြေရှင်းရန် ဉာဏ်ထက်သလို ရှာဖွေ၍ ဉာဏ်စွမ်းထုတ်ရသည့်အခါ၌ အောင်ချင်းမသည် သူမတူအောင် ထက်မြက်သူတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

(၂)

အောင်ချင်းမသည် အပျိုဖြန်းကလေးအရွယ် ၁၅ နှစ်သို့ ဝင်ခဲ့ပြီ။ အပျိုပေါက်မင်းသမီးကလေးသည် လူပျိုပေါက်မင်းသားချောကလေး အောင်ဝိဇ္ဇာနှင့် တွဲက,ကြရင်း ယခင်နှစ်တွေက မဖြစ်ပေါ်ခဲ့သော စိတ်တစ်မျိုး ဖြစ်ပေါ်နိုးကြားလာသည်။

အောင်ဝိဇ္ဇာမင်းသားလေး၏ ကဟန်၊ ဆိုဟန်၊ ငိုဟန်၊ ရယ်ဟန်တို့က အောင်ချင်းမလေး၏ နှလုံးသားကို ရိုက်ခတ်လာသည်။

နှစ်ပါးသွား က,ကြရင်းမှ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုးသွယ်မိသွားကြသည်။ အောင်ဝိဇ္ဇာ၏ တေးသံကွန်ယက်တွင် ရစ်ဖွဲ့ထားခြင်းကိုခံ၍နေရသည့်အတွက် စွဲငြိလိုက်ဖိုလျက်ရှိသည်။

မင်းသွားအဖေနှင့်အမေသည် အောင်ဝိဇ္ဇာ ဇာတ်က,ရာနောက်သို့ လိုက်ပါလာကြသည်။ အောင်ဝိဇ္ဇာသည် မင်းသမီးကလေးနှင့် ချစ်ကြိုက်နေမှန်း မင်းသားအမေက ရိပ်မိသွားသည်။

သူ့သားကို ဇာတ်မင်းသမီးနှင့်သဘောမတူနိုင်။ သားကို ဇာတ်





င်းသမီးနှင့် မပေးစားနိုင်။ အရပ်သူနှင့်သာ ပေးစားမည်။ အောင်ဝိဇ္ဇာသည် အမေကို အသေအံလဲ ကြောက်ရသည်။ အမေက သေဆိုသေ င်ဆိုရှင်။

ဇာတ်ခုံရှေ့၌သာလျှင် နှစ်ယောက်အတူ က,ကြရသည်။

အောင်ဝိဇ္ဇာသည် ဇာတ်ခုံရှေ့၌ အောင်ချင်းမနှင့် မေတ္တာပြိုင်သည်။ သစ္စာတိုင်သည်၊ နှစ်ပါးသွားသီချင်းကို အဟဲ-အဟောလေးနှင့် ချစ်သူ မင်းသမီးလေးကို ခွန်းသန့တ်ချိုလျက် ရှိသည်။ ဇာတ်ခုံနောက်၌ ကား အမေကိုကြောက်လှ၍ အောင်ချင်းမနှင့် အလျင်း စကားမပြော ခဲ့။

ငါးသိုင်းချောင်းမြို့နှင့် ခြောက်မိုင်ဝေးသော ကညင်ငူသို့ ဇာတ်ဖွဲ့ရောက်လာသည့်အခါ မိုးကျလာသည်။

မိုးတွင်းဘက် ဇာတ်နားရသည်။ အောင်ဝိဇ္ဇာမင်းသားလေးသည် အဖေအမေများနှင့်အတူ ဇာတိရပ်မြေ လေးမျက်နှာမြို့သို့ ပြန်သွားရသည်။

မင်းသားလေး ပြန်တော့မည်ဆို၍ မင်းသားလေးနှင့် မခွဲနိုင်သောကြောင့် အောင်ချင်းမက သူ့ကိုပါ တစ်ပါတည်းခိုးသွားရန် ပူဆာသည်။

အောင်ဝိဇ္ဇာက "အမေ့ကိုကြောက်တယ် . . . မခိုးဝံ့ဘူး" ဆိုသာ ခေါင်းခါလေသည်။ လေးမျက်နှာမြို့သို့ မိဘများနှင့်အတူ မင်းသားလေး ပြန်လိုက်သွားသည်။

မိုးတွင်းဘက် ဇာတ်နားလိုက်သည်။ ရောက်ရာအရပ်တကာတို့ မိုးကုန်အောင် စောင့်ရမြဲဖြစ်ခြင်းကြောင့် အောင်ချင်းမတို့သားအမိသည် ကညင်ငူတွင် သောင်တင်ကြသည်။

အောင်ဝိဇ္ဇာကို လွမ်းလှသည်။ အောင်ဝိဇ္ဇာ ပြန်သွားကတည်းက

www.burmeseclassic.com



အောင်ချင်းမမှာ မျက်ရည်နှင့်မျက်ခွက်၊ မအိပ်နိုင်၊ မစားနိုင်၊ တွေးမိလေတိုင်း အသည်းဆိုင်ကလေးမှာ သိမ့်သိမ့်ခါအောင် လွမ်းဆွေးနေတော့သည်။

မြင့်မိုရ်တောင်အစွန်းက မှုဝ်ကြယ်တွေ ကြွေကျလို့ မြေခစေဦး မမုန်းဘူးဆို . . . ရွှေမေတ္တာ ဘယ်ခါမှ မသွေဖီပါဘူးဆို။

ဇာတ်ခုံပေါ်၌ နှစ်ပါးသွားကကြတိုင်း တစ်ယောက်နှင့် တစ်ယောက် အချီအချ သီဆိုခဲ့ကြသော တေးသံများသည် နားမှမထွက် ဖြစ်လေသည်။ အောင်ဝိဇ္ဇာဆိုသမျှ သီချင်းများကို သီဆိုနေရင်းမှ မနေနိုင်မထိုင်နိုင် သေချင်အောင် လွမ်းလာတော့သည်။

"မကျင်သန်းရယ် . . . ငါ သေရတော့မယ်။ ငါ ခွဲမနေနိုင်ဘူး။ သူက မလာတော့ သူ့ဆီကိုပဲ ငါလိုက်သွားတော့မယ်"

မကျင်သန်းမှာ အောင်ချင်းမထံတွင် အဆိုအက လာသင်နေသောမိန်းကလေးဖြစ်သည်။

ဂျပန်ကုပ်ဝဲ ဆံတောက်ကလေးဖြစ်ထားလျက် နားသံသီးလေးဆွဲထားသော အောင်ချင်းမသည် မကျင်သန်းကို အဖော်ခေါ်ကာ အမေမသိအောင် အောင်ဝိဇ္ဇာဆီသို့ ထွက်ပြေးကြသည်။

ကညင်ငူနှင့် ခြောက်မိုင်ဝေးသော ရေကြည်သို့ ပြေးကြသည်။

ရေကြည်တွင် ဇာတ်ထဲက မင်းသားကြီး၊ မင်းသမီးကြီးအိမ်ကို လိုက်ရှာကြသည်။ မင်းသားကြီးလင်မယားက အောင်ချင်းမကို ကျုံပျော်ဘက်သို့ လိုက်ပို့ပေးသည်။ ကျုံပျော်မှနေ၍ အောင်ဝိဇ္ဇာမင်းသားလေးရှိသော လေးမျက်နှာမြို့သို့ အောင်ချင်းမ လိုက်လာကြောင်း သံကြိုးရိုက်ပေးကြသည်။

မင်းသားလေးအိမ်သို့ သံကြိုးရောက်လျှင် မင်းသားလေးက ချုံပွဲ





ချ၍ ငိုပါလေသည်။

"အမေရယ် လိုက်သွားပါရစေ"

"သွားဝံ့သွားစမ်း . . . သေရအောင်ဖြင်"

အမေလုပ်သူက မားပြု၍တားသည်။

အောင်ဝိဇ္ဇာသည် အမေ့ကိုလည်းကြောက်၊ သူ့နောက်သို့ လိုက်လာသော အောင်ချင်းမထံသို့ ပြေးသွားချင်ဖြင့် မျောက်မီးခဲထိုင် ဖြစ်နေရှာသည်။

ကျုံပျော်လယ်ကွင်းထဲရှိ တဲလေးထဲ၌ ပုန်းနေသော အောင်ချင်းမဆီသို့ အောင်ဝိဇ္ဇာက မလာနိုင်။ အောင်ဝိဇ္ဇာအမေသာလျှင် ထဘီစွန်တောင်ဆွဲလျက် လိုက်လာသည်။

"ညည်း မရှက်ဘူးလားဟင် . . . ညည်းအသက်အရွယ်က လင်ယူရမယ့်အရွယ်လားအေ့။ ၁၅ နှစ်ရှိသေးတာ . . . ကျုပ်သားလေး အရွယ်မရောက်မှုနဲ့ ဒုက္ခရောက်အောင် ညည်းလုပ်မလို့လား။ ကျုပ်သားက ငယ်သေးတယ် . . . မပေးစားနိုင်ဘူး။ ညည်းပြန်ပါ"

အောင်ချင်းမသည် ယောက္ခမလောင်းရှေ့မှောက်၌ နားသံသီးလေး တစ်ခါခါဖြင့် ရှိုက်ကာရှိုက်ကာ ငိုကြွေးလျက်ရှိသည်။

အောင်ချင်းမမှာ အမေရှိရာ ကညင်ငူဇာတ်ရုံသို့လည်း မပြန်ရဲချေ။ ယောက္ခမလောင်းကလည်း သူ့သားနှင့် မပေးစားနိုင်ဘူးဆိုကာ ခါးခါးသီးသီး ငြင်းဆန်နေသည်။

"ဖြစ်လာမှတော့ဗျာ . . . မိန်းကလေး တစ်ရက်က နှစ်ရက်ဖြစ်နေပြီ။ ခင်ဗျားကြီး သမီးချင်းစာပြီး ခင်ဗျားသားဆီ ခေါ်သာသွားပါတော့"

အောင်ချင်းမကို ရွာက ဝိုင်း၍သနားကြသည်။ ယောက္ခမလောင်း

www.burmeseclassic.com



ကြီးကို မခေါ် ခေါ်အောင် တွန်းထည့်ကြသည်။ ယောက္ခမလောင်းကြီးက ခေါင်းခါခါ လည်ခါခါဖြင့် ခါးသီးစွာ ငြင်းသည်။

"ကျုပ် ခေါ်မသွားနိုင်ဘူး။ ဘယ့်နှယ်တော် . . . ကျုပ်က ကျုပ်သားနဲ့မှ သဘောမတူတဲ့ဥစ္စာ။ သူ့အရွယ်က လင်ယူရမယ့်အရွယ်လား အရပ်ကတို့ရယ် . . . ကျုပ်သားကလည်း ၁၆ နှစ်၊ မယားယူရမယ့်အရွယ်လားရှင် . . . ကျုပ် ခေါ်မသွားနိုင်ဘူး။ ရှင်တို့သနားရင် သူ့အမေဆီ ပြန်ပို့ကြ"

အောင်ချင်းမသည် အမေ့ဆီ မပြန်ဝံ့၍ လှိမ့်လူးငိုနေသည်။ အမေ့ဆီတော့ မပြန်၊ အရှက်ကွဲလည်း မခံ။ ကိုယ့်အသက်အဆုံးကြံမည်ဆိုသည်။

ရွာလူကြီးများက ဝိုင်းလာကြသည်။

"ခင်ဗျားသားဆီ ခေါ်မသွားလို့ မဖြစ်ဘူး။ မိန်းကလေး တစ်စုံတစ်ခုဖြစ်ရင် ခင်ဗျားတာဝန်မကင်းဘူး။ ခင်ဗျားငြင်းမနေပါနဲ့တော့ ခေါ်သာသွားပါ"

အောင်ဝိဇ္ဇာ၏အမေသည် အရပ်ကိုမလှန်နိုင်၍ နောက်ဆုံးမကျေမချမ်းနှင့် ခေါ်သွားရသည်။ ကျုံပျော်လယ်ကွင်းထဲမှ ကားဆိပ်သို့ ယောက်ျားကလေးလိုဝတ်ပြီး ခေါ်သွားရသည်။ ဟင်္သာတမြို့၌ တစ်ညဝင်အိပ်ကြသည်။

ကြည်ကြည်ဌေးသည် ငါးနှစ်သမီးအရွယ် အောင်မြကျောင်ဘဝတမင်းသမီးကြီး ဒေါ်စိန်ယုံထံတွင် ဆည်းပူးသင်ကြားခဲ့သော သဘင်ပညာအစာတ်နှင့်အတူ ရေနွေးကြမ်းနှင့် ဆေးလိပ်သောက်တတ်သော အတတ်ပါ တစ်ပါတည်း တတ်လာခဲ့သည်။

ဟင်္သာတ၌ ယောက္ခမနှင့်အတူ တစ်အိပ်ရာတည်း အိပ်ကြရစဉ်





ယောက္ခမသာလျှင် မောမောနှင့်အိပ်ပျော်သွားသည်။ အောင်ချင်းမသည် အိပ်၍မပျော်။ ခြင်ထောင်အပြင်ဘက် ခေါင်းထုတ်လျက် ဆေးလိပ်ခိုးသောက်နေကာ တွေး၍မဆုံး၊ မောင်နှင့်တွေ့ရတော့မည့်အရေးကို တွေး၍မဆုံး . . .။

အောင်ချင်းမ တွေးကောင်းနေတုန်း ခေါင်းအုံးပေါ်၌ ဆေးလိပ်မီးပွား ဘယ်အချိန်ကကျမှန်းမသိ၊ မီးထလောင်လေသည်။

ယောက္ခမလောင်းက လူးလဲထသည်။

"အမလေး . . . လုပ်ကြပါဦး . . . မီး . . မီး"

ထိုသို့ဟစ်အော်ရင်း အောင်ချင်းမ၏ ဆေးလိပ်မီးကိုမြင်လျှင် ဒူပန်ကုပ်ဝဲ ဆံတောက်ခေါင်းကလေးကို ပူထူသွားအောင် ခေါက်တော့သည်။ လောင်သောမီးကို စောင်တွေနှင့် အုပ်ရိုက်လျက် ငြိမ်းပစ်လိုက်ကြရသည်၊

"မကောင်းလိုက်တဲ့နိမိတ်" ဟု အောင်ချင်းမ၏စိတ်ထဲ၌ ထင့်သွားသည်။ ယောက္ခမ၏ ဆိုဆဲခံရပြီး အခေါက်ခံထားရသော ခေါင်းမှာလည်း ကျိန်းနာနေသည်။

နံနက်လင်းလျှင် ဟင်္သာတမှ အိုင်သပြုသို့ ကားနှင့်သွားကြသည်။ အိုင်သပြုမှ လှေကလေးနှင့် ဆုံကုန်းသို့သွားကာ ဆုံကုန်းကမှ လေးမျက်နှာသို့ ရောက်ကြသည်။

ယောက္ခမသည် သူ့သားရှိရာ သူ့အိမ်သို့ ခေါ်မသွားဘဲ အောင်ချင်းမကို တစ်အိမ်တွင် ထားပစ်ခဲ့သည်။

အောင်ဝိဇ္ဇာတလည်း မလာ။ တွေ့ချင်လှပြီ။ နေဝင်၍ မိုးပဲချုပ်ပေါ့။ အောင်ဝိဇ္ဇာ၏မျက်နှာကို မမြင်ရသေး။ ရင်ခုန်လှသည်။ မှောင်ကြီးထဲ၌ ငုတ်တုတ်ကလေးထိုင်ကာ အောင်ဝိဇ္ဇာကိုမျှော်ရင်း မျှော်ရင်း သန်း

www.burmeseclassic.com



ခေါင်ကြက်တွေ တွန်လာကြသည်။

ဝေးဝေးမှ ခွေးအူသံတွေ ကြားလိုက်ရသည်။

ခွေးအူသံကြောင့် ကြက်သီးတဖြန်းဖြန်း ဖြစ်နေစဉ် အောင်ဝိဇ္ဇာတို့သားအဖ ရောက်လာကြသည်။ ယောက္ခမထီးကြီးက သားကိုသနားသဖြင့် လိုက်ပို့ပေးသည်။

"ရော့ . . . ပိုက်ဆံငါးမူး"

အောင်ချင်းမသည် ယောက္ခမထီးပေးသော ပိုက်ဆံငါးမူးကို လှမ်းယူလိုက်သည်။ ယောက္ခမထီးကြီး ပြန်သွားတော့မှ အမြှိတ်များ ဖွာယာနေသော ဂျပ်စောင်အထူကြီးကို နှစ်ယောက်သား ခေါင်းမြီးခြုံကြလျက် စိတ်ချလက်ချ အိပ်စက်ကြတော့သည်။

ကညင်ငုံမှ အောင်ချင်းမအမေ လိုက်လာသည်။

"ဇာတ်ရုံထဲမှာ ဇာတ်ပစ္စည်းတွေနဲ့ အမေ့ကို ပစ်ပြီးပြေးရတယ် လေတယ် သမီးရယ် . . ."

အမေက သမီးကိုဖက်လျက် အသည်းနာနာနှင့် ရှိုက်ငိုပြောသည်။ အောင်ချင်းအမေသည် အားရအောင်ငိုကြွေးပြီးမှ နောက်ဆုံးဖြစ်မိမှတော့ ထုံးစံအတိုင်း မင်္ဂလာဆောင်ပေးရန် ပြောသည်။

"ပိုက်ဆံမရှိဘူး . . . မင်္ဂလာဆောင်မပေးနိုင်ဘူး"

အောင်ဝိဇ္ဇာအမေက တင်းတင်းမာမာ ပြန်ပြောသည်။ အောင်ချင်းမအမေသည် သူ့အား တင်းမာစွာ ပြောသူအား သမီးအတွက်ကြောင့် မျက်နှာအောက်ချကာ တောင်းပန်ရသည်။

"ပိုက်ဆံအကုန်ခံပြီး လုပ်ဖို့မဟုတ်ပါဘူး၊ ထုံးစံရှိတဲ့အတိုင်း လူကြီးမိဘ အသိအမှတ်ပြုရုံလုပ်ပေးကြပါ။ သူတို့ မင်္ဂလာဆောင်ပြီးမှ ကျွန်မ ပြန်နိုင်မှာ"





အောင်ဝိဇ္ဇာ၏အမေက မလိုက်လျောဘဲ တင်းမာနေသည်။ အရပ်ကိုတိုင်ရသည်။ အရပ်က ကူ၍ဝိုင်းပြောပေးကြတော့မှ အောင်ဝိဇ္ဇာတို့နေသော အိမ်ကလေးကို ၃၅ဝိ နှင့် ပေါင်၍ မင်္ဂလာဆောင်ပေးသည်။

အောင်ချင်းမ မင်္ဂလာဆောင်ပြီး၍ အမေသည် ကညင်ငုံသို့ ပြန်ရန် လှေဆိပ်သို့ ဆင်းခဲ့သည်။

ကမ်းထိပ်၌ မြစ်ရေသည် ကမ်းပါးနှင့် ထိလုထိခင်ပြည့်လျက် လှိုင်းဂယက်ကလေးများ ထနေသည်။

မိုးသက်လေမှာ ခပ်ကြမ်းကြမ်းတိုက်ခတ်လျက်ရှိသည်။ ကောင်းကင်တစ်ခွင်လုံး ညိုမှုန်မှိုင်းလျက် . . .။ မြစ်ပြင်တစ်ပြင်လုံးရှိ မြစ်ရေမှာလည်း ညစ်ထေးလျက်။

ဝမ်းပြား ဘောက်တူကလေးအပေါ်သို့ အမေ တက်ထိုင်လိုက်သည်။ လှေမထွက်မီ အောင်ချင်းမသည် ရင်ဆို့ကာ မျက်ရည်မဆည်နိုင်ပေ။ လှေထဲ၌ မျက်ရည်ကျနေသော မိခင်ကိုမြင်၍ မထိန်းနိုင်တော့ဘဲ ရှိုက်ငိုလိုက်သည်။

"နေရစ်ခဲ့ပေတော့သမီး၊ အမေ့အတွက် ဆွေးမနေနဲ့တော့။ သမီးတံကို သမီး ဖန်တီးတာပဲ။ ရတနာသုံးပါးကို မမေ့ဘဲ ယောက္ခမနဲ့ သင့်အောင်သာ နေပေတော့"

အမေသည် လှေမထွက်မီ ရေထဲမှ အော်ပြောသွားသည်။ အောင်ချင်းမသည် "အမေ . . . အမေ" တလျက် ဟစ်လျက် ကြုံး၍သာ ငိုကြွေးသည်။

အောင်ချင်းမ၏ ငိုကြွေးသံတို့သည် မြစ်ပြင်၌ ဆူညံလျက်ရှိသည်။ သဲသဲကွဲကွဲ မမြင်ရသေးသော လှေကလေးသည် မသဲမကွဲ မဲမဲညို့ညို့ မြင်ရသေးသည်အထိ အောင်ချင်းမ အငိုမစဲသေးပေ။

www.burmeseclassic.com



ရွှံ့နှစ်ရောင်ဖြစ်နေသော ရေတို့သည် လှိုင်းတစ်ချက်တစ်ချက် ဝင်၍ အပုတ်တွင် ရေစပ်၌ ရပ်ငိုနေသော အောင်ချင်းမ၏ ထဘီနားတို့ ထိပါးရိုက်ပုတ်လျက်ရှိကြသည်။

"အမေရေ . . . သမီး ပြန်လိုက်ပါ့မယ်၊ ပြန်လှည့်ခဲ့ပါ"

အောင်ချင်းမအမေသည် ထိုအသံကို သဲ့သဲ့မျှ ကြားသော်လည်း မကြားယောင်ပြုသွားသည်။

ကညင်ငူသို့ ပြန်ရောက်သောအခါ ရုံထဲ၌ရှိသည့် သူပိုင် ဇာတ်ပစ္စည်းများကို မကြည့်ချင်အောင် ဖြစ်မိသည်။ မင်းသမီးကြီး ဒေါ်စိန်ယုံ လက်ထက်က အောင်ချင်းမသည် ကင်စင်မီးကို ထွန်းကခဲ့ရသည်။ အောင်ချင်းမ၏မိခင်လက်ထက်၌ အင်ဂျင်စက်နှင့် ဓာတ်မီးထွန်း ကရ သည်။

"လုပ်ရက်လေခြင်း သမီး၊ လုပ်ရက်လေခြင်း . . . အမေ ဒီပစ္စည်းတွေ ဘာလုပ်ရတော့မှာတုန်း"

အောင်ချင်းမ၏မိခင်သည် ဇာတ်ပစ္စည်းတွေ ကြည့်လျက် မျက်ရည်တွေတွေကျလာသည်။ စိတ်ကို ဖြေဆည်၍မရခြင်းကြောင့် မကြည့်ချင်တော့သော ဇာတ်သေတ္တာ၊ ဇာတ်ပစ္စည်း၊ အင်ဂျင်စက်၊ ကားမီးအိမ် ကို ရုံပိုင်အား အလကားပေးခဲ့ကာ လက်ပံတန်းမြို့သို့ ပြန်သွားသည်။

အောင်ချင်းမ၏ ယောက္ခမများသည် ချွေးမ မင်းသမီးလေး လက် ဆုပ်လက်ကိုင်ရှိထား၍ ဇာတ်ထောင်လိုက်ကြသည်။ အောင်ဝိဇ္ဇာဇာတ် ဟု အမည်တပ်ကာ နယ်လေးရပ် လှည့်က,ခိုင်းသည်။

အောင်ဝိဇ္ဇာအမေက မင်းသားကို လူပျိုလုပ်ထားသည်။ မင်းသား လူပျိုဆိုမှ ပွဲကြည့်လာ အပျိုချောတို့ စွဲမက်မောမည်။

ဇာတ်ထဲ၌ လင်မယား အတူမနေစေရ။ ခွဲစားရ၊ ခွဲအိပ်ရသည်။





ဇာတ်ထဲတွင် လင်မယားအနေမျိုး မနေရန် တင်းကြပ်စွာ တားမြစ်ထား သည်။

နိဗ္ဗာန်ရွာ၌ ဇာတ်ရုံသွင်း၍ က,နေချိန်တွင် အောင်ချင်းမသည် ကိုယ်ဝန်လေးလ ရှိနေလေသည်။ မင်းသမီးကိုယ်ဝန်ရှိကြောင်း လူတွေ မရိပ်မိအောင် ဗလာထဘီကို ခါးပတ်တင်းတင်းပတ် က,ရသည်။

အောင်ဝိဇ္ဇာအမေထောင်သော ဇာတ်မှာကား မီး၊ ကိရိယာ၊ ဇာတ်ပစ္စည်းအစောင်းအမြင်းများ စုဝယ် တည်ထောင်သောဇာတ်ဖြစ် သည်။ သားသားနားနားမရှိ။ ထိုအချိန်က တစ်မူးတန်ဖြစ်သည်။ တစ်ည လုံးကမှ စရိတ်နှုတ် ၁၀ ကျပ်၊ ၁၅ ကျပ်သာ ကျန်သည်။

အောင်ချင်းမမိခင် ဇာတ်တွင်မူ မိုးလင်း၍ ပွဲသိမ်းလျှင် သမီးလေး အတွက် အမေကိုယ်တိုင် ပြင်ဆင်ပေးသော ကော်ဖီလင်ပန်းသည် သမီး လေးရှေ့မှောက်သို့ အမြဲရောက်လာသည်ချည်း ဖြစ်သည်။

ကော်ဖီ၊ ဂိုးလ်ဒင်းပတ်၊ ထောပတ်၊ မြန်မာမုန့်များဖြင့် ဖွယ်ဖွယ် ရာရာ ဖြစ်လာသောဗန်းကို သမီးလေးရှေ့၌ လာချပေးကာ "ဝဝစားလိုက် စမ်းသမီး၊ စားပြီးမှ အိပ် . . ." အမြဲ ပြောတတ်သည်။

ယောက္ခမဇာတ်၌မူ မိုးလင်း၍ ပွဲသိမ်းပြီးဆိုလျှင် မအိပ်ခင် ယောက္ခမကြီးက ထမင်းကြမ်းနှင့် ဘူးသီးကြော် ကျွေးသည်။

အောင်ချင်းမသည် ထမင်းကြမ်းခဲကို ဝါးရင်း နောက်ကြောင်းကို တွေးမိကာ မျက်ရည်ဝဲဝဲဖြင့် မှိတ်မျိုရသည်။

အိပ်ရာမှနိုး၍ စားကြသောထမင်းတွင် ဟင်းမရှိ၊ အဖျော်မရှိ သော ငါးပိရည်နှင့် ဇာတ်ရုံအနီးရှိ ငွေးပင်ကြီးမှ ငွေးရွက်တွေ ခူးတို့စား ကြရသည်။

မိခင်လက်တွင် ရောမ ဇာတ်မင်းသမီးကြီးအသွင် ကိန်းကြီး

www.burmeseclassic.com



ခန်းကြီးလုပ်ခဲ့သော အောင်ချင်းမသည် ယောက္ခမဇာတ်ထဲတွင် မင်းမမူ ဝံ့ဘဲ ကုပ်ကုပ်ကလေးနေရသည်။

ယောက္ခမကြီးက အမြဲတမ်းဆူသည်။ ပွက်သည်။ ယောက္ခမကြီးက ဘယ်လိုဆူဆူ ပွက်ပွက် လူပျိုဟန်ဆောင်နေသော လင့်မျက်နှာကလေးကို လှမ်းကြည့်လိုက်ရလျှင် အောင်ချင်းမ ခံစားနေရသော ဒုက္ခအပေါင်းတို့သည် ပြေပျောက်သွားသည်။

အောင်ချင်းမ ဇာတ်ထွက်က,ပြီ ဆိုလျှင်လည်း ကိုယ်ရေးကိုယ်တာ စိတ်ဆင်းရဲမှုအပေါင်းသည် ဘယ်ရောက်ကုန်မှန်းမသိအောင် စိတ်က လန်းဆန်းသွားမြဲဖြစ်သည်။

က,လိုက်ရတာကလေးက အရသာ၊ သီချင်းကလေး ဟစ်ဆိုလိုက်ရတာကိုက အရသာ၊ ဆိုင်းက ပတ်လုံးအသံ ပြသွားလျှင် အသံပြသည့်နောက်သို့ရောက်အောင် အော်ဆိုသွားရတာကလေးကလည်း အရသာ။

အနုပညာကို လွန်စွာမြတ်နိုးသောစိတ် ရှိလာ၍ အနုပညာမှ ရရှိခဲ့သော ပီတိအရသာကြောင့် ဘယ်လောက် စိတ်ဒုက္ခ ကိုယ်ဒုက္ခရောက်ရောက်၊ ညှိုးနွမ်းနေနေ၊ ဇာတ်ခုံပေါ်သို့ ရောက်သွားသည်နှင့် ပျော်ရွှင်လန်းဆန်းသွားမြဲ ဖြစ်သည်။

ပွဲက,သောအခါ၌ ကိုယ်ဝန်မပေါ်အောင် ခါးပတ်ကို တင်းတင်းကျပ်ကျပ်ကြီး ပတ်ထားရသည်။ ရွာခဲရုံတွင် က,ခုန်နေခိုက် ပုံလဲကျသွားသည်။ ဝမ်းထဲရှိကလေးမှာ ခါးပတ်ဒဏ်ချက်ဖြင့် ပျက်ကျသွားသည်။ ဝမ်းဆွဲတော်၍သာ အသက်ချမ်းသာခဲ့သည်။

ကလေးပျက်ပြီး ၁၄ ရက်ရသောနေ့၌ ဇာတ်ထွက်က,ရသည်။

မင်းဂရုရွာ၌ က,ရမည့်ညတွင် ကိုယ့်လက် ကိုယ့်ခြေ မသယ်မဖြောက်နိုင်သောကြောင့် ထွက်၍မကနိုင်။ အောင်ချင်းမ မထွက်၍ ရုံ





ကို ခဲ၊ ပုလင်းများဖြင့် ဝိုင်းပေါက်ကြသည်။ ပွဲကြည့်ပရိသတ် ကျေနပ်အောင် မင်းသမီးလူမမာကို ပွေ့ထုတ်ပြတော့မှ ခဲ၊ ပုလင်းများ စဲသွားတော့သည်။

မိုးတွင်းဘက် ဇာတ်ဖြုတ်နားနေခိုက် ပဲခူးမှ မင်းသား၊ မင်းသမီးလာငှားသည်။ ယောက္ခမကြီးက ငွေလက်ခံလိုက်သည်။ ပဲခူးသို့ မင်းသား၊ မင်းသမီးနှင့် ယောက္ခမများပါ လိုက်လာကြသည်။

အောင်ချင်းမသည် စလင်းနားရှောင်းပန်လျက် ရှပ်ဖျင်အကွက်အင်္ကျီ သရက်ထည်ထဘီ တစ်ပတ်နွမ်းလေး ဝတ်လိုက်လာသည်။ လက်ပံတန်းရောက်သောအခါ အစ်မများက အမြင်မတော်လွန်း၍ အင်္ကျီ၊ လုံချည်များကို ဈေးထဲ၌ သွားဝယ်ပေးလိုက်ကြသည်။

ပဲခူးရောက်မှ ဇာတ်တိုက်ကြသည်။ ဇာတ်ဆရာသာလျှင် အောင်ဝိဇ္ဇာနှင့် အောင်ချင်းမ လင်မယားအဖြစ် အသိပေးသည်။

ဇာတ်ဆရာ၏ဇာတ်ထဲရှိ ဇာတ်သူ ဇာတ်သားများ လင်မယားမသိအောင် နေကြရသည်။ အောင်ချင်းမသည် ယောက္ခမကြီးနှင့်အတူအိပ်၊ အတူစားရသည်။ မင်းသား ကိုလူပျိုက သူ့အဖေနှင့် အတူအိပ်၊ အတူစားသည်။

ဇာတ်ခုံနောက်၌ အောင်ချင်းမသည် မျက်ရည်နှင့်မျက်ခွက်။ မျက်ရည်မကျရသောနေ့ မရှိ။ ကျိတ်မှိတ်လျက် အောင့်အည်း သည်းခံနေရသည်။ ဇာတ်သူ ဇာတ်သားများရှေ့၌ ရောင်ရမ်းကာ လင်လုပ်သူနှင့် အရောတဝင် ခေါ်ပြော ရယ်မောလုပ်မိလျှင် ယောက္ခမက ကျိတ်၍ ပွက်သေးကြမ်းအောင် ဆဲသည်။

အောင်ချင်းမအမေသည် သမီးကိုလွမ်းသဖြင့် သမီးနှင့်တွေ့ရအောင် ပဲခူးသို့ လိုက်လာသည်။ ဂလိုင်ခေါက်လျှင် ကိုယ့်ချိုင့်ကလေး

www.burmeseclassic.com



ကိုယ်ဆွဲကာ ထမင်းပေးမည့်နေရာသို့ သွားယူစားရသော အမေ့အား ဇာတ်ခုံထောင့်မှ ကြည့်နေသော အောင်ချင်းမ၏ ရင်ထဲ၌ မခံမရပ်နိုင်အောင် ဆို့နာလာသည်။

ယောက္ခမက မကြည်ဖြူ၍ ရက်ကြာကြာမနေနိုင်ဘဲ အမေ ပြန်သွားသည်။

ပဲခူး၌ ဇာတ်က,ပြီး၍ လေးမျက်နှာသို့ ပြန်ကြသောအခါ လက်ပံတန်းတွင် ရထားဆိုက်ဆိုက်ချင်း အောင်ချင်းမသည် ဆက်မလိုက်နိုင်တော့ဟု ဇွတ်ငြင်းကာ အမေရှိရာ လက်ပံတန်း၌ ဆင်းနေရစ်ခဲ့သည်။ မင်းသားမှာ အမေ့ကြောက်ရ၍ ပါသွားသည်။

လက်ပံတန်းတွင် အမေနှင့်အတူနေစဉ် မင်းသားလိုက်မလာဘဲ ယောက္ခမကြီးက လိုက်လာသည်။ မင်္ဂလာဆောင်စဉ်က အကြွေးများ ပူလွန်း၍ ဇာတ်က,ပေးရန် လာခေါ်သည်။

အောင်ချင်းမ၏ မိခင်က သူတို့အကြွေးဆပ်ရန်လိုက်သွားဟု အတင်းပြန်လွှတ်မှပင် လေးမျက်နှာသို့ ပြန်လိုက်သွားရသည်။

ရန်ကုန်မှ ဇာတ်ဆရာတစ်ဦးရောက်လာကာ မင်းသား၊ မင်းသမီး လာငှား၍ ရန်ကုန်သို့ လိုက်က,ရသည်။ ရန်ကုန်အိမ်တော်ရာဘုရားအတွင်း၌ စက,ရသည်။

မင်းသမီးမှာ အရှုးလုပ် က,ရသည်။ 'ရွှေလမသာ' အရှုးသီချင်းကို ဆိုလျက် အရှုးက, ကောင်းလှခြင်းကြောင့် ကြည်ကြည်ဖွေးသည် 'ရွှေလမသာမင်းသမီးလေး'ဟု ရန်ကုန်၌ တွင်ပြန့်လေသည်။

ရန်ကုန်၌ က,နေရင်း စစ်ရိပ်စစ်ငွေ့များ သမ်းနေသည်။ ရန်ကုန်၌ မီးမှောင်ချသောကြောင့် သုံးခွမြို့၌ သွားက,ရသည်။ သုံးခွမြို့၌ ဇာတ်က,နေစဉ် နေဝင်မီးငြိမ်း မောင်းထုပြန်၍ ရန်ကုန်သို့ ပြန်လာရသည်။

သီဟာရတနာစာပေ



ရန်ကုန်မြို့ကို ဗုံးမချမီ ဇာတ်ဆရာခေါ်ရာ ဓနုဖြူသို့ သွားက,ရသည်။

www.burmeseclassic.com

(၃)

ဂျပန်ခေတ်အတွင်း ယောက္ခမနှင့် မသင့်မြတ်၍ ယောက္ခမအိမ်ပေါ်မှ ဆင်းကာ အသုတ် သဇင်လှရွာရှိ သူကြီးအိမ်တွင် သွားနေသည်။

သူကြီးက ကြည်ကြည်ဌေးကို သမီးအဖြစ် မွေးစားထားသည်။ သဇင်လှရွာတွင် ရွာက ထောင်ထားသော အပျော်တမ်း တီးဝိုင်းရှိသည်။ သဇင်လှရွာသူကြီးသည် ဂီတပညာ၌ ဝါသနာကြီးသည်။ တီးဝိုင်းတွင် မွေးစားသမီးကို ဆိုခိုင်းသည်။

အင်းဘက်မှ အင်းသူကြီးများ လာကြသောအခါ အတီးအဆိုနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဆီး၍ ဧည့်ခံသောကြောင့် ဂျပန်ငွေစက္ကူ ပေါသော အင်းသူကြီးများက မင်းသမီးကို ငွေအထပ်လိုက်ကြီးပုံ၍ ဆုချသွားကြသည်။

သူကြီးသည် ဆုလာဘ်ရှင်နေသော သမီးအတွက် စိန် ရွှေဝယ်ကာ လက်ဝတ်လက်စားလေးများ ဝတ်ဆင်ပေးထားသည်။

အောင်ဝိဇ္ဇာသည် အိမ်မှ စိတ်ဆိုးဆင်းသွားသော အောင်ချင်းမ





ကို ပြန်လာနိုးနှင့် စောင့်မျှော်နေသည်။ အောင်ချင်းမ ပြန်မလာမှပင် သတင်းမေး ရှာရင်း သူကြီးအိမ်သို့ လိုက်လာသည်။

သူကြီးအိမ်တွင် လင်မယားနှစ်ယောက်နေကြသည်။ ဂျပန် တစ်ခေတ်လုံး ရွာနီးချောင်းစပ်၊ လယ်ကန်သင်းရိုးတစ်လျှောက် ရွာက အပျော်တမ်းဆိုင်းနှင့် ဇာတ်လည်က,နေကြရသည်။

ဂျပန်ခေတ်၌ အလုပ်မရှိလည်း မဖြစ်၍ ဖြစ်သလို ဇာတ်ထောင်က,ကြရသည်။ ဇာတ်ကို ဆိုင်းသမား၊ မင်းသား၊ မင်းသမီး စုပေါင်း ထောင်ကြသည်။ မင်းသမီးကြီး မစိန်နုက်၊ ဘီတီအေး၊ မတင်ရွှေတို့နှင့် အတူတူ ကားကလေးတစ်ချပ် နှစ်ချပ်နှင့် ဇာတ်မြီးကောင်ပေါက်ကလေးထောင်ကာ လှည့်ပတ် က,ပြနေကြရသည်။

လေယာဉ်ပျံလာလျှင် ဇာတ်ခုံပေါ်မှ ဆင်း၍ ကန်သင်းဘေးတွင် ဝပ်နေကြလျက် လေယာဉ်ပျံဝေးသွားမှ ဖုတ်ခါပြီး ထက,ကြပြန်သည်။

အောင်ချင်းမသည် ဂျပန်ခေတ်အတွင်း သမီး လှလှဝင်းကို မွေးဖွားသည်။ မြန်အောင်မြို့မှ ဇာတ်ဆရာလာခေါ်၍ မြန်အောင်တွင် သွားက,နေကြသည်။ မြန်အောင်မှတစ်ဆင့် ပေါင်းတည်မြို့သို့ ရောက်လာလျက် က,နေကြစဉ် ဂျပန်အပြေး၊ အင်္ဂလိပ် ဝင်ချိန်၌ ဇာတ်ပျက်သွားသည်။

ပေါင်းတည်မြို့၌ ဆရာဝန်ကြီး ဦးသောင်းရှိန်၊ ဒေါ်ခင်ချစ်၏ အိမ်တွင် အောင်ချင်းမတို့ သောင်တင်နေကြသည်။

ဆရာဝန်ကြီးလင်မယားက အောင်ချင်းမတို့ ဇနီးမောင်နှံနှင့် ကလေးကို အိမ်ပေါ်တင်၍ ကျွေးထားသည်။ ဒေါ်ခင်ချစ်ကို အများက 'မာမီ'ဟု ခေါ်ကြသည်။ ထိုအချိန်က အောင်ချင်းမသည် ဒေါ်ခင်ချစ်ကို အများခေါ်သလို မာမီဟု လိုက်ခေါ်နေသော်လည်း မာမီဆိုတာ ဘာ

www.burmeseclassic.com



အဓိပ္ပါယ်မှန်းမသိချေ။

ပေါင်းတည် ဆရာဝန်ကြီးအိမ်မှ လက်ပံတန်းမိခင်ရှိရာသို့ ပြန်ခဲ့ကြသည်။

အောင်ချင်းမ မိခင်၏အိမ်မှာ မီးလောင်စဉ်က မီးထဲပါသွား၍ တဲကလေးထိုးကာ ဆင်းရဲစွာ နေထိုင်ကြသည်ကို တွေ့ရသဖြင့် အောင်ချင်းမသည် စိတ်မချမ်းမသာဖြစ်ကာ မိခင်နှင့်အတူ ပြန်နေသည်။ မင်းသားမှာ သူ့အရပ်သို့ သူပြန်သွားသည်။

မိခင်နှင့်နေစဉ် ဆရာဝန်ကတော် ဒေါ်ခင်ချစ်ထံမှ စာရောက်လာသည်။ ပေါင်းတည်ရုံတွင် က,နေသော မင်းသားကျော်အုန်းလှိုင် ခေတ်သစ်ရာဇဝင်ပြဇာတ်တွင် မင်းသမီးလုပ်ရန် အမြန်လာခဲ့ဟု ခေါ်လိုက်သည်။

ဂျပန်ခေတ်တွင် ခေတ်သစ်ရာဇဝင်ပြဇာတ်သည် ဇာတ်ဆရာ အဆိုတော် 'ဒေါ်ကြည်အောင်' တည်ထောင်က,ကြသော ဇာတ်ဖြစ်သည်။ ကျော်အုန်းလှိုင်မင်းသားမှာ ပြဇာတ်အဖွဲ့တွင် ဦးစီးခေါင်းဆောင် ဖြစ်သည်။

စာရရချင်း အောင်ချင်းမ ပေါင်းတည်သို့ လိုက်ခဲ့သည်။ ကျော်အုန်းလှိုင်ဇာတ်တွင် ခုနစ်ထွေထွန်းရီ၏ဇနီး ကွယ်လွန်သွားခြင်းကြောင့် ဇာတ်မင်းသမီးမရှိ၍ ဒေါ်ခင်ချစ်က မှာလိုက်ခြင်းဖြစ်သည်။

ကြည်ကြည်ဌေးသည် ပေါင်းတည်သို့ရောက်သည့်နေ့ ညဘက် ပြဇာတ်ထဲ ဝင်က,ရသည်။ မှန်နန်းရွှေဂူဇာတ်ခင်းသည်။ ကြာဖူးကြီးထဲက သန္တေ့သူလေး လုပ်ထွက်တ,ရသည်။ ဇာတ်တိုက်ချိန်မရှိ၍ ဆိုရမည့် သီချင်းကို ကြာဖူးထဲတွင် သီချင်းစာသား ကပ်ပေးထားကြသည်။

ကျော်အုန်းလှိုင် ခေတ်သစ်ပြဇာတ်ထဲ၌ အောင်ချင်းမကို 'မာလာ





ရီ' အမည် ပေးလိုက်သည်။ ရောက်သည့်နေ့တွင် ဝင်က,ပြီး ညတွင်းချင်း နာမည်ကြီးသွားသည်။

ကျားသစ်ရေကလေးကို မလုံ့တလုံ့ ဝတ်ထားကာ တောတွင်းသူ လူရိုင်းမလေး မာလာရီအသွင်၊ မင်းသားကို အိုက်တင်နှင့် ကြိုက်ပြသော အခန်းကား ပရိသတ်အစွဲဆုံးအခန်း ဖြစ်သည်။

စကားမပြောတတ်သော လူရိုင်းမကလေး၏ လက်ဟန် ခြေဟန်၊ မှုရာဟန်ပန်များမှာ အသက်ဝင်လှသည်။ စိတ်ကူးရှိသလို အမူအရာ အမျိုးမျိုးထွင်၍ သရုပ်ဆောင်နိုင်ခြင်းကြောင့် ကျော်အုန်းလှိုင်ပြဇာတ်သည် မာလာရီကြောင့် ဝင်ငွေကောင်းကောင်းဖြောင့်နေသည်။

မာလာရီသည် ပြဇာတ်အရသာတွေ့သွားသည်။ ည ၇ နာရီခွဲ ပွဲထွက်လျှင် ၁၂ နာရီတွင် ပွဲသိမ်းခြင်းကြောင့် သက်သာလိုက်လေခြင်းဟု အောက်မေ့မိသည်။

၅ နှစ်သမီးအရွယ်ကစ၍ ကြည်ကြည်ဌေး ဇာတ်က,လာခဲ့ရာတွင် ကွင်းပြင်ကြီးဖြစ်စေ၊ ရုံဖြစ်စေ ပရိသတ်ပေါက်အောင် သံကုန်ဟစ်၍ အော်ငိုလွမ်းကာ တစ်ညလုံး က,ပြခဲ့ရသည်။

ယခု က,ရသော ပြဇာတ်ခုံပေါ်၌ ဓာတ်ခွက် မက်ကလေး ဆွဲထား၍ အာပေါက်အောင် အော်စရာမလို၊ သက်သက်သာသာ ဆိုရခြင်းကြောင့် တိုးတက်လာသော သဘင်ပညာအဆင့်အတန်းကို ကျေနပ်အားရမိသည်။

မာလာရီသည် အောင်ဝိဇ္ဇာကို မှာလိုက်ကာ ပြဇာတ်ထဲ၌ သွင်းပေးသည်။ ပြဇာတ်ထဲ၌ မင်းသားတွေများနေသည်။ မာလာရီသည် မင်းသားပါမှ က,နိုင်မည့် အခြေအနေကြောင့် မင်းသားကိုပါ ငှားရတော့သည်။

www.burmeseclassic.com



အစ်မအကြီးဆုံး မသိန်းတင်ကိုလည်း ပြဇာတ်ထဲပါအောင် ခေါ်သွင်းသည်။ ကျော်အုန်းလှိုင်ပြဇာတ်ထဲ၌ မာလာရီတို့မိသားစု တစ်စု တပေးတည်း စုပေါင်းရောက်နေကြသည်။ အမေသည် သမီးများ က,ရာ နောက်သို့ လိုက်ပါလာပြန်သည်။

ပြဇာတ်ထဲ၌ မာလာရီတို့လင်မယားနှစ်ယောက် လခကောင်း ကောင်းရကြသည်။ မာလာရီသည် သူ့ယောက်ျား မင်းသားချောကလေး ကို သ,ထားသည်။

ပြဇာတ်ထဲ၌ မင်းသားပေါ၍ ညတိုင်း အောင်ဝိဇ္ဇာ ဝင်မကရသဲ့ အလှည့်နှင့်မှ က,ရသည်။ အောင်ဝိဇ္ဇာသည် ယောင်တစောင်းထုံးလျှော တိုက်ချောရှပ်စင်းအကျီနှင့် အရောင်ဆင်တူ၊ ဗန်ကောက်လုံချည် အသစ် ချပ်ချွတ် ထည်လဲဝတ်သည်။ စီးကရက်သံဘူးကို ခါးနောက်တွင် ထိုး၍ ဖဲဝိုင်းထိုင်ကာ ဖဲချနေတတ်သည်။

မင်းသားသည် ယခင်နှင့်မတူ အသုံးအစွဲကြီးလွန်း၍ တစ်ဦးနှင့် တစ်ဦး စိတ်ချင်းကွဲလာကြသည်။ တစ်မြို့ရောက်လျှင် တစ်ခါ စကားများ ကြသည်။ တစ်ဦးနှင့်တစ်ဦး မသင့်မတင့် ဖြစ်လာကြသည်။

ငယ်လင် ငယ်မယား ဖြစ်ကြ၍ သည်းခံပါလျက် မင်းသားက မာလာရီအပေါ်တွင် တစ်နေ့တခြား ဆိုးလာသည်။ ပုဂံမြို့၌ ပြဇာတ် က,နေကြစဉ် လူကြီးစုံရာရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းကြသည်။

လင့်မယား ကွဲနေကြရင်းပင် တစ်ဇာတ်တည်း အတူတူ တချို့ က,နေကြရသည်။

သုံးနှစ်လုံးလုံး ကျော်အုန်းလှိုင်ပြဇာတ်နှင့် တစ်ပြည်လုံး က,ခဲ့ ကြသည်။ ပြဇာတ်အဖွဲ့ကြီး၌ လူ ၈၀ ခန့်ရှိသည်။ မာလာရီသည် လင် နှင့်ကွဲမှ လွတ်လပ်ပျော်ရွှင်စွာ က,ဆိုနေသည်။





“ခင်ဗျားမယားက ခင်ဗျားနဲ့ကွဲပြီးမှ ဝပြီး ပိုတောင် လှလာတယ်။ တစ်ဇာတ်တည်းအတူ က,နေတာပဲဗျာ။ ပြန်ပေါင်းပေါ့”

ပြဇာတ်အဖွဲ့ထဲမှ လူတစ်စုက မင်းသားကို မြှောက်ပေးကြသည်။ မင်းသားသည် မင်းသမီးကို ပြန်ပေါင်းချင်လာသည်။ ပြန်ပေါင်းရန် ပြော သော်လည်း မာလာရီက လက်မခံ။

မင်းသားသည် မာလာရီ၏အစ်ကို နေထိုင်သော လက်ပံတန်းမြို့ သို့ ပြဇာတ်အဖွဲ့မှ ခွင့်ရက်ယူ၍လိုက်သွားသည်။ အစ်ကိုလုပ်သူ ကိုမောင် တင်အား ညီမနှင့် ပြန်ပေါင်းနိုင်အောင်လုပ်ပေးရန် သွားပြောသည်။

အစ်ကိုက ယောက်ဖနှင့်အတူ လိုက်လာကာ အတင်း ပြန်ပေးစား သည်။

“ဇာတ်မှာ လင်မရှိဘဲ တစ်ခုလပ်ဘဝဟာ မကောင်းဘူး။ ဇာတ် မင်းသမီးလုပ်ပြီး တစ်လင်က နှစ်လင်နေလည်း မကောင်းဘူး။ ပြန်ပေါင်း၊ မပေါင်းရင်တော့ အသတ်ဘဲ”

နေ့ရှိသရွေ့ ဓားကြိမ် ကြိမ်းနေသောအစ်ကိုကြောင့် ရှက်ရှက်ဖြင့် ရွှေဘိုဇာတ်ရုံထဲ၌ ပြန်ပေါင်းရသည်။ ပြန်ပေါင်းမှပင် အစ်ကိုက စိတ်ချ လက်ချ လက်ပံတန်းသို့ ပြန်သွားတော့သည်။

ရွှေဘိုဘက်တွင် တစ်လကြာ က,ပြပြီးနောက် မုံရွာမြို့သို့ ရောက် ကြသည်။

ပြဇာတ်နားသည့် လပြည့်နေ့တစ်နေ့၌ အမေနှင့်အတူ မုံရွာ ဘုရားတန်ဆောင်းကြီးထဲတွင် ဥပုသ်စောင့်ကြသည်။

မာလာရီ၏မိခင်မှာ ရတနာသုံးပါး အလွန်ကြည်ညိုသူဖြစ်သည်။ သမီး ဇာတ်ကသွားရာ ဘယ်အရပ် ဘယ်မြို့သို့ရောက်ရောက် ရောက် သည့်မြို့က ဘုရားကို သွားဖူးရမှ ဖြစ်သည်။ လပြည့်လကွယ် ဥပုသ်

www.burmeseclassic.com



မစောင့်ရလျှင်လည်း မဖြစ်။ သူ့ ဥပုသ်စောင့်သလို သမီးတွေကိုလည်း ဥပုသ်စောင့်ခိုင်းတတ်သည်။

တန်ဆောင်းထဲ၌ ဥပုသ်စောင့်နေခိုက် ပြဇာတ်အဖွဲ့ထဲမှ ကားလိပ်ဆွဲသော သူငယ်လေးသည် တန်ဆောင်းထဲသို့ လိုက်လာကာ ရန်ကုန် ပြန်တော့မည့်အကြောင်း လာနှုတ်ဆက်သည်။

ကားလိပ်ဆွဲသောသူငယ်နှင့် မာလာရီတို့ စကားပြောနေစဉ် တန်ဆောင်းထဲသို့ အောင်ဝိဇ္ဇာ ပေါက်လာသည်။ ကားလိပ်ဆွဲသော သူငယ်လေး နှုတ်ဆက်ပြီး ထွက်သွားသွားချင်း ကားဆွဲနှင့် စကားပြောရပါ့မလား ဟု မာလာရီကို တန်ဆောင်းထဲ၌ ပိတ်ရိုက်သည်။ လိမ့်ချသည်။

တန်ဆောင်းအနီးအနားရှိ ဘုန်းကြီးကျောင်းများမှ ဘုန်းကြီးများ ပြေးဆင်းလာကြသည်။

"ဟဲ့ . . . တကာ . . . တော် . . . တော် . . . လွန်လှချည် လား၊ ဥပုသ်သည်ကို ဒီလောက်ရိုက်ရသလား"

ဘုန်းကြီးများက အောင်ဝိဇ္ဇာကို အတင်းဝင်ဖက်သည်။ ရှေ့ဆက် မရိုက်နိုင်အောင် အတင်းချုပ်ထားကြသည်။

မာလာရီသည် တန်ဆောင်းထဲ၌ ပုံလျက်ကလေးလဲကာ နှာခေါင်း နှင့် ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။

မာလာရီ၏အမေသည် မျက်ရည်ဝဲဝဲဖြင့် ပုတီးစိပ်မပျက်ခဲ့။ အစ်မများက မာလာရီကို ပွေ့ထူကြသည်။ ဘုန်းတော်ကြီးများသည် မာလာရီကို မုံရွာမြို့ အမျိုးသမီးကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ လိုက်ပို့ ပေးကြသည်။ ရိုက်နှက်ထားသော ဒဏ်ရာက ပြင်းထန်လှခြင်းကြောင့် အဖမ်းခံမလား၊ ကွာပေးမလားဟု အမျိုးသမီးဥက္ကဋ္ဌက မင်းသားကို မေးလိုက်သည်။





မင်းသားသည် ဂုဏ်မရောက်ချင်၍ ကွာပေးပါမည်ဟု အလျှော့ပေးရသည်။

ဒဏ်ရာများ ကုသပျောက်ကင်းသောအခါ ဇာတ်ရုံထဲ၌ လူကြီးများရှေ့တွင် စာချုပ်ခေါင်းကပ်လျက် လက်မှတ်ထိုး ကွာရှင်းလိုက်ကြသည်။

ပြဇာတ်အဖွဲ့သည် မုံရွာမှဆင်းလာကာ မန္တလေးသို့ ရောက်ကြသည်။ မန္တလေးမြို့ ကြယ်တာရာရုံထဲ၌ က,ပြနေစဉ် မင်းသားသည် ဇာတ်ရုံဘေးတွင်ရှိသော စက်ချုပ်အိမ်မှ စက်ချုပ်သူကလေးနှင့် အကြောင်းပါသွားကြသည်။

မင်းသားက မိန်းမယူပြီး သမီးလေးကို သူ့ပေးရန် တောင်းသည်။ မင်းသားရန်ကိုကြောက်၍ သမီးလေး 'လှလှဝင်း'ကို မာလာရီက ပေးလိုက်ရသည်။

မာလာရီတို့ပြဇာတ်သည် မန္တလေးမှ စစ်ကိုင်းဘက်သို့ ကူးက,ကြသည်။

ဇာတ်ရုံထဲ၌ အတူတူနေကြရသူတွေဖြစ်၍ မိထွေးလက်ထဲ၌ရှိသော သမီးလေးကို မခေါ်ဘဲလည်း မနေနိုင်။ မကျွေးဘဲလည်း မနေနိုင်။ သမီးလေးကို သံယောဇဉ်တွယ်လျက် စိတ်ဆင်းရဲနေသည်။

တစ်နေ့တွင် သမီးလေး အိပ်စင်ပေါ်မှ လိမ့်ကျသွားသည်။ မာလာရီသည် သမီးလေးကို ပြေး၍ပွေ့ချီကာ ရှိုက်ငိုလျက် ဇာတ်ထဲရှိ လူကြီးများနှင့် စကားဆိုရသည်။

"အဖေနဲ့သမီး မဖြစ်ပါဘူးရှင်။ သမီးဆိုတာ အမေအုပ်ထိန်းမှု ရှိသင့်ပါတယ်။ သားယောက်ျားလေးဆိုရင် ကျွန်မ ပြန်မတောင်းပါဘူး။ အရွယ်သဖြင့် မွေးဖို့ရာ အဖေထက် အမေက ပိုအရေးကြီးတဲ့အတွက်

www.burmeseclassic.com



ကျွန်မသမီးလေးကို ကျွန်မပဲ မွေးပါရစေ။ ပြောပေးကြပါ"

ဇာတ်ထဲရှိ လူကြီးများက မင်းသားကို နားချပေးကြ၍ မာလာ၏ လက်ထဲသို့ သမီးလေးပြန်ရောက်လာသည်။

●

(၄)

စစ်ကိုင်းဘက်တွင် မာလာရီတို့ ပြဇာတ်က,နေစဉ် အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်တို့ စက်သေနတ်အပစ်ခံရသည်။ တိုင်းရေးပြည်ရေး မသာယာ၍ စစ်ကိုင်းမှ ဆင်းခဲ့သည်။ ရထားလမ်းတစ်လျှောက် တစ်မြို့ပြီး တစ်မြို့ ဝင်က,ခဲ့ကြပြီးနောက် ရန်ကုန်သို့ ရောက်လာခဲ့ကြသည်။

ရန်ကုန်တွင် မြင်းပြိုင်ကွင်း၊ တာမွေ၊ ဇော်ရှုံတို့၌ လှည့်က,နေကြပြီးနောက် ကြည့်မြင်တိုင်ဘက် စလင်းကွင်းရုံသို့ ရောက်သွားကြသည်။ စလင်းကွင်းရုံထဲ၌ က,နေစဉ် အင်းစိန်ဘက်၌ ကရင်သူပုန်များ ဝင်စီးသည်။

ရေလမ်း၊ ကုန်းလမ်း ပိတ်ဆို့ကုန်သည်။ ပြဇာတ်အဖွဲ့ကြီးမှာ ဇာတ်ခေါင်းကွဲကုန်သည်။ ကိုယ့်ရပ်ကိုယ့်ရွာသို့ အလျှိုအလျှို ပြန်ကုန်ကြသည်။

မာလာရီတို့ သားအမိတစ်အုပ်မှာ ရထားလမ်းပိတ်ထား၍ မပြန်နိုင်သေးဘဲ စလင်းကွင်းရုံထဲတွင် သောင်တင်နေကြသည်။ ရန်ကုန်မြို့၌

www.burmeseclassic.com

အသိမိတ်ဆွေလည်းမရှိ။ မသွားတတ် မလာတတ်ဖြင့် ရုံထဲတွင် စုပြုံနေကြရသည်။

အင်းစိန်တိုက်ပွဲမှ အမြောက်သံတဒိန်းဒိန်း ကြားနေရသည်။ မာလာရီတို့မိသားစု ထိတ်လန့်တကြားနှင့် နေစရာမရှိအောင် အားငယ်ကြောက်လန့်နေကြသည်။

စလင်းကွင်းရုံပိုင်ရှင် ရဲဘော်ဗိုလ်အောင်သိန်းသည် ရုံထဲ၌ ဒုက္ခရောက်ကာ မျက်စိသူငယ်ဖြစ်နေသော မိသားတစ်အုပ်ကို တတ်အားသမျှ ကူညီထောက်ပံ့ထားသည်။

ရဲဘော်ဗိုလ်အောင်သိန်း ဇာတ်ရုံထဲသို့ ဝင်လာလျှင် နောက်ပါအခြွေအရံ ရဲဘော်များ ပါလာစမြဲဖြစ်သည်။

ကာကီရောင် ရှပ်လက်တို၊ ကာကီရောင်ဘောင်းဘီရှည်ဝတ်ကာ သူ့ခါး၌ လက်ပစ်ဗုံးနှင့် တစ်ချက်ပစ်လျှင် ကိုးချက်ထွက်သော ဂျာမန်လူကာသေနတ် ချိတ်ထားသည်။ လက်တစ်ဘက်၌ စတင်းဂန်းသေနတ် ဆွဲကိုင်ထားသည်။ ရွှေဒင်္ဂါးပြားများကို လက်ပတ်ကြိုး လုပ်ဝတ်လျက် စစ်ဖိနပ်ကြီး စီးထားသည်။

ရုံထဲလာလျှင် မာလာရီ၏မိခင်ကို ဦးစွာ အလေးပြုနှုတ်ဆက်သည်။ သူတစ်ယောက်လုံးရှိ၍ မကြောက်ကြရန်၊ အားမငယ်ကြရန်၊ တစ်မိုးခိုရန် အားပေးစကား အမြဲလာပြောသည်။

ညဘက်၌ ဓာတ်မီးတစ်လုံးထွန်း၍ ရဲဘော်များကို ပို့ခိုင်းလိုက်သည်။ ရဲဘော်များ အလှူခံလို့ရသော ဆန်အိတ်၊ ဆီပုံးများကို ခွဲဝေပို့ပေးသည်။ စားစရာဟင်းကိုလည်း နေ့တိုင်း အမြဲရှာပို့ပေးသည်။

ရဲဘော် ဗိုလ်အောင်သိန်းသည် မာလာရီကို မြင်မြင်ချင်း မျက်စိကျသည်။ ဇာတ်သဘင်၌ သူမတူအောင် ထူးချွန်သော မင်းသမီးလေးကို





အတောမသတ်ချီးကျူးကာ သဘောကျနေသည်။

သူ၏ရဲဘော်များကို သူ၌ မယားရှိကြောင်း၊ သားရှိကြောင်း မင်းသမီးလေးမိသားစု မသိစေရန် တင်းကျပ်စွာ တားမြစ်ပိတ်ပင်ထားလိုက်သည်။

ကာလပျက်ချိန် အားကိုးရာမဲ့လျက် ဒုက္ခကြီးရောက်နေကြခိုက် ကူညီစောင့်ရှောက်သော ရဲဘော်ကို မာလာရီမိခင်ကစ၍ အားလုံးကပါ ကျေးဇူးရှင်အဖြစ် အသိအမှတ်ထားကြသည်။

ထိုအချိန်တွင် ရဲဘော်ဖြူနှင့် ရဲဘော်ဝါ ကွဲကြပြန်သည်။ တိုက်ပွဲများဖြစ်ကြသည်။ ရဲဘော်ဖြူများက ရဲဘော် ဗိုလ်အောင်သိန်းကို ခေါ်သွားရန် လိုက်ရှာကြသည်။ တစ်ဘက်နှင့်တစ်ဘက် ပစ်ကြ ခတ်ကြ၍ ရဲဘော် ဗိုလ်အောင်သိန်းလက်၌ ဒဏ်ရာရကာ မာလာရီတို့နေသော စလင်းကွင်းရုံထဲ၌ လာပုန်းနေရသည်။

ရက်ကြာလာ၍ မာလာရီမိခင်က ဗိုလ်အောင်သိန်းကို သားမယား ရှိ၊ မရှိ မေးမြန်းကြည့်သည်။

“အမေ . . . ကျွန်တော်ဟာ လူပျိုတော့မဟုတ်ပါဘူး။ မုဆိုးဖိုထင်ရင်လည်း ရပါတယ်။ တစ်ခုလပ် ထင်ရင်လည်း ရပါတယ်။ ကျွန်တော့်ကို ပိုင်ဆိုင်သူမရှိပါဘူး”

ရဲဘော် ဗိုလ်အောင်သိန်း၏ဇနီးသည် တစ်ခါတစ်ရံ ရုံထဲသို့ သူကိုယ်တိုင် ယောကျာ်းအတွက် ဟင်းလာပို့သည်။ ဗိုလ်အောင်သိန်းနှင့် “ဘာတော်လဲ” မေးလျှင် မောင်နှမ ပြောသည်။ ဗိုလ်အောင်သိန်းနှင့်ဇနီးမှာ ရုပ်ချင်းဆင်ကြ၍ မောင်နှမပဲဟု ထင်မှတ်နေကြသည်။

ဗိုလ်အောင်သိန်း၏ဇနီးသည် သူ့ယောကျာ်းကို အသေအလဲ ကြောက်ရသည်။ ဗိုလ်အောင်သိန်းပြောခိုင်းသည့်အတိုင်း နှမတော်သည်

www.burmeseclassic.com

ပြောရသည်။ သူ့ခင်ပွန်းသည် မင်းသမီးလေးကို မျက်စိကျနေမှန်း ရိပ်မိသည်။

သူ့အပြင် ဒုတိယဇနီးလည်း ရှိသေးသဖြင့် ဗိုလ်အောင်သိန်း နောက်ထပ် မိန်းမဘယ်နှစ်ယောက်ယူယူ ကန့်ကွက်တားမြစ်နိုင်ခွင့်မရှိဘဲ ကြည့်နေရုံသာ ရှိသည်။

မာလာရီတို့ ရုံထဲ၌ ပြဇာတ်က,နေ့စဉ်က တစ်နေ့မပျက် သူကိုယ်တိုင် ပွဲလာကြည့်သည်။ ဗိုလ်အောင်သိန်း၏ဇနီးသည် မာလာရီဇာတ်တို့ မကြည့်ဘဲ မနေနိုင်။ မင်းသားလေး ကောင်းလွန်း၍ စွဲနေသူဖြစ်သည်။ သူနှင့် ပွဲကြည့်အတူပါသော သူ့သားလေး 'အပါ'ကပင် မာလာရီကို ချစ်ရမှန်းသိလေသည်။

ဗိုလ်အောင်သိန်းက မာလာရီတို့စားရန် သားကလေးအပါတို့ မုန့်များ ပို့ခိုင်းတတ်သည်။

"ဟယ် . . . သားလေးက သွက်လိုက်တာ . . . ချစ်စရာလေး ကုလားလေးနဲ့တူလိုက်တာဟယ်"

မာလာရီသည် ရုံထဲသို့ ကလေးလေးလာတိုင်း ပွေ့ချီ၍ ပေါင်ပေါ် တင်ကာ ချစ်စနိုး စကားပြောသည်။ ဗိုလ်အောင်သိန်း၏သားမှန်း မသိ။ ဗိုလ်အောင်သိန်းနှမ၏သားဟု သိနေသည်။

တစ်နေ့တွင် ရဲဘော်ဗိုလ်အောင်သိန်းသည် လူရှင်း အခွင့်သာ ခိုက် မာလာရီကို သူ စောင့်ရှောက်မည့်အကြောင်း၊ တာဝန်ယူမည့် အကြောင်း၊ လက်ထပ်ယူမည့်အကြောင်း ပြောသည်။

မာလာရီသည် ရဲဘော်၏ ခါးမှ ဗျောက်ကြီးကိုလည်း ကြောက်လှသည်။ ရဲဘော်၏အရှိန်အဝါ ကြီးမားခြင်းကိုလည်း ရွံ့သည်။ တစ်မိသားစု လုံးကို စောင့်ရှောက်ထားသော ကျေးဇူးကလည်း ကြီးမားလှသည်။ လွတ်





လပ်သူ ဟုတ်,မဟုတ် အသေအချာ မသိ၍ ဗိုလ်အောင်သိန်းကို အဖြေပေးရန် ခက်ခဲနေသည်။

မကြာမီပင် ဗိုလ်အောင်သိန်းနှင့်ရင်းနှီးသော မိတ်ဆွေတစ်ယောက်နှင့် အသိဖြစ်ကြသည်။ ထိုမိတ်ဆွေကို ဗိုလ်အောင်သိန်း၌ မိန်းရှိ မရှိ မေးကြည့်သည်။

မိတ်ဆွေ ကိုကျော်မြင့်က ပြန်ပြောသည်။

"မရှိဘဲ နေပါ့မလား၊ ဒီလာနေတဲ့ မိန်းမက သူ့မိန်းမ၊ ဟိုကလေး လေးက သူ့သားလေး၊ သူက မိန်းမများသား . . . ဘာပြုလို့ မေးတာလဲ"

ကိုကျော်မြင့် ပြန်သွားသောအခါ မာလာရီသည် အမေမသိအောင် အစ်မ မခင်ညိုနှင့် ကျိတ်၍တိုင်ပင်ကြသည်။ "အစ်မရေ . . . ကျွန်မကို လူပျိုစကားပြောတဲ့ အဲဒီဗိုလ်ကြီးမှာ မိန်းရှိသတဲ့"

ကြည်ကြည်ဌေး၏အစ်မသည် မျက်တောင်များ တဖျပ်ဖျပ်ခတ်တာ စဉ်းစားလျက် သက်ပြင်းရှည်ကြီး ချလိုက်သည်။ မျက်နှာကို တစ်ဘက်သို့ လွှဲထားလိုက်ကာ ကြည်ကြည်ဌေးနှင့် မျက်နှာလွှဲပြီးမှ ပြောသည်။

"သူ့ကိုယ်သူ မိန်းမ မရှိဘူးဆိုပြီး လူပျိုစကားပြောတာတော့ မမှန်ဘူး ညီမလေး . . . လှတာမက်ရင် ညစာခက်မယ်ဆိုတဲ့အတိုင်း တစ်ယောက်တုန်းကလည်း လှတာချောတာ မက်ခဲ့လို့ ဒုက္ခများခဲ့ပြီ။ အခု ဒီလူကြီးကတော့ ရုပ်လည်းမရှိ၊ ညီမလေးထက်လည်း အသက်ကြီးတာမို့ ညီမလေးအပေါ်မှာ အနွံ့အတာခံမလားလို့ အောက်မေ့ပြီး သူ့ကျေးဇူးပါ ထည့်ပြီး စဉ်းစားနေကြတာ၊ မိန်းမရှိတယ်ဆိုရင်တော့ မဖြစ်ဘူး ညီမ . . . မဖြစ်ဘူး"

ကြည်ကြည်ဌေးသည် ထိတ်လန့်ကြောက်ရွံ့စွာ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

"ဘယ်ဖြစ်ပါ့မလဲ အစ်မရယ် . . . ဒီတော့ ဒီလူကြီးနဲ့ဝေးအောင် ဘယ်လိုလုပ်ကြမတုန်း။ သူ့ကို လက်မခံဘဲနဲ့ သူ့အရိပ်လည်း ခိုမနေချင်ဘူး၊ သူကျွေးထားတာလည်း မစားချင်ဘူး။ သူ့ကို ကြောက်တယ် . . . ဘယ်လိုလုပ်ရမလဲ"

ကြည်ကြည်ဌေးသည် ဗိုလ်အောင်သိန်း၏ခါးမှ သေနတ်ကြီးကို မြင်ယောင်လိုက်ကာ မျက်နှာပျက်နေသည်။

"ဒီအကြောင်း အမေ့ကို ဖွင့်ပြောလို့တော့ မဖြစ်ဘူး။ အမေ စိတ်မချမ်းမသာဖြစ်လိမ့်မယ်။ တို့တစ်ပြုလုံး သူ့လက်ကလွတ်အောင်တော့ နည်းလမ်းရှာမှဖြစ်တော့မယ်"

"သူ့မယားက တခြားမဟုတ်ဘူး အစ်မရဲ့။ ရှုံထဲလာတဲ့ ကလေးလေးအမေဟာ သူ့မိန်းမတဲ့။ ကလေးလေးက သူ့သားလေးတဲ့"

"ဒါနဲ့များ သူက သူ့နှမဆို"

ကြည်ကြည်ဌေး၏အစ်မသည် အသံတိမ်တိမ်ဖြင့် ပြောလိုက်ကာ မျက်နှာတစ်ပြင်လုံး ညှိုမည်းသွားသည်။

မလွတ်လပ်သော ယောကျ်ားနှင့် အိမ်ထောင်ပြုရန် မဖြစ်နိုင်ခြင်းကြောင့် သူ့လက်က လွတ်မြောက်သွားရန် ညီအစ်မနှစ်ယောက် နည်းလမ်းရှာကြသည်။ အကြံထုတ်ကြသည်။ လွတ်မြောက်ရန် အကြံထုတ်နေကြခိုက် အဆင်သင့်ပင် စပယ်တင်ဇာတ်က မာလာရီကို လာခေါ်သည်။

"အမေ . . . ဒီလိုနေလို့ မဖြစ်ဘူး။ စပယ်တင် လာခေါ်တုန်း လိုက်သွားကြမှ ကောင်းမယ်။ ကိုယ့်ဝမ်းရေးက ရှိသေးတယ်မဟုတ်လား"

အမေကိုပြောပြီး ဗိုလ်အောင်သိန်းကိုလည်း ပြောပြသည်။

"စပယ်တင်လာခေါ်တာ ငြင်းလို့မကောင်းဘူး၊ ပုသိမ်လိုက်ပြီး ခဏလိုက်က,ပေးရမယ်။ က,ပြီးရင် ကျွန်မတို့ ဒီပဲ ပြန်လာခဲ့မယ်"





ဗိုလ်အောင်သိန်းလက်မှ လွတ်အောင်ရှန်းလျက် စပယ်တင်ဇာတ်နှင့် ပုသိမ်သို့ မိသားစုအားလုံး လိုက်သွားကြသည်။ ပုသိမ်၌ ဇာတ်က,ကြသည်။ ဇာတ်ထဲတွင် ကျော်အုန်းလှိုင်တို့လည်း ပါသည်။

ပုသိမ်မြို့တွင် ရဲဘော်များ မြို့ဝင်စီး၍ မငြိမ်မသက်ဖြစ်လာသည်။ မင်းသားကျော်အုန်းလှိုင်နှင့် စပယ်တင်တို့ ပြန်သွားကြသည်။ မာလာရီတို့သည် စိန်လက်သန်း ဆိုင်းအဖွဲ့နှင့် ပုသိမ်၌ ကျန်ရစ်ခဲ့သည်။

စပယ်တင်တို့နှင့် ပြန်လိုက်ရန် စီစဉ်နေစဉ် မာလာရီ၏မိခင်ကြီး တိုက်ဖွိုက်ရောဂါဖြစ်၍ ဆေးတိုက်တင် ကုသထားရခြင်းကြောင့် မလိုက်နိုင်ဘဲ စိန်လက်သန်းနှင့် ကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်။

ပုသိမ်မြို့ တရုတ်ဘုံကျောင်း၌ ပြုလုပ်သော တရုတ်နတ်ပွဲတွင် စိန်လက်သန်းဆိုင်းနှင့် မာလာရီက,ရန် လာငှားကြသည်။ အမေ မမာနေခိုက် ငွေလိုနေ၍ တရုတ်ဘုံကျောင်းတွင် စိန်လက်သန်းဆိုင်း နောက်သနစ်ယောက်နှင့် သွားက,ရသည်။

ပွဲက,နေခိုက် ဗျောက်အိုးတွေ ဆူညံစွာ ဖောက်ကြသည်။ မာလာရီသည် က,နေရင်း ရဲဘော်တွေ ဝင်လာပြီလားဟု ကြောက်လန့်တုန်လှုပ်သွားသည်။

"တရုတ်နတ်က သဘောကျလို့ နတ်ကျတာ၊ ဒါကြောင့် ဗျောက်အိုးဖောက်တာ၊ မကြောက်ပါနဲ့"

တရုတ်ဘုံကျောင်းသူဌေးများက ပွဲငှားခအပြင် မာလာရီကို ငွေသုံးရာ ဆုချကြသည်။ စိန်လက်သန်းလည်း အပြန်စရိတ်ရ၍ ပုသိမ်မှ ပြန်သွားသည်။

မြောင်းမြမြို့မှ ဇာတ်ကလေးတစ်ခုက မာလာရီကို ခြေကောက်သဘော လာငှားသည်။ အမေ မကျန်းမာသေး၍ ဆေးတိုက်၍ အစ်မကြီး

သီဟရတနာစာပေ

www.burmeseclassic.com



ဒေါ်သိန်းတင်နှင့် ထားခဲ့ကာ အစ်မ ဒေါ်ခင်ညို မာလာရီ၏အစ်ကို ဂီတဆရာ ကိုလေးမောင်နှင့် မြောင်းမြသို့ က,ရန် လိုက်သွားကြသည်။

မြောင်းမြ၌ ဇာတ်က,နေစဉ် မြို့တွင်းသို့ ရဲဘော်ဖြူများ ဝင်စီးကြသည်။ ပွဲပျက်ကာ ရုံထဲတွင် လူတွေ ပြေးကြလွှားကြ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ ထိုအခိုက် ရုံထဲသို့ ရဲဘော်ဖြူများ ဝင်ရောက်လာကြသည်။

မာလာရီ၊ မာလာရီအစ်မ မခင်ညို၊ မာလာရီ၏အစ်ကို ဂီတဆရာကိုလေးမောင်နှင့် ဇာတ်ကထရိုက်တို့ကို ရဲဘော်ဖြူများက ဖမ်းသွားကြသည်။

မြောင်းမြဆိပ်ကမ်းမှ လှေတစ်စင်းနှင့် သူတို့ခေါ် ရာသို့ လိုက်ကြရသည်။ ညမှောင်မှောင်တွင် ဘယ်ရောက်၍ရောက်မှန်း မသိ။ တော်တော်ဝေးဝေးကြီးလှော်သွားပြီးမှ ကမ်းစပ်၌ လှေဦးထိုးရပ်လိုက်သည်။ မာလာရီတို့ ညီအစ်မနှစ်ယောက်မှာ ရင်တဆတ်ဆတ်တုန်ကာ ကြောက်ရွံ့ထိတ်လန့်နေကြသည်။

လယ်ကွင်းများဖြတ်၍ အတော်ဝေးဝေး လျှောက်ကြရသည်။ တစ်နေရာတွင် နှစ်ထပ်အိမ်ကလေးတစ်အိမ်ရှေ့သို့ ရောက်သောအခါ သူတို့ကို အိမ်ပေါ်၌ တင်ထားသည်။ အိမ်အောက်၌ လက်နက်များ အပြည့်ရှိသည်။

မာလာရီတို့ ညီအစ်မသည် ကြောက်လွန်း၍ နတ်ကျသလို တုန်နေကြသည်။ ဘာလို့ခေါ်လာတာလဲ ... သတ်မှာလား၊ ပြန်ပေးဆွဲတာလား၊ ဘာမှန်းမသိ ကြောက်ဒူးတုန်နေကြသည်။ မည်သူ့ကိုမျှ အားကိုးစရာမမြင်၊ အားကိုးစရာမရှိ။ မျက်ရည်သွယ်သွယ်ကျရခြင်းဖြင့် အချိန်ကုန်ကြရသည်။





အချိန်ကျလျှင် ရဲဘော် တစ်ယောက် နှစ်ယောက် အိမ်ပေါ်တက်ပြီး ထမင်းလာပို့သည်။

"ဘာဖြစ်လို့ ကျွန်မတို့ကို ဖမ်းလာတာလဲ ရဲဘော် ... ဘယ်တော့ ပြန်လွှတ်မှာလဲ"

ရဲဘော်က ဖြေသည်။

"ကျွန်တော်တို့မသိဘူး ... ဗိုလ်ကြီးလာလိမ့်မယ်"

ရဲဘော်တို့သည် ဗိုလ်ကြီးဆိုသူ မလာမီ ဘင်ဂျိုတစ်လက် ရှာလာသည်။ မာလာရီ၏အစ်ကို ဂီတဆရာ ကိုလေးမောင်ကို ဘင်ဂျိုတီးခိုင်းပြီး မာလာရီကို သီချင်းဆိုခိုင်းသည်။ သူတို့လာခိုင်းတိုင်း သီချင်းဆိုပေးနေရသဖြင့် မာလာရီ၏လည်ချောင်းမှာ ပွထနေသည်။

မာလာရီသည် ရဲဘော် ဗိုလ်အောင်သိန်းလက်မှ လွတ်အောင်စလင်းရုံမှ ထွက်ပြေးလာခဲ့ကြရာမှ ဒုက္ခရောက်ကာ အဖမ်းခံရနေရသည်။ ဘယ်နေ့ လွတ်ရမည်လည်း မသိ၊ ရှေ့ ဘာဖြစ်မည်ကိုလည်း မတွေးရဲ။ အိမ်အောက်သို့ ရေချိုးဆင်းလျှင် သေနတ်ကိုင်ရဲဘော်အစောင့်နှင့်၊ အိမ်သာဆင်းလျှင် ရဲဘော်အစောင့်နှင့်။ အိမ်အောက်၌ လက်နက်တွေ စုပုံထားခြင်းကြောင့် ထွက်ပြေးကြရန် စိတ်ကူးထဲ၌ မထည့်ရဲချေ။

ပုသိမ်ဆေးတိုက်တွင် တင်ထားခဲ့သော မိခင်အတွက် စိတ်ပူလာသည်။ မာလာရီတို့ကို ရဲဘော်ဖြူများ ဖမ်းသွားသည့်သတင်းကို အမေသိလောက်ပြီ။ အမေ ဘယ်လောက်စိတ်ပူနေမည်မှန်း တွေးမိတိုင်း မာလာရီတို့ညီအစ်မ မျက်ရည်နှင့်မျက်ခွက် တရှုံ့ရှုံ့ ငိုကြသည်။ ရဲဘော်ဖြူများ ဖမ်းထားပြီး ဘာမှတော့မလုပ်ကြ။ ထမင်းစားချိန် ထမင်းလာပို့သည်။ သူတို့ ဆိုခိုင်းသည့် သီချင်းကို နေ့နေ့ညည လာခိုင်းတိုင်း ထိုင်ဆိုနေရသည်။

www.burmeseclassic.com



"ရဲဘော်တို့ ဘယ်တော့ လွှတ်ပေးမှာလဲရှင်"

"မသိဘူးခင်ဗျ . . . ဗိုလ်ကြီးလာလိမ့်မယ်"

မာလာရီတို့ နေ့စဉ်မေးသော ထိုမေးခွန်းကို သူတို့ဘက်မှ ဤအဖြေကလွဲ၍ ပြောင်းလဲမှုမရှိ။ မာလာရီသည် သူတို့ကိုခေါ်လာပြီး နှိပ်စက်ညှဉ်းပန်းခြင်းလည်းမပြုဘဲ သက်သက် သီချင်းနားထောင်ချင်၍ ဖမ်းလာတာများလားဟု တွေးကြည့်မိသည်။

တစ်နေ့တွင် ရဲဘော်နှင့်ဗိုလ်ကြီးဆိုသူတို့ အပေါ်ထပ်သို့ တက်လာကြသည်။ မာလာရီကိုမြင်မြင်ချင်း ဗိုလ်ကြီးက ပြုံးလိုက်သည်။

"ဆရာကတော် ကျွန်တော့်ကိုမသိဘူးလား"

မာလာရီသည် ဗိုလ်ကြီးတက်လာ၍ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းငုံ့ထားသည်။ ဒီအသံ ကြားဖူး၍ မာလာရီသည် ဗိုလ်ကြီးမျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ဆရာ ဟင်းပို့ခိုင်းလို့ ဆရာကတော်တို့နေတဲ့ ရုံထဲကို ဟင်းလာပို့တဲ့ရဲဘော်လေ . . . မမှတ်မိဘူးလား"

ဗိုလ်ကြီးဆိုသူက ဖွင့်ပြောမှ မာလာရီက အံ့သြသွားသည်။ အားတက်သွားသည်။ အသံတုန်တုန်နှင့် ပြန်ပြောသည်။

"မှတ်မိပါပြီ ရဲဘော်ရယ် . . . ဘာပြုလို့ ခုလိုဖမ်းလာတာလဲ ဘယ်တော့ လွှတ်ပေးကြမှာလဲ"

ဗိုလ်ကြီးဆိုသော ရဲဘော်သည် ဗိုလ်အောင်သိန်းနှင့် မာလာရီတို့ စလင်းရုံထဲတွင် ညားနေကြသည် ယူဆခြင်းကြောင့် မာလာရီကို တွေ့တွေ့ချင်း 'ဆရာကတော်'ခေါ်လိုက်ခြင်းဖြစ်သည်။

ဗိုလ်အောင်သိန်းရဲဘော်မှန်သမျှသည် မာလာရီနှင့် သူတို့ဆရာ ညားနေကြပြီဟု အသိအမှတ်ပြုကြသည်။ ရဲဘော်အဖွဲ့ အဝါ အကွဲတွင်





ရဲဘော်ဗိုလ်အောင်သိန်းက အဝါဘက်ပါ၍ ဗိုလ်ကြီးဆိုသူက အဖြူဘက်ရောက်သွားသော ရဲဘော်ဖြစ်သည်။

"မြန်မြန်လွှတ်ပေးစမ်းပါ ရဲဘော်ရယ်၊ ခုလောက်ဆို ရဲဘော်တို့ဆရာ ဘယ်လောက်စိတ်ပူနေမလဲ၊ ခေါင်းတောက်အောင် ရှာနေရော့မယ်"

မာလာရီသည် သူတို့လွတ်မြောက်ရေးအတွက် သူ့ကိုယ်သူ ဗိုလ်အောင်သိန်း၏ဇနီးအဖြစ် ပုံမှားရိုက်၍ ပြောသည်။

ဗိုလ်အောင်သိန်း၏ဇနီး မဖြစ်ချင်၍ ဗိုလ်အောင်သိန်း၏ စက်ကွင်းမှ လွတ်ကင်းအောင် ရုန်းထွက်လာခဲ့သော သူတို့အဖြစ်အပျက်ကို ဗိုလ်ကြီးဆိုသော ထိုရဲဘော်အား အသိမပေးဝံ့ပေ။

ရဲဘော်သည် အတန်ကြာ တွေ၍နေသည်။ ပြီးမှ အသံခပ်အုပ်အုပ်ဖြင့် ပြန်ပြောသည်။

"ည ၁၁ နာရီမှာ လာခေါ်မယ်၊ အားလုံး အဆင်သင့်လုပ်ထားပေါ့"

ရဲဘော်သည် ပြောပြောဆိုဆို အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

ထိုည၌ မာလာရီတို့သည် ရဲဘော်လာခေါ်မည့် အချိန်ကို စောင့်နေကြသည်။ ည ၁၁ နာရီ၌ ဗိုလ်ကြီးဆိုသော ရဲဘော်ဖြူသည် တစ်ယောက်တည်း အပေါ်ထပ်သို့ တက်လာကာ လက်ရိပ်ပြလိုက်သည်။

မာလာရီတို့လည်း အသံမထွက်အောင် ခြေနင်းလျက် ရဲဘော်နောက်သို့ လိုက်သွားကြသည်။ နှစ်ထပ်အိမ်ကလေးမှ ကမ်းပါးသို့ နှစ်မိုင်ခန့် လျှောက်ကြရသည်။ ကမ်းစပ်၌ ဆိုက်ထားသော မော်တော်ဘုတ်ကလေးပေါ်သို့ တက်ခိုင်းသည်။

www.burmeseclassic.com



မော်တော်ကို စက်ကုန်မောင်း၍ မြောင်းမြသို့ လိုက်ပို့သည်။ မြောင်းမြရောက်လျှင် ကမ်း၌ကပ်ပေးကာ ချက်ချင်း ပြန်မောင်းထွက်သွားသည်။

"ဆရာကတော်ရေ . . . ဆရာ့ကို ပြန်ပြောလိုက်ပါ၊ ကျွန်တော် ဆရာကတော့်ကို ကောင်းမွန်စွာ ပြန်ပို့တယ်လို့ ပြောလိုက်ပါ"

မော်တော်မထွက်ခွာမီ ရဲဘော်က ပြောသွားသည်။

မြောင်းမြ၌ သူတို့နှင့်အတူတူ အဖမ်းခံရသော ဇာတ်ကထရိုက် အသိအိမ်တွင် တစ်ညဝင်အိပ်ကြရသည်။

မြောင်းမြမှ ပုသိမ်သို့ နောက်တစ်နေ့ လိုက်သွားကြသည်။ ပုသိမ်တွင် အမေဆေးကုသော ဆေးတိုက်သို့ ရောက်သွားကြသည်။ အမေ့တို့ တွေ့ချင်ဇောနှင့်လာခဲ့ကြရာ ဆေးတိုက်၌ အမေတို့မရှိကြတော့ချေ။

ဗိုလ်အောင်သိန်းသည် သူတပည့် ရဲဘော်များကို စရိတ်ပေးကာ မာလာရီတို့ကိုရှာရန် ပုသိမ်သို့ လွှတ်လိုက်သည်။ "မရ ရအောင် ပြန်ခေါ်ခဲ့၊ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် မတွေ့ တွေ့အောင်ရှာခေါ်ခဲ့၊ သူတို့ ပြန်မလာရင် မင်းတို့ ပြန်မလာခဲ့ကြနဲ့တော့" ဗိုလ်အောင်သိန်းက တစ်ချက်လွှတ် အမိန့်ပေးကာ ရှာဖွေခိုင်းလိုက်သည်။

ရဲဘော်တို့သည် ပုသိမ်ရောက်၍ သတင်းထောက်လှမ်း ရှာဖွေကြသည်။ ဆေးတိုက်တွင် မာလာရီ၏ မိခင်ရှိကြောင်း၊ မာလာရီတို့ ဆောင်နှမသုံးယောက်မှာ မြောင်းမြဘက်တွင် ရဲဘော်ဖြူများ ဖမ်းထားကြောင်း ကြားသိ၍ သတင်းအရ ဆေးတိုက်ရှိ မာလာရီ၏မိခင်ထံသို့ လိုက်သွားကြသည်။ ဗိုလ်အောင်သိန်းက အခေါ်လွှတ်လိုက်ကြောင်း၊ သူတို့နှင့် ရန်ကုန်သို့ ပြန်လိုက်ရန် ခေါ်သည်။

"သားတို့ရယ် . . . အမေ့သမီးလေးလည်း ရဲဘော်ဖြူတွေ ဖမ်း





ထားသတဲ့။ ဘာသတင်းမှ မကြားရဘူး။ သမီးလေးနဲ့ ပြန်တွေ့မှ လာခဲ့ပါ့မယ်"

အမေက မလိုက်နိုင်သေးကြောင်း ရှင်းလင်းပြောပြသည်။

"ကျွန်တော်တို့ အမေ့သမီးကို ရှာပေးပါ့မယ်။ အမေ မပါဘဲ ကျွန်တော်တို့ ရန်ကုန်ပြန်လို့ မဖြစ်ဘူး။ အမေ့သားအကြောင်းလည်း အမေသိပါတယ်။ အမေတို့ကို တွေ့ရက်သားနဲ့ ပါအောင်ခေါ် မလာဘူးဆိုရင် ကျွန်တော်တို့ ကိစ္စများလိမ့်မယ်။ ကျွန်တော်တို့ကို သနားရင် ပြန်လိုက်ခဲ့ပါအမေ"

မာလာရီ၏မိခင်သည် ပြန်လိုက်ရန် တောင်းပန်နေကြသော ရဲဘော်များကို တရုဏာသက်သွားသည်။ ရဲဘော်တို့ပြောသည့်အတိုင်း လိုက်မသွားလျှင် ရဲဘော်တို့ခံကြရမည့် အပြစ်ဒဏ်ကို မတွေးရဲပေ။

စလင်းကွင်းရုံထဲ၌ နေကြစဉ်က ဗိုလ်အောင်သိန်းသည် သူ့တပည့်ရဲဘော်များကို အပြစ်တွေ့လျှင် ချမ်းသာမပေးဘဲ ပြင်းပြင်းထန်ထန် ရိုက်နှက် အပြစ်ပေးပုံကို တွေ့ဖူး မြင်ဖူးခဲ့ကြသည်။

အမေသည် မိမိတို့မိသားစုအတွက်ကြောင့် ရဲဘော်များ ကိစ္စများ စေသည်ကို မလိုလားပေ။ သမီးသတင်းလည်း ဘာမှမသိရ။ ပုသိမ်ဆေးတိုက်၌ ကြာရှည်စောင့်နေရန်လည်း စားစရိတ် မတတ်နိုင်။ ရောဂါကုသပေးသော ဆေးဝါးစရိတ်ကိုပင် မရှင်းရသေးပေ။ သမီးများ ပြန်လာမှပေးရန် ကြွေးတင်နေသည်။ ပုသိမ်ဆေးတိုက်တွင် သမီးအကြီး မသိန်းတင်တို့ ထင်မယားနှင့် မာလာရီ၏သမီးလေး လှလှဝင်းပါ အမေနှင့်အတူ ရှိကြသည်။

ရဲဘော်များသည် အမေ့ကို မလိုက်လိုက်အောင် နားပူနားဆာ သုပ်ကြသည်။ ဆေးဖိုးဝါးခ ရှင်းပေးမည်။ စရိတ်ပါသည်။ မလိုက်ဘဲ မနေ

www.burmeseclassic.com



ရန် တောင်းပန်ကြသည်။

အိမ်ထောင်ရှိ၍ မလွတ်လပ်သော ဗိုလ်အောင်သိန်းလက်မှ လွတ်ကင်းရန် ပုသိမ်သို့ ရှောင်ထွက်လာသော သမီးအကြောင်းကို လုံးဝ မသိရှာသော အမေက ဗိုလ်အောင်သိန်း၏ ကျေးဇူးများကို ထောက်ထား၍ ပြန်လိုက်ရန် သဘောတူ ဆုံးဖြတ်သည်။ မိသားစုသည် ရဲဘော်များနှင့် ရန်ကုန်သို့ ပြန်လိုက်သွားကြသည်။

မာလာရီတို့ ဆေးတိုက်သို့ရောက်သောအခါ ဆေးတိုက်ဆရာမကြီးက အဖြစ်အပျက် အကျိုးအကြောင်းများကို ဆီးပြောပြသည်။

မာလာရီသည် ဗိုလ်အောင်သိန်းဆီသို့ အမေပြန်သွားသည်ဟု ကြားကြားချင်း ဤဘဝတွင် ဗိုလ်အောင်သိန်းစက်ကွင်းမှ လွတ်ကင်းတော့မည်မဟုတ်ကြောင်း သိလိုက်သည်။

အမေ့ကို ဖွင့်မပြောမိသည့်အတွက် နောင်တရကြသည်။ ဤဇာတ်ကြောင်းသိလျှင် အမေ လိုက်ချင်မှ လိုက်မည်။ ယခုတော့ အမေက ပြန်ရောက်သွားနှင့်ပြီဖြစ်၍ အမေ့နောက်သို့ သူတို့ မောင်နှမသုံးယောက် လိုက်ရတော့မည်။

ရန်ကုန်သို့ မောင်နှမသုံးယောက် လေယာဉ်ပျံဖြင့် ပြန်ခဲ့ကြသည်။ မင်္ဂလာဒုံလေဆိပ်ရောက်၍ တက္ကစီကားပေါ်သို့ တက်ကြသောအခါ "ဘယ်ကိုလဲ . . . ဘယ်သွားမလဲ" ကားဆရာက မေးသည်။

မာလာရီသည် ရင်ထဲ၌ဆို့လျက် မျက်ရည်ဝဲကာ ကားဆရာကို ပြန်မပြောနိုင်။ မာလာရီ၏အစ်မ မခင်ညိုသာလျှင် "စလင်းကွင်းဇာတ်ရုံကြည့်မြင်တိုင်" ဟု ပြောလိုက်သည်။

ဗိုလ်အောင်သိန်းသည် မာလာရီ၏မိခင်နှင့် မိသားစုကို စလင်းကွင်းထဲတွင် အိမ်တစ်အိမ်ငှား၍ တင်ထားသည်။ စားစရိတ်ပါ ထောက်





ပံ့ထားသည်။ ရဲဘော်များကို မြောင်းမြသို့လွှတ်ကာ သတင်းစုံစမ်းခိုင်းသည်။

အမေ့ကိုတွေ့လိုက်ရသောအခါ မာလာရီသည် မိခင်ကိုဖက်၍ ချုံးပွဲချငိုသည်။ တွေ့ကြုံရသော အဖြစ်အပျက်များကို ပြောပြသည်။ အမေကလည်း မာလာရီတို့မရောက်ခင် အဖြစ်အပျက် အကျိုးအကြောင်းများကို မျက်ရည်စမ်းစမ်းဖြင့် ပြန်ပြောပြသည်။

"အမေတို့ကို ဒီအိမ်မှာထားပြီး တစ်နေ့တော့ သူ့မယား အမေ့ဆီကိုလာတယ်။ သူ့ယောကျ်ားအကြောင်းတွေ စုံလို့ပဲ လာပြောပြတယ်။ သူ အင်မတန်လိုလားနှစ်သက်တဲ့ အမေ့သမီးနဲ့ ပေးစားပါ။ ကျွန်မရှိတယ်။ သားရှိတယ်လို့ အမေ ထည့်မစဉ်းစားပါနဲ့။ အမေ့သမီးနဲ့ နေရာကျသွားရင် ကျွန်မတို့သားအမိလည်း နားချမ်းသာရပါ့မယ် . . . စိမ်းချမ်းသာရပါ့မယ် . . . ဒါကြောင့် အမေ့သမီးများ ပြန်လာရင် အမေ့သမီးနဲ့ ပေးစားလိုက်ပါလို့ လာတောင်းပန်တယ်။ သမီး ဘယ်လိုသဘောရသလဲ"

မာလာရီသည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ရင်ထဲ၌ တင်းကျပ်လျက် မျက်ရည်များ စီးကျကာ ငိုရှိုက်နေသည်။ သူနှင့်လွတ်အောင် ထွက်ပြေးကြောင်း အမေသိအောင် ပြောပြသည်။

"ဒီအတိုင်းဆိုရင် အမေတို့ သမီးတို့ ကျားရှေ့တော့ မှောက်ရက်လဲကြပြီ။ အမေတို့ကို စီမံဖန်တီးတဲ့ ကံကလဲတာ။ ခုပုံက လွတ်အောင် ရှောင်ဖို့တော့ မလွယ်တော့ဘူး။ သမီးဘဝ လမ်းကြောင်းက ဒီလမ်းလျှောက်ဖို့ ဒီလိုဖန်တီးပေးထားပြီ။ တခြားလမ်းကြောင်းတော့ အမေ မမြင်တော့ဘူး။ သူနဲ့လွတ်အောင် သမီး ဘယ်လိုရုန်းပြေးပေမဲ့ သူ့လက်ထဲ ပြန်ရောက်အောင် ကံကြမ္မာက ဖန်တီးပြီး ပြန်ပို့လိုက်ပြီသမီး"

မာလာရီသည် သူ့လက်ထဲပြန်ရောက်မှ လက်မခံ၍ မရ၊ ငြင်း

www.burmeseclassic.com



၍မရ။ သူ့ရဲဘော်အပေါင်းကလည်း မာလာရီကို သူတို့ ဆရာကတော် သူတို့ဆရာနှင့် ညားပြီးသား ယူဆထားကြသည်။ သူ ကျွေးမွေးထောက်ပံ့ ထားသော လက်ရှိအခြေအနေ အကြောင်းကြောင်းတို့ကြောင့် ဖြစ်ချင်ရာ ဖြစ်တော့သဘောပိုက်ကာ နောက်ဆုံး၌ မျက်စိမှိတ် လက်ခံလိုက်ရသည်။

ဘုန်းကြီးများပင့်၍ မင်္ဂလာဆွမ်းကပ်ပြီး ထိုအိမ်ကလေး၌ ဗိုလ် အောင်သိန်းနှင့် မာလာရီတို့ မင်္ဂလာဆောင်ကြသည်။ မင်္ဂလာမဆောင် မီ ဗိုလ်အောင်သိန်းကို မာလာရီက ရဲဘော်ဘဝမှ နုတ်ထွက်မှ မင်္ဂလာ ဆောင်မည်ပြော၍ ဗိုလ်အောင်သိန်းသည် ရဲဘော်အဖြစ်မှ နုတ်ထွက် လိုက်သည်။

မင်္ဂလာဆောင်ပြီး လများမကြာမီ ဗိုလ်အောင်သိန်း၏ ဇာတိ ပေါ်လာသည်။ အိမ်သို့ ပြန်အိပ်ရုံမှတစ်ပါး ပြန်ချင်သည့်အချိန်မှ ပြန် အိပ်၊ စားချင်မှစား၊ မာလာရီသည် တစ်နေ့မှ စိတ်မချမ်းသာ။ နေ့စဉ် နေ့တိုင်း စိတ်ဆင်းရဲနေသည်။

မာလာရီ စိတ်ဆင်းရဲနေမှန်းသိ၍ ဗိုလ်အောင်သိန်းက ချော့ သည်။ ချော့၍ ပျော့သွားသောအခါ မာလာရီက ချော့သူကို ဖဲလျှောက် မရိုက်ရန်၊ လင်းအားကြီးမှ ပြန်မလာရန် ပြောသည်။ ထိုသို့ပြော၍ လွှင် အချခံသည်။

မာလာရီကို ဗိုလ်အောင်သိန်းက ဘယ်လိုရိုက်နှက်နေနေ အိပ်ခြေ ခန်းထဲမှ အမေသည် တုပ်တုပ်မျှမလှုပ်။ "သားရေ . . . သား" ဟု ခေါ် ပြောမပျက်။ ဘယ်ယောက္ခမပေါ်မှ မယဉ်ကျေးခဲ့သော ဗိုလ်အောင်သိန်း သည် မာလာရီ၏မိခင်ကိုမှတော့ ရိုသေသည်။ ဦးချသည်၊ သူ့ပါးစပ်ဖျား မှာ အမေချင်းထပ်နေသည်။

မာလာရီ၏အစ်မ ဒေါ်သိန်းတင်တို့ လင်မယားနှင့် မခင်ညိုသည်





မာလာရီတို့ မင်္ဂလာဆောင်ပြီး သမီးလှလှဝင်းကို ခေါ်ကာ လက်ပံတန်း သို့ ပြောင်းသွားကြသည်။

www.burmeseclassic.com

(၅)

တိုင်းပြည် ငြိမ်သက်လာသောအခါ မာလာရီက ဇာတ်က,ချင်သည်။ ဗိုလ်အောင်သိန်းက ခွင့်မပေးဘဲနေသည်။ မရမက ချော့၍ ခွင့်တောင်းမှ ခွင့်ရ၍ ဦးအောင်ငြိမ်းဇာတ်ထဲ လိုက်က,သည်။

စာရေးဆရာ 'ပြည်သန်းနွယ်'နှင့်တွေ့ကြသည်။ ပြည်သန်းနွယ်က မာလာရီကို ပြဇာတ်ထဲ က,ရန်ပြောသည်။

ကာရွေးရုံ၌ပြသနေသော ခေတ်ပေါ်ပြဇာတ်များကို မကြည့်ရ၍ ခေတ်ပေါ်ပြဇာတ်နှင့်လည်း အလှမ်းဝေးနေသည်။ အောင်သပြေရုပ်ရှင် ပိုင်ရှင် ဦးကျော်မြင့်ကလည်း မာလာရီကို ဇာတ်တွေ၌ လိုက်မကြည့်ဘဲ ပြဇာတ်ထဲဝင်က,ရန် တိုက်တွန်းသည်။ ထိုအချိန်က ပြဇာတ်မင်းသမီး တင်တင်မူနှင့် မေချစ်တို့ နာမည်ကြီးနေချိန်ဖြစ်သည်။

တစ်နေ့တွင် ပြဇာတ်ထဲဝင်က,ရန် လမ်းစပေါ်လာသည်။ '[illegible]တော်ရှင်မ' ပြဇာတ်၌ တစ်ည ၁၅ ကျပ်ဖြင့် အရံဆိုက်ပတ်မင်းသမီး အဖြစ် ဝင်က,ရသည်။





ကာရွေးရုံသို့ ဇာတ်တိုက်သွားရာတွင် ရန်ကုန်၌နေသော်လည်း ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများသို့ တစ်ခေါက်မျှ မာလာရီ မရောက်ဖူးပေ။ ကာရွေးရုံ၌ အိမ်သာ ဘယ်ဆီရှိမှန်းပင်မသိ။

တင်တင်မူ၊ မေချစ်၊ ပြဇာတ်မင်းသမီးများ၏ မျက်နှာကို ရဲရဲမကြည့်ဝံ့။ ယိမ်းသမလေးများနှင့် အပေါင်းအသင်းလုပ်ရသည်။ မာလာရီကို ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ကြပေ။ နယ်လေးရပ် လှည့်၍ ဇာတ်ကခဲ့စဉ်က ဇာတ်ထဲတွင် ဆုံစည်းခဲ့သော 'ကိုကြယ်နီ'ကြီးကို သွားတွေ့၍ ဝမ်းသာအားရဖြစ်မိသည်။

"ဇာတ်ပွဲတွေ ခေတ်မှိန်ကျသွားတော့ ငါလည်း ဒီပြဇာတ်ထဲ ရောက်လာရတာပဲဟ . . . ပြဇာတ်က ပညာမပါပါဘူး။ ကြည့် စခန်းသွားရတာပါ။ ကြည့်သာ စခန်းသွားပေတော့ . . ."

ကိုကြယ်နီက မာလာရီကို တိုးတိုးကပ်ပြောသည်။

ပြဇာတ်၌ အရံမင်းသမီးကလေးအဖြစ် စဝင်က,ရသောည၌ မာလာရီမှာ ရင်ခုန်နေသည်။ ထိန်လင်းသော မီးချောင်းများအောက်၌ လူတွေကို တိုးဝှေ့လျက် ကာရွေးရုံနောက်ဘက်သို့ ဝင်သွားရသည်။

ဇာတ်ခုံနောက်ဘက် အခန်းထဲ၌ ကိုယ်လုံးပေါ်မှန်များ ရှိသည်။ ပြဇာတ်မင်းသမီး မင်းသားများ ဖီးလိမ်းဝတ်စား ပြင်ဆင်နေကြသည်။

မာလာရီသည် ဘယ်နေရာထိုင်ရမှန်းမသိ။ ထိုင်စရာမရှိ၍ ကြမ်းပေါ်၌ ကျုံ့ကျုံ့ကလေး ထိုင်ချလိုက်သည်။ စိန်ဂျွန်းထွန်းရွှေသည် သူထိုင်နေသော ခွေးခြေကလေးကို ယူလာကာ "ရော့ . . . ရော့ . . . ဒီမှာထိုင်" နေရာပေးသည်။

မာလာရီသည် ခွေးခြေကလေးပေါ်၌ထိုင်ကာ ပြဇာတ်မင်းသမီးများ အလှပြင်နေကြခြင်းကို ငေးမောကြည့်ရှုနေသည်။

www.burmeseclassic.com



ပြဇာတ်မင်းသမီးများသည် နိုင်လွန်အကျီဝတ်လျက် ရွှေရောင်ငွေရောင်များ ဖိတ်ဖိတ်တောက်နေသော ဘရိုကိတ်ထဘီများ ဝတ်ထားကြသည်။ မာလာရီသည် ဘရိုကိတ်ထမီကို တစ်ခါမျှ မမြင်ဖူး၍ တအံ့တသြ ငေးစိုက်ကြည့်သည်။ "လှလိုက်တာ . . . အဖိုးတန်မှာပဲ. . ." ဟု တွေးနေသည်။

အချိန်ကျ၍ မာလာရီသည် မျက်နှာချေကို ဖျော်လူးသည်။

"မျက်နှာချေ မလူးရဘူး၊ မိတ်ကပ်လူးရတယ်"

ယိမ်းသမလေးများက ပြောကြသည်။

မိတ်ကပ်ဆိုတာ ဘာများပါလိမ့် . . . ဘယ်လိုဟာမျိုးပါလိမ့်ဟိုခုံ ဒီခုံပေါ်တွင်ရှိသော ပြဇာတ်မင်းသမီးများ၏ အလှပြင်ကိရိယာများကို မျှော်ကြည့်လျက် မျက်နှာချေလိမ်းရင်း မိတ်ကပ်အဓိပ္ပါယ်ကို တွေးတော စဉ်းစားရင်း လိမ်းနေသည်။

မျက်နှာ၌ မျက်နှာချေလူးပြီး၍ မင်တောင့်နှင့် မျက်ခုံးမွှေးဆွဲမည်လုပ်စဉ် စိန်ဂွန်းထွန်းရွှေသည် သူနှင့်တွဲကရမည့် မင်းသမီးဖြစ်၍ အမြင်မတော်သောကြောင့် မျက်ခုံးမွှေးဆွဲရန် ခဲတံလာပေးသည်။

"မျက်ခုံးကို ဒါနဲ့ဆွဲရတယ်၊ မင်တောင့်က မကောင်းဘူး"

မာလာရီသည် ခဲတံကို လှမ်းယူလိုက်သည်။ ခဲတံနှင့် မျက်ခုံးမွှေးကို စမ်းဆွဲကြည့်သည်။ "ဒီခဲတံကလည်း မျက်ခုံးမွှေးဆွဲလို့ ရပါကလား" ဟု သူ့စိတ်ထဲ၌ အဆန်းတကြယ် ဖြစ်နေသည်။

ခေတ်ပေါ် ပြဇာတ်ထဲ၌ 'ငန်းတော်ရှင်မ'၊ 'ချစ်ပန်းသဇင်' ဇာတ်ထုပ်နှစ်ထုပ်တွင် ဆိုက်ပတ်မင်းသမီး ဇာတ်မင်းသမီး အဝတ်အစားပြောင်းဝင်က,ခဲ့ရသည်။ မာလာရီကို ဘယ်ကမှန်း ဘယ်သူမှ မသိကြ။ မထင်မရှား ပြဇာတ်အရံမင်းသမီးအဖြစ် ဇာတ်ထုပ်နှစ်ထုပ်တွင် ဝင်က,ခဲ့ရပြီး





နောက် မည်သူမျှ လာမခေါ်ကြတော့။

တစ်နေ့ 'ဥသြဘသောင်'နှင့် မမျှော်လင့်ဘဲ တွေ့ကြရသည်။

"ဖလင်ရိုက်မလား"

ဥသြဘသောင်က တွေ့တွေ့ချင်း စပြောသည်။

"ဖလင်ဆိုတာ ဘာလဲရှင်"

"ဘိုင်စကုတ်ပေါ့ဟ"

မာလာရီသည် ဘိုင်စကုတ်ထဲ ပါချင်သည်။ ငယ်ငယ်ရွယ်ရွယ်ကပင် ဘိုင်စကုတ်ဆိုလျှင် အသေအလဲကြိုက်သည်။ ဘိုင်စကုတ် သွားကြည့်ခဲ့ပြီး မှန်တစ်ချပ်ဆွဲ၍ ရှေ့၌ထောင်ကာ အလွမ်းမင်းသမီးကြီး 'ခင်ခင်ဥ' ၏ မျက်နှာပေါ်၌ မျက်ရည်ဥကြီးများ လိမ့်ဆင်းကျလာသည့်ပုံအတိုင်း မတူ တူအောင် မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျကြည့်သည်။

ခင်မြရင်၏ မျက်ရည်ဝဲပုံကလေး၊ မျက်နှာညှိုးပုံကလေးကို မတူတူအောင် မှန်ထဲတွင် အတုခိုးလုပ်ကြည့်သည်။

ဇာတ်ထဲတွင် ဇာတ်မင်းသမီးဖြစ်နေသော်လည်း ဘိုင်စကုတ်ရူးတစ်ယောက် ဖြစ်ခဲ့သည်။ ပြည်မြို့တွင် ရှမ်းရှင်မင်းသမီး ခင်ခင်ရီတို့ 'ဣန္ဒာရုံ' ဇာတ်ကား လာရိုက်သည့်အခါ ဇာတ်ရုံထဲမှ ဘူတာရုံသို့ ပြေးထွက်သွားသည်။ ရုပ်ရှင်မင်းသမီး ခင်ခင်ရီကို သွားငေးကြည့်သည်။

ဇာတ်မင်းသမီးဘဝ ၁၄ နှစ်၊ ၁၅ နှစ်အရွယ်၌ ဘိုင်စကုတ်မင်းသားများကို တိတ်တိတ်ပုန်းသဘောကျနေသည်။ မင်းသားကျော်အေးကို စွဲသည်။ မင်းသားကျော်အေးနှင့် မင်းသားချစ်ရွှေမှာ မာလာရီ ၁၅ နှစ်သမီးအရွယ်က သူ့ရင်ထဲတွင် ကိန်းဝပ်၍စွဲခဲ့သော သူမသိ ငါစွဲ သူ့ချစ်သူများ ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com



ဉာဏ်ဘသောင်သည် မာလာရီကို ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီသို့ ခေါ်သွားသည်။ ဗြိတိသျှဘားမား သူဌေးဦးညွှန့်၏သား ဒါရိုက်တာ ချန်ထွန်းနှင့် တွေ့ဆုံပေးသည်။

ဦးချန်ထွန်းသည် မာလာရီကိုကြည့်၍ ခေါင်းကိုယမ်းခါလျက် စိတ်ပျက်စွာ ပြောလိုက်သည်။

"ဇာတ်မင်းသမီးလုပ်ဖူးတယ်ဆိုရင် ဇာတ်ဟန်တွေ ပါနေမှာပေါ့ မဖြစ်ပါဘူး"

မာလာရီသည် ဝမ်းနည်းသွားသည်။ မျက်နှာလေး နီရဲသွားအောင်လည်း ရှက်မိသည်။ ဇာတ်သဘင်ပညာကို ဒီလောက် အထင်သေးကြသလားဟု စိတ်ထဲ၌ အကြီးအကျယ် ခုသွားသည်။

"နောက်တစ်နေ့ လာခဲ့ဦးလေ"

ဦးချန်ထွန်းက မှာလိုက်သည်။ ဦးချန်ထွန်းအပေါ်၌ စိတ်ခုသွား၍ နောက်တစ်နေ့တွင် မသွားဘဲနေလိုက်သည်။

ဗိုလ်အောင်သိန်းနှင့်ခင်မင်သော မင်းသား ကိုအေးကြူသည် မာလာရီကို အေဝမ်းဖြိုးသို့ ခေါ်သွားပြန်သည်။

ဒါရိုက်တာ ဦးတင်မောင်သည် မာလာရီကိုကြည့်လျက်. . .

"ပိန်တယ်" ပြောကာ ပယ်ချလိုက်သည်။ "နောက် လိုရင်ခေါ်သုံးမယ်" ပြောလိုက်သည်။

ရုပ်ရှင်ကုမ္ပဏီများက ပယ်ချမှ မာလာရီသည် စိတ်ကြွတက်လာသည်။ "တစ်နေ့နေ့ ဒီရုပ်ရှင်ထဲ ရောက်ကိုရောက်ရမယ်" ဟု စိတ်ထဲ၌ ကြုံးဝါးထားလိုက်သည်။

မွန်ကျော်မြင့် ဇာတ်ထဲ၌ မင်းသမီးလုပ်ရန် တစ်ညတစ်ဆယ်နှင့် လာငှားသည်။





ဗိုလ်အောင်သိန်းပေးစာကမ်းစာနှင့် မလုံလောက်ပေ။ အမေက နေ့စဉ်ပင် စလင်းကျောင်းတိုက်ထဲမှ သံဃာတော်များကို ဆွမ်းဖိတ်၍ ဆွမ်းလောင်းနေသောကြောင့် တစ်ဖက်တစ်လမ်း ဝင်ငွေရှိရန် အလုပ်ဖိရှာနေရသည်။

အလုပ်ရှာနေခိုက် အလုပ်ရ၍ ဝမ်းမြောက်သွားသည်။ မွန်ကျော်မြင့် ပေးသော တစ်ညတစ်ဆယ်မှာ နည်းလွန်း၍ ပိုပေးရန် တောင်းပန်သည်။

"တစ်ဆယ်တော့ နည်းလွန်းပါတယ်ရှင် . . . တစ်ည ၁၅ ကျပ် ပေးပါ"

မွန်ကျော်မြင့်သည် ၁၅ ကျပ်မပေးနိုင်ခြင်းကြောင့် ခေါင်းခါပြသည်။

"တစ်ည ၁၅ ကျပ်မှ မပေးနိုင်ဘူးဆိုရင် စရိတ်နဲ့ ကျွန်မ ဘယ်လိုလုပ် က,မလဲ။ ငါးကျပ်တော့ ပိုပေးပါရှင်"

မွန်ကျော်မြင့်ကို ၁၅ ကျပ်ပေးရန် ထပ်၍တောင်းပြန်သည်။ မွန်ကျော်မြင့်က ခေါင်းခါမြဲ ခေါင်းခါနေသည်။ မာလာရီသည် စိတ်ပျက်ပျက်ဖြင့် ၁၅ ကျပ်မရ၍ သူက ပြန်၍ ခေါင်းခါလိုက်သည်။

ဇာတ်လည်းမကရ၊ ပြဇာတ်ကလည်း မခေါ်ကြ၊ ရုပ်ရှင်ကလည်း ပယ်ချ၊ အလုပ်လက်မဲ့ ဖြစ်နေသည်။ အမေ နေ့စဉ် ဆွမ်းလောင်းနေသော သံဃာများက အပါး ၂၀။

သတင်းစာထဲတွင် ကာဌေးရုံမှ မင်းသမီးအသစ်များ အလိုရှိကြောင်း ကြော်ငြာပါလာသည်။ ကြော်ငြာထဲ၌ မင်းသမီးဖြစ်ရမည့် အချက်အလက်ကို ဖော်ပြထားသည်။

ဗိုလ်အောင်သိန်း၏ သူငယ်ချင်းဖြစ်သူ အမြတ်တော်ကြေးရုံး၌

www.burmeseclassic.com



လုပ်နေသော 'ကိုမြဟန်'သည် မာလာရီတို့အိမ်သို့ ပေါက်လာကာ ကာ ဒွေးရုံ၌ ပြဇာတ်မင်းသမီးလျှောက်ရန် တိုက်တွန်းသည်။

"မဖြစ်ပါဘူး ကိုမြဟန်ရယ် . . . ကျွန်မကို သူတို့ မှတ်မိမှာ ပေါ့။ ဇာတ်မင်းသမီး က,ရတဲ့အခန်းမှာ ကျွန်မ သွားကခဲ့ဖူးတော့ သူတို့ ကျွန်မကို ဇာတ်မင်းသမီးမှန်း မှတ်မိနေကြမှာပေါ့။ ပြဇာတ်တို့၊ ရုပ်ရှင်တို့က ဇာတ်မင်းသမီး မလိုချင်ဘူးလို့ ပြောကြတယ်။ ကျွန်မ လျှောက်လို့ ဘယ်ရမလဲ"

ကိုမြဟန်သည် မာလာရီကို သနားမိသည်။ အနုပညာဘက်၌ မာလာရီ အစွမ်းထက်မှန်း အစင်းသိဖြစ်သည်။ သွေးလိုက်လျှင် အရောင် ထွက်လာမည့် ကျောက်ကောင်းတစ်လုံးကို အရိုင်းအတိုင်း မထားချင်ပေ။ ကိုမြဟန်သည် နည်းလမ်းရှာ၍ စဉ်းစားကြည့်သည်။

"ကျွန်တော် အကြံတစ်ခုရတယ်။ ဒီလိုလုပ်ဗျာ . . . ခင်ဗျား ဆံပင်ကို သွားဖြတ်ပစ်ပြီး ကောက်ပစ်လိုက်၊ နိုင်လွန်အကျီလက်တိုနဲ့ ခေတ်ဆန်ဆန် မာတ်ပုံရိုက်ပြီး လျှောက်လိုက်ဗျာ။ လျှောက်လွှာနဲ့ ဓာတ်ပုံ ကို ကျွန်တော် သွားတင်ပေးမယ်"

ကိုမြဟန်က ဆံပင်ဖြတ်ပြီးကောက်ရန် အတန်တန်တိုက်တွန်း သည်။ ပေါင်လယ်လောက်ရောက်နေသော ဆံပင်များကို ဖြတ်ပစ်ရန် အလွန်တရာမှ နှမြောလှသည်။

ကိုမြဟန်က မပြန်ခင် ဆံပင်ကောက်ပြီး ဓာတ်ပုံရိုက်ထားရန် တဖွဖွ မှာသွားသည်။ မှန်ရှေ့၌ ဆံပင်ကိုဖြန့်လျက် ဖြတ်ပစ်ရန် စိတ်ကူး ရုံမျှနှင့်ပင် မျက်ရည်တွေဝဲလာသည်။

အမေ့အိုကလည်း ရှိသေးသည်။ အမေ မသေခင် လှူနိုင် တန်း နိုင်အောင် တတ်သည့်ပညာဖြင့် လုပ်ကျွေးချင်သည်။ ခေတ်အလိုက်





ဆံပင်ဖြတ်၍မှ မကောက်လျှင် ပြဇာတ်နယ်ပယ်တွင် ဝင်တိုးရန် ခဲယဉ်း ကြောင်း တွေးမိသည်။

ဆံပင်ဖြတ်တောက်ပြီးမှ အရွေးမခံရလျှင် ခေါင်းပေါ်၌ အတွန့် အကောက်တွေ အဖတ်တင်မှာလည်း စိုးမိသည်။ တစ်နေ့လုံး ဆံပင်ကို သာ စမ်းနေသည်။ ဖြတ်ကောက်ရန် ချီတုံချတုံ စိတ်မဝေခွဲနိုင်အောင် ဖြစ်သည်။

ဗိုလ်အောင်သိန်း ခေါ်ဆောင်သွား၍ ပြဇာတ်ဒါရိုက်တာ ဦးသုခ အိမ်သို့ ရောက်သွားသည်။ ကာဒွေးပြိုင်ပွဲနှင့်ပတ်သက်၍ စုံစမ်း မေးမြန်း ကြည့်ရန် ဗိုလ်အောင်သိန်းက ခေါ်သွားခြင်းဖြစ်သည်။

ဒါရိုက်တာဦးသုခက မာလာရီကိုအကဲခတ်ကြည့်သည်။ မာလာရီ နှင့် စကားပြောပြီး အစွမ်းရှိသော မာလာရီ၏ အရည်အသွေးကို တွေ့မြင် သိရှိသွားသည်။ ပြိုင်ပွဲဝင်ရန် တိုက်တွန်းညွှန်ကြားပြောဆိုလိုက်သည်။ ပြိုင်ပွဲဝင်လျှင် ဇာတ်သမားအနေနဲ့ အလွယ်ကလေးဘဲဆိုပြီး မလုပ်လေ နှင့်။ အရုပ်သူလို ကျောင်းသူလို ခပ်လျော့လျော့လုပ်ရန်၊ ခုနစ်တန်းစာ မေးပွဲကို ဘီအေလိုမဖြေရန် အထူးမှာကြားလိုက်သည်။

မာလာရီမှာ တစ်နေ့တစ်နေ့ ဆံပင်ဖြတ်ရန် စိတ်ဆင်းရဲနေသည်။ ရက်ကလည်း နီးကပ်လာပြီ။

ဆံပင်အတွက် စိတ်ပင်ပန်းပြီးမှ စိတ်ဒုန်းဒုန်းချလိုက်နိုင်သည်။ ဖြတ်မည်၊ ကောက်မည်၊ ဓာတ်ပုံရိုက်ပြီး လျှောက်လွှာတင်မည်။

အဖော်တစ်ယောက်နှင့် ဆံပင်ကောက်ဆိုင်ကို စုံစမ်းရှာဖွေ သွားကြသည်။ ချွေတာရေးဆိုင်အပေါ်ထပ် စတား ဆံပင်ကောက်ဆိုင်သို့ ရောက်သွားကြသည်။

လှိုက်ဖိုနေသောရင်ဖြင့် ကုလားထိုင်ပေါ် တက်ထိုင်လိုက်သည်။

www.burmeseclassic.com



မာလာရီသည် မှန်ကိုမကြည့်ဝံ့ဘဲ မျက်စိနှစ်လုံး စုံပိတ်ထားသည်။ ဆံပင်ရှည်ကြီးကို တိခနဲ တိခနဲ ညှပ်ချလိုက်သော ကပ်ကြေးအ,သည် မာလာရီ၏အသည်းထဲသို့ စူးဝင်သွားသည်။

ဆံပင်ဖြတ်ပြီး ရုပ်ပုံအမျိုးမျိုးသည် မှန်ထဲ၌ တစ်မျိုးပြီးတစ်မျိုး ပြောင်းသွားသည်။ တွန့်လိမ် ကောက်ကွေးနေသော ဆံတိုကလေးသည် ပခုံးပေါ်၌ အလိပ်လိုက် ဝဲကျနေသည်။ ခေါင်းရှေ့၌ ဆံပင်များ လှိုင်းထနေသည်။ ကောက်လိပ်ထားသော အမောက်ကိုကြည့်၍ ဟင်းခနဲ သက်ပြင်းကြီးချလိုက်သည်။

ခေတ်ဆန်ဆန်ချုပ်လာသော နိုင်လွန်အင်္ကျီလက်ပြတ်ကို ဆံပင်ကောက်ဆိုင်၌ ပြောင်းဝတ်လျက် ဓာတ်ပုံဆိုင်သို့ ဆက်သွားကြသည်။

လန်ဒန်အတ်ဓာတ်ပုံဆိုင်၌ ဓာတ်ပုံရိုက်သည်။ အိမ်သို့ ကိုမြဟန်လာသောအခါ ဓာတ်ပုံများနှင့် လျှောက်လွှာကို ပေးလိုက်သည်။ ဇာတ်မင်းသမီးမှန်းမသိအောင် လျှောက်လွှာ၌ 'မြမြဝင်း' နာမည် ထိုးလိုက်သည်။

ကာဌေးရုံတွင် လျှောက်လွှာတင်ပြီးစ ရွှေတိဂုံဘုရားခြေရင်း၌ က,နေသော ဦးစိန်အောင်မင်းဇာတ်မှ မင်းသမီးလို၍ လာငှားသည်။

မာလာရီသည် ဆံပင် အကောက်အလိပ်တွေ ပြေကုန်မှာလည်း စိုးသည်။ ဦးစိန်အောင်မင်း လွှတ်လိုက်သည်ကို ငြင်းရမှာလည်း ခက်သည်။ လျှောက်လွှာတင်ထားသော ကာဌေးရုံက သိသွားမှာလည်း ကြောက်သည်။

ဦးစိန်အောင်မင်းကို အားနာနာဖြင့် မက,ဖြစ်အောင် အကြံရ၍ ပြောလိုက်သည်။

"ကျွန်မ က,ရမယ်ဆိုရင် တစ်ည လေးဆယ်ပေးမှ လိုက်နိုင်မယ်"





ဇာတ်သဘင်တွင် အတော်ဆုံးဇာတ်မင်းသမီးမှ အများဆုံး ၂၀ ကျပ်၊ ၂၅ ကျပ်သာ ပေးရသည်။ ဦးစိန်အောင်မင်း ဇာတ်ထဲတွင် လိုက်သော လူပျက် ဦးပဍိကွရားက "ဘာမင်းသမီးမို့ လေးဆယ်ပေးရမှာလဲ" ဟု စိတ်ဆိုးသွားလေသည်။

မင်းသမီး အရေးတကြီးလိုနေသော ဦးစိန်အောင်မင်းသည် မာလာရီတောင်းသည့်အတိုင်း တစ်ည လေးဆယ်ပေး၍ ခေါ်သောကြောင့် မငြင်းသာဘဲ လိုက်သွားရသည်။

ထိုညက ငမိုးရိပ်ဇာတ်ခင်းကြသည်။

ငမိုးရိပ်ဇာတ်၌ မင်းသားသေပြီးနောက် မင်းသမီးမယ်ဘွင့်သည် ည ၃ နာရီလောက်တွင် လွမ်းခန်းထွက်ပြီး သေရမည်ဖြစ်သည်။ မင်းသမီးအသေနှင့် ပွဲအပြီး မိုးအလင်း အချိန်ကိုက် က,ကြရန်ဖြစ်သည်။

ထိုညက နာရီအကြည့်များကြကာ မင်းသားက စောစောသေသွားနှင့်သည်။ မင်းသမီးမှာ ညနှစ်ချက်ခန့်တွင် သေရမည့်အဖြစ်မျိုးသို့ ဆိုက်ရောက်နေသည်။ သေပြီး မိုးလင်းရန် အချိန်သုံးနာရီခန့် လိုသေးသည်။

မင်းသမီး မယ်ဘွင့်သည် အချိန်မှားနေမှန်းသိသိချင်း ဇာတ်ခုံပေါ်၌ ခေါင်းနားပန်းကြီးကာ ချွေးတွေပြန်လာသည်။ မင်းသား ဦးစိန်အောင်မင်းမှာ ငမိုးရိပ်သေပြီးပြီဖြစ်၍ ယနေ့ သူ့အခန်းပြီးဆုံးပြီဟု စိတ်ချလက်ချ အိပ်ပျော်နေသည်။

သုံးနာရီလုံးလုံး အချိန်ဆွဲ၍ မိုးလင်းအောင် လွမ်းပြနေရန်လည်း ဇာတ်အိုင်နေတော့မည်။ ည နှစ်ချက်ထိုး၌ မင်းသမီးမယ်ဘွင့်သေပြီး ပွဲသိမ်းလိုက်ရမှာကလည်း ဇာတ်ထုံးစံမဟုတ်၍ မင်းသမီး အကြပ်ရိုက်နေသည်။

ဇာတ်ခုံနောက်ပိုင်း၌ အချိန်မှားခြင်းအတွက် ရုတ်ရုတ်သဲသဲ ဖြစ်

www.burmeseclassic.com



နေကြသည်။ ဦးစိန်အောင်မင်းကိုနှိုးလျက် အချိန်မှားနေကြကြောင်း ပြောကြသည်။ ဦးစိန်အောင်မင်းမှာ သူထွက်၍လည်းမရ၊ ဘယ်လိုလုပ်ရမှန်း မသိအောင် မျက်လုံးပြူး မျက်ဆံပြူးနေသည်။

မယ်ဘွင့်သည် လွမ်းခန်းထွက်၍ ဆိုငိုနေရင်း ဦးနှောက်ခြောက် လောက်အောင် အကြံထုတ်ရသည်။

စိန်ဗေဒါကြီး၏ ဗျောညွန့်ကို သွားသတိရလိုက်သည်။

အချိန်မှားနေခြင်းကြောင့် ဇာတ်ထဲ၌မပါသော အခန်းထိုး မယ်ဘွင့်က ကောက်ထွင်လိုက်သည်။ မယ်ဘွင့်သည် သေရမည့်အခန်း၌ မသေသေးဘဲ အချိန်ကိုက်အောင် ရွာတစ်ခေါက်ပြန်လိုက်သည်။ ရွာ၌ ကျန်ရစ်နေသော သားကလေးကို ရှင်ပြန်ပြုလိုက်သည်။

"စာပုလွေ ရင်မှာပိုက်ပါလို့ . . . ကျောင်းတော်ကိုလည်း . . . လိုက်မယ်ဖြင်"

သေရမည့်ဆဲဆဲ၌ သားကလေးကို ပျော်ပျော်ကြီး ရှင်ပြုပေးသည်။ ဗျောညွန့်တစ်ပုဒ်ဆုံးအောင် ဝိသာခါကျောင်းအစ်မကြီးကဲ့သို့ က,လိုက် ဆိုလိုက်ဖြင့် တစ်မျိုးတစ်ဟန် . . .

သားနှင့် ခွဲကြရတော့မည်မို့ ရှင်လောင်းမောင်၊ သားကလေးသေ အောင် လွမ်းလိုက်၊ ဆွေးလိုက်ပုံဖြင့် တစ်မျိုးတစ်ဟန် . . .

ပျော်သလို၊ ရွှင်သလို၊ ငိုမလို မူရာတွေ စုံလင်အောင် ရောထွေး လျက် ဇာတ်စင်ပေါ်၌ တစ်တစ်ယောက်တည်း အချိန်ကုန်အောင် မီးကျော် ယမ်းကုန်ကြဲလေသည်။ ပရိသတ်ကို သူ့ပညာဖြင့် ထိန်းထားသည်။ ဇာတ် မအိုင်အောင် ပျော်၍ပြလိုက်၊ လွမ်း၍ပြလိုက် . . .

ဇာတ်ရုံအပြင်ဘက်၌ မိုးထိန်ထိန်ကြီးလင်းနေသည်ကိုပင် မသိ ဇာတ်ရုံတွင်းရှိ ပရိသတ်ကြီးသည် တုတ်ဖုတ်မျှမလှုပ်ကြဘဲ ရုံထဲ၌





လူတစ်ဦးတစ်ယောက်မျှ မရှိကြဘိသကဲ့သို့ တစ်ရုံလုံး တိတ်ဆိတ်ငြိမ်သက် လျက် ရှိကြသည်။

ပွဲသိမ်းသောအခါ မင်းသမီးသည် တစ်ကိုယ်လုံး တုန်နေကာ လက် ခြေ မမြောက်နိုင်အောင် ဖတ်ဖတ်မောလျက်ရှိသည်။ ဦးစိန်အောင်မင်းသည် 'မာလာရီ' ကို လက်ဖျားခါရတော့သည်။ မောဟိုက်နေသော မာလာရီ၏ကျောကို သပ်လျက် ဖျောင်းဖျ နားချပြောသည်။

"ပြဇာတ်ထဲ မလိုက်ချင်ပါနဲ့ကွယ်။ မင်းလို မင်းသမီးမျိုး ရှာမှ ရှားပါကွယ်။ ဇာတ်ထဲမှာ က,စမ်းပါ။ မင်းလို မင်းသမီးမျိုး ဇာတ်သဘင် မှာ ရှိသင့်ပါတယ်ကွယ်"

ဗိုလ်အောင်သိန်းသည် သူ့မယားကို ဇာတ်ထဲခေါ်ပြီး နှိပ်စက်ရ မလားဟု စိတ်နာစွာဖြင့် တစ်ညတည်း က,စေကာ နောက်ညအတွက် က,ခွင့်မပြုပေ။ ဗိုလ်အောင်သိန်းကို ဦးစိန်အောင်မင်းက ကျေနပ်အောင် တောင်းပန်မရသောကြောင့် နောက်ညများတွင် မင်းသမီးအသစ် ရှာငှား က,ရသည်။

www.burmeseclassic.com

(၆)

မာလာရီသည် တစ်နေ့တစ်နေ့ ကိုမြဟန်ကို လည်ပင်းရှည်အောင် စောင့်မျှော်နေရသည်။ တစ်ညနေတွင် အိမ်သို့ ကိုမြဟန် ပြုံးစိစိ ရောက်လာသည်။ မာလာရီကလည်း ဆီးမေးသည်။

"ဘယ်လိုလဲ ကိုမြဟန်"

"ဒီမိန်းကလေးကော . . . လို့ ကျွန်တော်က ဓာတ်ပုံထုတ်ပြ တော့ ဒါလေးဆို တော်သားပဲဗျဆိုပြီး ဓာတ်ပုံနဲ့ လျှောက်လွှာယူထားလိုက် တယ်ခင်ဗျ"

ကိုမြဟန်က ပြောပြီးရယ်မောနေသည်။ မာလာရီက စိတ်မလုံအဲ ပြန်ပြောသည်။

"ရွေးတဲ့နေ့ကျရင် ကျွန်မမှန်း သိသွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ ကိုမြဟန်ရယ် . . ."

မင်းသမီးရွေးသည့်နေ့သို့ မရောက်မီစပ်ကြား နေ့စဉ်နေ့တိုင်း မာလာရီ ရင်ခုန်နေသည်။ လျှောက်လွှာ လက်ခံထားသော မင်းသမီး





လောင်းများ ခုနစ်ရက်ကြိုတင်၍ ရုံကသီချင်းပေးသည်ကိုလည်း သွား ယူရပေ။

ကာဌေးရုံ၌ မင်းသမီးသစ်များ ရွေးချယ်သည့်နေ့၌ အိမ်မှမထွက် င် မိခင်ကြီးကို ထိုင်ဦးချလျက် မိခင်၏ မေတ္တာရေကို အာရုံခံသွားသည်။ ရောက်မချင်း ဘုရားဂုဏ်တော်ကို အခေါက်ခေါက်ရွတ်သွားသည်။ တ်မင်းသမီးဖြစ်မှန်း သိသွားမည်ကို စိုးရိမ်သည့်စိတ်က တစ်ကိုယ်လုံး န်တုန်ယင်ယင် ဖြစ်နေသည်။

ပြဇာတ်မင်းသမီး အရွေးခံမည့် မင်းသမီးများမှာ ၃၀ ခန့်ရှိသည်။ လာရီကို မြင်မြင်ချင်း ရုံပိုင်က ဇာတ်မင်းသမီးပဲဆိုကာ ကန့်ကွက် သည်။

"အကဲဖြတ်လူကြီးတွေက ရွေးချင်ရွေးပေါ့၊ မရွေးလည်း ဆွဲချပေါ့ ”

ကိုမြဟန်သည် ရုံပိုင်ကို ဇွတ်ဝင်ပြောလျက် ဇာတ်ခုံပေါ်သို့ တွန်း ပေးလိုက်သည်။

အကဲဖြတ်အဖွဲ့ရှာ မင်းသမီးမှန်း သိသွားကာ ခွင့်မပြုချင်ကြပေ။

အကဲဖြတ်အဖွဲ့တွင် ပါဝင်သော ဒါရိုက်တာဦးသုခက "တော်တဲ့ သင့်တဲ့လူကို အသုံးချနိုင်ဖို့ ရွေးတဲ့ပွဲဖြစ်တယ်။ အသုံးချနိုင် မချနိုင် က်ခံပြီး ကြည့်ကြပါဦး" ပြောမှ မာလာရီသည် ပြိုင်ပွဲဝင်ခွင့် ရသွား သည်။

ကန့်လန့်ကာနောက်၌ မာလာရီသည် အသက်ရှူမှားကာ တုန် နေသည်။ မင်းသမီးလောင်းများ ကားလိပ်ရှေ့သို့ထွက်၍ တစ်ယောက် ပြီးတစ်ယောက် အရွေးခံကြသည်။

ရုံ၌ သီချင်းလာမယူရ၍ ကားလိပ်ရှေ့ထွက်လျှင် ဘာသီချင်း ဆိုရ

www.burmeseclassic.com



မည်မှန်းမသိ။ ချွေးပြိုက်ပြိုက်ကျလျက် တစ်ကိုယ်လုံး ပူထူနေသည်။

မင်းသမီးတစ်ယောက်ထွက်သွား၍ လက်ခုပ်သံများ ကြားလိုက် ရလျှင် မာလာရီသည် မျက်လုံးများ ပြာဝေသွားကာ ရင်ထဲ၌ တဒိန်းဒိ ဆောင့်လျက် ရှိသည်။

မေရှင်ဆိုသော ချစ်ရေစင် သီချင်းကို ထွက်ဆိုပြရန် တွေး စဉ်းစားထားလိုက်သည်။

မာလာရီအလှည့်မရောက်ခင် မာလာရီရှေ့က 'မြင့်မြင့်ဌေး' ထွက် သွားသည်။ မြင့်မြင့်ဌေးသည် ကောက်ခါငင်ကာ ချစ်ရေစင်သီချင်း ဆိုလိုက်သည်။

ဇာတ်ရုံတစ်ရုံလုံး ချာချာလည်သွားကာ မာလာရီ့ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။ သူဆိုရန် စိတ်ကူးစဉ်းစားထားသော 'ချစ်ရေ သီချင်းကလေးကိုမှ ကောက်ဆိုနေသဖြင့် ရင်ဟာသွားသည်မှာ ပြော မရှိ။

ရင်ဟာရုံမက နှလုံးသားပါ ပန်းလျှခွမ်းနယ်သွားချေသည်။

မြင့်မြင့်ဌေးအပြီး မာလာရီအလှည့်ရောက်လာသည်။ ခေါင်း ပန်းကြီးစွာဖြင့် ကားလိပ်ရှေ့သို့ ထွက်လာခဲ့သည်။ ရုတ်တရက် ဘာ သီချင်းဆိုရန် အကြံမထွက်သဖြင့် ဇာတ်ခုံအောက်က စိန်ဝေလျှံကို ' ရေစင်' တီးပေးပါဟု ပြောလိုက်သည်။

"အဆောင်တော်ကူးကာ . . . ဆွတ်ခူးလို့သာ သခင့်ရယ် . . . တစ်ပွင့်တည်းပန်းကို လှမ်းနိုင်ပေမယ့် . . ."

ချစ်ရေစင်သီချင်းကို အသံမတုန်စေရအောင် ထိန်းပြီးဆိုပြသည်။ သီချင်းဆုံးလျှင် ပြဇာတ်မင်းသမီးကြီး 'ခင်အုန်းမြင့်' ထွက်လာ မေးခွန်းမေးလိုက်သည်။



"ဒီမှာညီမလေး . . . ပညာသင်တဲ့အရွယ်မှာ အချစ်ဝင်ရင် ခက် ယ်မဟုတ်လား"

"ဟုတ်ကဲ့ အန်မရယ် . . . တိုင်းပြည်နဲ့စစ်၊ သစ်ပင်နဲ့ အမြစ်၊ နဲ့အချစ်ဟာ မကင်းနိုင်ကြပါဘူး။ တိုင်းပြည်မှန်ရင် စစ်ဖြစ်ဖူးတာပါ သစ်ပင်မှန်ရင် အမြစ်ရှိတာပါပဲ။ လူမှန်ရင်လည်း အချစ်ရှိတာပါပဲ။ မလေးတော့ ပညာမတတ်ခင် အချစ်ကို လက်မခံပါဘူး"

မာလာရီက စီကာပတ်ကုံးပြောလိုက်သောအခါ ဇာတ်ခုံအောက် အကဲဖြတ်ပရိသတ်ကြီးက လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ဩဘာ ကြသည်။

မင်းသမီးလောင်းများရွေးအပြီး၌ အကဲဖြတ်လူကြီးများသည် င့်မြင့်ဌေးကို ၁၂ မဲပေးသည်။ မာလာရီကို ဇာတ်မင်းသမီးဖြစ်ခဲ့၍ မဲ ပေးသည်။

နောက်တစ်နေ့သတင်းစာမျက်နှာဖုံးတွင် 'ပွင့်သစ်စ ပန်းနှစ်ပွင့်' ရွေးချယ်ပွဲမှ ရုပ်ပုံများပါလာသည်။ မာလာရီသည် သတင်းစာကို ည့်လိုက်သည်။ မြင့်မြင့်ဌေးပုံကြီးမှာ ထင်းနေသည်။ သူ့ပုံမှာ ခပ်သေး ထောင့်ကြားထဲ၌ ကပ်နေသည်။

သတင်းစာမျက်နှာဖုံးစာရွက်ကိုကြည့်လျက် မျက်ရည်လည်လည် သတင်းစာယူလာပြသော ဂီတာစောကြည်ကို ဝမ်းနည်းပန်းနည်း ပြောလိုက်သည်။

"ဇာတ်သဘင်ပညာကို အထင်သေးလိုက်ကြတာ ကိုစောကြည် ယ် . . . ဇာတ်မင်းသမီးဖြစ်ခဲ့လို့ အမှတ်လျှော့သတဲ့၊ ဇာတ်ထဲပဲ ပြန်က, ကောင်းပါလိမ့်မယ်"

ဂီတာကိုစောကြည်က နှစ်သိမ့်စကား ပြန်ပြောသည်။

www.burmeseclassic.com



"ကိုယ့်အထုပ်ကြီးကို သူတို့ ဖြေကြပါစေဦးဗျာ။ ဒီအထုပ်ကြီး ဘယ်နေရာမှာပဲ ချထားချထား တစ်နေ့ ဖြေပြတဲ့အခါကျတော့ အထုပ် ထဲ ဘာတွေ ဘယ်လောက်ရှိတယ်ဆိုတာ ပေါ်လာမှာပေါ့"

ပြဇာတ်ထဲ ဝင်ဝင်ချင်း မာလာရီသည် ဒါရိုက်တာဦးသုခ၏ 'ဩော် . . . မိန်းမ' ပြဇာတ်တွင် မိန်းမလည်အခန်းမှ ပါဝင်က,ရသည်။

ကာဒွေးရုံမှ အရွေးခံရသော မင်းသမီးအဖြစ် မာလာရီကို 'ကြည် ကြည်ဒွေး' ဟု အမည်ပေးလိုက်ကြသည်။

ဇာတ်သဘင်မှ ပြဇာတ်ထဲအဝင် ဇာတ်မင်းသမီး မာလာ အမည်ပျောက်၍ ပြဇာတ်မင်းသမီး ကြည်ကြည်ဒွေးဘဝသို့ ရောက်လာ ပြန်သည်။

"ဩော် . . . မိန်းမ ပြဇာတ် ရုံတင်သောည၌ အိမ်မှ ရင် တင်လုံးတွေပေါ်အောင် အဝတ်တွေကိုခု ထပ်ဝတ်လာသည်။ တင် ထူဖောင်းနေကာ ကြည့်မကောင်းအောင် ဖြစ်သည်။

စိန်ဝေလျှံသည် ဇာတ်ခုံပေါ်သို့ တက်လာသည်။

"ဒီမှာ ကြည်ကြည်ဒွေးကို တစ်ခုပြောချင်တယ် . . . စိတ် နဲ့နော်"

"ပြောပါရှင် . . . ပြောပါ"

"ခင်ဗျား အောက်ကခံဝတ်လာတာကြီးက ထူလွန်းတယ် ကြည့်မကောင်းဘူး . . . 'နယ်ချရယ်'ဖြစ်မှ ကောင်းတယ်"

ကြည်ကြည်ဒွေးသည် 'နယ်ချရယ်' ဆိုတာ ဘာပြောတာပါလိမ့် ဇာတ်က,ရင်း အတောမသတ် တွေးနေသည်။

'နယ်ချရယ်' စာလုံးကို မမေ့နိုင်အောင် စိတ်ထဲ၌ ခဏခဏ ရွတ် လျက် မှတ်မိအောင်လုပ်သည်။





ပြဇာတ်မင်းသမီးဖြစ်မှ နာမည်ကျော် ပြဇာတ်မင်းသမီးကြီးများ ကို အရိုအသေပေးကာ အောက်ကျနောက်ကျ ပေါင်းရသည်။ တင်တင်မူ ကို ရဲရဲတင်းတင်း မကြည့်ဝံ့၍ အလစ်ခိုးကြည့်ရသည်။ မင်းသမီးများ ပန်ထားကြသော ပန်းကို နှစ်သက်လွန်း၍ အောက်ကြို့တိုးလျှိုးလျက် မမေးဝံ့ဝံ့ မေးကြည့်ရသည်။

"အစ်မရယ် . . . အစ်မ ပန်းကလေးက လှလိုက်တာနော် . . ဘယ်ကဝယ်ပါသလဲရှင် . . . "

" ဗိုလ်ချုပ်ဈေး က အေ့ . . . တစ်ပွင့်ငါးကျပ်ပေးရတယ်"

ဗိုလ်ချုပ်ဈေး၊ သိမ်ကြီးဈေးသို့ တစ်ခေါက်မှ မရောက်ဖူးသဖြင့် နာမည်ကြီးမင်းသမီးများထံတွင် ပန်းတစ်ပွင့် ငါးကျပ်ပေး၍ ပန်ထွက် က,ရသည်။ မင်းသမီးကြီးများဝတ်သော ဘရိုကိတ်ထဘီ တစ်ပတ်နွမ်း အကျများကို ဝယ်ဝတ်က,ရသည်။

'ဩော်မိန်းမ' ပြဇာတ်ကပြီး ဒါရိုက်တာဦးသုခ၏ 'ချစ်ကုမ္ပဏီ' ပြဇာတ်၌ မင်းသားသစ် မြင့်လွင်နှင့် ပွဲဦးထွက် တွဲဖက်က,ရသည်။

ဒါရိုက်တာ ဦးသုခသည် ကြည်ကြည်ဒွေး၏ ခြေကိုမြင်ပြီးဖြစ် သဖြင့် သတိပေးထားသည်။

"ညည်းက ကောလိပ်မရောက်သေးဘူး၊ ဘိအေ မဖြေစမ်းနဲ့၊ အသာ ချိုထားစမ်း။ မတတ်ချင်ယောင် ဆောင်နေဦး"

'ချစ်ကုမ္ပဏီ' ကြည်ကြည်ဒွေး စွံသွားပြီဟု သတင်းစာများက ဝေဖန်ချက် ရေးသားကြသည်။

'ချစ်ကုမ္ပဏီ'၊ 'ညောင်ရေသဘင်' ပြဇာတ်များ က,ပြီး ဒါရိုက် တာ ကိုချစ်မောင်၏ 'ရွှေရည်လူး' ပြဇာတ် က,ပြသည်။

ဒါရိုက်တာ ကိုချစ်မောင်သည် ပြဇာတ်မင်းသား ကိုမျိုးချစ်ကို

www.burmeseclassic.com



ကြည်ကြည်ဒွေးနှင့် တွဲက,စေချင်သည်။ သို့ရာတွင် ဒါရိုက်တာက မင်းသားကို မပြောရဲပေ။ ကြည်ကြည်ဒွေးကို ဇာတ်မင်းသမီးဟု ဘယ်မင်းသားကမှ မတွဲချင်ကြပေ။

မင်းသား ကိုမျိုးချစ်သည် မင်းသမီး မေမြင့်နှင့်တွဲလျက် မင်းသမီး ခင်အုန်းမြင့်က မင်းသား ကျော်အေးနှင့် တွဲက,သည်။ ကြည်ကြည်ဒွေးမှာ ထောသူမလေးလုပ်ရသည်။ မင်းသမီးများမလုပ်ချင်သောအခန်း၌ ကြည်ကြည်ဒွေးကို ထားလိုက်သည်။

ကြည်ကြည်ဒွေးလည်း သူ့အကြိုက်နှင့်တွေ့သွားသည်။

ပြဇာတ်မင်းသမီးရှာရန် တောရောက်လာကြသော မင်းသမီး ခင်အုန်းမြင့်တို့နှင့် တောသူလေး 'ရွှေကြည်'တို့ တွေ့ဆုံခန်းသည့် ပရိသတ် ပါးစပ်ပိတ်မနေရအောင်ဖြစ်သည်။ ပြဇာတ်တစ်ဇာတ်လုံးကို ကြည်ကြည်ဒွေးက ကိုင်လှုပ်ပြသည်။ ကြည်ကြည်ဒွေးသည် ပြဇာတ်ထဲတွင် သူ အလိုရှိသော ကွေ့တစ်ကွေ့ဝင်လာပြီဟု ပညာကုန်ကြဲပြသည်။

တောသူမနေရာကနေ၍ ပြဇာတ်နယ်ပယ်တစ်ခုလုံးကို သရုပ်ပေါ်အောင် ဖော်ထုတ်ပြတတ်သည်။ ဒါရိုက်တာကို တောသူမလေး ရွှေကြည်က 'တာရိုက်တာ' ခေါ်၍ သရုပ်သကန်ပီပြင်အောင် ပျက်ပြသည်။

ဒါရိုက်တာ ကိုချစ်မောင်မှာ ပြဇာတ်ထဲ၌ ကြည်ကြည်ဒွေး၏ မောင် လုပ်သည်။ တောသူမောင်နှမ၊ တစ်ယောက်နှင့်တစ်ယောက် အပေးအယူ ပျက်လုံးပို့ကာ ပျက်လိုက်ကြသည်မှာ ပရိသတ် ပါးစပ်ပိတ် ရသည်မရှိ။ ပရိသတ်တို့၏ ဝေါခနဲ ဝေါခနဲ ရယ်သံတို့သည် ရုံကွဲမတတ် လျှံထွက်နေသည်။

'ရွှေရည်လူး' ပြဇာတ်ထဲ၌ ထွင်ခဲ့သော တောသူမလေး ရွှေကြည်





နာမည်သည် ဗိုလ်အောင်သိန်းမှအစ သူနှင့် ရင်းနှီးသောသူမှန်သမျှ အားလုံးကပင် သူ့ကို ကြည်ကြည်ဒွေးမခေါ်ကြဘဲ 'ရွှေကြည်' ခေါ်ကြသည်အထိ ဘဝတစ်လျှောက် ရွှေကြည်နာမည် တဆက်တည်း တည်မြဲသွားသည်။

'ရွှေရည်လူး' ပြဇာတ် က,နေစဉ် ပြဇာတ်မင်းသမီး ကြည်ကြည်ဒွေး၏သတင်းသည် အလွန်ကျော်ကြားလာကာ တစ်ဟုန်ထိုး ထိပ်ဖိုင်းအဆင့်သို့ ထိုးတက်သွားသည်။

ကြည်ကြည်ဒွေး ပြဇာတ်သွားကတိုင်း ဗိုလ်အောင်သိန်းက အမြဲလိုက်သည်။ ပြဇာတ်အပြီး ညသန်းခေါင်ယံမှ အိမ်သို့ ပြန်ရောက်ကြသည်။ ကြည်ကြည်ဒွေးကို အိမ်ပြန်ပို့ပေးပြီး အိမ်မှ ဗိုလ်အောင်သိန်း ပြန်ထွက်သွားသည်။ လင်းအားကြီးလောက်မှ အိမ်သို့ ပြန်ရောက်လာတတ်သည်။

ကြည်ကြည်ဒွေးသည် ပြဇာတ်က,နေခိုက်သာလျှင် သူ့ဘဝကို မေ့၍ထားနိုင်သည်။ အိမ်ပြန်ရောက်တိုင်း ခင်ပွန်းသည်အတွက် စိတ်ဆင်းရဲရသည်မှာ တစ်ညလည်းမဟုတ်၊ ညစဉ်ညတိုင်းလို ဖြစ်သည်။

တစ်ည ပြဇာတ်ကပြီး ဗိုလ်အောင်သိန်းကို မော်မောဖြင့် ထိုင်စောင့်နေသည်။

ခေါင်းရင်းခန်း၌အိပ်နေသောအမေ့က အသံပြုသည်။

"သမီး အိပ်တော့ . . . အိပ်လေ"

ကြည်ကြည်ဒွေးသည် မအိပ်နိုင်။ စိတ်ဆင်းရဲလွန်း၍ အမေ မကြားအောင် ကျိတ်ငိုနေသည်။

"ငါ့ဘဝဟာ ဘာကောင်းတဲ့ဘဝလဲ . . . သေနတ်ကြီးတကား ကားနဲ့ ငါ့ကို မရရအောင်လည်း ယူခဲ့သေးတယ်။ ရပြန်တော့လည်း ဂရု

www.burmeseclassic.com



မစိုက်ဘူး၊ သူထားသလို နေရတဲ့ဘဝ . . . မြဖာတ်က တစ်နေ့နှစ်ပွဲ ရသမျှပိုက်ဆံ မြင်းလောင်း၊ ဖဲရိုက်နဲ့ . . . သူ မြင်းလောင်းဖို့ သူ ဖဲရိုက်ဖို့ ပင်ပန်းခံပြီး ရှာပေးနေရတဲ့ဘဝ . . .”

ကြည်ကြည်ဌေးသည် ဗိုလ်အောင်သိန်းကို စိတ်နာနာဖြင့် တွေးတွေးပြီး ကျလိုက်သည့်မျက်ရည်တွေမှာ သုတ်၍ပင်မနိုင်။ ခံပြင်းလှ၍ အိပ်မရတိုင်း အခန်းထဲမှ တဂျောက်ဂျောက် အသံထွက်နေသည်။

“သမီး အိပ်တော့လေ၊ ဘာဖြစ်လို့ မအိပ်သေးသလဲ”

“မအိပ်ချင်သေးလို့ပါ အမေ”

“အိပ်ပါတော့ သမီးရယ် . . .”

ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သည့် အချိန်၌ ဗိုလ်အောင်သိန်း ပြန်ရောက်လာသည်။ အခန်းထဲသို့ ဝင်လာလာချင်း “မအိပ်သေးဘူးလား” စမေးသည်။

“အိပ်နိုင်ပါ့မလား . . . ရှင် . . . ရှင်စကားပြောတာ စဉ်းစဉ်းစားစား စကားပြောပါ”

ကြည်ကြည်ဌေးက ငိုသံပါပါနှင့် ပြန်ပြောသည်။

“ဘယ်သူနဲ့များ ချိန်းထားလို့ မအိပ်နိုင်ရတာလဲ”

ဗိုလ်အောင်သိန်းက ရန်စကား စလာသည်။

“ရှင် ဘာစကားပြောတာလဲ . . . ဘယ်သူနဲ့ ချိန်းရအောင် ကျွန်မမှာ ဘယ်သူရှိလို့လဲ၊ ရှင်နဲ့တောင် ဘဝက ကုသိုလ်ဆိုးလွန်းလို့ လာတွေ့ရတဲ့ဥစ္စာ”

ကြည်ကြည်ဌေး ပြော၍မဆုံးခင် ဗိုလ်အောင်သိန်းက ကြည်ကြည်ဌေး၏ပါးကို ဘယ်ပြန်ညာပြန် ချလိုက်သည်။

“ရိုက်ပါ . . . ရိုက်ပါ၊ ရှင့်ခါးက ခြောက်လုံးပြူးနဲ့ အသေ





လိုက်ရင် သာတောင် ကျေးဇူးတင်ဦးမယ်။ သေသွားရင် ရှင်နဲ့နေရတဲ့ ဒုက္ခကြီးက ကျွတ်လွတ်ချမ်းသာသွားမယ်”

ထိုသို့ ပြန်လှန်ပြောနေစဉ် အခန်းထဲသို့ အမေရောက်လာသည်။

“သယ် . . . အိပ်တော့လို့ ငါပြောနေတယ် မအိပ်ဘူး။ ငါ အိပ်ခိုင်းတာကို မအိပ်ဘူး။ အချိန်မရှိ အချိန်ရှိ ဘာကျယ်ကျယ် ကျယ်ကျယ်နဲ့ . . . အရှက်မရှိဘူးလားတင်၊ ငါဖြင့် ရှက်ပါဘိတော့။ ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့၊ ဟဲ့ . . . ကိုယ့်ဘဝ ကိုယ်သိရက်နဲ့ မှတ်ကိုမမှတ်ဘူး”

အမေက သူစီးသော ပိန်းတန်းဖိနပ်ကလေးကို ဆွဲကိုင်၍ ကြည်ကြည်ဌေးကို ရိုက်လိုက်သည်။ ကြည်ကြည်ဌေးသည် အံ့အားကြီးသင့်သွားသည်။ တစ်ခါမှ မရိုက်ဖူးသော အမေ၊ အမေပြောလိုက်သည့် စကားကြောင့်လည်း အံ့အားကြီးသင့်ခြင်းဖြစ်သည်။

ဗိုလ်အောင်သိန်းသည် အမေ အခန်းထဲသို့ ဝင်လာလာချင်း အိမ်ပြင်သို့ ပြန်ထွက်သွားသည်။

ကြည်ကြည်ဌေးသည် အငိုတိတ်သွားသည်။ အခန်းထဲတွင် တစ်ယောက်တည်း ထိုင်၍ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုသော စကားကို နားမလည်နိုင်အောင် ဖြစ်သည်။ အမေသည် သူ့ဘက်မှနေ၍ ပြောခြင်းလော၊ သို့မဟုတ် ဗိုလ်အောင်သိန်းဘက်ကလော။

အဓိပ္ပါယ်ပေါ်အောင် စဉ်းစားတော့မှ သူ တွေးမိသည်။ သူ့အမေ ဝင်မလာလျှင် ရန်ပွဲမှာ တော်တော်နှင့်စဲမည်မဟုတ်မှန်း သူ တွေးမိသည်။ သူလည်း ပိုနာလိမ့်မည်ကို တွေးမိသည်။

သမီးလေးလည်း မနာအောင်၊ ယောကျ်ားတို့၏ သဘာဝကိုလည်း သိလေအောင် ဖော်ပြချင်သောဆန္ဒနှင့် မဝင်စဖူး အခန်းထဲသို့ ဝင်လာ

www.burmeseclassic.com



ခြင်းဟု အမိပွါယ် ဆက်တွေးကြည့်သည်။

"ယောကျ်ားကို မမက်မောနှင့် ကိုယ်ထားတဲ့မေတ္တာကို ပါးရိုက်ပြီး တုန့်ပြန်ပြီမဟုတ်လား။ ယောကျ်ားမှန်ရင် ဘုရား၊ ရဟန္တာကလွဲရင် ယောကျ်ားတိုင်း ယောကျ်ားတိုင်း ဘုရားအလောင်းချည်း မဟုတ်ဘူး" လို့ အမေက သူ့အားပြောသွားဘိသကဲ့သို့ အမိပွါယ်ပေါ်လာကာ စိတ်ထိခိုက်သွားသည်။

သမီးလေး စိတ်ပြေသောအခါတွင် အမေက ပြောသည်။

"သမီး . . . ဘီလူးမှာ အစွယ်လေးချောင်းရှိတယ်။ သမီးယောကျ်ားက အစွယ်ရှစ်ချောင်းရှိတယ်။ အမေ မသေခင် အမေက ခြောက်ချောင်းနုတ်ခဲ့မယ် . . . သမီးက နှစ်ချောင်းနုတ်ပေတော့"

ကြည်ကြည်ဌေးသည် အမေပြောသော ဤစကားကို အသည်းစွဲအောင် မှတ်သားထားသည်။

ပြဇာတ် ဇာတ်ထုပ် အသစ်ဝင်တိုင်း ဗိုလ်အောင်သိန်းသည် လက်မှတ်များများ ဝယ်တတ်သည်။

"ကိုရွှေသိန်း . . . လက်မှတ်တွေ ဝယ်တာက များလှချည်လား၊ ဘယ်သူ့အတွက်လဲ"

ကြည်ကြည်ဌေးက သိချင်၍ မေးကြည့်သည်။

"ဟို . . . မင်းအစ်မ (ပထမဇနီးကို ဆိုလိုသည်) သူ့ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းအတွက်ပေါ့"

ဗိုလ်အောင်သိန်း ဝယ်ယူသောလက်မှတ်များမှာ သူ့ဇနီး၏ ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းများအတွက် မဟုတ်ပေ။ သူ့ဇနီးအပြင် ဒုတိယဇနီးနှင့် သားသမီးတို့အတွက် ဖြစ်သည်။

ဗိုလ်အောင်သိန်း၏ ပထမဇနီးသည် ကြည်ကြည်ဌေးနှင့် သင့်





မြတ်သော်လည်း ဒုတိယဇနီးကို မကျေနပ်တိုင်း လင်မယားချင်း ရန်တကျက်ကျက်ဖြစ်ကြသည်။

တစ်နေ့တွင် လင်မယား ရန်ဖြစ်ကြသည်။ ဗိုလ်အောင်သိန်းက မျက်နှာကို ပိတ်ရိုက်လိုက်သဖြင့် နားထဲ၌ ပန်ထားသော စိန်နားကပ်ကလေး လွင့်စဉ်သွားသည်။ ထို့ကြောင့် သည်းမခံနိုင်၍ ကြည်ကြည်ဌေး၏ အမေရှိရာအိမ်သို့ သူ့အိမ်မှ ဆင်းပြေးလာသည်။

"အမေ့မရယ် . . . သမီး အမေနဲ့အတူတူ နေပါရစေတော့၊ ကိုရွှေသိန်းမယားအဖြစ်နဲ့ မနေပါဘူး။ အမေ့သမီးအဖြစ်နဲ့ သမီးတို့သားအမိ အမေနဲ့အတူတူ လာနေပါရစေ။ သမီးကို အင်မတန်ရန်ရှာပါတယ်။ သမီး သူနဲ့တစ်အိမ်တည်းနေလို့ မဖြစ်တော့ပါဘူး အမေရယ် . . ."

ဗိုလ်အောင်သိန်း၏ဇနီးက ဖွင့်ပြောမှ ဗိုလ်အောင်သိန်းတွင် နောက်ထပ်အိမ်ထောင်နှင့် သားသမီးများရှိသေးကြောင်း ကြည်ကြည်ဌေးတို့သားအမိ သိကြရသည်။ အမေသည် သမီးချင်း စာနာကာ ပထမဇနီးကို သနားသွားသည်။

"လာခဲ့ . . . ပြောင်းလာခဲ့၊ အမေနဲ့ပဲ အတူတူလာနေကြပေတော့"

ပထမဇနီးနှင့် သားကလေးသည် ကြည်ကြည်ဌေးတို့အိမ်သို့ ပြောင်းရွှေ့လာကာ အတူတူလာနေကြသည်။ မသိသူများကမေးလျှင် အမေက သူ့သမီးအကြီးဟု ပြောတတ်သည်။ ကြည်ကြည်ဌေး ပြဇာတ်သွားက,နေလျှင် အမေ၏ ဝေယျာဝစ္စ၊ အိမ်၏ ဝေယျာဝစ္စ အားလုံးကို သမီးကြီးက စိတ်ထားကြည်ဖြူစွာဖြင့် လုပ်ကိုင်ပေးသည်။

သားကလေး 'အပါ'သည် သူ့အမေရင်းထက် ကြည်ကြည်ဌေးကို ပို၍ တွယ်တာခင်မင်သည်။ ပြဇာတ်သွားက,ရန် ဝတ်စားဆင်ပြင်နေ

www.burmeseclassic.com



လျှင် ဘေးမှထိုင်၍ စောင့်ကြည့်နေတတ်သည်။

သူ့အမေရင်းကို 'အစ်မ' ခေါ်ကာ ကြည်ကြည်ဌေးကို 'အမေ' ဟု ခေါ်သည်။ ကြည်ကြည်ဌေးအတွက် ကူညီလုပ်ကိုင်ပေးတတ်သည်။ ကျောင်းအားသည့်နေ့များတွင် ကြည်ကြည်ဌေးနှင့်အတူ လိုက်သွားသည်။ အမေ့နားတွင်ထိုင်၍ ပစ္စည်းများကို စောင့်ကြည့်ထိန်းသိမ်းပေးသည်။

သမီးလေး လှလှဝင်းမှာ အဝေးရှိ အစ်မကြီးများက သမီးအဖြစ် မွေးစားထားခြင်းကြောင့် သမီးရင်းအစား အလိုက်သိလိမ္မာသော သားကလေး 'အပါ'ကို တစ်နေ့တခြား သံယောဇဉ် တွယ်တာလာသည်။ သားအရင်းနှင့်မခြား "ဒါ . . . ငါ့သား" ဟု စိတ်ထဲ၌ အပြီး သားစာရင်းသွင်းထားသည်။

'ရွှေရည်လူး'ပြဇာတ်က,အပြီး 'ဂီတလုလင်' ပြဇာတ် ဆက်က,သည်။

'ဂီတလုလင်' ပြဇာတ်ထဲ၌ ယခင်က သူ ပွဲကြည့်ခဲ့ဖူးသော ဇာတ်ကြောင်းကို မောင်ဖြစ်သူအား ပြန်ပြောပြခြင်းဖြင့် ဇာတ်လမ်းကို သရုပ်ဖော်ထားသော ပြဇာတ်ဖြစ်သည်။ ကြည်ကြည်ဌေးသည် ဇာတ်သဘင်ဆိုင်ရာ ပညာကို ထုတ်ဖော်ပြခွင့်ကြုံသဖြင့် ပိုင်နိုင်စွာသရုပ်ဆောင်ကာ ထုတ်ဖော်ပြသည်။

'ဂီတလုလင်' ပြဇာတ်က,နေစဉ် ကြည်ကြည်ဌေးကို '၅၂ ခုနှစ် ပြဇာတ်ဘုရင်မ' 'တန်းကုန်မင်းသမီး'ဟူ၍ သတင်းစာကြီးများက ချီးကျူး ရေးသားကြသည်။

ဇာတ်မင်းသမီးဖြစ်ခဲ့သောကြောင့် သူ့ကို ဝိုင်း၍ အထင်သေးကြကာ အဖက်မတန်သဖို့လို့ ဆက်ဆံနေကြသည့်ကြားထဲမှ 'ပြဇာတ်ဘုရင်မ' 'တန်းကုန်မင်းသမီး' ဘွဲ့ထူးရရှိသော အောင်မြင်မှုကို ပီတိဖြစ်





မိသည်။

ကြည်ကြည်ဌေးသည် ပြဇာတ်ထဲရောက်စက ဦးကြွယ်နီက 'ကြည့်သာစခန်းသွားပေတော့' ဟု တိုးတိုးကြိတ်၍ အမှာအကြားရှိသည့်အတိုင်း ဇာတ်သဘင်နှင့် တစ်ဘာသာခွဲ၍ ကြည့်စခန်းသွားရသည်။

ဇာတ်က,စဉ်ကလို အားသွန်ခွန်စိုက် မပြုရှုန်ရဘဲ ပြဇာတ်၌မူ ပြဇာတ်ဒါရိုက်တာနှင့် နောက်မှ ဖက်သတ်ရသတ်ရ ကိုယ်လုပ်နိုင်လျှင် လုပ်နိုင်သလောက် တက်သွားနိုင်ခြင်းအသိကြောင့် ပြဇာတ်အထာကြည့်၍ အသာ ကြည့်စခန်းသွားခဲ့ခြင်းဖြစ်သည်။

'နှစ်ဆင့်မေတ္တာ' ပြဇာတ်၌ အရူးမအခန်းကို က,ခဲ့ရသည်။ ဇာတ်ခုံပေါ်၌ ရှုပ်ရှုပ်ချွံချွံ မရှက်မကြောက် ရူးပြသည်။

မလုံ့တလုံ စုတ်ပြတ်နေသော အဝတ်အစားနှင့် ရုပ်ပျက်ဆင်းပျက် ရူးပြသည်။ ပွဲကြည့်ပရိသတ်က သူ့ကို မကြည့်ဝံ့လျှင် ထပြန်ရုံပင်ရှိသည်။ သူလုပ်ရသောအလုပ်ကို အလုပ်နှင့်တူအောင် လုပ်ပြလိုက်ခြင်းဖြစ်သည်။

'စံပြမယား' ပြဇာတ်တွင် ကြည်ကြည်ဌေး၏ လွမ်းခန်းကို ပရိသတ် အသည်းခိုက်ကြသည်။ ကာယဗလ ဦးရှိန်သည် ကြည်ကြည်ဌေး၏အလွမ်းကို ငေးကြည့်နေစဉ် သူ့ပါးစပ်မှ ဆေးပြင်းလိပ် ပြုတ်ကျကာ သူ့လုံချည် ကွမ်းသီးလုံးခန့် မီးပေါက်သွားမှ မီးလောင်မှန်းသိတော့သည်။

"ကြည်ကြည်ဌေး အလွမ်းကောင်းလိုက်တာဗျာ . . . ပုဆိုးမီးလောင်သွားတယ် . . . ဆေးပေါ့လိပ်များဆိုရင် ရုံပါလောင်တယ်"

ဦးရှိန်သည် ပွဲကြည့်ပြီး ရုံဝ၌ ဒါရိုက်တာကို ရယ်ပြောသွားသည်။

'စံပြမယား'ပြဇာတ်ကနေခိုက် တစ်ညသ၌ မမျှော်လင့်ဘဲ အခက်အခဲတစ်ခုကို ကျော်နင်းခဲ့ရသည်။ ဇာတ်ကွက်ထဲ၌ သူလွမ်းပြနေရမည်

www.burmeseclassic.com



အခန်းတွင် သူလွမ်းနေခိုက် မင်းသားက ကားနောက်မှ ထွက်လာရမည်။

မင်းသားသည် ကားနောက်မှ တော်တော်နှင့်ထွက်မလာ။ မင်း[illegible] သား ထွက်မလာမချင်း ကြည်ကြည်ဌေးသည် ထပ်တလဲလဲ လွမ်းဖြ[illegible] သည်။

ဇာတ်ခုံပေါ်၌ မင်းသားအထွက် နောက်ကျ၍ အခက်ကြုံ[illegible] သော မယားကို မြင်သဖြင့် ဗိုလ်အောင်သိန်းသည် ဇာတ်ခုံပေါ်သို့ အပြေး[illegible] တက်သွားသည်။

"ရွှေကြည် လွမ်းနေပြီ . . . ခင်ဗျားထွက်တော့လေ"

လူတစ်ယောက်နှင့်စကားပြောနေသောမင်းသားက . . .

"ဒီမှာ စကားပြောနေလို့ဗျ" ဟု ဗိုလ်အောင်သိန်းကို လှမ်းပြော[illegible] လိုက်သည်။

ကြည်ကြည်ဌေးမှာ မင်းသားထွက်မလာ၍ စိတ်အိုက်လျက် [illegible] ကျော့သုံးကျော့ လွမ်းရပြီးမှ မင်းသားထွက်လာသည်။

ဗိုလ်အောင်သိန်းသည် ကားလိပ်နောက်သို့ ဝင်လာသော ကြည်[illegible] ကြည်ဌေးကို ဝင်းဝင်းတောက်နေသောမျက်လုံးဖြင့် တိုးတိုးကပ်ပြော[illegible] လိုက်သည်။

"ရွှေကြည် . . . ဇာတ်သိမ်းမှာ ကိုယ့်ကိုကိုယ် သတ်ပြီးရင် ဇာတ်[illegible] ကြောင်းပြန်ဖော်မပြနဲ့ . . . တစ်ခါတည်း သတ်သေလိုက်၊ ပြော[illegible] ကြားရဲ့လား"

ကြည်ကြည်ဌေး၏ရင်ထဲ၌ အေးခနဲ ဖြစ်သွားသည်။ လင်[illegible] လျှင် မခံချင်တတ်သော ယောကျ်ား၏ စိတ်ဓာတ်ကိုလည်း သိသည်[illegible] ဗိုလ်အောင်သိန်း၏စိတ်ထဲ၌ မင်းသမီးကို မင်းသားသတ်ခြင်းဟု အ[illegible] ရှိသည်။ မင်းသားမထွက်၍ ထပ်တလဲလဲ လွမ်းနေရခြင်းကို ကြည်[illegible]





အောင် ဒေါသထွက်လာခြင်းဖြစ်သည်။

ဗိုလ်အောင်သိန်းပြောသလို ဇာတ်ကြောင်းမပြန်ဘဲ သူ သေလိုက်လျှင် ဇာတ်ကို ထိခိုက်တော့မည်။

ကြည်ကြည်ဌေးသည် ကားလိပ်ရှေ့သို့ ပြန်မထွက်ခင် အသက်ရှူကြပ်နေသည်။ ဇာတ်အနာခံလိုက်မလား . . . လင်သားစိတ်ကြိုက်လိုက်မလား။ တစ်ခုခုကို လုပ်ရတော့မည်။ ဇာတ်သိမ်းခါနီးမှ လာကြုံရသော အခက်အခဲကြီးကို ရင်ဆိုင်ရန် သွေးအေးအေးထား၍ စွန့်စားသည်။

ဇာတ်သိမ်းခန်း၌ သူ့ခင်ပွန်းပြောသည့်အတိုင်း မလုပ်ပေ။ ဇာတ်ထုပ်ဇာတ်လမ်းအရှိအတိုင်း ကိုယ့်ကိုကိုယ် သတ်ကာ ဇာတ်ကြောင်းဖော်ပြပြီးမှ သေလိုက်သည်။

ကြည်ကြည်ဌေး ကားလိပ်နောက်သို့ ဝင်လာသောအခါ သူ့မယားသူမှာတာ မလုပ်သည့်အတွက် ဗိုလ်အောင်သိန်းသည် ဒေါသထွက်သဖြင့် ပါးပိတ်ရိုက်လိုက်သည်။ ကြည်ကြည်ဌေးကို တဖြန်းဖြန်းရိုက်နေသဖြင့် ဇာတ်ခုံနောက်၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ဒါရိုက်တာ ကိုချစ်မောင်က . . .

"သူငယ်ချင်းရ . . . ဗိုလ်အောင်သိန်းရ မရိုက်ပါနဲ့ကွာ" အတင်းဝင်ဆွဲသည်။

လူပေါင်းစုံရှေ့၌ အရိုက်ခံနေရသည့်အတွက် ကြည်ကြည်ဌေးသည် ရှက်ရန်ကိုလည်း သတိမရ။ သူခိုင်းတာကို မလုပ်လျှင် စိတ်ဆိုးမည်ကို တွေးပြီသား၊ တွက်ထားပြီးသားဖြစ်သည်။ သူ့ကို ရိုက်ချင်ရိုက်သတ်ချင်သတ် ဇာတ်လမ်းဇာတ်ကွက်ကို အနာမခံဘဲ သူ၏အကြပ်အတည်းကို အရိုက်ခံပြီး ဖြေရှင်းလိုက်သည်။

www.burmeseclassic.com



ဇာတ်ကွက်ကို အနုမခံဘဲ သူ့အသားသာ အနုခံခြင်းဖြစ်သည်။

ကြည်ကြည်ဌေး က,ပြခဲ့သော ပြဇာတ်များမှာ 'နှစ်ဆင့်မေတ္တာ'၊ 'စံပြမယား'၊ 'ရွှေမိုးငွေမိုး'၊ 'သမုဒယ'၊ 'ချစ်အမြုတေ'၊ 'ရွှေရည်လူး'၊ 'ဂီတလုလင်'၊ 'ချစ်ကုမ္ပဏီ'၊ 'ညောင်ရေသဘင်'၊ 'မြေပဒေသာ' စသည်ဖြင့် ပြဇာတ် ဇာတ်ထုပ်ပေါင်း ၂၀ ခန့် က,ပြခဲ့သည်။

ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်က . . .

"ဇာတ်ကို ကွဲတာတို့ သေတာတို့နဲ့ ဇာတ်သိမ်းမယ်ဆိုရင် ပရိသတ်က လက်မခံဘူး၊ မကြိုက်ဘူး။ ကြည်ကြည်ဌေးနဲ့ကျတော့မှဘဲ ဇာတ်သိမ်းမှာ ကွဲတာ၊ သေတာကို ပရိသတ်က လက်ခံတယ်၊ လူဝင်တယ်" ဟု ထုတ်ဖော်ပြောသည်။

ကြည်ကြည်ဌေးသည် ပြဇာတ်တစ်ည က,လျှင် ငါးဆယ်ရသည်။ တစ်နေ့ နှစ်ပွဲက,လျှင် တစ်ရာရသည်။ ပြဇာတ်မှရရှိသောငွေများကို ကြည်ကြည်ဌေးမကိုင်။ ဗိုလ်အောင်သိန်းက သိမ်းသည်။

ငါးနှစ်သမီးအရွယ်ကစ၍ ပြဇာတ်ခုံပေါ်သို့ ကြည်ကြည်ဌေးဘဝသို့ ရောက်လာသည့်နေ့အထိ ရသမျှပိုက်ဆံ ကိုင်ခဲ့ခြင်းလည်းမရှိ။ တို့ဖူးခြင်းလည်းမရှိ။ ငွေလည်း ကိုင်၍ သုံးစွဲရန် သူ့ဘဝမှာ အိမ်ရှင်မလည်း မဟုတ်။ နောက်နောက်က ရရှိခဲ့သောငွေများကို အမေကသိမ်းသည်။ ထို့နောက် ယောက္ခမက သိမ်းသည်။ ယခုလည်း ဗိုလ်အောင်သိန်းက သိမ်းသည်။

ပြဇာတ်အပြီး အိမ်သို့ပြန်ရောက်လျှင် အိမ်၌ အိမ်ရှင်မအပြီး ရှိပြီး ဖြစ်သည်။ ဗိုလ်အောင်သိန်း၏ဇနီးက အိမ်တွင် ချက်ပြုတ်လုပ်ကိုင်၍ ဗိုလ်အောင်သိန်းပေးသော ငွေနှင့် လောက်ငအောင်သုံးစွဲရသည်။

ကြည်ကြည်ဌေးသည် အိမ်ရှင်မတို့ တတ်ကျွမ်းရမည့် အချက်





အပြုတ် မီးဖိုလုပ်ငန်းပညာကို မတတ်ကျွမ်းခဲ့။ မလုပ်ဖူးခဲ့။ သူများ ခူးခပ်ကျွေးသမျှ စားခဲ့သည်။

အစားအသောက်၌ ခုံမင်ခြင်းလည်း မရှိ။ သူ အလိုရှိသည်မှာ ငါးပိရည်ကောင်းကောင်းနှင့် တို့စရာကောင်းကောင်းသာလျှင် သူ စားသောအစာဖြစ်သည်။ ဤအစာမျိုးသာ စားတတ်သည်။ ဖွယ်ဖွယ်ရာရာ အစားကောင်းအသောက်ကောင်းကို ငါးပိရည်တို့စရာလောက် မမက်မောပေ။

ရန်ကုန်၌နေ၍လည်း ရန်ကုန်အကြောင်း လုံးဝမသိ။ ဗိုလ်ချုပ်ဈေး၊ သိမ်ကြီးဈေးလည်း မမြင်ဖူး၊ မရောက်ဖူး။ မိုးလင်းလျှင် အိပ်ရာထ၊ ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီး အဝတ်အစားလဲကာ အိမ်ရှင်မ ပြင်ပေးသော ထမင်းချိုင့်ကို ကိုင်လျက် ဗိုလ်အောင်သိန်း အစောင့်အရှောက်ဖြင့် ကာဌေးရုံသို့ ဇာတ်တိုက်သွားရသည်။ ညဘက် ဗိုလ်အောင်သိန်း အစောင့်အရှောက်ဖြင့် ဇာတ်သွားက,ရသည်။ ဇာတ်ကပြီး ဗိုလ်အောင်သိန်းအစောင့်အရှောက်ဖြင့် အိမ်သို့ပြန်ရောက်လာရသည်။

ပြဇာတ်မင်းသမီး ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ပြဇာတ်မင်းသမီးများ ဝတ်ပုံစားပုံကိုကြည့်၍ အတုခိုးရသည်။

ဇာတ်သဘင်တွင် က,ခဲ့စဉ်က ဇာတ်မင်းသမီး ဇာတ်မင်းသားဆိုလျှင် ရွှေသွားစိုက်ကာ လောင်းကွတ်အကျီရှည် ဝတ်နိုင်မှ ဂိုက်ဆိုက်ကျခြင်းကြောင့် ဇာတ်ထဲတွင် ကြည်ကြည်ဌေးသည် ရွှေသွားကွပ်၍ စိန်ကတ္တီပါ လောင်းကွတ်ရှည်ကြီး ဝတ်ခဲ့သည်။

ပြဇာတ်ထဲသို့ ရောက်သောအခါ နိုင်လွန်၊ ဘရိုကိတ်၊ မိတ်ကပ်စသော အသုံးအဆောင် အဝတ်အထည်များကို ကိုယ်တိုင် စိတ်တိုင်းကျ ဝယ်ယူသုံးစွဲ ဝတ်ဆင်ပုံမျိုးမဟုတ်ဘဲ သူ့ယောက်ျားမှ သူများထံမှ တစ်

www.burmeseclassic.com



ဆင့်ဖြင့် ဝတ်ရုံဆင်ရသည်။

အိမ်၌ အားလပ်သော အချိန်ကလေး၌ အမေခိုင်းသည့်အတိုင်း ပုတီးစိပ်ရသည်။ ပုတီးပတ်မပြည့်လျှင် အမေက တဖျစ်တောက်တောက် ပြောမပြီးအောင် ပြောနေတော့သည်။

ဗိုလ်အောင်သိန်းအပေါ်၌ ကိုယ်ရောအသက်ပါ အပ်နှံထားရ သည့်အပြင် ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် မရှိ။ သူ ထိုင်ဆိုထိုင်၊ သူ ထဆိုထ သူ ထားရာနေရခြင်းကြောင့် အိမ်ထောင်ရေးသာယာမှု ပျော်ရွှင်မှု လုံးလုံး မရှိပေ။ သူ့ဘဝ အိမ်ထောင်ရေးမှာ ရေမထွက်သော စမ်းချောင်းတဲ့သို့ တစ်နေ့တခြား ခန်းခြောက်ကာ ပပ်ကြားအက်လာသည်။

သူရှာဖွေရရှိသော ငွေကြေးများမှာ ဗိုလ်အောင်သိန်း ဖဲရိုက်ရန် မြင်းလောင်းရန်၊ မိန်းမပွေရန် တစ်ယောက်တည်း ဒိုင်ခံရှာ၍ ပေးရသ သကဲ့သို့ ခံစားမိလာတိုင်း ကြည်ကြည်ဌေးသည် သူ့ဘဝမှ လွတ်မြောက် ချင်စိတ် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

လွတ်မြောက်ရန် နည်းအမျိုးမျိုး စဉ်းစားကြည့်သည်။ နည်းအမျိုး မျိုးအနက်မှ နည်းတစ်မျိုးသာလျှင် တွေ့ရသည်။ တရားဥပဒေအတိုင်း ကွာရှင်းပေးမည့်သူလည်း မဟုတ်။ သူ့ထံမှ ထွက်ပြေး၍လည်း လွတ်မည် မဟုတ်။ သူ့လက်တွင်းမှ လွတ်ကင်းမည့်နည်းတစ်နည်းမှာ ဘဝ အစတုံးရမည့် နည်းလမ်းဖြစ်ကြောင်း တွေးမိသည်။ ကြည်ကြည်ဌေးသည် တွေးလိုက်တိုင်း မျက်ရည်ပေါက်ပေါက်ကျလာမိသည်။

ပြဇာတ် ဇာတ်ထုပ်တစ်ထုပ်ကို ၁၄ ည က,သည်။ နေ့ဘက်တွင် နောက်အသစ်လဲမည့် ပြဇာတ်အတွက် ၁၄ ရက် ဇာတ်တိုက်ရသည်။

တစ်နေ့တွင် နေ့ဘက် ဇာတ်တိုက်စရာရှိ၍ ဗိုလ်အောင်သိန်း စောင့်နေသည်။ ဗိုလ်အောင်သိန်းက ကိုယ်တိုင် လာမခေါ်ဘဲ ရဲဘော်





ယောင်းကလေးကို ဂျစ်ကားအမောင်းခိုင်းပြီး အခေါ်လွှတ်လိုက်သည်။

ရွှေဒင်္ဂါး ငါးမူးသား၊ ခြောက်ပြားနှင့် ပြုလုပ်ထားသော လက်ပတ် ကြိုးနှင့် နာရီကို ယူခဲ့ရန် မှာလိုက်သည်။ သူရှိမည့်နေရာသို့ သူ့ကိုဝင် ခေါ်ပြီး ရုံသို့ ဇာတ်တိုက်သွားရန်ဖြစ်သည်။

မှာလိုက်သည့်အတိုင်း ကြည်ကြည်ဌေးသည် လက်ပတ်ကြိုးနှင့် နာရီကို လက်ကိုင် ပလတ်စတစ်အိတ်ထဲတွင် ထည့်ယူလာခဲ့သည်။ လမ်း တွင် ရဲဘော်လေးက ဓာတ်ဆီထည့်သဖြင့် ဂျစ်ကားပေါ်မှ ခုန်ဆင်းပေးရ သည်။ ဓာတ်ဆီထည့်အပြီး ဗိုလ်အောင်သိန်းရှိရာသို့ ဝင်ခေါ်ကြသည်။

"ဘယ်မှာလဲ ငါ့ကြိုးနဲ့နာရီ"

ကြည်ကြည်ဌေးသည် ပလတ်စတစ်အိတ်ကို ဆွဲဖွင့်လိုက်သော အခါ အိတ်က အပေါက်ဖြစ်၍ နာရီနှင့်ကြိုး မရှိချေ။

"ဟောတော့ . . . အိတ်ကပေါက်ပြီး ကျသွားပြီ၊ ဓာတ်ဆီထည့် တုန်းက ခုန်ဆင်းလိုက်တဲ့နေရာမှာ ကျသွားသလားမသိဘူး"

ဗိုလ်အောင်သိန်းသည် မျက်မှောင်ကြီးကြုတ်သွားလျက် ကားပေါ် သို့ ခုန်တက်လိုက်သည်။ ဓာတ်ဆီထည့်သောနေရာကို သွားကြည့်ကြ သည်။ ကျမည်ထင်သောနေရာများ၌ ဘယ်နေရာမှ ရှာမတွေ့မှ စလင်း လွှင်းအိမ်ဘက်သို့ ကားပြန်လှည့်လိုက်သည်။

"ကိုင်း . . . အိမ်မှာ ပြန်ကြည့်ဦး"

"အိမ်ပြန်ကြည့်စရာ မလိုပါဘူး။ အိမ်က ယူပြီး အိတ်ထဲထည့်ခဲ့ပြီး ကားပေါ် ယူလာတာပဲဟာ။ အိမ်မှာတော့ မကျပါဘူး"

ကြည်ကြည်ဌေးက အသံပျက်ပျက်ဖြင့် စိတ်မချမ်းသာစွာ ပြန် ပြောသည်။

ဗိုလ်အောင်သိန်းက အိမ်ပြန်မောင်းလာသည်။ အိမ်ရောက်၍

www.burmeseclassic.com



ရှာသောအခါ မတွေ့။

ကြည်ကြည်ဌေး အရိုက်ခံရတော့သည်။

"ညက ဒီနာရီရှိသေးတယ်။ ဘယ်သူ့ကိုပေးလိုက်သလဲ ပြော"

ကြည်ကြည်ဌေးကား တစ်ခွန်းမှ ပြန်မပြောချေ။ အရိုက်သာ ခံနေ တော့သည်။

ကြည်ကြည်ဌေး၏မိခင်သည် ထပ်ခိုးပေါ်မှနေ၍ အရိုက်ခံနေရ သော သမီးကို စိုက်ကြည့်နေသည်။ အသံမပြုဘဲ စိုက်ကြည့်နေသည်။ ဘုရားတန်ဆောင်းထဲ၌ ကြည်ကြည်ဌေးအား အောင်ဝိဇ္ဇာ ရိုက်နှက်နေ ကို ပြန်၍ မြင်ယောင်လာသည်။

ယခုလည်း မျက်စိအောက်၌ ရိုက်နှက်နေခြင်းကို မြင်နေရပြန် သည်။

သမီးလေး နောက်ဘဝက အတွဲ့ရှိလျှင် ဤဘဝ ဤမျှနှင့် တော် စေရန် သမီးလေးအတွက် ရင်ထဲက ဆုတောင်းလျက်ရှိသည်။ ပုတီးစိပ် စိပ်နေသည်။

ဗိုလ်အောင်သိန်းသည် အားရအောင်ရိုက်နှက်ပြီးမှ . . .

"သွား . . . ကားပေါ်တက်" ငေါက်ပြောလိုက်သည်။

ငိုထားသောမျက်နှာနှင့်ပင် ကြည်ကြည်ဌေး ကားပေါ်သို့ ရောက် သွားရသည်။ ဇော်ရုံသို့ ရောက်ကြသောအခါ 'စံပြမယား' ဇာတ်တိုက် စောင့်နေသော ဒါရိုက်တာ ဦးသုခက ဆီးမေးလိုက်သည်။

"ဟဲ့ . . ကောင်မလေး . . . မျက်ရည်တွေနဲ့ နင်ဘယ်လို လာတာလဲ"

"အဖေကြီးရယ် ကျွန်မကြောင့် ကိုရွှေသိန်းနာရီကြီး ပျောက်သွား လို့ အရိုက်ခံခဲ့ရတယ်"





ဒါရိုက်တာဦးသုခသည် မကျေနပ်သော မျက်နှာဖြင့် ဗိုလ်အောင် သိန်းကိုပြောလိုက်သည်။

"ဟေ့ . . . ဖိုးအောင်သိန်း . . . မင်းကွာ . . . ရိုက်ရတယ် လို့ . . . မင်းပျောက်တဲ့ပစ္စည်းက တစ်ထောင်တန်တော့ မပေါ့။ ကောင် မလေးရှာပေးတဲ့ငွေတွေက မနည်းပါဘူးကွာ . . . နောက် ဒါမျိုး ရိုက် လားနှက်လား မလုပ်စမ်းနဲ့"

ကြည်ကြည်ဌေးသည် လတ်တလော ခံစားခဲ့ရသော စိတ်ဒုက္ခ ကြီးကို စိတ်ထဲမှ ဖယ်ရှားပစ်လိုက်သည်။ သူ ကပြရမည့် သူ့အခန်း၊ သူ့ အကွက်ကို စိတ်ထဲ၌သွင်းကာ တစ်နေကုန် ဇာတ်တိုက်ခဲ့သည်။

ထိုညက စလင်းကွင်း ရေတိုင်ကီကြီးအောက်၌ တဲထိုးနေသော ကြည်ကြည်ဌေးတို့နေသော တဲအိမ်ကြီးသည် ထိန်ထိန်သာနေသော လရောင်အောက်၌ ငြိမ်သက်လျက်ရှိသည်။

ကြည်ကြည်ဌေးသည် အိပ်ခန်းထဲ၌ အသံမထွက်အောင် ကျိတ်၍ ငိုသည်။ ဇာတ်တိုက်နေသော အချိန်က ဖယ်ရှားထားခဲ့သော စိတ်ဆင်းရဲ ခြင်းတို့သည် နှလုံးသားထဲသို့ ဝင်ရောက်လာခြင်းကြောင့် ကျိတ်ငိုနေလေ သည်။ သူ့ဘဝ ကြီးလှသည့်ဒုက္ခမှ လွတ်မြောက်ချင်စိတ် ပြင်းထန်လာ သည်။

ဗိုလ်အောင်သိန်းလက်မှ လွတ်မြောက်ရေးအတွက် ရှာဖွေတွေ့ ရှိထားသော နည်းလမ်းအတိုင်း ပြုလုပ်ရန် အိမ်ပြင်သို့ ခြေသံမကြား အောင် ထွက်လာခဲ့သည်။ အိမ်နောက်ဖေးရှိ အဝတ်လှန်းကြိုးတန်းကြီး ကို ဖြုတ်လျက် ရေစင်ကြီးနားသို့ လျှောက်သွားသည်။

သာလိုက်သည့်လမှာ လင်းထိန်နေသည်။ လရောင်၏ အအေး ဓာတ်သည် ကြည်ကြည်ဌေး၏ ရင်ထဲကအပူကို မအေးစေနိုင်။ ရင်ထဲက

www.burmeseclassic.com

အပူသည် လရောင်အောက်၌ နှလုံးသားကို မီးတင်မြှိုက်နေသည့်အလား တညီးညီး လောင်ကျွမ်းလျက် ရှိသည်။

ကြည်ကြည်ဌေးသည် ရေစင်ကြီးပေါ်သို့တက်၍ ကြိုးဆွဲချသေရန် ဆုံးဖြတ်ပြီးဖြစ်သည်။ ရေစင်ကြီးအနားသို့ ရောက်လာသည့်အချိန်အတိ အမေက သူ့နောက်မှ အသံမကြား ထပ်ချပ်ပါလာသည်။

"ဟဲ့ . . . သမီး ဘာလုပ်မလို့တုန်း"

ကြည်ကြည်ဌေးသည် ထိတ်လန့်တကြားမျက်နှာဖြင့် လှည့်ကြည့် လိုက်သည်။ သူ့လက်ထဲက ယူလာသောကြိုးခွေကြီးကို အမေမြင်သွား သဖြင့် မျက်နှာပျက်ထွက်သွားသည်။

"ဩော် . . . မေမေ . . . အဝတ်ကြိုးတန်း ဖြုတ်သိမ်းတာပါ။ လသာလွန်းလို့ ဒီနားရောက်လာတာ"

"အချိန်မတော် သမီးရယ် . . . အိမ်ထဲပြန်ဝင်၊ ခုချိန်မျိုးဟာ သူများပစ္စည်းခိုမယ့် သူခိုးတွေ . . . ကိုယ့်အသက်ကိုယ် ရန်ရှာမယ့်သူမျိုး တွေသာ အိမ်ပြင်ထွက်တဲ့အချိန် . . . လာခဲ့ . . . လာခဲ့ . . ."

ကြည်ကြည်ဌေးအဖြစ်ကို အမေက ရိပ်မိသွားသည်။ အမေ စိတ် ချမ်းသာအောင် အမေနှင့်အတူ ပြန်လိုက်ခဲ့ကာ အိပ်ခန်းကလေးထဲသို့ ဝင်သွားသည်။

အမေက အခန်းထဲသို့ လိုက်ဝင်လာသည်။ နေ့ခင်းက ဗိုလ် အောင်သိန်း ရိုက်နှက်ခြင်းဒဏ်ကို မခံရပ်နိုင်၍ သေကြောင်းကြံမှန်း အမေ ရိပ်မိသိရှိသွားသည်။ သမီးဖြေဆည်၍ရနိုင်အောင် တရားချသည်။

"သမီး . . . ဘဝ ဝဋ်ကြွေးဆိုတာ သိတယ်မဟုတ်လား၊ အိမ် ထောင်နှစ်ဆက်စလုံး သမီးမှာ ဝဋ်ကြွေးပါတယ်၊ ဒီဝဋ်ကြွေးတွေကို ဒီဘဝ ကုန်အောင် ဆပ်လိုက်စမ်းသမီး၊ အတုံ့ရှိရင် ကြေပါစေ . . .





အလှည့်ရှိရင် ပြန်မချေပါရစေနဲ့။ ဒီလို နှလုံးသွင်းလိုက်စမ်းပါ သမီး . . . သမီး မရှုံးစေနဲ့ . . . မရှုံးစေနဲ့"

ကြည်ကြည်ဌေးသည် မျက်ရည်ပေါက်ကြီးကျလျက် ငြိမ်သက်နေ သည်။

"သူ့ကို မပေါင်းချင်လို့ တစ်ယောက်ပြောင်းပြန်တော့ကော"

အမေသည် အသံတိမ်သွားသည်။ ရှေ့မဆက်ဘဲ ရပ်နားပြီးမှ အားယူကာ ဆက်ပြောသည်။

"သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသောမိန်းမ၊ သူ တော်ကောင်းများ စက်ဆုပ်တယ် . . . အားလုံး အားလုံး သူ့သူ့ကိုယ် ကိုယ် အသက်ရှင်နေကြတာ . . . ခဏတာမျှပါ။ တစ်နေ့ သူသူငါငါ သေကြရမှာပဲ မဟုတ်လား။ သမီးဘဝ မရှုံးပါစေနဲ့"

ကြည်ကြည်ဌေးသည် တစ်ချိန်လုံးလုံး ထိုင်၍ တရားချနေသော မိခင်၏စကားကို ပထမ နားမဝင်။ 'လူ့ဘဝ၌ ခဏတာမျှနေကြရတာ လေ' ဆိုသော အမေ၏စကားကိုတော့ လက်ခံကာ အလေးအနက် သဘောပေါက်အောင် ဆင်ခြင်စဉ်းစားကြည့်သည်။ မခံနိုင်၍ ဘဝကို ဆုံးရှုံးပစ်ခြင်းထက် ဝဋ်ကြွေးရှိသမျှ ကြိုးခံပြီး ဘဝမရှုံးစေရန် အမေ့စကား ကို မြေဝယ်မကျ၊ အမေ့တစ်သက် လိုက်နာရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်နှင့် ဆက်လက်၍ 'မြေပဒေ သာ' ပြဇာတ်က,ရန် ဇာတ်တိုက်နေစဉ် တစ်ဘက်မှ 'ဘားမားပရိုက်' နှင့် လည်း ဓာတ်ပြားသွင်းသည်။

ပြဇာတ်နယ်တွင် ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်နှင့် 'မြေ ပဒေသာ' ပြဇာတ်ကို နောက်ဆုံး က,ပြခဲ့ခြင်းဖြစ်သည်။ ထင်ပေါ်လျှင် စင်တော်က,ကောက် ဆိုသည့်အတိုင်း အောဝမ်းရုပ်ရှင်က ခေါ်လေပြီ။

www.burmeseclassic.com



ပြဇာတ်မင်းသမီးကြည်ကြည်ဌေးကို ထူးချွန်ထက်မြက်သော အနုပညာရှင်အဖြစ် ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်က ဤသို့ မှတ်တမ်းတင်သည်။

●

# ရွှေကြည်

ဗိုလ်ကလေးတင့်အောင်

## သတင်းကောင်းလေးတစ်ခု

ပြုံးရွှင်ကြည်သာသော မျက်နှာဖြင့် ကျွန်တော်တို့၏ဆရာ ဒဂုန်ဆရာတင် အလုပ်ခန်းတွင်းသို့ ဝင်လာသည်။

ဝင်းဝင်းရုံမန်နေဂျာ ဦးသိန်းဖေ၊ လူရွှင်တော် ကျွန်တော် ချစ်မောင်နှင့် စာရေးသူတို့ ရင်ထဲတွင် အေးမြချမ်းသာသွားကာ တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်မိလိုက်ကြသည်။

ဒဂုန်ဆရာတင်၏ ပြုံးရွှင်ချိုသာသောမျက်နှာမှာ အလွန်မြင်တွေ့ရခဲပါသည်။ အမြဲတစေ ဆူပူအော်ဟစ် ဒေါသကြီးကာ လုပ်ငန်းခွင်အတွင်း၌ စိတ်ကြိုက်တွေ့သည်ဟူသော လက္ခဏာ ပြလေ့ရှိသူ ပုဂ္ဂိုလ်မဟုတ်သောကြောင့် မိမိတို့၏ လှပသော အနုပညာအသီးအပွင့်များကိုဖော်ပြရန် တထိတ်ထိတ်တလန့်လန့်နှင့် ကြိုးစားနေကြရသူ တပည့်တပန်းများမှာ ဆရာ၏ ပြုံးပန်းတစ်ပွင့်ကို ထာဝစဉ် မျှော်လင့်တောင့်တနေကြရပါသည်။

သီဟရတနာစာပေ

www.burmeseclassic.com



အလုပ်ခန်းတွင်းသို့ ဝင်လာသော ဆရာက ကျွန်တော်တို့ကို တစ်ချက်မျှ စောင့်ငဲ့ကြည့်ပြီး သူ့အလုပ်စားပွဲသို့ တန်းသွားသည်။ မည်သည့် အချက်ကို ကျေနပ်အားရလာသည်ဟု စတင်၍ လုံးမပြောသေး။ ကျွန်တော်တို့ကလည်း မမေးဝံ့။ အရိပ်အကဲကို မရဲတရဲကြည့်ကာ ငြိမ်နေကြရ၏။

"တို့ရုံမှာကဖို့ ကြည်ကြည်ငွေးကို စာချုပ်ချုပ်လာခဲ့ပြီ။ နောက်တစ်ပတ်ဝင်မယ့် ပြဇာတ်မှာ စသုံးမယ်"

ဝင်လာစက ချို့ရှင်ထားသော မျက်နှာကို တမင်တကာ ပြန်လည်တည်ခန့်လိုက်ပြီး ကျွန်တော်တို့ကို ပြောလိုက်တော့မှ "ဪ . . . ဒါကြောင့်ကိုး" ဟု နားလည်သွားရသည်။

ထိုအချိန်က ကြည်ကြည်ငွေးမှာ ဇော်ရုံတွင် ကျော်ဆွေနှင့် တွဲကာ 'စံပြမယား' ပြဇာတ်ကပြနေ၏။ ဒါရိုက်တာ သန်းနွဲ့က ကာငွေးရုံမှ ပြဇာတ်ပညာရှင်များကို စုစည်းကာ ရုပ်ရှင်မင်းသားကျော်ဆွေကို မင်းသားအဖြစ် ပါဝင်စေပြီး ရေကျော်ရပ်ရှိ ဇော်ရုံတွင် ကပြနေခြင်းဖြစ်ပါသည်။ ကာငွေးရုံတွင် မင်းသမီးအရွေးခံကာ ပါဝင်သမျှ ပြဇာတ်တိုင်းတွင် ကျရာအခန်းက ပိုင်နိုင်စွာ သရုပ်ဆောင်သူအဖြစ် နာမည်ထွက်ခဲ့ပြီး ဇော်ရုံ၌ကပြသည့် 'စံပြမယား'တွင် သူ့ပညာစွမ်းကို အံ့မခန်းဖော်ပြသွားသည့်အတွက် ပရိသတ်က လွန်စွာနှစ်ခြိုက်စွဲလန်းကြသည်ဟူသော သတင်းစကားမှာ ပြဇာတ်နယ်တွင်း၌ ပျံ့နှံ့နေသည်။ ထို့ကြောင့် ဆရာက သူ့ကို ဝင်းဝင်းရုံအတွက် စာချုပ်ချုပ်ကာ ခေါ်ယူလိုက်ခြင်းဖြစ်ပါသည်။

ထိုနေ့ညနေ ဝင်းဝင်းရုံ၌ ပြဇာတ်ကပြရန် ပညာရှင်များ ရောက်ရှိလာကြသောအခါ ကြည်ကြည်ငွေး ရောက်ရှိလာတော့မည့်အကြောင်းကို အချင်းချင်း တီးတိုးပြောဆို ဖြန့်ဝေလိုက်ကြပါသည်။





အနုပညာရှင်တို့၏ စိတ်သည် လွန်စွာ ပျော့ပျောင်းနူးညံ့သည်ဟု ဆိုချင်ပါသည်။ သို့သော် အပြိုင်အဆိုင် ပေါ်ပေါက်လာသောအခါ ကောင်းသောလက္ခဏာဖြစ်သည့် ပျော့ပျောင်းနူးညံ့ သိမ်မွေ့ခြင်းမှ မခံချင်စိတ်၊ မနာလို ဝတ်တိုသည့် စိတ်စသော သဘောထားနုနယ်ခြင်းသို့ ပြောင်းလဲရောက်ရှိသွားတတ်ပါသည်။ ထိုသောအခါ ယခင်က ကျော်ကြားလာခဲ့သည့် အရှိန်ဖြင့် မေ့မှိန်ယစ်မူးနေရာမှ ပြင်းပြသော အနုပညာမာန်တို့ တက်ကြွနိုးကြားကာ ကြိုးစားမှု အသစ်တစ်ဖန် ဖြစ်ပေါ်လာတတ်ပြန်ပါသည်။

မင်းသမီးသစ်ကလေး ကြည်ကြည်ငွေး ရောက်လုရောက်ဆဲအချိန်မှာပင် ဝင်းဝင်းပြဇာတ်ရုံမှ နိုင်ငံကျော်မင်းသမီးကြီးတို့ ဆထက်ထမ်းပိုး ကြိုးစားသရုပ်ဆောင်နေကြပါပြီ။

ကျွန်တော်အပါအဝင် ဝင်းဝင်းရုံမှ ပြဇာတ်ပညာရှင်အချို့မှာ ကြည်ကြည်ငွေး၏ သရုပ်ဆောင်မှုကို မမြင်ဖူးကြပါ။ ဇော်ရုံ၊ ကာငွေးရုံနှင့် ဝင်းဝင်းရုံတို့ကလည်း အပြိုင်အဆိုင် ဖြစ်နေသောကြောင့် ကာငွေးရုံနှင့် ဇော်ရုံတို့၌ကပြသော ကြည်ကြည်ငွေးပါဝင်သည့် ပြဇာတ်များကို သွားရောက်၍ ကြည့်ရှုခြင်း မပြုကြပါ။ သူ့ရုပ်ဆင်းသဏ္ဍာန်ကိုလည်း ကျွန်တော့်အနေနှင့် သတင်းစာထဲတွင် မင်းသား မင်းသမီးရွေးပွဲ၌ အရွေးခံရသူအဖြစ် ပါလာသော သတင်းဓာတ်ပုံကိုသာ မြင်ဖူးပါသည်။ သို့သော် သရုပ်ဆောင်မှု ပြောင်မြောက်သည်ဟူသော ကောင်းသတင်းကိုကား ကြားသိနေကြပါ၏။ ၄

www.burmeseclassic.com



## နှစ်ကိုယ်သစ္စာ

ကြည်ကြည်ဌေး စတင်ကပြမည့် 'နှစ်ကိုယ်သစ္စာ' ပြဇာတ်အတွက် သီချင်းတိုက်ကြမည့်နေ့ဖြစ်သည်။ မောင်ကိုကိုနှင့် ကျွန်တော်တို့နှစ်ဦး ဝင်းဝင်းရုံသို့ စောစီးစွာ ရောက်ရှိနေကြပြီး ထိုနေ့အတွက် မင်းသား မင်းသမီးများအား တိုက်ပေးရမည့် သီချင်းများကို စီစဉ်ဆောင်ရွက်နေကြပါသည်။ မကြာမီ ကြည်ကြည်ဌေး ရောက်ရှိလာ၏။ ၎င်း၏ ခင်ပွန်းသည် ဦးအောင်သိန်းက နောက်ဘက်မှ ကပ်လျက် ဆေးပြင်းလိပ်ကြီးကို ခဲကာ ပါလာ၏။

သူ့အတွက်ရေးထားသည့် သီချင်းစာသားများကိုပေးပြီး သီချင်းတိုက်ကြလေသည်။ ပထမဦးဆုံး တွေ့ကြရသည့်အတွက် ခပ်စိမ်းစိမ်း ဖြစ်ကာ ကျွန်တော်တို့ကိုယ်တိုင်က သူ့ကို မည်သို့ ခေါ်ဝေါ်ပြောဆိုရမည်မသိ ဖြစ်နေသော်လည်း သူကမူ ရောရောဝင်ဝင် ရင်းရင်းနှီးနှီး ဖော်ရွေစွာ ပြောဆို ဆက်ဆံသည်။ "မသိ နားမလည်တာရှိရင် အားမနာတမ်း ဆုံးမ သွန်သင်ပါ အစ်ကိုတင့်အောင် . . . ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်" ဟု ပြောလာသည်။

"ဟုတ်ကဲ့ . . . "ဟု ပြောကာ ခေါင်းညိတ်လိုက်ရသော်လည်း သူ့ကို ဘယ်လိုခေါ်ရကောင်းမလဲဟု ကျွန်တော် တွေး၍မရသေးပါ။

"ရွှေကြည်က အနုပညာ သိပ်ဝါသနာကြီးတယ်ဗျာ။ ဒါကြောင့် သူ့ကို အလိုလိုက်ပြီး ခွင့်ပြုလိုက်ရတာပါ။ ခင်ဗျားတို့တတွေကလည်း သူ့ တက်လမ်းအတွက် ထောက်ကူပေးကြပါ"

ဦးအောင်သိန်းက စကားတစ်ခွန်း ဝင်ထောက်လိုက်တော့မှ ကျွန်တော် သူ့ကို မည်သို့ခေါ်ဝေါ်ရမည်ဟု တွေးတောနေရသော အခက်





အခဲတစ်ခု ပြေလည်သွားပါတော့သည်။ ထိုနေ့မှစ၍ ဝင်းဝင်းရုံအဖွဲ့သားများ၏ နှုတ်ဖျားတွင် 'ရွှေကြည်'ဟု အသိအမှတ်ပြုကာ ခင်မင်ရင်းနှီးစွာ ခေါ်ဝေါ်ကြပါတော့သည်။

သူ့ ပင်ကိုယ်သံမှာ ကရုဏာရသ ပြည့်ဝသည်။ ထူးထူးခြားခြား ကောင်းလှသော အသံရှင်ဟု မဆိုနိုင်သည့်တိုင်အောင် သူ သီဆိုရမည့် သီချင်းကို နားဆင်ရသူများ အာရုံဝင်စားလာအောင် အပြည့်အဝ ဆွဲငင်နိုင်သည့် အရည်အချင်းရှိသည်။ အသံနေ အသံထား၊ ဟန်နေဟန်ထား၊ အဖြတ်အတောက်၊ နရီစည်းဝါးနှင့် သီချင်း၏ ဆိုလိုချက်၊ အဓိပ္ပါယ်ကို သီချင်း စတိုက်ကတည်းက သိနားလည်အောင် မေးမြန်းသည်၊ ကြိုးစားသည်။

သီချင်းတိုက်စဉ်က သီဆို ကျက်မှတ်သွားသည်ထက် ပြဇာတ်စင်ပေါ်တွင် ထိုသီချင်းကိုပင် ပြန်လည်သီဆိုသည့်အခါ ပို၍ အသက်ဝင်လာသည်ကို တွေ့မြင်နားဆင်ရသည်။

အနုပညာရပ်ဟူသမျှ ဖန်တီးထုတ်လုပ်သူကိုယ်တိုင်က တကယ်တမ်း စိတ်ပါလက်ပါ ရှိနေရပါမည်။ မိမိ ဖော်ပြလိုသော အကြောင်းရပ်ပေါ်တွင် စူးစိုက် အာရုံဝင်စားနေရပါမည်။ အသေးစိတ် အချက်အလက်များကိုပင် စေ့စေ့စပ်စပ် သေသပ်ပိရိစွာ အားထုတ်ကြိုးပမ်းနေရပါမည်။ သို့မှသာ ရှုစား နားဆင်ကြသော ပရိသတ်၏ ပျံ့လွင့်လှုပ်ရှားတတ်သည့် စိတ်အာရုံကို ညှို့ဖမ်းဆွဲငင်နိုင်ပါမည်။ အောင်မြင်သော အနုပညာရှင်တစ်ဦး ဖြစ်လာရန် တစ်ပွဲတိုး၊ တစ်ချီကောင်း၊ လှုံ့လစိုက်ထုတ် အားသွန်၍ မရစကောင်းပါ။

ကြည်ကြည်ဌေးကား အောင်မြင်ကျော်ကြားထိုက်သည့် အရည်အချင်း ပြည့်ဝသူဖြစ်သည်။ ဆထက်ထမ်းပိုး ကြိုးစားသူလည်း ဖြစ်သည်။

www.burmeseclassic.com



ထို့ကြောင့် ၄င်းအနုပညာအဆင့်အတန်းမှာ ယနေ့ထက်တိုင် ခိုင်မြဲစွာတည်ရှိနေခြင်းပင် ဖြစ်ပါ၏။

'နှစ်ကိုယ်သစ္စာ'ကို ကျွန်တော် စီစဉ်ရေးသား၍ ဒါရိုက်တာအဖြစ် ညွှန်ကြားပြသခဲ့ပါသည်။ ဝင်းဝင်း ပြဇာတ်ခေတ်က နာမည်ကျော်ကြားလှသော ပြဇာတ်ဘုရင် တက္ကသိုလ်မျိုးချစ်နှင့် ကြည်ကြည်ဌေးကို တွဲဖက်ပါဝင်စေခဲ့ပါ၏။

အသံကောင်း၊ ရုပ်ချော၊ ပရိသတ်ကြိုက်ပြီး ဖြစ်နေသည့် တက္ကသိုလ်မျိုးချစ်၏ ပြဇာတ်သရုပ်ဆောင်ချက်များမှာ ပြောင်မြောက်ပိုင်နိုင်လှပါသည်။

ကြည်ကြည်ဌေးကလည်း ပြဇာတ်လုပ်သက် နုနယ်သေးသည်ဟု ဆိုရလင့်ကစား တက္ကသိုလ်မျိုးချစ်နှင့် အပြိုင်အဆိုင် ကြိုးစား သရုပ်ဆောင်နိုင်ခဲ့သည်။

'မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ' ဟူသော စကားပုံမှာ မည်သည့်အချက်ကို ရည်ရွယ်သည်ဟု မသိခဲ့သော်လည်း ပြဇာတ် မင်းသားနှင့် မင်းသမီးတို့ မျက်ဖြူဆိုက်အောင် ကြိုးစားသရုပ်ဆောင်နေကြသော အခါ ဆရာဖြစ်သူ ကျွန်တော့်မှာ မျက်ရည်ဝဲလာသည်အထိ ပီတိလျှမ်းခဲ့ ကြိုက်ခဲ့ရသည်ကား အမှန်ပင် ဖြစ်ပါ၏။

ကြည်ကြည်ဌေး၏ ကိုယ်နေဟန်ထားနှင့် ရုပ်ရည်သွင်ပြင်မှာ အလွမ်းဘက်သို့ အားပြုသော အခြေအနေရှိသည်။ မာနကြီးသော သူဌေးသမီးပညာတတ်၊ အမျိုးသမီးကြီး၊ ခေတ်မီ ခေတ်ဆန်သော သရုပ်ဆောင်မှုတို့အတွက် လိုက်ဖက်ခြင်းမရှိ။ ထို့ကြောင့် ညှိုးငယ်နွမ်းလျသော သနားဖွယ် အခန်းကဏ္ဍများမှ သရုပ်ဆောင်စေခဲ့ရာ တရှိန်ထိုး အောင်မြင်ကျော်ကြားသော ပြဇာတ်အနုပညာရှင်တစ်ဦး ဖြစ်လာရပါသည်။





ဇာတ်ခုံပေါ်ရှိ မီး၊ ဆက်တင်၊ အသံ အစရှိသော အလုပ်သမားများနှင့် စီစဉ်မှု ဆိုင်ရာ တာဝန်ရှိသူများမှာ ကပြနေသည့် ဇာတ်လမ်းကို ကွက်တိအံကျ ညှိဖြတ်ပေးကြရမည့်တာဝန် ရှိသည်။ တစ်ခန်းကဏ္ဍပြီးပြတ်သည်နှင့် မီးမှိတ်ပေးရမည်။ ကားပိတ်ပေးရမည်၊ ဆက်တင်အခမ်းအနားများ လွှဲပြောင်း တပ်ဆင်ပေးကြရမည်ဖြစ်ပါသည်။

၄င်းတို့ကိုယ်တိုင်က ပွဲကြည့်သူအဖြစ် နစ်မျောမနေစေရန် အထူးဂရုစိုက်ကြရပါသည်။ သို့သော် အလေ့အကျင့်ရပြီး ဖြစ်သည့် ဝင်းဝင်းဇာတ်ခုံပေါ်မှ အလုပ်သမားများမှာ ကြည်ကြည်ဌေး၏ ညှို့ဖမ်းမှုဒဏ်ကို မခံနိုင်ကြ။

ရှိုက်၍ရှိုက်၍ငိုကာ ပြောဆို၊ လွမ်းတနေသော ကြည်ကြည်ဌေး၏ သရုပ်ဆောင်မှုတွင် ညှို့ချက်မိကာ မီးခလုတ်ပေါ် လက်တင်ထားရင်း မျက်ရည်တွေတွေ စီးကျနေသည်၊ ပိတ်ရမည့် ဆက်တင်ကားချပ်ကြီးကို အားယူကိုင်ထားရင်း ရှိုက်ငင် ငိုယိုနေကြသည်။ စီစဉ်သူကလည်း ကားခြားတိုင်ဖုံးအကွယ်မှာ ငုတ်တုတ်ထိုင်ရင်း မျက်ရည်ပေါက်ပေါက် ကျနေသည်၊ စန္ဒရားဆရာကလည်း မျက်ရည်မဆည်နိုင်ဘဲ လက်ပေါက်စမ်းနေ၏။

တစ်ပွဲတလေ လာရောက်ကြည့်ရှုသူ ပရိသတ်ကို မဆိုထားဘိ၊ ဇာတ်တိုက်ချိန်မှာ စ၍ ညစဉ်နှင့်အမျှ ပွဲပေါင်းများစွာ ထပ်ခါတလဲလဲ ကြည့်ရှုထားပြီး ဤသို့ဤပုံ ဖြစ်လာတော့မည်ဟု ဇာတ်လမ်းကို ကြိုတင်သိရှိထားကြသူ အလုပ်သမားများကိုပင် ဆွဲငင်ညှို့ဖမ်းနိုင်သူ ကြည်ကြည်ဌေးအား 'နှစ်ကိုယ်သစ္စာ' အမည်ရှိသော ပြဇာတ်မှစတင်၍ ကျွန်တော် သိရှိခင်မင်ခဲ့ရပါသည်။

www.burmeseclassic.com



## မြန်မာ့ဂုဏ်ရည်

ပဲခူးဆရာကြီး ဦးသာဒင်၊ ဦးဘဘကြီးနှင့် ဦးမြင့်စိုးတို့ ဦးစီးကြသည့် မြန်မာ့ဂုဏ်ရည် လီမိတက်မှ ကိုလံဘီယာ ဓာတ်ပြားများ ထုတ်လုပ်မည်ဖြစ်သောကြောင့် ကျွန်တော်တို့အဖွဲ့အား လာရောက် စကားကမ်းလှမ်းပါသည်။

ကျွန်တော်တို့မှာ ဝင်းဝင်းပြဇာတ်လုပ်ငန်းကလည်း အဆက်မပြတ် လုပ်ကိုင်နေရာ ဓာတ်ပြားသွင်းရမည့်အချိန်အတွက် အခက်အခဲများစွာ တွေ့ရပါ၏။ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီလောက်အထိ နောက်အပတ်ဝင်မည့် ပြဇာတ်အတွက် သီချင်းတိုက်ရသည်။ ဇာတ်တိုက်ရသည်။ ည ခုနစ်နာရီခွဲတွင် ပြသဆဲပြဇာတ်ကို ည ဆယ်နာရီခွဲအထိ ကပြရပြန်သည်။

ကိုယ်ပိုင် အားလပ်ချိန်မှာ ည ၁၁ နာရီမှ နောက်တစ်နေ့ နံနက် ၉ နာရီအထိသာ ရှိနေပါသည်။

ဓာတ်ပြားသွင်းရသည့် လုပ်ငန်းမှာလည်း မိမိတို့၏ တေးဂီတစွမ်းအားကို မြန်မာတစ်ပြည်လုံးသို့ ပျံ့နှံ့စေနိုင်သည့် အခြေအနေရှိသောကြောင့် လက်မလွှတ်လိုခဲ့ပါ။ ထို့ကြောင့် မိမိတို့၏ ကိုယ်ပိုင်အချိန်ကို အနားမယူတော့ဘဲ ဓာတ်ပြားသွင်းရန် သတ်မှတ်လိုက်ရပါတော့သည်။

ကြည်ကြည်ဌေး၏ ပြဇာတ်အနုပညာ အရည်အသွေးကို ပြဇာတ်စင်မြင့်ပေါ်တွင် မြင်တွေ့ နှစ်ခြိုက်ခဲ့ကြရသည့် နည်းတူ သာယာကြည်လင်စွာဖြင့် ဆွဲငင်မှု၊ ကရုဏာရသ အင်အား ပြည့်ဝသော တေးသံရှင် ကြည်ကြည်ဌေးကိုလည်း ဓာတ်ပြားပရိသတ်က အားပါးတရ လက်ခံကြိုဆိုကြပြန်သည်။





အနုပညာရှင်တို့၏ ဌေး လုံ့လကား အံ့ဩဖွယ် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပြဇာတ်ပြီးစီးသည့် ည ၁၀ နာရီခွဲ ၁၁ နာရီလောက် ဆူးလေဘုရားလမ်း၊ မြန်မာ့ဂုဏ်ရည်တိုက်ရှိ အသံသွင်းစတူဒီယိုသို့ ရောက်လာကြပြီး သီချင်းတိုက်ကြ၏။ ချက်ချင်း သွင်းကြ၊ မကြိုက်လျှင် ထပ်မံကြိုးစားကြပြန်၏။ စိတ်ကြိုက်ရသော် နောက်တစ်ခြမ်းစာအတွက် တိုက်ကြပြန်သည်။ ရလျှင် သွင်းကြပြန်၏။ ဤသို့ဖြင့် ဘယ်အချိန် ဘယ်နှစ်နာရီထိုးနေပြီဟု မသိကြဘဲ "မိုးစင်စင်လင်းပြီဆရာတို့ . . . သိမ်းကြစို့ရဲ့" ဟု အသံဖမ်းဆရာ ဦးဘဘကြီးက တဝါးဝါးသမ်းရင်း ပြောတော့မှ တအံ့တဩဖြစ်ကာ သိမ်းလိုက်ကြရသည်။

ကြည်ကြည်ဌေးကား တစ်ချက်ကလေးမှ အပြုံးမပျက်၊ အိပ်ချင်သည့်သဏ္ဌာန် မပြ။ သူ သီဆိုရမည့် သီချင်း၌သာ အာရုံစိုက်ကာ ကျက်ကြိုးစားနေရှာသည်။ ခင်ပွန်းသည် ဦးအောင်သိန်းမှာမူ စောစောပိုင်းက ဟေးလားဝါးလား အော်ဟစ်ရယ်မော ပြောဆိုနေသော်လည်း အလုပ်သိမ်းသည့်အချိန်တွင် တခေါခေါနှင့် အိပ်မောကျလျှက်ရှိနေပေပြီ။

မြန်မာ့ဂုဏ်ရည် လီမိတက်မှ ပြဇာတ်သီချင်းများ၊ အလွတ်ရေးထားသည့် ဓာတ်ပြားသီချင်းများ၊ ဦးကြယ်နီ၊ ဦးရွှေငါးတို့နှင့် တွဲဖက်ထားသည့် ခေတ်ဆန်းအငြိမ့်တို့ ပေါ်ထွက်ခဲ့ပါသည်။

## သီလရှင် ပြဇာတ်မင်းသမီး

ကျွန်တော်တို့ ပြဇာတ်အသိုင်းအဝိုင်းမှာ အလွန်ပျော်စရာကောင်း၏။ အခြေအနေအရပ်ရပ် စိုပြည်လျက်ရှိရာ အရက်၊ ဖဲ၊ မြင်းပွဲ၊ ပျော်ပွဲစားသည်တို့နှင့် ရှုပ်ယှက်ခတ်နေကြ၏။ ငွေကြေးတောင့်တင်း ပြည့်စုံ၍

www.burmeseclassic.com



ပြဇာတ်ဝါသနာထုံသူ အဝန်းအဝိုင်းကလည်း အမြဲတမ်း လာရောက် လည်ပတ်ရင်း လိုသမျှ ဖြည့်စွမ်းပေးနေကြသည်။

စနေနေ့နှင့် တနင်္ဂနွေနေ့အပြင် အခါကြီး ရက်ကြီး ရုံးပိတ်ရက် များ၌ ပြဇာတ်နှစ်ပွဲ က,လေ့ရှိရာ နေ့ပွဲမှာ နှစ်နာရီခွဲတွင် စတင်၍ ငါးနာရီခွဲလောက်တွင် ပြီးစီး၏။ ပြဇာတ် ပြီးစီးသည်နှင့် ဧည့်သည်များ ရောက်လာပြီး သောက်စားသူက စား၊ ကစားသူက ကစားကြသည်။ ည ခုနစ်နာရီခွဲမှာ ဒုတိယပွဲ က,ပြရမည်ဖြစ်သောကြောင့် နှစ်နာရီလောက် နားကြရသည်။

ထိုအချိန်ကလေးအတွင်း ပင်ပန်းနွမ်းနယ်မှုကို မိမိတို့၏ ဝါသနာ ပါသည့် လုပ်ငန်းရပ်ဖြင့် အပန်းဖြေကြသည်။ အချို့ မင်းသား မင်းသမီး တို့ကား အိမ်သို့ပြန်၍ အနားယူကြ၏။ အချိန်နီးကပ်မှ ထပ်မံ ဖြီးလိမ်း ဝတ်စားပြီး ပြန်လာကြသည်။ ဧည့်တရုန်းရုန်းနှင့် ရှုပ်ပွေနေသော ဇာတ် နောက်ပိုင်းတွင် မနေလိုကြ။

ကြည်ကြည်ဌေးမှာမူ အိမ်သို့မပြန်၊ သူ့ထမင်းချိုင့်ကလေးဖွင့်၍ ငါးပိရည် တညင်းသီးဆားစိမ်၊ ငါးသလဲထိုး၊ ငါးသံချိတ် စသည့် ငါးအသေးစား ဆီမွှေဟင်းတို့ဖြင့် ထမင်းစားသည်။ ပြီးလျှင် စိပ်ပုတီး ကလေး ထုတ်ယူ၍ တတွတ်တွတ်ရွတ်ဆိုရင်း ပုတီးစိပ်နေတတ်၏။

ပွဲဝန်းကျင်က အပျော်အပါးမျိုးစုံဖြင့် တအုံးအုံး ရယ်မော ဆူညံနေသည်ကို ရှိလေသည်ဟု အမှတ်မထားသည့်သဏ္ဌာန်။ မိမိ အလုပ်မှာ နစ္စ၊ ဂီတ ဘုရားရှင် ပညတ်ထားသော သဘင်သည်အလုပ် မတွေးမထင်သည့်အနေဖြင့် မွေးရင်းမိုန်းရင်း အာရုံဝင်စားစွာ ပုတီး နေရှာသည်။

ကိုယ်တိုင်ကလည်း ပျော်ရွှင်မှု၊ ပွဲလမ်းသဘင်အလုပ်ကို လုပ်ရ





ဆောင်ရွက်နေရသည်။ ပတ်ဝန်းကျင်ကလည်း ပျော်ရွှင်မှု အမျိုးမျိုးတို့ ဖြင့် ဝိုင်းဝိုင်းလည်ကာ တဒင်္ဂသာယာမှု၌ ယစ်မူး နှစ်သိမ့်နေကြသည်။ ပြဇာတ်ဝါသနာအိုး လူကုံထံတို့၏ မြတ်နိုးခင်တွယ်အပ်သော ထိပ်တန်း မင်းသမီးတစ်ယောက်လည်း ဖြစ်မြောက်အောင်မြင်နေပြီဖြစ်ရာ သူသာ အလိုရှိခဲ့လျှင် မည်သည့် ပျော်ရွှင်ကြည်နူးဖွယ်ရာ ရသမျိုးမဆို အလွယ် ...လေးနှင့်ရနိုင်သည့် အခြေအနေရှိသော်လည်း ကျွန်တော်တို့၏နှမ ...လေး ကြည်ကြည်ဌေးကား ထိုထိုသော အာရုံတို့ကို မခင်တွယ်။ မမက် ...မော၊ ပြောသည့်ခဏ ဆိုသည့်ခဏ က,ပြလှုပ်ရှားသည့်ခဏ၌သာ စိတ် ...ဝင်စားစွာ အနုပညာရင်ခွင်သို့ တိုးဝင်မွေ့လျော်ပြီး ကျန်သည့်အချိန် ...င်း၌မူ ဖြူစင်အေးချမ်းသော စိတ်ဝမ်းချမ်းသာမှုကို ရှာဖွေနေသူ ဖြစ် သည်။ မြင့်မြတ်သော သီလကို ပိုင်ဆိုင်ရယူထားသည့် သီလရှင်ပြဇာတ် မင်းသမီးကလေးပင် ဖြစ်ပါသည်တကား။

## ...င်တော်တ ကောက်လေပြီ

ဝင်းဝင်းရုံ၏ အောင်မြင်မှု အထွတ်အထိပ်ဝယ် ကျွန်တော်တို့ ကြည်နူးပျော်မွေ့နေကြ၏။ ငွေကြေးသပြာ ပြဿနာထက် မိမိတို့၏ လုပ် ဆောင်ချက်ကို ပရိသတ်က နှစ်သက်လက်ခံ ဩဘာသံမစဲသည်က မည် သည့်အရာနှင့်မျှ လဲလှယ်၍မရသော ပီတိသုခ ဖြစ်ပါသည်။

ဒဂုန်ဆရာတင်၊ ကျွန်တော် ချစ်မောင်၊ ပျော်တော်ဆက် သန်းနွဲ့၊ ...လှလင် မောင်ကိုကိုနှင့် ကျွန်တော်တို့၏ ပြဇာတ်များ ထပ်မနား ပေါ် ...တ်နေ၏။ ပါဝင်သရုပ်ဆောင်ကြသော မင်းသား၊ မင်းသမီးတို့ကလည်း ...ကြိုက်အနယ် ယှဉ်ပြိုင်၍ အနိုင်မခံတမ်း ကြိုးပမ်းအားသွန် က,ပြနေ

www.burmeseclassic.com



ကြသည်။

'အစွမ်းအစ' ဟူသော မြန်မာ့ဝေါဟာရကား အစွမ်းရှိသူ၏ အရည်အသွေး အစအနကို တွေ့မြင်သိရှိကြခြင်း အဓိပ္ပါယ်မှ ပေါ်ထွက် လာသည်ဟု ထင်ပါသည်။

ကြည်ကြည်ဌေး၏ သရုပ်ဆောင်မှု အစွမ်းအစကိုလည်း ပြည်သူ များက သိရှိလက်ခံ နှစ်ခြိုက်ကြလေပြီ။ ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲအဆင့် ဆင့် ရလေပြီ။

တစ်နေ့သောအခါ သီချင်းတိုက်ချိန်ထက် အတန်ငယ် နောက်ကျ မှ ကြည်ကြည်ဌေးရောက်လာ၏။ အခြားမင်းသား၊ မင်းသမီးများ သီချင်းတိုက်ဆဲ တန်းလန်းဖြစ်နေသည့်အတွက် စန္ဒရားခုံဘေးတွင် မထိုင်တော့ဘဲ ငါးကျပ်တန်းအလယ်ခုံတွင်ရှိနေသော ကျွန်တော်၏ အနီး သို့ လျှောက်လာ၏။

"နောက်ကျလှချည်လား ရွှေကြည်ရာ . . . ဘယ်ဝင်နေလို့တုန်း"

သူက ပတ်ဝန်းကျင်ကို ရိပ်ခနဲကြည့်လိုက်ပြီးမှ . . .

"အေဝမ်းက ခေါ်လို့ သွားတွေ့ရတာ . . ."

တိုးတိုးလေးပြောပါသည်။

"ဟုတ်လား . . ." ဟု ခပ်လေးလေးတစ်ခွန်းသာ ပြောနိုင်ပါ၏။

ကျွန်တော်၏ ခေါင်းထဲတွင် အတွေးပေါင်းစုံတို့ ပြေးလွှား ထွေ ရှားကုန်ကြပါပြီ။

ထင်ပေါ် လျှင် စင်တော်က ကောက်စမြဲဖြစ်သည်။ ထူးချွန် ထက် မြက်သော အနုပညာရှင်ကိုလည်း အသီးသီးသော အနုပညာနယ်ပယ် ဆောင်ယူလိုကြပါလိမ့်မည်။ ပြဇာတ်ဟူသော နယ်ပယ်လေးတစ်ခုတည်း ၌ မြှုပ်နှံဆောင်ရွက်ရမည်ဟု မတားစကောင်း။





သို့သော် . . . ကျွန်တော်တို့နှင့် လက်ပွန်းတတီး နေထိုင်လုပ်ကိုင် ပျော်ရွှင်နေရာမှ အနုပညာ နယ်သစ်ပယ်သစ်တစ်ခုသို့ သွားတော့မည့် အလားအလာကို တွေ့မြင်ကြားသိလိုက်ရသောအခါ နှမြောသလို ဝမ်းနည်းသယောင် ခံစားလိုက်ရခြင်းကိုကား မငြင်းမဆိုဘဲ ဝန်ခံရပါမည်။

"အစ်ကိုကြီး ကိုတင်မောင်က ကားရိုက်ချင်လို့ ခေါ်ပြောတာ၊ သူနဲ့တွဲပြီး 'ချစ်သက်ဝေ' ဆိုတဲ့ကား ရိုက်မယ်လို့ပြောတာပဲ . . ."

"ဝမ်းသာပါတယ် ရွှေကြည်ရယ် . . ." ဟု ပြောလိုက်မိသော်လည်း တကယ်တမ်း ဝမ်းမသာနိုင်ကြောင်း သူ ကောင်းကောင်းရိပ်မိပါလိမ့်မည်။

မင်းသား၊ မင်းသမီးများကို ဘယ်ပုံဘယ်နည်း အမူအရာလုပ်ဟု သင်ကြားလာခဲ့သူ ကိုယ်တိုင်က မျက်နှာတခြား အပြောတခြား ဖြစ်နေရပါပြီ။

"ရုံက တခြားလူတွေတော့ မသိစေချင်သေးဘူး အစ်ကိုတင့်အောင်ရယ် . . . တော်တော်ကြာ . . ."

"အေးပါ . . ."

'ရုံက တခြားလူတွေ' ဆိုသည့်စကားမှာ ကျွန်တော်တို့၏ ကျေးဇူးရှင် ဆရာသမားကို အဓိကထားကြောင်း ကျွန်တော် နားလည်ပါသည်။ ဒီအကြောင်း ဆရာသာ သိခဲ့လျှင် မပြေလည်မှု တစ်စုံတစ်ရာ ဖြစ်လာတော့မည်မှာ မလွဲဧကန်ဟု သူရော ကျွန်တော်ပါ သိရှိထားကြသည်။

သို့နှင့် အရှိန်မပျက် ပြဇာတ် ဆက်လက်က,ကြရင်းကပင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးသည့် အခြေသို့ ရောက်ရှိလာသည်။ 'ချစ်သက်ဝေ' ဇာတ်ကားမှာ ထူးထူးခြားခြား အောင်မြင်ခဲ့ပါသည်။ 'ရွှေကြည်'၏ ကံ

www.burmeseclassic.com



ဇာတာမှာ ပြဇာတ်၊ ဓာတ်ပြားများသာမက ရုပ်ရှင်လုပ်ငန်းမှာပင် ထိပ်တန်းသို့ တိုး၍ တိုး၍ တက်နေလေပြီ။

## မြေပဒေသာ၌ ခွဲခွာကြရခြင်း

ရုပ်ရှင်လုပ်ငန်းဖြင့် ထိပ်တန်းသို့ ရောက်လာပြီဖြစ်သော ကြည်ကြည်ဌေးမှာ ပြဇာတ်ကိုလည်း ယခင်အတိုင်း ဆက်လက် က,ပြနေသည်။ သို့သော် ယခင်ကလို အချိန်ပြည့် မပေးနိုင်တော့။ အလုအယက် အပြေးအလွှား ဇာတ်တိုက်၊ သီချင်းတိုက်၊ ရုပ်ရှင်ရိုက်၊ ပြဇာတ်က,နှင့် လုံးချာလည်နေလေသည်။

ကျွန်တော်က လယ်ယာမြေအကြောင်း သရုပ်ဖော်ပြသော 'မြေပဒေသာ' ပြဇာတ် စီစဉ်ကာ ခင်မောင်မြင့်၊ ကြည်ကြည်ဌေးတို့ ခေါင်းဆောင်ပါဝင်စေသည်။

ကြည်ကြည်ဌေး အကောင်းဆုံး သရုပ်ဆောင်သွားသည့် အလွမ်းဇာတ်လမ်းကလေးတစ်ခု ဖြစ်ပါသည်။ ထိုပြဇာတ်ပြီးလျှင် ကြည်ကြည်ဌေးမှာ ပြဇာတ် လုံးဝမကတော့ဘဲ ရုပ်ရှင်နယ်သို့ အပြီးအပိုင် ပြောင်းရွှေ့လုပ်ကိုင်တော့မည်ဟု ကြေညာပြီး ဖြစ်ပါ၏။

လုပ်ဖော်ကိုင်ဖက်အားလုံး စိတ်ထိခိုက်စွာဖြင့် 'မြေပဒေသာ' ပြဇာတ်ကို က,ပြခဲ့ကြရသည်။ လုပ်ရည်ကိုင်ရည်ရှိသော အနုပညာရှင်အင်အားအပြည့်အဝဖြင့် လျှမ်းလျှမ်းတောက် အောင်မြင်နေသည့် ဝင်းဝင်း ပြဇာတ်ရုံကြီးမှ ထွန်းပသည့်ကြယ်တစ်ပွင့် ရုပ်ရှင်နယ်ပယ်သို့ ခရီးလွှင့်ပေတော့မည်။

ကြည်ကြည်ဌေး ရောက်မလာခင်ကလည်း ကျွန်တော်တို့ အောင်မြင်စွာ က,ပြနိုင်ခဲ့သည်သာ ဖြစ်ပါသည်။ သို့သော် သူ ရောက်ရှိလာသော





အခါ ပိုမိုစည်ပင်၊ စိုပြည်လျက် တက်ညီလက်ညီ ပျော်ရွှင်အားရစွာဆောင်ရွက်နိုင်ကြောင်း ကောင်းစွာ သိရှိနားလည်ပါ၏။

အနုပညာ အသိုင်းအဝန်းသည် တပဦးနှင့်တစ်ဦး လွန်စွာခင်တွယ် ရင်းနှီးတတ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် မနာလိုဝန်တိုတတ်ခြင်းလည်း ပြင်းပြင်းပျပျ ရှိတတ်ပါ၏။

ကြည်ကြည်ဌေးဟူသော နာမည်တစ်လုံးနှင့် ဝုန်းခနဲ ထိုးထွက်လာသောအခါ သူနိုင်ကိုယ်နိုင် အပြိုင်အဆိုင် မနာလိုဝန်တိုမှုကလေးများဖြစ်ပွားလာခဲ့ဖူးပါသည်။ သို့ရာတွင် သူ၏ သည်းခံမှု၊ လိုက်လျောမှု၊ အနာခံ၍ ချိုသာအောက်ကျို့ကာ ပေါင်းသင်းဆက်ဆံတတ်မှု၊ သဘောထားပြည့်ဝမှုတို့က မနာလို ဝန်တိုခြင်းတို့အား ကျော်လွှားအောင်မြင်လာခဲ့သည်။

ကြည်ကြည်ဌေး ရုပ်ရှင်နယ်သွားတော့မည်ဆိုသောကြောင့် ဝင်းဝင်းအဖွဲ့သားများ စိတ်ထိခိုက် တုန်လှုပ်ကြခြင်းမှာ ကိုယ့်ထက် သာသွားသည်ကို မနာလို ဝန်တိုသောကြောင့် မဟုတ်။ အကောင်းဆုံး ပညာရှင်တစ်ဦး မိမိတို့နယ်ပယ်မှ ဆုံးရှုံးလိုက်ရသည့်ကို နှမြောတသမိသောကြောင့်ဖြစ်ကြောင်း ကျွန်တော် ဆိုဝံ့ပါသည်။

သို့သော် မည်သူမဆို မိမိ၏လမ်းကို မိမိရှာဖွေ ဖြတ်သန်းရမည်သာဖြစ်သည်။ ကျွန်တော်တို့ ချစ်ခင်ရလေးစားသော 'ရွှေကြည်'အား မတားရတ်၊ မဆီးသာ။ ဤမည်သော 'မြေပဒေသာ' ပြဇာတ်၏ နောက်ဆုံးညသပြခြင်း၏ နိဂုံးဝယ် အသွယ်သွယ်သော မျက်ရည်စတို့ဖြင့် ပြဇာတ်မင်းသမီး ကြည်ကြည်ဌေးအဖြစ်မှ ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေးဘဝသို့ ကူးပြောင်းရောက်ရှိသွားလေပြီတကားဟု နှလုံးစိတ်ဝမ်းမှ မြည်တမ်းခဲ့တ်ရပါ၏။

www.burmeseclassic.com



အနုပညာရှင်များသို့

ကြည်ကြည်ဌေး ပထမဦးစွာ ပါဝင်သည့် 'ချစ်သက်ဝေ' ဇာတ်ကားတွင် အကယ်ဒမီဆု ဆွတ်ခူးရရှိသည်။ ဆက်လက်၍ 'ရတနာ့ဂ' ဇာတ်ကားရိုက်ကူးနေပြီဟု ကြားသိရ၏။

ပြဇာတ်စင်မြင့်တွင် က,ပြစဉ်က ရန်ကုန်ပရိသတ်၊ တစ်ခါတစ်ခါ မြို့တော်ရန်ကုန်သို့ တက်ရောက်လည်ပတ်ကြသော နယ်ပရိသတ်အချို့ အဝက်မျှသာ ကြည်ကြည်ဌေး၏ ပြဇာတ်ကပြမှု အောင်မြင်ချက် အနုပညာကို တွေ့မြင်ခံစားကြရသည်။ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသည့်အခါ ၌မူကား မြန်မာပြည်အဝှမ်း အနှံ့အစပ် ပရိသတ်၏ နှစ်ခြိုက်ချီးကျူး ခံယူရလေပြီ။

ကျွန်တော်တို့မှာ မခွဲနိုင်မခွာရက်သော ပြဇာတ်စင်မြင့်ဝယ် ဇာတ် တွယ်လျက် ကျန်ရစ်ခဲ့ကြရင်းက အောင်မြင်ခြင်း သရဖူဆောင်းနေသော နှမကလေးအား လွမ်းတနေကြရ၏။

ဂီတလုလင်မောင်ကိုကို ဒါရိုက်တာအဖြစ် စီစဉ်သော 'ဂီတ လုံမေ' ပြဇာတ် စင်တင်နိုင်ရန် သီချင်းတိုက်ကြသောအခါ ဇာတ်ကွက်ထဲ သီချင်းတစ်ပုဒ်ကို ရေးထုတ်ခွင့်ရလာ၏။ ဂီတလုံမေအဖြစ်ပါဝင်သော မြင့်မြင့်ဌေးအတွက် မိခင်ဖြစ်သူ မင်းသမီးကြီး ဒေါ်ခင်ညွန့်က စိုးရိမ် ပူပန်စွာ သီဆိုဖြည်တမ်းရသော သံဝေဂတေး ဖြစ်ပါ၏။

ကျွန်တော်၏ စိတ်အာရုံထဲဝယ် အနုပညာတံခွန်ထူ၍ တလူလူ လွင့်နေသော 'မရွှေကြည်' အား စိုးရိမ်စိတ် ပြင်းပြသည့် စေတနာလွန် ကဲလျက် သူ့အား မှန်းဆ ရေးသားမိသည်ကို ရိုးသားစွာ ဝန်ခံရပါမည်။

"မတည်ဖောက်ပြန် . . . လောကခံနယ်မြေ . . . ထောင်လွှား





မာန . . . မြင့်လွန်းက . . . လျှောကျနောက်ဆုံး ရှိတတ်ပေ . . . ကိုယ်တွေ့တရား . . . ရှေးအခါများကလေ . . . သန့်ပြန့်ရုပ်ရည် . . . အဆိုကောင်း . . . အက,ကောင်း . . . ထောင်သောင်းဗိုလ်ခြေ . . . မင်းပရိသတ် . . . စိတ်ဓာတ်တွေ ပီတိဖုံးအောင် . . . ပြုံးယောင် သမ်းခဲ့စေ . . . ရတနာစိန်ရွှေ . . . လိုရာချက်ချင်း . . . ခြေရင်းမှာ ပုံနေ . . . ဇမ္ဗူတစ်လွှား . . . တစ်မူခြား . . . တူမလား . . . ငါနဲ့ လေ . . . သဘာဝလွန် . . . မာနတံခွန် . . . မိုးစွန်ရောက်မိပေ . . . ဩော် . . . နုနယ်ရုပ်ဆင်း . . . ပျိုမျစ်ခြင်း . . . အိုမင်း နောက်ဆုံးရှိတဲ့ ဒီအခြေ . . . ချစ်သူခင်သူ . . . ကြင်သူဝေး . . . ဒုက္ခဘေးနဲ့ အမြဲတစေ . . . မွဲတေ . . . ဟိုယခင်က လိုချင်ကြသူတွေ . . . ဩော် . . . မဲ့ရွဲ့ကာ ရှောင်သွေ . . . အသစ်အလွင်နောက်သာ . . . ရောက်ရှာကြ မမွတာပေ . . . (အနုပညာရှင်တွေ)၂ မတည် ဖောက်ပြန် . . . လောကခံနယ်မြေ . . . ထောင်လွှားမာန . . . မြင့် လွန်းက . . . လျှောကျနောက်ဆုံး ရှိတတ်ပေ . . . ဩော် . . . သတိ ကို . . . စေ"

အဆိုတော် မင်းသမီးကြီး ဒေါ်ခင်ညွန့်၏အသံမှာ လှိုက်လှဲ တုန် ယင်စွာဖြင့် ရေဒီယိုမှ ထွက်ပေါ်လာနေပါသည်။ ပြဇာတ်အသစ် စတင် က,ပြသည့်နောက်တစ်နေ့နံနက် ရှစ်နာရီတွင် မြန်မာ့အသံမှ ကျွန်တော် တို့အဖွဲ့ အသံလွှင့်ကြမြဲဖြစ်ရာ 'ဂီတလုံမေ' ပြဇာတ်မှ သီချင်းများကို လည်း အသံလွှင့်ကြသောကြောင့် အထက်ပါသီချင်းကို 'အနုပညာရှင် များသို့' ဟူသော အမည်ဖြင့် အသံလွှင့်လိုက်ပါ၏။

ပြဇာတ်အသစ်တစ်ထုပ် စတင် က,ပြသည့် ရက်ပိုင်းတွင် ကျွန် တော်တို့မှာ မနားမနေ လှုပ်ရှားပင်ပန်းကြရပါသည်။ သောကြာနေ့တွင်

www.burmeseclassic.com



တစ်နေ့လုံး ဇာတ်အခါ်ခေါ်တိုက် ဆက်တင်များ စေ့စပ်စွာ ပြင်ဆင်၍ ည ခုနစ်နာရီခွဲတွင် က,ပြခါ ည ဆယ်နာရီခွဲတွင် ပြီးစီးပြီ။ အခြား ဇာတ်ဆောင်များ ပြန်ကြသော်လည်း စီစဉ်သူများအနေနှင့် မပြန်ကြသေးဘဲ စတင် က,ပြသည့် ပြဇာတ်၏ လိုအပ်ချက်များ အမှားအယွင်းများကို ပြန်လည်သုံးသပ်၍ ၁၂ နာရီ၊ တစ်ချက်လောက်မှ အိမ်ပြန်ရောက်ရသည်။

နောက်တစ်နေ့ မနက် ခြောက်နာရီမထိုးခင် ပြဇာတ်ရုံမှ လူကြိုသည့်ကားက အိမ်ရှေ့ရောက်နေပြီ။ အသံလွှင့်ရန်အတွက် သီဆိုမည့် ပြဇာတ်ပညာရှင်များ၊ တီးဝိုင်းဆရာများကို လိုက်လံကြိုဆို၍ အသံလွှင့်ရုံသို့ အပြေးအလွှား သွားကြရ၏။

'ဂီတလုံမေ' သီချင်းများ အောင်မြင်ချောမောစွာ အသံလွှင့်ပြီး အိမ်ပြန်ရောက်၍ အညောင်းအညာဆန့် အမောဖြေနေစဉ် တယ်လီဖုန်းလာ၏။

"အစ်ကိုတင့်အောင်လား . . ."

"ဟယ် . . . ရွှေကြည်"

"အနုပညာရှင်များသို့ ဆိုတဲ့ သီချင်းကို ကြားလိုက်ရပါတယ်။ ဘာကို ဆိုလိုတာလဲလို့ ကျွန်မ နားလည်လိုက်ပြီး ကျေးဇူးတင်စကားလည်း ပြောချင်တဲ့အတွက် ဆက်ရတာပါ။ အစ်ကိုတင့်အောင် စိုးရိမ်သလို ကျွန်မတစ်သက်မှာ မဖြစ်စေရပါဘူး . . . စိတ်ချပါ"

ကျွန်တော် သူ့ကို ရည်မှန်းစိတ်နှင့် ရေးမိကြောင်း မည်သူမျှ မသိပါ။ သူ့ကိုလည်း ကြိုတင်၍ မပြောမိပါ။ သို့သော် ပါးနပ်လိမ္မာလှသည့် မရွှေကြည်က ကျွန်တော်၏ စေတနာသန့်မှု၊ ရည်ရွယ်မှန်းထားမှုတို့ကို အတိအကျ ဖော်ထုတ်နိုင်ခဲ့ပါပြီ။ ကျွန်တော်လည်း ခပ်ရှင်းရှင်းပင် ဝန်ခံလိုက်ရပါ၏။





"အေးကွာ . . . ငါ့ညီမရဲ့ လက်ရှိ အခြေအနေက မာနတံခွန် ထူမယ်ဆို ထူနိုင်လောက်တဲ့အတွက် စိုးရိမ်တကြီး ရည်ရွယ်ပြီး ရေးလိုက်တာပါ။ ထာဝစဉ် သတိရှိနေမယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်"

ကျွန်တော်တို့မှာ တစ်နယ်စီခြားနေသော အနုပညာရှင်များ ဖြစ်ကြပါ၏။ သို့သော် တစ်ယောက်သဘော တစ်ယောက် နားလည်ကာ အနုပညာဖော်ကျူးချက်အမျိုးမျိုးတို့ကို ပူးပေါင်းတွဲစပ် အဟပ်မိစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကို အပြန်အလှန် သဘောပေါက်ကြသောကြောင့် သံယောဇဉ်ကြီးကြရပါသည်။

## အမေဘာဝနှင့် တွေ့ဆုံခြင်း

ရွှေကြည်နှင့် ကျွန်တော်တို့ စတင်တွေ့ကြရသည်မှာ ငယ်ရွယ်တက်ကြွသော အရွယ်များ ဖြစ်ကြပါသည်။ ပြဇာတ်နယ်ပယ်မှ ကွဲကွာသွားပြီးနောက်ပိုင်း နှစ်လများစွာတို့၌ ကိုယ့်ဘာဝနှင့်ကိုယ် ကြုံရာဆုံရာ အနုပညာအသိုင်းအဝိုင်းနှင့် ဆက်လက်လှည့်ပတ်နေကြရသည်။

အမြဲတစေ တွဲရသည့် အခြေမျိုးမဟုတ်စေကာမူ ရံဖန်ရံခါ ဆုံမိတတ်ကြသည်။ မြို့မကျောင်းသားဟောင်းများအသင်းက 'မြတ်မွန်ရတနာ' ပြဇာတ်ကို တင်ဆက် က,ပြရာတွင်လည်းကောင်း၊ ကျွန်တော်နှင့် မောင်ကိုကိုတို့၏ 'ကိုကို'ရုပ်ရှင်ကုမ္ပဏီအတွက် 'မြေမြတ်နွယ်' ရုပ်ရှင်ကား ရိုက်ကူးရာတွင်လည်းကောင်း ၁၉၅၇-၅၈ ခုနှစ်လောက်က ပြန်လည်ကြုံတွေ့လိုက်ကြရပါ၏။

ထို့နောက် မကြုံဆုံတော့ဘဲ ကိုယ့်လုပ်ငန်းနှင့်ကိုယ် ဝဲလည် လှည့်ပတ်နေကြရင်းဖြင့် တစ်စစ နှစ်များ ရှည်ကြာလာခဲ့သည်။

www.burmeseclassic.com



၁၉၈၆ ခုနှစ်လောက်က သူနှင့် ပြန်လည်၍ တွေ့ဆုံရန် အကြောင်းဖန်လာပြန်သည်။ ရခိုင်ဒေသဘေး ရန်ပုံငွေအတွက် အောင်ဆန်းကွင်း ခန်းမတွင် ကပွဲတစ်ခု ပြုလုပ်မည်ဖြစ်ရာ ကျွန်တော်က ဝင်းဦး၊ ခင်သန်းနု၊ ဖိုးပါကြီး၊ မြင့်မြင့်ခင် တို့နှင့် 'ငယ်ကျွမ်းဆွေ' ပြဇာတ်ကို က,ပြမည်ဖြစ်ပြီး အားလပ်ချိန်မတိုင်မီ ပထမပိုင်းအတွက် ဂီတစာဆို မောင်ကြေးမုံ ရေးသားသည့် 'လမင်းသာချိန် နေကွယ်ချိန်' ပြဇာတ်နှင့် အခြား ပဒေသာ အကအလှများ ပါရှိရန် စီစဉ်ကြရာ ဗိမ္ဗိသာရဇာတ်လမ်း အခြေခံသော 'လမင်းသာချိန် နေကွယ်ချိန်' ပြဇာတ်အတွက် ဇာတ်ဆောင်များ ရွေးချယ် သည်တွင် ဝေဒေဟီ မိဖုရားကြီးအဖြစ် ကြည်ကြည်ဌေးကို ရအောင် သွား ပြောကြဟု ဂီတကောင်စီဝင်တို့အား ပြောလိုက်ရသည်။

ဗိမ္ဗိသာရအဖြစ် ဦးဇေယျ၊ အဇာတသတ် မင်းသားအဖြစ် တက္ကသိုလ်မျိုးချစ်တို့အား ရွေးချယ်ထားသည်။ 'ဝေဒေဟီ' မိဖုရားကြီးနေရာမှ ပါဝင်ရမည်ဆိုသောကြောင့် မရွှေကြည်တစ်ယောက် လက်ခံမှ လက်ခံပါ့ မလားဟု စိတ်ပူစိတ်မောနေမိသည်။

"ရခဲ့ပြီ အစ်ကိုလေး . . . ဇာတ်တိုက်မယ့်အချိန် ဖုန်းဆက်လိုက် ပါလို့ ပြောတယ်" ဟု ဂီတကောင်စီ အမှုဆောင်များ ပြန်လာပြောကြား ကြတော့မှ သက်ပြင်းချတာ ဝမ်းသာရတော့သည်။

'လမင်းသာချိန် နေကွယ်ချိန်' တေးသရုပ်ဖော် ဇာတ်လမ်းကား ကောင်းတော့မည်မှာ သေချာလေပြီ။ 'မရွှေကြည်'ကား သရုပ် ပီသ အောင် ဆောင်ရွက်တတ်သူဖြစ်၏။ မင်းသမီးဖြစ်သောကြောင့် အမြဲ တစေ လှပ ကြွရွနေရမည်ဟု အစွဲအလမ်းမထား၊ ပါဝင်ရမည့်စရိုက်နှင့် ကိုက်ညီအောင် ဝတ်စားဆင်ယင် အသွင်သဏ္ဌာန်ပါ ပြောင်းလဲလှုပ်ရှား တတ်သည်ကို ကျွန်တော်သိထားပါ၏။





ဇာတ်တိုက်ရန်လာစဉ်က လှလှပပ ဝတ်စား၍ ကျက်မှတ်သွား သည်။ အထားအသို အပြုအမူများ အံဝင်ခွင်ကျဖြစ်ရန် မှတ်သားသွား သည်။

ပြဇာတ်ကပြမည့်နေ့ ရုံတွင်းသို့ ဝင်လာသောအခါ တကယ့် အမေဘဝ ဝေဒေဟီမိဖုရားကြီးအသွင် . . . မရွှင်မလန်း နွမ်းနယ်ညှိုး ချော်နေသူအဖြစ် ဖန်တီးလာခဲ့သည်။

တက္ကသိုလ်မျိုးချစ်နှင့် ရွှေကြည်မှာ မင်းသား၊ မင်းသမီးအဖြစ် ရှေ့သွားနောက်လိုက်ညီညီ တွဲဖက် က,ပြခဲ့ကြသော မင်းသားနှင့် မင်း သမီးဖြစ်ခဲ့ကြပါ၏။

ယခု သားအမိဘဝနှင့် က,ပြကြရပြန်လေပြီ။ သဏ္ဌာန်လုပ် သရုပ်တူရမည်ဟူသော စကားစုမှာ သဘင်ပိုင်းဆိုင်ရာ ပညာရှင်များ အတွက် အရေးအကြီးဆုံး မှတ်သားလိုက်နာရမည့်အချက်ဖြစ်ရာ အမေ အသို့ရောက်လျှင် အမေနှင့်တူအောင် သရုပ်ဆောင်မှ အောင်မြင် ချော မွေ့နိုင်မည်။ အမေဟု ဆိုငြားသော်လည်း မင်းသမီးလေးကို ချောမောနုနယ် ပြည့်နေ၍မဖြစ်။

ရွှေကြည်ကား ဝင်းဝင်းခေတ်ကနှင့် နှိုင်းစာလျှင် ကြီးရင့်လာပါ ချေပြီ။ ကုန်ဆုံး ပျောက်ကွယ်ခဲ့ပြီဖြစ်သော အတိတ်ကာလ၊ အလှအပ၊ နုအယဉ်များကို ခုံမင်တွယ်တာ ‹မက်မောစွာဖြင့် မနေသင့်။ မိမိ၏ အရွယ်နှင့် လိုက်ဖက်သော သရုပ်ဆောင်မှု ပြုခြင်းအားဖြင့် မိမိ၏ အနု ပညာစွမ်းအားကို အသစ်အသစ် ဖြစ်ပေါ် တိုးတက်စေရမည်ဟု နားလည် သဘောပေါက်သူ ဖြစ်ပါပေသည်။

www.burmeseclassic.com



## မြခြူးသံ

ပြဇာတ်စင်ပေါ်တွင် ဝေဒေဟီမိဖုရားကြီးအဖြစ် က,ပြခဲ့ရာ သူ၏ အသည်းနှလုံးတွင် ပြဇာတ်အရသာ ပြန်တွေ့လာကာ လုပ်ချ ကိုင်ချင်စိတ် ပေါ်လာဟန်တူ၏။

"အစ်ကိုတင့်အောင် . . . ကျွန်မတို့ ပြဇာတ်ကကြရအောင်"

"ရုံမရှိဘူးဟ . . . အခုခေတ် ဆက်တင်၊ မီးမောင်း အပြ အဆင်တွေက တို့ဝင်းဝင်းခေတ်ကနှင့် မတူတော့ဘူး၊ တကယ့်ကို ကျ ကျယ်ဝန်းဝန်း ဇာတ်ခုံရှိမှ က,လို့ဖြစ်မှာ"

"ဒီလိုဆိုရင်လည်း ကျုပ်တို့ နယ်ထွက်ကြမယ်ဗျာ။ ပျော်ရွှ ပါးပါး အပြောင်းအလဲလေးလည်း ရတာပေါ့"

သူ့ခင်ပွန်း ဦးအောင်သိန်းက ဝင်ရောက်အကြံပေးပါသည်။

ကျွန်တော်တို့ နယ်ထွက်၍ ပြဇာတ် က,ပြကြပြန်ပါသည်။ ရော ရှိရာနယ်ပယ်တိုင်းမှ 'ရွှေကြည်'အား နှစ်သက်ချီးကျူးကြပါ၏။ အ အတိုင်းပဲ ငယ်ငယ်တုန်းကလို ပြောနိုင် ဆိုနိုင် ငိုနိုင်တုန်း စသော အ များ နားလျှံအောင် ကြားခဲ့ရပါသည်။

ချစ်ခန်း၊ ကြိုက်ခန်းစသော နုနုလှလှ ပသာဒများထက် မီး မေတ္တာ၊ ဘဝသင်ခန်းစာ အခန်းကဏ္ဍများနှင့် အငြိမ့်တစ်ခန်းကို ထ သည်က များပါသည်။ သည်အရွယ်၊ သည်အသက် ရောက်လာပေ လည်း နွဲ့ရ၊ ညှုရ၊ ပလီပလာ တီတီတာတာ လုပ်ရမှာ မလုပ်ချင်တော့ ဘူးဟု ဆိုညည်းတတ်ပါ၏။

ဤကဲ့သို့သော အသက်အရွယ်လေးရလာမှ မောင်နှမတေ တစ်ဖန် ပြန်လည် ဆုံဆည်းမိကြရာ သူနှင့် ရုပ်ရှင်ကားတစ်ကား ရိုက်





ရန် အခွင့်ပေါ်လာပြန်သည်။

"ရွှေကြည်ရေ . . . ညည်းနဲ့သင့်တော်မယ့် ဇာတ်လမ်းတစ်ပုဒ် ရှိတယ်။ အဲဒါ ရုပ်ရှင်ရိုက်ချင်တယ်"

"ရိုက်ပေါ့ အစ်ကိုတင့်အောင်ရဲ့ . . . ပြောနေရသေးလား"

"အေး . . . ရိုက်တာက ဟုတ်တယ်။ ဒါပေမဲ့ ညည်း ပါဝင်ရမယ့် အခန်းက မင်းသားနဲ့တွဲရမှာ မဟုတ်ဘူး။ ဦးသိန်းမောင်ကြီးနဲ့ တွဲရလိမ့် မယ်။ အမေခန်းက ပါရမှာမို့ . . ."

"အမယ်လေး . . . ရွှေကြည့်အကြောင်း ခုထက်ထိ နားမလည် နိုင်သေးဘူးလား . . . ရှည်မနေနဲ့ . . . ကုမ္ပဏီကိုသာ ပြောလိုက်ပါ။ ကျွန်မ ရိုက်ပေးမယ်"

ဤသို့ဖြင့် 'မြခြူးသံ' ဇာတ်ကားကို ရိုက်ကူးနိုင်ခဲ့ပါ၏။ လိုအပ်ချက် တလေးများကို မရွှေကြည်က ထိန်းသိမ်းဆွဲငင် ခေါ်ယူသွားနိုင်လိမ့်မည် ဟု ကျွန်တော်က တစ်ထစ်ချ ယုံကြည်ထားပါ၏။

'ရွှေကြည်'၏ အနုပညာစေတနာသည် မိမိတစ်ယောက်တည်း ထူးချွန်ထိုးထွက်နေစေရန် ဆန္ဒမရှိ။ မိမိနှင့် တွဲဖက်ပါဝင်ရသူကိုလည်း အပေးအယူလုပ်ကာ အထောက်အကူပြုပေးတတ်သည်။

နှစ်ပေါင်းများစွာ ဇာတ်သဘင်၊ ပြဇာတ်၊ ရုပ်ရှင်တို့၌ ကျင်လည်ခဲ့ ရသူဖြစ်သောကြောင့် သရုပ်ဆောင်မှု၏ လိုအပ်ချက်အဝဝတို့ကို နော ကျေအောင် သိရှိနားလည်နေပြီဖြစ်ရာ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသည့် အခါတိုင်း သူနှင့်တွဲဖက်သရုပ်ဆောင်ရမည့်ပညာရှင်ကို ဖေးမကူညီလေ့ ရှိ၏။

ဤသည်မှာလည်း သူ့အတွက် ပိုမို ပြည့်စုံကောင်းမွန်ပေသည်။ မိမိက အလွန်ကောင်းအောင် သရုပ်ဆောင်နိုင်သော်လည်း တွဲဖက် ပါဝင်

www.burmeseclassic.com



ရသူက မပိုင်မနိုင် ယိမ်းယိမ်းယိုင်ယိုင် ရှိနေလျှင် ထိုအခန်းကဏ္ဍသည် ညီညွတ်ချောမွေ့သော တင်ပြမှု ဖြစ်နိုင်မည်မဟုတ်ပါ။

မြခြုံသံဇာတ်ကားတွင် ကြည်ကြည်ဌေးနှင့် ဦးသိမ်းမောင်တို့ကဲ့သို့ အနုပညာရှင်ကြီးများကို မေး၍ အလှပဆုံး အရည်အသွေးကို ပြသနိုင်ခဲ့ပါ၏။

## ဘွားဘွားရွှေကြည်

ကြည်ကြည်ဌေးနှင့် ကျွန်တော်တို့ ဝင်းဝင်းရုံတွင် ပျော်ရွှင်စွာ ပြဇာတ်များ တင်ဆက်ကပြခဲ့စဉ်အချိန်က ပြင်ပမှ ပွဲလမ်းသဘင် ကူညီမှုများကိုလည်း အတူတွဲဖက် ဆောင်ရွက်ခဲ့ရပါသည်။ ရန်ကုန်ဆေးရုံကြီး ရှေ့၌ရှိသော 'စိန့်ဂျွန်းကွန်ဗင့်' ယခု (အ-ထ-က ၂ လသာ)တွင် ကျောင်းကပွဲများ ပြုလုပ်ခဲ့ရာ ကျောင်းသူလေးများအား ရာဇဝင်ပြဇာတ်၊ ဟာသပြဇာတ်၊ အက၊ အလှ အခန်းကဏ္ဍများ ခွဲခြား၍ သင်ကြားခဲ့ကြပါသည်။ ထိုစဉ်အခါက ကျွန်တော်နှင့် မရွှေကြည်တို့ သင်ကြားခဲ့ရသည့် တပည့်ကျောင်းသူအချို့မှာ ယခု ဆရာဝန်ကြီး၊ ကျောင်းဆရာမကြီး၊ အရာရှိကြီးများ ဖြစ်နေကြပါပြီ။ မရွှေကြည်တစ်ယောက်ကလည်း သူ့အခြေအနေနှင့်သူ၊ ထိုမှ ကပွဲအတွက် ဆက်လက်တာဝန်မယူနိုင်တော့ပါ။ ကျွန်တော်မှာမူ ယခုထက်တိုင် ဇာတ်ဆရာအဖြစ် အမှုတော်ထမ်းနေရဆဲ ဖြစ်ပါသည်။

၁၉၇၈ ခု ဩဂုတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းက အ-ထ-က (၂) လသာ ကျောင်းကပွဲခန်းမတွင် ကျောင်းသူလေးများအား တေးသရုပ်ဆော် တစ်ခန်း တိုက်ပေးရသည်။ ထွက်ပေါ်လာသည့် တေးဂီတနှင့် အချိုး





စွာ ကပြ လှုပ်ရှားနေကြသော သမီးငယ်လေးတို့အား ကြည့်ရင်း လွန်ခဲ့သည့် ၂၆ နှစ်ခန့်က ရွှေကြည်နှင့် ကျွန်တော်တို့ ကျောင်းမှာပင် ကျောင်းသူကလေးများအား သင်ကြား လေ့ကျင့်ပေးရပုံတို့ကို အာရုံဝင်မိပါ၏။

နေ့လယ်တစ်နာရီလောက် ကျောင်းမှ ပြန်လာသည်။ ဆေးရုံဝင်းအတွင်းမှဖြတ်၍ အရေးပေါ်ဌာန၊ လမ်းမတော်ဘက်သို့အထွက် ရွှေကြည်၏ သမီးနှင့်သားမက် ပျာယီးပျာယာ ဝင်လာကသည်နှင့် ရင်ဆိုင်တိုးနေ၏။

"ဦးလေး . . . လုပ်ပါဦး ဦးလေးရဲ့"

"ဟဲ့ . . . မလှဝင်း ဘာဖြစ်လို့တုန်း"

"ကျွန်မသား ကျော်ဇင်ဦး ကျောင်းမှာ ဘောလုံးကန်ရင်း ခြေကျိုးသွားလို့ ဆေးရုံရောက်နေပြီဆိုတာနဲ့ လိုက်ခဲ့ရတာ . . . အဘွားကြီးလည်း အိမ်မှာ တက်မလို ချက်မလို ဖြစ်ကျန်ရစ်ခဲ့တယ်"

"ဟာ . . . ဒုက္ခပါပဲ၊ လာ . . . လာ . . ."

အရေးပေါ်ဌာနတွင် ဝင်ရောက်မေးမြန်းရသည်။ အခန်းနံပါတ် ၅-၆ ကို ပို့လိုက်ပြီဆို၍ လိုက်ကြရပြန်၏။ ကျောင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဂရုတစိုက်စောင့်ရှောက်ပြီး ဆရာဝန်၊ ဆရာမများအား ပြောဆိုထားပါကြောင်း၊ ယခုမကြာခင်မှာပင် ခွဲစိတ်ပေးရန် စီစဉ်နေကြောင်းဆီး၍ ပြောပါသည်။

မရွှေကြည်၏မြေး ကျော်ဇင်ဦးမှာ ရွှံ့အလိမ်းလိမ်း ပေကျံနေသော ဘောင်းဘီတို၊ စွပ်ကျယ်လက်ပြတ်နှင့် ထိခိုက်ဒဏ်ရာရသော ဒူးခေါင်းတွင် ပတ်တီးစည်းကာ ခုတင်ပေါ်၌ ပက်လက်လှန်ပြီး ပြုံးပြုံးကြီး ကြည့်နေလေသည်။

အမေဖြစ်သူကလည်း မျက်ရည်စနှင့် ကသောကမျော လိုက်လာ

www.burmeseclassic.com



ရသည်။ အဘွားဖြစ်သူကလည်း အိမ်မှနေ၍ ပူပန်ခြင်းပြင်းစွာ သောက ဝေဒနာခံစားနေရသည်။ ဒဏ်ရာရထားသော ချွှတ်ဟိတ်ကတော့ အကြို မဖျက်။ ခံစားရချက်ပဲ မဖြစ်စလောက်မို့လား . . . ဒါလည်း မဟုတ်နိုင် စောစောက ဆရာပြောပုံအရ ခွဲစိတ်ရန်ပင် ပြင်ဆင်မှုပြုနေကြောင်း သိရ သည်။ ဘွားဘွားတို့ အမေတို့ကသာ အလကား ပူနေကြတာပါဗျာ . . . ဘောကန်တဲ့အကောင်ပဲ . . . ဒီလောက်တော့ အဖျော့ပေါ့ပါဟု အိုက်တင် နဲ့ပြ၍ပြောသလား မသိရပါ . . .။

"ဦးလေး . . . အိမ်ပြန်ရင် အမေ့ဆီ တဆိတ်လောက် ဖုန်းဆက် ပေးပါဦး . . . အမေ သိပ်စိတ်ပူနေလို့ပါ"

"အေး . . . အေး . . . ဆက်လိုက်မယ်"

အိမ်ပြန်ရောက်သောအခါ ရွှေကြည့်ဆီ ဖုန်းဆက်လိုက်၏။ သူ့ အသံ တုန်တုန်ယင်ယင်နှင့် ထွက်လာသည်။

"ရွှေကြည် . . ., ငါပါဟ . . . အစ်ကိုတင့်အောင်ပါ"

"အစ်ကိုတင့်အောင်ရေ . . . ကျွန်မ . . . ကျွန်မ . . ."

သူ ငိုချင်နေပါပြီ။ သူ၏ အသံနေအသံထား၊ အဆွဲအငင်တို့ အလွတ်ရနေသည့်အတွက် တယ်လီဖုန်းနှင့် စကားပြောနေရသော ကြောင့် သူ့မျက်နှာအမူအရာကို မမြင်ရသော်လည်း မည်မျှလောက် သောကဝေဒနာဒဏ်ကို ခံစားနေရပြီဖြစ်ကြောင်း သိလိုက်ပါသည်။

"ညီမ . . . ငါ အခုပဲ ဆေးရုံက ပြန်လာပြီး ဖုန်းဆက်တာ"

"ရှင် . . . ဟုတ် . . . ကဲ့ . . . ဟုတ်ကဲ့"

"ဆေးရုံမှာ ကျော်ဇင်ဦးနဲ့ တွေ့ပြီးပြီ၊ သိပ်ဖြစ်တာ မဟုတ်ပါဘူး ဘယ်ဘက်ဒူးခေါင်းမှာ နည်းနည်းပါးပါး . . ."

"သူ . . . သတိရဲ့လား အစ်ကိုတင့်အောင်"





"ဟာ . . . နင့်မြေးက ရယ်မောလို့ . . ."

မလှဝင်းတို့ လင်မယားကလည်း "ငါ့ညီမ သိပ်စိတ်ပူနေတယ်၊ အကျိုးအကြောင်းပြောပေးပါဆိုလို့ . . . ."

ဤတွင် သူ့မြေးနှင့်သူ တွေ့ကြုံရသည့် ပြဿနာများကို ကရား ရေလွှတ် ပြောပါလေတော့သည်။ ဒီမြေးကလေးကို စိတ်မချ၍ ဘော မကန်ဖို့၊ စွန်မလွှတ်ဖို့၊ တွေ့ကရာ လျှောက်မသွားဖို့၊ မနားတမ်း ဆုံးမ နေသည့်ကြားက နားမထောင်၍ စိတ်ဆင်းရဲရကြောင်း . . . ဘာ ကြောင်း၊ ညာကြောင်း မဆုံးနိုင်တော့ . . .။

ကျွန်တော့်မှာ သူ့စကားသံများကို တယ်လီဖုန်းမှ ကြားနေရပြီး မျက်စိထဲတွင် သားနဲ့လင်ကြား ဗျာများကာ အပူမီးတောက်လောင်နေရ သူ ဝေဒေဟီမိဖုရားကြီး၏ အသွင်သဏ္ဌာန် သရုပ်ဆောင်ခဲ့ပုံကိုလည်း ကောင်း၊ သမီးလေးက ကက်ကက်လန်အောင် ပြန်လှန် ရန်တွေ့ခြင်း ကြောင့် ငိုယိုလှိုက်မောကာ အသည်းကွဲမတတ် ပူပန်ခံစားရသူအဖြစ် 'မြို့ချသံ'တွင် သရုပ်ဆောင်ခဲ့ပုံတို့ကိုလည်းကောင်း မြင်ယောင်နေ၏။

ယခု မရွှေကြည်ကား သဏ္ဌာန်လုပ်၍ သရုပ်ဆောင်နေခြင်း မဟုတ်။ တကယ့်ဘဝ တကယ့်သံယောဇဉ်မီးအတွက် တညီးညီး တောက် လောက်ပူပန်နေရခြင်းဖြစ်သည်။

"ကဲပါဟယ် . . . ဒါတွေ ပြောမနေနဲ့ မြေးနဲ့ အဘွားဆိုတာ ဒီလိုပဲ . . . ကိုယ်က စိုးရိမ်ကြီးလို့ ပြောမိတာကို သူတို့က နားငြီးစရာ နားပူစရာလို့ ထင်တတ်ကြတာပဲ . . . ဒါပဲနော် . . ."

တယ်လီဖုန်းကို ခွက်ပေါ် ပြန်ချလိုက်ပြီးမှ လှစ်ခနဲ သတိရလိုက် သည်။

အလိုလေး . . . ငါ့နှမ ရွှေကြည်တစ်ယောက် . . . ဘွားဘွား

www.burmeseclassic.com



ဘဝတောင် ရောက်နေပါပေါ့လား . . .

အို . . . ဘယ်ဘဝရောက်ရောက် ရွှေကြည်ရဲ့ အနုပညာ တော့ အစဉ်အမြဲ နုပျိုသစ်လွင် လန်းဆန်းနေမှာ သေချာပါတယ်လေ

ဗိုလ်ကလေးတင့်အောင်
နိုဝင်ဘာ ၁ ရက် / ၇

(၈)

အောဝမ်းရုပ်ရှင်မှ ဒါရိုက်တာ ဦးတင်မောင်က အခေါ် လွှတ်လိုက် သည်။

ရုပ်ရှင်ကုမ္ပဏီများက ပယ်ချကြ၍ ပြဇာတ်ထဲသို့ ရောက်ရကာ ဓာတ်ပြားပါ သွင်းနေခိုက် ရုပ်ရှင်ကုမ္ပဏီက အခေါ် လွှတ်ခြင်းသည် ကြည် ကြည်ဌေး၏ ရင်ထဲ၌ သိမ့်သိမ့်တုန်သွားသည်။

"ကျွန်မကို အခေါ် လွှတ်တယ်လား"

"ဟုတ်တယ် . . . အားရင် ခုလိုက်ခဲ့ပါ"

ရုပ်ရှင်က ခေါ် နေပြီ။ ရုပ်ရှင်နယ်သို့ တစ်နေ့နေ့ ရောက်ရမည် ဟု သူ့အပေါ်၌ သူယုံကြည်ထားချက်ရှိသည့်အတိုင်း ယခု ရုပ်ရှင်က ခေါ် ပြီ။

ကျယ်ဝန်း၍ စိမ်းလန်းစိုပြည်သော 'မဟာမြိုင်ခြံ' ကြီးထဲသို့ ဝင် သွားသောအခါ ကြည်ကြည်ဌေးသည် ဟိုကြည့်သည်ကြည့်လျက် အိပ်မက် ပမာ ဖြစ်နေသည်။ ခြံထဲသို့ ရောက်ရောက်ချင်း ရုပ်ရှင်မင်းသမီးကြီး

www.burmeseclassic.com



'မေရှင်' ကို သတိရမိသည်။

'မေရှင်' ဆိုသော 'ချစ်ရေစင်' သီချင်းကို ဆိုကာ ပြဇာတ်မင်းသမီး အရွေးခံခဲ့သည်။ သင်ဆရာ ကြားဆရာများတွင် 'မေရှင်'ကလည်း တစ်ဦး အပါအဝင်။ မေရှင်၏ ကျေးဇူးကို သတိရလျက် စိတ်ထဲက ဦးချလိုက် သည်။

ဒါရိုက်တာဦးတင်မောင်သည် ကြည်ကြည်ဌေးကို လှမ်း၍ ပြုံးပြ သည်။ ကြည်ကြည်ဌေးသည် ပြုံးချိုချို မျက်နှာကလေးဖြင့် ဦးတင်မောင် ရှေ့၌ ဝင်ထိုင်လိုက်သည်။

"ရုပ်ရှင်ရိုက်မလား"

"ဟုတ်ကဲ့ . . . ရိုက်ပါ့မယ် အစ်ကိုကြီး"

"ချစ်သက်ဝေ ကားရိုက်မယ် . . . အစ်ကိုကြီးနဲ့ တွဲရိုက်ရမယ်"

ဝမ်းသာလုံးကြီး ရင်ခေါင်းတက်ဆို့သွားသည်။ ဝမ်းသာလုံးကြီး ဆို့ရခြင်းမှာ ပြဇာတ်ခုံပေါ်၌ ပြဇာတ်က,နေရင်း ရုပ်ရှင်နယ်သို့ စိတ်ကူး ရောက်သွားလေတိုင်း သူနှင့်တွဲဖက်သော မင်းသားမှာ 'ဦးတင်မောင်' ဖြစ်ခြင်းကြောင့် စိတ်ကူးယဉ် ရည်မှန်းချက် ပြည့်စုံသွားသော ဝမ်းသာလုံး ကြီးဖြစ်သည်။

"ချစ်သက်ဝေဇာတ်ကား ရိုက်တဲ့အတွက် သရုပ်ဆောင်ခ ရှစ်ရာ ပေးမယ်"

"ငွေတော့ ပေးချင်သလောက်ပေးပါ အစ်ကိုကြီး . . . ကျွန်မ ကြိုးစားပါ့မယ်"

ကြည်ကြည်ဌေးသည် ရုပ်ရှင်ခြံထဲသို့ နေ့စဉ်သွားရသည်။ ရုပ်ရှင် စ,ရိုက်သည်နှင့် သူ မတွေ့ဖူးသော အရာကို အနီးကပ်တွေ့ရသည်မှာ 'ကင်မရာ' ဖြစ်သည်။ ကင်မရာကို ပီသအောင် မခေါ်တတ်သေး၊ 'ကင်





မလာ'ခေါ်သည်။

ဒါရိုက်တာက သူရိုက်မည့်ဇာတ်လမ်းကို အကျဉ်းချုပ် ပြောပြထား သည်။ ဇာတ်ညွှန်း ပေးမထားပေ။ ရိုက်ခါနီးမှ ရိုက်တော့မည့်အကွက်ကို ဘယ်အမူအရာ၊ ဘယ်လိုပြော၊ ဘယ်လိုလုပ် စသည်ဖြင့် ကိုယ်တိုင် သင်ပြ ပေးသည်။ တစ်ကွက်နှစ်ကွက်လောက် စ,စမ်း ရိုက်ကြည့်သောအခါ ရုပ်ရှင်အကြောင်းကို သဘောပေါက်လာသည်။

ပြဇာတ်ပညာနှင့် ရုပ်ရှင်ပညာသည် ဇာတ်ကြီးမှ ပြဇာတ်သို့ ဆင်းလာပြီးလျှင် ပြဇာတ်ကမှ ရုပ်ရှင်ပွားခြင်းပင်ဟု သူ့စိတ်ထဲ၌ အောက်မေ့လိုက်သည်။

ပြဇာတ်ပညာသည် စာရေးဆရာရေးပေးသော သီချင်းကို ကျက်။ 'ဒိုင်ရာလော့' (ပြောရမည့်စကား) ကို ဒါရိုက်တာရေးပေးသည့်အတိုင်း ပြောလျှင်ပြော၊ ဉာဏ်ထွင်ပြုပြင်ပြီး သာအောင်ပြောနိုင်လျှင်လည်း ပြော၊ ရုပ်ရှင်ပညာ၏သဘောသည် ဒါရိုက်တာဆရာ ခိုင်းသမျှလုပ်၊ ဒါရိုက်တာ စိတ်ထဲရှိသမျှ သူ့စိတ်ထဲသွင်း၊ ဒါရိုက်တာပြောခိုင်းသည့် စကားလုံး အတိုင်းပြော၊ ဒါရိုက်တာလုပ်ခိုင်းသည့် အမူအရာအတိုင်း သဘာဝကျ အောင် လုပ်ပြရသော ပညာဖြစ်၍ ခဲရာခဲဆစ်မရှိဘဲ သဘောပေါက် လွယ်သွားခြင်း ဖြစ်သည်။

ကြည်ကြည်ဌေး၏ စိတ်ထဲ၌ ရုပ်ရှင်ပညာသည် ဇာတ်ပညာ လောက်မခက်ဟု ယူဆသည်။ ရုပ်ရှင်ပညာမှာ အမှတ်တမဲ့ လုပ်ရတာမျိုး မဟုတ်ဘဲ ကြိုတင်ပြင်ဆင်ပြီးမှ လုပ်ရသော ပညာ။

ရုပ်ရှင်က သူ့ကို ကူနိုင်သည်။ ကယ်နိုင်သည်။ ကင်မရာကလည်း ကူနိုင်သည်၊ ကယ်နိုင်သည်။ အသံသွင်းစက်ကလည်း ကူနိုင်သည်။ ကယ် နိုင်သည်။ ဒါရိုက်တာကလည်း ကူလိမ့်မည်။ ကယ်လိမ့်မည်။ ဒါရိုက်တာ

www.burmeseclassic.com



မကြိုက်ဘူးဆိုလျှင်၊ ဒါရိုက်တာက မကောင်းဘူးထင်လျှင် ဖျက် . . . ပြန်ရိုက် . . . ပြန်ရိုက်။ ဒါရိုက်တာစိတ်ကြိုက်ရသည်အထိ ပြန်ရိုက်နိုင်သည်။

ဇာတ်ပညာသည် ဇာတ်ခုံပေါ်သို့ ရောက်သွားသည်နှင့် ကယ်မည့်သူ မရှိ။ ကူမည့်သူ မရှိ။ ဇာတ်ခုံပေါ်သို့လိုက်၍ မည်သူကမှ မကယ်နိုင်။ မကူနိုင်။ ခဲရာခဲဆစ် ကြုံရပြီဆိုလျှင် ကိုယ့်အစွမ်းကိုယ့်အစ ထုတ်ပြရသော ပညာဖြစ်သည်။ ဖြတ်ထိုးဉာဏ်ရှိသလောက် အာဝဇ္ဇာန်းရှိသလောက် ပြောနိုင်မှသာ။

ဖြတ်ထိုးဉာဏ်မရှိ၊ အာဝဇ္ဇန်းမရှိလျှင် ခံပေတော့ပင်။ ငိုချင်းတစ်ပုဒ် ငိုလျှင် ငိုချင်းထဲက စာသားကို ပြန်ပြောနိုင်မှ၊ စာကျက်ရသည်။ စာစကားနှင့် မပြောတတ်လျှင် ဇာတ်ခုံပေါ်၌ မလွယ်ကြောင်းကို အတွေ့အကြုံများစွာ ရှိခဲ့ပြီးဖြစ်သည်။

ရုပ်ရှင်၌ တောတောင်ရေမြေ၊ သစ်ပင်၊ အိမ်၊ ဆင်၊ မြင်း စသည်တို့မှာ မူလသဘာဝအတိုင်း တကယ်မရှိသော တောတောင်၊ ရေမြေ၊ ဆင်၊ မြင်း စသည်များကို ပွဲကြည့်ပရိသတ်၏ စိတ်၊ မျက်စိထဲ၌ တောပုံ တောင်ပဲ၊ မြင်းစီးလာသည်ပဲ၊ အကယ် ထင်မှတ်မြင် ပေါ်လာအောင် ပညာဖြင့် ဖော်ထုတ်စွမ်းဆောင်ရသော ပညာမျိုးဖြစ်သည်။

အင်းအိုင်၊ စုံမြိုင်၊ ဂနိုင်၊ သီတာ၊ ကြာ၊ ကန်စသည့် သဘာဝအလှတို့ကို တေးသံ . . . ပြောဟန် . . . ဆိုဟန် . . . ကဟန် တို့ဖြင့် ပုံဖော်စွမ်းဆောင်နိုင်မှသာလျှင် ပွဲကြည့်ပရိသတ်တို့ တကယ်မမြင်ရဘဲနှင့် တကယ်မြင်ရသည့်အလား ပြည့်ပြည့်ဝဝ ခံစားရနိုင်သည်။

ကြည်ကြည်ဌေးသည် ရုပ်ရှင်ထဲသို့ ရောက်၍ 'ချစ်သက်ဝေ' ရုပ်ရှင်ကို ရိုက်သည်နှင့် ရုပ်ရှင်ရိုက်ရိုက်ချင်း ရုပ်ရှင်ပညာကို ဆည်းပူး





သည်။ ဘဝတစ်လျှောက်လုံး အမြဲတမ်း စင်ပေါ်တက်လျက် ပရိသတ်အပေါင်းနှင့် တွေ့ထိရခြင်းကြောင့် ရုပ်ရှင်ရိုက်နေစဉ်ကာလ၌ စိုးစဉ်းမျှ ကြောက်ရွံ့တုန်လှုပ်မှု မရှိသော်လည်း ဆရာသမားဖြစ်သော ဒါရိုက်တာကိုတော့ ကြောက်ရွံ့သည်။

"ငါလုပ်တာတွေ ဟုတ် . . . ဟုတ်ပါ့မလား၊ ကြိုက်မှ . . . ကြိုက်ပါ့မလား"

စိုးရိမ်စိတ် အစဉ်ရှိလျက် ဒါရိုက်တာကို ကြောက်နေသည်။

ဒါရိုက်တာ ဦးတင်မောင်သည် ကြည်ကြည်ဌေးကို အစမ်းလေ့ကျင့်ခန်းမပေးဘဲ "ဒီဟာ ဒီလိုရိုက်မယ်၊ ဒီအမူအရာ၊ ဒီစကားပြော" ရိုက်ခါနီးမှပင် သင်ကြားပြောပြီး လုပ်ခိုင်းခြင်းဖြစ်သည်။

ဇာတ်ကတုန်းက ဇာတ်ကြောင်းသိလျှင် ဇာတ်ကိုငုံပြီး သဘောပေါက်လိုက်သည်။

ရုပ်ရှင်တွင် သူ့အား ဇာတ်လမ်းအကျဉ်းချုပ်ပြောပြီး ပြုလုပ်ရမည့် အမူအရာများကို ရိုက်ကွင်းပေါ်ကျမှ သင်သွားသည်။

ကြည်ကြည်ဌေးသည် ခိုင်းတာကိုလုပ်ပြီးတိုင်း "မကြိုက်ရင် ပြန်ခိုင်းပါဆရာ . . . မကြိုက်ရင် ပြန်လုပ်ပါ့မယ်ဆရာ" ဟု ပြောတတ်သည်။

ဤစကားသည် ရုပ်ရှင်စရိုက်ကတည်းက စ၍ ယနေ့ ယခုအချိန်ထိ ကြည်ကြည်ဌေး၏ နှုတ်ဖျား၌ ရှိသည်။

'ချစ်သက်ဝေ' ဇာတ်ကားထဲ၌ လေ့ကားအဆင်းအတက်၊ လင်ခယား ကျီစယ်သောအခန်းကို ရိုက်သောအခါ ဣန္ဒြေအလွန်ရှိသော၊ အလွန်တည်ကြည်သော၊ အလွန်ခံ့ညားသော ဒါရိုက်တာဦးတင်မောင်ကို ခိုသေလေးစား ကြောက်ရွံ့ခြင်းစိတ်ကြောင့် ကိုယ့်ခင်ပွန်းအဖြစ် ကျီစယ်

www.burmeseclassic.com



ရမည်ကို မငုံ့မရဲဖြစ်မိ၍ သုံးလေးခါ ပြန်ရိုက်ရသည်။

ကြည်ကြည်ဌေးသည် ရုပ်ရှင်ရိုက်ခြင်းကို သူ့စိတ်၌ ပင်ပင်ပန်းပန်း ပြင်းပြင်းထန်ထန် မခံစားရချေ။ ဒါရိုက်တာသဘောကျဖြစ်အောင် သဘာဝနှင့် ကိုက်ညီအောင် ကြိုးစားအားထုတ်သည့် လုံ့လ ဝီရိယများကို တစ်ချက်မျှမလျှော့။ ဇာတ်သဘင်နှင့် မရော၊ ဇာတ်ဟန်၊ ဇာတ်သံကို ဇာတ်ထဲ၌ ထားခဲ့ပြီးဖြစ်သည်။

ရုပ်ရှင်၌ သဘာဝဟန်၊ သဘာဝအသံကို ပိုင်ပိုင်ကြီး ဆုပ်ကိုင်ထားသည်။

တစ်နေ့ထက်တစ်နေ့ ရုပ်ရှင်ဆိုသော သဘာဝပညာရပ်ကို နှစ်သက်မြတ်နိုးစိတ် ကြီးမားလာသည်။ သဘာဝအတိုင်း ပြသသော ရုပ်ရှင်ပညာတွင် သဘာဝကို နားလည်လျှင်လည်း လွယ်သည်။ သဘာဝကို နားမလည်လျှင် ခက်မည်ဟု ကြည်ကြည်ဌေး သိလာသည်။ ရုပ်ရှင်ရိုက်သည့်အခါ ပါးရည်နပ်ရည် ရှိရမည်။ သတ္တိရှိရမည်။ သတ္တိမရှိလျှင် မရပြန်ခြင်းကို ပညာက သင်လာသည်။

သတ္တိဆိုသည်မှာ အပြင်၌ အာဝဇ္ဇန်း ဘယ်လောက်ကောင်းကောင်း၊ မျက်နှာ ဘယ်လောက်ပြောင်ပြောင်၊ သတ္တိဘယ်လောက်ရှိရှိ ကင်မရာရှေ့ရောက်၍ ရိုက်တော့မည်ဟု 'ကလက်'က 'ကတ်'ခနဲ အချက်ပေးလိုက်လျှင် ပြောစရာတွေ မေ့ပျောက်ကုန်ကာ ဘာပြောရမှန်းမသိ၍ "ဟိုး . . . " ဆိုကာ ပြန်လုပ်ရတတ်ခြင်းကြောင့် ကင်မရာကို မကြောက်ဖို့၊ သတ္တိကောင်းဖို့ ဆိုလိုခြင်းဖြစ်သည်။

ရုပ်ရှင်ရိုက်နေစဉ် လှစ်ခနဲ စိတ်ကလေးပြောင်းသွားလိုက်လျှင်ဖြစ်စေ၊ ဘေးဘက်ကလူတွေနှင့် ပတ်ဝန်းကျင်ကို နည်းနည်းကလေး အာရုံရောက်လိုက်မိရုံဖြင့် ဖြစ်စေ ပျက်သွားနိုင်ခြင်းကို သဘောပေါက်





ထားသည်။ ကြည်ကြည်ဌေးသည် ရုပ်ရှင်ရိုက်နေစဉ် ပတ်ဝန်းကျင်ကို လုံးဝ ဂရုမစိုက်တော့ပေ။ ပတ်ဝန်းကျင်ကို လုံးလုံးမေ့ပစ်လိုက်သည်။

ငိုစရာရှိလျှင် ငိုမည်၊ ပတ်ဝန်းကျင်ကို မမြင်၊ ပတ်ဝန်းကျင် အသံတွေကိုလည်း လုံးဝမကြား။ ပတ်ဝန်းကျင်လူတွေကိုလည်း မမြင်။ သူ့အလုပ်ထဲ၌သာ သူ့စိတ်ကို ဝင်စားထားသည်။ ဟိုဟိုဒီဒီ စိတ်မပြန့်လေအောင် စိတ်ကို တစ်ချောင်းတည်း စိုက်ထူထားသည်။

ကင်မရာရှေ့၌ သူရောက်နေသည့် ကိုယ်ဟန် အဆင်ပြေအောင်နေရန်၊ စကားလုံး မမှားရန်၊ ဒါရိုက်တာပြောတာဖြစ်အောင် လုပ်ပေးရန်၊ "ဆရာခိုင်းချင်တာခိုင်း . . . . နောက်ဆုံး ခွေးလို အူခိုင်းချင်အူခိုင်း၊ ထဘီရင်လျားနှင့် ပြေးခိုင်းချင် ပြေးခိုင်း၊ ဆရာခိုင်းသမျှ ဖြစ်အောင်လုပ်မည်" ဟု သန္နိဋ္ဌာန်ချလို့ ဤစိတ်ကို စိုက်ထူထားသည်။

ရုပ်ရှင်နယ်ထဲ ရောက်ရောက်ချင်း ဒါရိုက်တာ ဦးတင်မောင်ကို လက်ဦးဆရာအဖြစ်ဖြင့် ဆုံခွင့်ရခြင်းကို ကျေနပ်အားရမှုဖြင့် ပျော်ရွှင်ရသလောက် ရုပ်ရှင်ရိုက်ခါနီး ဒါရိုက်တာ ဦးတင်မောင်ကိုယ်တိုင် မိတ်တပ်လိမ်းခြယ်ပေးခြင်းကို စိတ်ညစ်ရသည်။

ဒါရိုက်တာရှေ့၌ မလှုပ်မယှက် မညည်းမညူဘဲ ငြိမ်ငြိမ်ကလေး နေရသည်။

ဒါရိုက်တာဦးတင်မောင်သည် ဆေးပေါ့လိပ်ကတစ်ဖက်၊ စုတ်တံက တစ်ဖက်နှင့် ကြည်ကြည်ဌေး၏မျက်နှာကို သူ့စိတ်တိုင်းကျ မိတ်ကပ်ခြယ်ပေးသည်။ ယခုခေတ် ရုပ်ရှင်မင်းသမီး မျက်နှာမျိုး မိတ်ကပ်မခြယ်။ ယခုခေတ် မျက်နှာမိတ်ကပ်ခြယ်ထားပုံကို မြင်ရုံဖြင့် ရုပ်ရှင်မင်းသမီးပဲဟု ခွဲခြားသိရှိနိုင်ခြင်းကို အလိုမရှိ။ ဇာတ်လမ်းထဲ၌ ပါဝင်သရုပ်ဆောင်သော မင်းသမီးသည် ဇာတ်ကားအပြင်လောက၌ရှိသော အရပ်သူနှင့်

www.burmeseclassic.com



သဘာဝမခြား၊ ကိုက်ညီအောင်လုပ်သော ဒါရိုက်တာဖြစ်သည်။

မိတ်ကပ်တစ်ခါလိမ်းလျှင် သုံးနာရီလောက်ကြာသည်။ သုံးနာရီအတွင်း ဆီးဝမ်း သွားချင်၍လည်း မထဝံ့၊ မလှုပ်ရှားဝံ့။ ဆရာထမှ ထ၊ ဆရာသွားမှ သွား၊ ဆရာမရောက်ခင် မိတ်ကပ်လူးသောနေရာသို့ အမြန်ပြန်ပြေးလာစောင့်ရသည်။

ဒါရိုက်တာ ဦးတင်မောင်နှင့် တွဲဖက်၍ 'ချစ်သက်ဝေ' ဇာတ်ကား ရိုက်ရခြင်းမှာ ကြည်ကြည်ဌေးအတွက် ရုပ်ရှင်သင်တန်း တက်နေရသည့်အတိုင်းပင်။

ဒါရိုက်တာ ဦးတင်မောင်ကိုယ်နှိုက်ကိုက ရုပ်ရှင်သင်တန်းကျောင်းကြီးတစ်ကျောင်း ဖြစ်နေသည်။

စစ်စစ်မှန်မှန် ပီပီသသ သရုပ်ဆောင်နိုင်သော ဒါရိုက်တာမင်းသား ဦးတင်မောင်၏ သရုပ်ဆောင်ချက်များကို ကြည့်ထားလျှင် ကြည်ကြည်ဌေးသည် သူကပြန်၍ ဘယ်အမူအရာဖြင့် ဘယ်လိုသရုပ်ဆောင်လိုက်ရမည်ကို သင်စရာ အထူးမလိုဘဲ သူသိနေသည်။

ကြည်ကြည်ဌေးသည် သူ ပြုလုပ်ရမည့် အမူအရာကို လုပ်ယူနေခြင်းမျိုးမဟုတ်ဘဲ ဝမ်းတွင်းပါအတိုင်း လိုက်လိုက်လှဲလှဲကြီး သရုပ်ဆောင်နိုင်သည်။

မင်းသားဒါရိုက်တာ ဦးတင်မောင်နှင့် မင်းသမီး ကြည်ကြည်ဌေးတို့ နှစ်ဦးစလုံးသည် ပုဂ္ဂိုလ်သဘောအနေနှင့် အနုပညာဗီဇပါရမီရှိပြီးသား၊ ခိုင်မာပြီးသား ဖြစ်ကြသည်။ တစ်ယောက် အနုပညာကို တစ်ယောက် ပြန်လှန်လေးစားကြသော သဘောရှိကြသည်။

နှစ်ဦးစလုံး အပေးအယူ ညီမျှကြသဖြင့် သရုပ်ဆောင်ချက်များသည် အရောင်တင်ပေးလိုက်သလို တောက်ပသွားကြသည်။





'ချစ်သက်ဝေ'ထဲ၌ ကြည်ကြည်ဌေးဆိုခဲ့သော သီချင်းတစ်ပုဒ်တွင် . . .

"မှာလိုက်စမ်းပါရစေ . . . ပျို့ဖယ်ကျွမ်းချစ်သက်ဝေ . . . ပညာရှာရေးရယ်နဲ့ . . . အဝေးနယ်သို့ မောင်သွားပေတော့လေ . . . လွမ်းပေမယ့် ရွှေညာသူရေ . . . ဖြေရစ်မယ် မောင်ရေ . . . မောင်ရေ . . . ခြောက်ရောင်စုံ တန်းပါလို့ စက်ပန်းဇာ ကိုင်ကာသာနေ . . . ရက်တွေ တွက်ရေ မျက်ရည်ကလည်း . . . . ကြွေမှာပါပဲလေ . . ."

ဤသီချင်းကို ဆိုခိုင်းရာ၌ ဒါရိုက်တာက နောက်ဆုံး 'မျက်ရည်ကလည်း ကြွေမှာပါပဲလေ' ဆိုသည့် အပိုဒ်ဆုံးလျှင် မျက်စိကို အသာမှိတ်လိုက်ပြီး ပေါက်ခနဲ မျက်ရည်တစ်ပြိုင်တည်းကျရန် လုပ်ခိုင်းသည်။

ဒါရိုက်တာက မရမချင်း ပြန်ခိုင်းခြင်းကြောင့် အံကိုက်ကျရမည့် မျက်ရည်ကို အံကိုက် ပေါက်ခနဲကျအောင် ခြောက်ကြိမ်လောက် လုပ်ရသည်။

ကြည်ကြည်ဌေးသည် ငိုရတော့မည်ဆိုလျှင် ဘယ်နှစ်ခါပင် ငိုရငိုရ ငို၍ရသည်။ အခြားသူများလို ခံစားမှု ဖီလင် သွင်းစရာမလို၊ အခုရယ်မောပြီး အခု ပြန်ငိုနိုင်စွမ်းရှိသည်။

ဒါရိုက်တာ ဦးတင်မောင်သည် 'ချစ်သက်ဝေ' ဇာတ်ကား ရိုက်နေရင်း ကြည်ကြည်ဌေး၏ ပညာစွမ်းကို မြင်လာသည်။

ကြည်ကြည်ဌေး၏ ပညာအထုပ်ကြီးကို ဖြေကြည့်လိုက်သည့်အခါ၌ အထုပ်ထဲမှ တစ်ခုပြီးတစ်ခု ထွက်လာသမျှတို့သည် သူလိုချင်သလို အသုံးချ၍ရမှန်း ကောင်းကောင်းကြီး သိရှိလာသည်။

မင်းသမီးဘဝက ဖက်ရှင်လုပ်ကာ ရွှေကွပ်ခဲ့သော သွားမှာ ရုပ်ရှင်ရိုက်ရာတွင် ကွက်မဲနေခြင်းကြောင့် ဆေးသုတ်ရိုက်ရသည်။ ကင်

www.burmeseclassic.com



မရာချိန်ခါနီး ရွှေသွားကို ဆေးသုတ်ရိုက်ရခြင်းအတွက် အလုပ်ပိုနေသည်။ ဒါရိုက်တာသည် ဇာတ်မင်းသမီးများ၏ အမှတ်လက္ခဏာဖြစ်သော ရွှေကွပ်ထားသည့်သွားမှရွှေကို ပလာရာဖြင့် ဖြုတ်ပစ်လိုက်သည်။

ဇာတ်မင်းသမီးကြီး 'ဒေါ်စိန်ယုံ' က မွေးထုတ်လိုက်သော ဇာတ်မင်းသမီး 'မာလာရီ' ကို ပြဇာတ်ဒါရိုက်တာ 'ဦးသုခ'က ပြဇာတ်မင်းသမီး 'ကြည်ကြည်ဌေး'အဖြစ် စင်ပေါ်တင်ပေးလိုက်ကာ - ရုပ်ရှင်ဒါရိုက်တာ 'ဦးတင်မောင်'က ရုပ်ရှင်မင်းသမီးအဖြစ် အသက်သွင်းနေလေသည်။

ကားရိုက်၍ တစ်ဝက်လောက်ရောက်သည်အထိ ကြည်ကြည်ဌေးသည် ရုပ်ရှင်အခေါ်အဝေါ် 'အောက်ဒိုး' 'အင်ဒိုး' ကို နာမည်တစ်ခုအဖြစ်သာ သိသည်။ 'အင်' ဆိုတာ ဘာ၊ 'အောက်' ဆိုတာ ဘာမှန်း အဓိပ္ပါယ်မသိပေ။ အထဲရိုက်လျှင် ဒီနာမည်၊ အပြင်ရိုက်လျှင် ဒီနာမည်၊ 'အင်ဒိုး' ကို နာမည်အဖြစ် မှတ်ထားသည်။ 'ဒါပင်' 'ဘက်ကရောင်း' 'ဘီဂျီ' ဆိုသော အဓိပ္ပါယ်များကို ဘာမှန်းမသိ။ ရုပ်ရှင်စကားပဲဟု အောက်မေ့သည်။

ကြည်ကြည်ဌေးသည် တစ်ကွက်ရိုက်ပြီး၍ 'ကတ်'ဆိုတာနှင့် ကိုယ့်လက်ကလေး ဘယ်နေရာ ကျနေသည်ကို မှတ်သားထားသည့် အလေ့အကျင့် လုပ်ထားသည်။ နောက် ဆက်ရိုက်သောအခါ စောစောက လက်အနေအထား၊ စောစောက မျက်နှာအမူအရာတို့ကို မှတ်တမ်းတင်သူက ထပ်ပြောပြစရာမလိုတော့ပေ။ ရုပ်ရှင်ပညာကို အနုပညာတစ်ရပ်အဖြစ် စိတ်ဝင်စားလွန်းခြင်းကြောင့် အမှတ်အသား ဘယ်အခါမှ မလစ်ခဲ့ပေ။

ရုပ်ရှင်ထဲ၌ သီချင်းဆိုရခြင်းကိုကား အလွန်နှစ်သက်လှသည်။ ဇာတ်ခုံပေါ် တုန်းကလို ပရိသတ်ပေါက်အောင် အားထုတ်၍ အော်ဆိုရသည့်မျိုး မဟုတ်ဘဲ စတူဒီယို အလုံခန်းထဲ၌ 'မက်' ခွက်ကလေးဖြင့် ကိုယ့်အသံ





ကိုယ်ကြားရုံလောက် ဆိုရခြင်းကြောင့် အသံကလေး လုံနေသည်။ အထာကျအောင် ဆိုရုံမှတစ်ပါး အားထုတ်ရမှု၊ ပင်ပန်းမှု မရှိခြင်းကြောင့် သဘောကျလှသည်။

ကားရိုက်နေဆဲမှာပင် ဒါရိုက်တာ ဦးတင်မောင်သည် ကြည်ကြည်ဌေး၏ ပင်ကိုယ်အရည်အချင်းကို စိတ်တိုင်းကျ ကျေနပ်လှ၍ ရှစ်ရာမှတိုး၍ တစ်ထောင်ပေးမည်ပြောသည်။

"ပေးချင်သလောက်ပေးပါ အစ်ကိုကြီးရယ် . . . အစ်ကိုကြီး ဘယ်လောက်ပေးပေး ကျေနပ်ပါတယ်"

'ချစ်သက်ဝေ' ဇာတ်ကား ရိုက်ကူးပြီးစီးသည့်အခါတွင် အေဝမ်းကုမ္ပဏီက ကြည်ကြည်ဌေး၏ အနုပညာအရည်အသွေးကို တန်ဖိုးထားကာ ၂၅ဝဝိ ပေးသည်။

'ချစ်သက်ဝေ' ဇာတ်ကားရိုက်ရင်း 'မြေပဒေသာ'ပြဇာတ် က,နေ စဉ် ကြည်ကြည်ဌေးသည် 'ချစ်သက်ဝေ' ဇာတ်ကားမှ အကောင်းဆုံး ရုပ်ရှင်မင်းသမီးအဖြစ် ရွေးချယ်ခြင်းခံရကာ အကယ်ဒမီဆုကို ဆွတ်ခူးရသည်။

အနုပညာဘက်၌ တွေ့ကြုံခဲ့သော အဖိအနှိပ် အခက်အခဲများကို ခံနိုင်ရည်ရှိရှိဖြင့် မတွန့်မဆုတ် ကြိုးစားလုပ်ဆောင်ချက်ကြောင့် ပြဇာတ်နယ်ပယ်တွင် 'ပြဇာတ်ဘုရင်မ' ၊ 'တန်းကုန်မင်းသမီး' ပန်းတိုင်သို့ အရောက်တက်လှမ်း ဆွတ်ခူးခဲ့ပြီးနောက် ရုပ်ရှင်နယ်ဘက်သို့ ကူးပြောင်းရချင်း စ၍ ပထမရိုက်သော တစ်ကားတည်းနှင့်ပင် ပွဲဦးထွက် အောင်ပန်း 'အကယ်ဒမီ'ဆု ဆိုသော ရုပ်ရှင်ထူးချွန်ဆုကြီးကို ဆွတ်ခူးပန်ဆင်လိုက်ရသည်။

ကြည်ကြည်ဌေးသည် အကယ်ဒမီ စကားလုံးကို နားမလည်၍

www.burmeseclassic.com



သူ့ခင်ပွန်းကို မေးကြည့်ရသည်။

"အကယ်ဒမီဆိုတာ ဘာကိုပြောတာလဲ . . . ဟင်"

"ရုပ်ရှင်မှာ အကောင်းဆုံး အတော်ဆုံး ဇာတ်ကောင်ကို ရွေးချယ်တဲ့ဆုကို ခေါ်တာကွ"

ကြည်ကြည်ဌေး အကယ်ဒမီဆုကို သွားယူသည့်အခါ ထိုအချိန်က စင်မြင့်ပေါ်သို့တက်၍ စကားပြောရခြင်းမရှိ။ ထိုအချိန်ကပေးသော အကယ်ဒမီဆုမှာ ရွှေဒင်္ဂါး တစ်ကျပ်သားကို ရုပ်ရှင်ဖလင်ပုံသွင်းထားသော ရင်ထိုးတံဆိပ်ဖြစ်သည်။

အေဝမ်းရုပ်ရှင်မှ ကြည်ကြည်ဌေးကို 'ချစ်သက်ဝေ' ဇာတ်ကားရိုက်အပြီး တစ်လ ခုနစ်ရာနှင့် သုံးနှစ်စာချုပ် ချုပ်လိုက်သည်။ သုံးနှစ်အတွင်း 'ရတနာပုံ'၊ 'အကျော်အမော်'၊ 'မြတဘက်'၊ 'စက္ကောမ'၊ 'ဝိဇယ'၊ 'မင်းကုသ' ဇာတ်ကားများ ဆက်တိုက်ရိုက်သွားသည်။

'ရတနာပုံ' ဇာတ်ကားတွင် မီးလောင်၍ ရုပ်ဖျက်ပစ်သော အမာရွတ်ကြီးများကို ကားရိုက်မပြီးမချင်း လေးငါးရက် မဖျက်ဘဲနေရသည်။

အနောက်နိုင်ငံမှ ရုပ်ဖျက်ဆေးဖြင့် မျက်နှာကို ပွတ်လိမ်းလိုက်ရာ အသားမှာ ဖူးရောင်၍လာသည်။ ဖူးရောင်သော အသားပေါ်၌ ဂွမ်းပါးပါးကလေးကပ်လျက် ဆေးသုတ်လူးလိုက်သည်။ ဆေးက စုတ်ယူသဖြင့် ဂွမ်းစများ ကြွဖုလျက် အနာရွတ်ကြီးများဖြစ်လာသည်။ ဤအခန်းမပြီးမချင်း ဘယ်သူမြင်မြင် အိမ်ပြန်လိုက်၊ ရုပ်ရှင်ခြံထဲ သွားလိုက်ဖြင့် အနာရွတ်ကြီးကို မဖျက်ဘဲထားသည်။

ဤဇာတ်ကားထဲ၌ အသံနှစ်မျိုး ခွဲသည်။ ပင်ကိုယ်မွေးရာပါ အသံက တစ်သံ၊ မွေးရာပါအသံနှင့် မတူသောအသံကို ပြောင်းကာ အသံစက်နှင့် ဖမ်း၍ မှတ်တမ်းတင်ပြီးနောက် ၎င်းအသံနှင့်တူအောင် အသံ





နှစ်သံ ခွဲပြောရသည်။

'ရတနာပုံ' ဇာတ်ကားကို ပင်ပန်းဆင်းရဲခံ ရိုက်ရသည်။ သုံးလေးရက် ထမင်းမစားရ၊ အအိပ်ပျက်သည်။ တစ်ခါတစ်ရံ တစ်ညလုံး မနားတမ်း ရိုက်ကူးသည်။ ဒါရိုက်တာ ဦးတင်မောင်က "ကော်ဖီနှင့် ပေါင်မုန့်ကလေးပဲ စားပါ" ဆိုသဖြင့် သုံးလေးရက်အတွင်း ပိန်ချုံးကျသွားသည်။ 'ရတနာပုံ' နောက်ဆုံး ဇာတ်သိမ်းခါနီး မမာသောအခန်းမှာ ပင်ပန်းနွမ်းနယ်နေကာ ညှိုးဖျော့နေသည်။

ကြည်ကြည်ဌေးသည် ရုပ်ပျက်ဆင်းပျက်အခန်းမျိုး ရိုက်ရခြင်းကို သဘောကျသည်။ ထိုခေတ် ထိုအချိန်က ရုပ်ရှင်မင်းသမီးများ ရုပ်ပျက်ဆင်းပျက်ရိုက်ရန် ဘယ်မင်းသမီးမှ လက်မခံကြပေ။

ရက်စက်သော အကြမ်းခန်း လုပ်ရမည်ဆိုလျှင် လူတကာ ဆဲချင်အောင် လုပ်ပြနိုင်စွမ်းရှိမှ၊ ရယ်စရာလုပ်ရမည်ဆိုလျှင်လည်း ပရိသတ်ငါးစပ်ပိတ်မနေရမှ၊ လွမ်းရမည်ဆိုလျှင်လည်း ကြည့်သောသူတိုင်း မျက်ရည်ကျအောင် လွမ်းပြနိုင်မှ အနုပညာရှင်အစစ်ဟု ယူဆထားသူဖြစ်သည်။

ကြည်ကြည်ဌေး သေသောအခန်းရိုက်စဉ်က ဒါရိုက်တာ ဦးတင်မောင်သည် မျက်ရည်ဝဲလာသည်။

"ရွှေကြည်ရယ် . . . ညည်းအသံနဲ့ ညည်းငိုပုံမျိုးဟာ ငါ့ကို မျက်ရည်ဝဲသွားတာပဲ . . ."

ကားရိုက်ပြီး ဦးတင်မောင်သည် သူ မျက်ရည်ဝဲသွားပုံကို ပြောပြီးဖြစ်ကာ တဟားဟား ရယ်မောလျက်ရှိသည်။

'ရတနာပုံ' ဇာတ်ကားထဲ၌ 'ခင်စိန်ကြည်' သည် သူ မသေခင် ကိုထွန်းမြတ်နှင့် စကားပြောချင်နေသည်။ ကိုထွန်းမြတ် ဝင်လာသော

www.burmeseclassic.com



အခါ သေခါနီးဆဲဆဲဖြစ်နေသော ခင်စိန်ကြည်သည် ကိုထွန်းမြတ်ထံ လှမ်းဖက်လိုက်သည်။

ဤအခန်းကိုရိုက်နေသော ကြည်ကြည်ဌေးသည် နေ့ဆက်ရက်ဆက် ပင်ပန်းနွမ်းနယ်လွန်းခြင်းကြောင့် အားကုန်နေသည်။ ကိုထွန်းမြတ်အား မှီကာဖက်ထားသော စိတ်ထိခိုက်လွန်းသည့်မျက်နှာသည် ရုပ်ရှင်ကြည့်ပရိသတ်နှလုံးသားထဲသို့ ရောက်သွားလျှက်- ကြည်ကြည်ဌေးထံ ပရိသတ် စွဲသွားကြသည်။

ဒါရိုက်တာမင်းသား ဦးတင်မောင်ကိုယ်တိုင်ပင် ကြည်ကြည်ဌေး၏ ပီပီသသ သရုပ်ဆောင်ထားသော သရုပ်ဆောင်ချက်ကို ခံစားထိခိုက်မိကာ အသံများ တုန်ယင်ဖိုလှိုက်လာလျက် မျက်ရည်ဝဲသွားခြင်း ဖြစ်သည်။

ဒါရိုက်တာဦးတင်မောင်သည် ရုပ်ရှင်မင်းသမီးဖြစ်အောင် အသက်သွင်းပေးခဲ့သော ကြည်ကြည်ဌေးကို ဤသို့ မှတ်တမ်းတင်ထား မှတ်ချက်ချသည်။

# ကျွန်တော် မြင်တွေ့ရသော ကြည်ကြည်ဌေး

အောဝမ်းရုပ်ရှင်ဒါရိုက်တာ ဦးတင်မောင်

၁၉၅၁ ခုနှစ်တွင် 'ချစ်သက်ဝေ' ဇာတ်ကား ရိုက်ကူးရန် ဦးတင်နွယ်က ဇာတ်ညွှန်းပေးအပ်လာသည်။ ဇာတ်လမ်းအရ ဇာတ်ဆောင် မင်းသမီးမှာ အသက် ၂၀ ကျော်မှ သား၏မိခင် ၄၀ ကျော်အရွယ်ထိရှိမှသာ သဘာဝကျမည်ကို တွေ့ရှိရသောအခါ မည်သူ့အား ရွေးချယ်ရမည့် အလုပ်တစ်ခု ပေါ်လာတော့သည်။

ထိုအချိန်တွင် ဦးသုခ စီစဉ်တင်ပြသော ပြဇာတ်ကို သွားရောက်ကြည့်ရှုမိသဖြင့် ကျွန်တော့်စိတ်ကြိုက် ဇာတ်ဆောင်နိုင်မည့် မင်းသမီးကို တွေ့ရတော့သည်။ သူကား အခြားသူမဟုတ်။ ယနေ့တိုင် ရုပ်ရှင်ကြည့်ပရိသတ်၏ အသည်းစွဲ ကြည်ကြည်ဌေးပင်ဖြစ်တော့သည်။

'ချစ်သက်ဝေ' ဇာတ်ကား၏ ဇာတ်ဆောင်မင်းသမီးမှာ ကြည်ကြည်ဌေးဖြစ်လာသည်။ ကြည်ကြည်ဌေးကို ကျွန်တော် စိတ်တိုင်းကျ

www.burmeseclassic.com



နေ့စဉ် ဇာတ်ကားပြီးဆုံးသည်အထိ ခြယ်မှုန်းပေးခဲ့သည်။ ဤဇာတ်ကားမှ စ၍ ကြည်ကြည်ဌေး၏ သရုပ်ဆောင်အနုပညာ မည်မျှ တိုးတက်တော့မည်ကို တွေ့ရှိရတော့သည်။

ကြည်ကြည်ဌေးသည် ဇာတ်ထဲက လာခဲ့သော ဇာတ်မင်းသမီး ဖြစ်သော်လည်း ရုပ်ရှင်ရိုက်သည့်အချိန်တွင် ဇာတ်ဟန်မပါ။ ဇာတ်သဘင်မှ လာခဲ့သူတိုင်း ဇာတ်ဟန်ကို ခဖျောက်နိုင်ခဲကြသော်လည်း ကြည်ကြည်ဌေးကား ဇာတ်ဟန်ကို လုံးဝဖျောက်နိုင်သူဖြစ်သည်။

ကျွန်တော်ပြသပေးသော မျက်နှာပေးနှင့် လှုပ်ရှားမှုမှစ၍ အသံနေအသံထားများကို သဘာဝကျကျ လုပ်နိုင်ကြောင်း တွေ့ရှိသည့်အတိုင်း ၁၉၅၂ ခုနှစ်၊ ဩဂုတ်လတွင် ရုံတင်ပြသသော 'ချစ်သက်ဝေ' ဇာတ်ကားနှင့် ဇာတ်ဆောင် ကြည်ကြည်ဌေးတို့ အကယ်ဒမီရရှိသည်။

'ချစ်သက်ဝေ' အောင်မြင်ပြီးနောက် ကမ္ဘာကျော် အိစ်စလင်ဝတ္ထုကို စာရေးဆရာကြီးရွှေဥဒေါင်း ဘာသာပြန်၍ ဆယ်တန်းကျောင်းသုံးအဖြစ် ပြဋ္ဌာန်းထားသော 'ရတနာပုံ' ဝတ္ထုကြီးကို ရိုက်ကူးရန် စီစဉ်ခဲ့သည်။

ကြည်ကြည်ဌေးကို 'ရတနာပုံ' ဇာတ်ကားတွင် ခင်စိန်ကြည်အဖြစ် ဇာတ်ဆောင်ခိုင်းရသည်ကို ကျွန်တော် အထူး နှစ်ထောင်းအားရမိသည်။ အခန်းတိုင်းကို ကျွန်တော် စိတ်ကြိုက်အပြင် ဇာတ်သွားအလိုက် ဇာတ်ဆောင်သွားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ကြည်ကြည်ဌေးသည် မိမိရိုက်ရမည့်အခန်းပေါ်သို့ ရောက်ရှိလာသောအချိန်တိုင်းတွင် မိမိလုပ်ဆောင်ရမည့်အခန်းကို လှုပ်ရှားပြသနိုင်တွင် အခြားကိစ္စအဝဝကို မေ့နေသည့်အလားပင်။ မည်မျှ စိတ်ပါဝင်စားတတ်သည်ကို ဖော်ပြရမည်ဆိုလျှင် 'ရတနာပုံ' မှ အရေးကြီးသော





အခန်းသုံးခန်းကို နှစ်နေ့၊ နှစ်ည အနားမယူဘဲ မအိပ်ဘဲ ရိုက်ကူးခဲ့ပါသည်။

အရေးကြီးသော အခန်းများကို အစမ်း လေ့ကျင့်မခိုင်းဘဲ ကျွန်တော် ရိုက်ခဲ့သည်။ အစမ်းပထမ လေ့ကျင့်စေခိုင်းပြီးမှ ရိုက်မည်ဆိုလျှင် ပထမအကြိမ် အစမ်း၌ လုပ်ပြသော သရုပ်ဆောင်အမူအရာများ တကယ်ရိုက်သောအခါတွင် လျော့ပါးသွားနိုင်စရာရှိ၍ သူ့အရည်အချင်းကို စိတ်ချထားသည့်အတိုင်း အစမ်းလေ့ကျင့်မှု မပြုလုပ်ဘဲ တစ်ခါတည်း ရိုက်ခြင်းဖြစ်သည်။

'ရတနာပုံ' ဇာတ်ကား နောက်ဆုံးခန်းများတွင် စကားပြောပိုများသောအခန်းအတွက် ပေ ၁၀၀၀ ရိုက်ခဲ့သည်။ အခြားသူသာဆိုလျှင် ပြောရမည့်စကားများကို [illegible]ပြောရများ၍ မေ့ကောင်း မေ့ပေလိမ့်မည်။ သူက မမေ့။ ဤသို့ မမေ့ခြင်းမှာ သူ့အလုပ်ကို သူမကြောက်၍ မမေ့ခြင်း ဖြစ်သည်။

ကြည်ကြည်ဌေးသည် ပေးချင်သည့်အခန်းကိုပေး၊ နာသည် သာသည်မတွက်ဘဲ အနုပညာသည်စစ်စစ်တို့၏ သဘောအတိုင်း ကျရာနေရာက သဘာဝကျအောင် လုပ်ဆောင်တတ်သည့်အပြင် အလုပ်လုပ်ရာတွင် မညည်းမညူဘဲ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းများမှာ အလွန်ချစ်မြတ်နိုးဖွယ်ကောင်းသော အကျင့်စရိုက်ဖြစ်ပါသည်။

အခြား ချစ်ဖွယ်ကောင်းသော စရိုက်ကလေးများ ရှိသေးသည်။ ဘာသာတရားကို လေးစားသည်။ မိဘဆရာများကို ရိုကျိုးရာတွင် သူမတူသူတစ်ယောက်ဟု ကျွန်တော် မှတ်ချက်ချလိုက်ပါသည်။

အောဝမ်း ဦးတင်မောင်

www.burmeseclassic.com

(၉)

အေဝမ်းကုမ္ပဏီနှင့် ဆက်၍ တတိယအကြိမ် ရိုက်ခဲ့သော 'အကျော် အမော်' ဇာတ်ကားတွင် ကြည်ကြည်ဌေးသည် 'အကျော်' နှင့် 'အမော်' နှစ်ကိုယ်ခွဲ သရုပ်ဆောင်ခဲ့သည်။ ဒါရိုက်တာဦးတင်ယုက မျက်ခုံးတွေကို ပြောင်အောင် ရိတ်ပစ်ကာ 'အမော်'အဖြစ် မျက်ခုံးမွေး သေးသေးကလေး ဆွဲပေးထားသည်။ ဤကားတွင်လည်း အသံနှစ်သံ ပြောင်းရိုက်ရသည်။ ပြောင်းထားသောအသံကို ကိုယ့်ဘာသာကိုယ် မှတ်သားထားရသည်။

'အကျော် အမော်' ဇာတ်ကားထဲ၌ 'မြဇော်ဖလင်း' ခြံနောက်ဖက် ရေကန်ထဲတွင် ခုန်ချပြီး ရေနစ်ရမည့်အခန်း ပါသည်။ ညဘက်ရိုက်သဖြင့် နှစ်သောင်းအား၊ ငါးသောင်းအား မီးလုံးကြီးများထွန်း၍ ရိုက်ရသည်။

ကြည်ကြည်ဌေးမှာ ရေမကူးတတ်။ ရေမငုပ်တတ်ပေ။ ရေထဲ ခုန်ချရမည့်နေရာမှာလည်း ဝါးနှစ်ရိုက်လောက် နက်သည်။ ထိုနေရာ၌





ယောက်ျားနှစ်ယောက်က တုတ်ကြီးကြီးနှစ်ချောင်းကို ရေထဲ၌နှစ်ကာ စောင့်နေရသည်။ ကြည်ကြည်ဌေး၏ ခုန်အချ၌ ရေထဲ နစ်မသွားစေရန် ဆွဲကိုင်ထားဖို့ ဖြစ်သည်။

ကြည်ကြည်ဌေးသည် ရေထဲသို့ ခုန်ချလိုက်သော်လည်း ရေမငုပ်တတ်ချေ။ "ငုပ် . . . ငုပ်" ပြောသဖြင့် ခေါင်းက ငုပ်လိုက်သဖြင့် အောက်ပိုင်းက ပြန်ပေါ်လာသည်။ ထိုအခါ "ဟိုး . . . ဟိုး" အော်ပြန်သဖြင့် ရေထဲမှ ဘွားခနဲ ပြန်ပေါ်လာသည်။ "ပြီးပြီလား . . ." မေးကြည့်သည်။ မရသဖြင့် ထပ်ရိုက်ရပြန်သည်။

ဖလင်ပေ ၄၀၀ သာ ကုန်သွားသည်။ ရိုက်ချက်တစ်ချက်မျှ မရလိုက်ကြ။ ဖလင်ကုန်သွားခြင်းကြောင့် ရေကန်နှင့် ခပ်လှမ်းလှမ်းရှိ အိမ်ကြီးထဲသို့ ဖလင်သွားယူနေကြသည်။

ကြည်ကြည်ဌေးသည် မြွေနှင့်ကျွတ်ကို အသေအလဲ ကြောက်သည်။ ရေထဲတွင် အထင်းသားကြီးမြင်နေရသော မြွေကြီးများ လာမတွယ်စေရန် လက်နှင့် ခြေထောက်များကို တွင်တွင်ကြီး လှုပ်ရှားပေးနေရသည်။

မြွေကြီးများမှာ မီးရောင်အောက်၌ အကြေးစိမ်းစိမ်း၊ ဝမ်းဗိုက်ဝါဝါကြီးတွေနှင့် ဖြစ်သည်။ မြွေကြီးတွေ လာမတွယ်ရန် တစ်ကိုယ်လုံး မနားမနေ လှုပ်ရှားနေစဉ် လက်၌ တင်းခနဲဖြစ်သွား၍ ကြည့်လိုက်သည်။ လက်၌ မြွေကြီးတွယ်ထားခြင်းကိုတွေ့ရ၍ မျက်စိများ ပြာဝေသွားသည်။ "အမယ်လေး . . ." ဟု တအား ကြုံး၍အော်လျက် ကြောက်လန့်တကြားဖြင့် ခပ်လှမ်းလှမ်းမှ သူငယ်၏ပခုံးပေါ်သို့ ဘယ်ပုံဘယ်နည်း ရောက်မှန်းမသိ ရောက်သွားသည်။

သူငယ်၏ ဆံပင်များကို ဆုပ်ဆွဲလျက် ရှိုက်ကြီးတငင် အော်ငို

www.burmeseclassic.com



ပြောသည်။

"မရိုက်ချင်ဘူး . . . မရိုက်ချင်ဘူး , . . တော်ပြီ မရိုက်ချင်ဘူး"

ဒါရိုက်တာ ဦးတင်ယုတို့သည် ကမ်းစပ်မှနေ၍ ကြောက်အားလန့်အား အော်ငိုလျက်ရှိသော ကြည်ကြည်ဌေးကို တဝါးဝါးရယ်ကာ သဘောကျနေကြသည်။

ထိုနေ့ ရုပ်ရှင်ရိုက်အပြီး အိမ်ပြန်ရောက်သောအခါ ၁၀၄၊ ၁၀၅ ထိအောင် ဖျားသွားသည်။ ဖျားရုံမက ရင်ကျပ်ပန်းနာရောဂါ စဖြစ်လာသည်။

ကြည်ကြည်ဌေးသည် 'အကျော် အမော်'ဇာတ်ကားကို သတိရတိုင်း မျက်စိထဲ၌ မျှောကြီးတွေ လန်းလန်း လန်းလန်း ပေါ်လာသည်။ 'အကျော် အမော်' ဇာတ်ကားသည် မျှော့တွေ လန်းလန်းထဲ၌ ကားရိုက်ရခြင်းကြောင့် စိတ်နှလုံး အဆင်းရဲဆုံးကား၊ ပန်းနာရင်ကျပ်သောကားတူ အမှတ်တရ ဖြစ်ခဲ့သည်။

အောဝမ်းရုပ်ရှင်ကုမ္ပဏီနှင့် စာချုပ် နှစ်မစေ့မီပင် ဦးတင်မောင်၏ ခွင့်ပြုချက်ဖြင့် အခြား 'ရွှေမြင့်မိုရ်ရုပ်ရှင်'၊ 'ကန်တော်မိတ် ရုပ်ရှင်'၊ 'အိုကေ' ရုပ်ရှင်ကုမ္ပဏီများ၌ပါ စာချုပ်ချုပ်ကာ တစ်ကားပြီးတစ်ကား ဆက်ရိုက်ခဲ့သည်။

၁၉၅၂ ခုနှစ်က ရုပ်ရှင်အကယ်ဒမီဆု ရခဲ့သော ကြည်ကြည်ဌေးသည် ၁၉၅၆ ခုနှစ် 'အိုကေရုပ်ရှင်' ကုမ္ပဏီ၌ ရိုက်ခဲ့သော 'ချစ်ခွင့်မပိုင်' ဇာတ်ကားတွင် အတော်ဆုံး အကောင်းဆုံး ရုပ်ရှင်ပညာသည် အကယ်ဒမီဆုကို ဆွတ်ခူးလိုက်ပြန်သည်။

'ချစ်ခွင့်မပိုင်' အကယ်ဒမီဆုပေးစဉ်က အကယ်ဒမီ ရွေးချယ်ရေး အကဲဖြတ်အဖွဲ့တွင် ပါဝင်သော ဦးသန့် (ကုလသမဂ္ဂအတွင်းရေးမှူးချုပ်





ဟောင်း)သည် ကြည်ကြည်ဌေးကို အကယ်ဒမီဆု မပေးအပ်မီ မိန့်ခွန်း ပြောကြားသည်။

"ချစ်ခွင့်မပိုင် ဇာတ်ကားအတွက် ကြည်ကြည်ဌေးကို အကယ်ဒမီဆု မပေးခင် ကျွန်တော်ပြောစရာရှိပါတယ်။ ကြည်ကြည်ဌေးဟာ 'ချစ်ခွင့်မပိုင်' ဇာတ်ကားအတွက်သာ မဟုတ်ပါဘူး။ 'ရတနာပုံ'၊ 'အကျော် အမော်' ဇာတ်ကားတွေမှာလည်း အကယ်ဒမီဆု ရထိုက်တဲ့ အမျိုးသမီး အနုပညာရှင်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ နှစ်စဉ် ဆက်တိုက်မပေးတဲ့ စည်းကမ်းသတ်မှတ်ချက်ကြောင့် 'ရတနာပုံ' 'အကျော် အမော်' တုန်းက မပေးခဲ့ရဘဲ ခုမှ ပေးရခြင်းဖြစ်ပါတယ်"

'ထူးချွန်သော သရုပ်ဆောင်ပညာရှင်တစ်ဦး'ဟု နှစ်ထပ်ကွမ်း အကယ်ဒမီဆုကို ရရှိပြီးနောက် ရုပ်ရှင်ကုမ္ပဏီများသည် ကြည်ကြည်ဌေးနှင့် ရုပ်ရှင်ရိုက်ရန် ဝိုင်းဝိုင်းလည်ကာ စာချုပ်ကြသည်။

'မြရွှေဂုဏ် ရုပ်ရှင်ကုမ္ပဏီ'၌ 'အတိတ်၏အရိပ်' ဇာတ်ကားကို ရိုက်နေစဉ် ကြည်ကြည်ဌေးတို့ နေထိုင်သော စလင်းကွင်းကြီး မီးလောင်သွားသည်။

အိမ်မီးလောင်သွား၍ ဗိုလ်အောင်သိန်းသည် ၁၉၅၆ ခုနှစ်၌ နှစ်ထပ်တိုက်ဆောက်သည်။

တိုက်ဆောက်ပြီးသောအခါ ဗိုလ်အောင်သိန်း၏ ပထမဇနီးနှင့် သားကလေး အပါ၊ ကြည်ကြည်ဌေးတို့ သားအမိအပြင် လက်ပံတန်း၌ အဒေါ်များနှင့်အတူနေသော ကြည်ကြည်ဌေး၏သမီးလေး 'လှလှဝင်း' ပါ ပေါင်း၍ တိုက်ပေါ်တွင် အတူတကွ နေထိုင်ကြသည်။

ဗိုလ်အောင်သိန်း၏ ပထမဇနီးသည် အောင်ဝိဇ္ဇာနှင့်ရခဲ့သော ကြည်ကြည်ဌေး၏သမီးလေးကို မြင်မြင်ချင်း သမီးရင်းနှင့်မခြား ချစ်ခင်

www.burmeseclassic.com



သွားသည်။ ဗိုလ်အောင်သိန်း၏ ဒုတိယဇနီးနှင့် သားသမီးများကို အိမ်တစ်ဆောင် ဆောက်ပေးထားသည်။

တိုက်သစ်ပေါ်သို့ ရောက်သောအခါ ကြည်ကြည်ဌေးသည် သပ္ပါယ်သော ဘုရားဆောင်ရှေ့၌ ခါးကိုမတ်၍ တည်ငြိမ်စွာဘုရားရှိခိုးနေသော အမေ၏ပုံသဏ္ဌာန်ကို စိုက်ငေး၍ကြည့်နေမိသည်။

ဘုရားနှင့်မိဘ တစ်ဂိုဏ်းတည်းထား၍ ကြည်ညိုသောစိတ်၊ ရတနာသုံးပါး ကြည်ညိုသောအမေ့ကို ရိုသေမြတ်နိုးမိသည့်စိတ်တွေမှာ သူ့ရင်၌ ပြည့်လာသည်။ တိုးတိတ်သာယာသော အမေ့ဘုရားရှိခိုးသံကလေးသည် စလင်းကွင်းတဲအိမ်ထဲ၌ ကြားခဲ့ရသည်ထက် သူ့နား၌ ပို၍သာယာနာပျော်ဖွယ် ရှိလှသည်။

သူများ ယောက်ျား၊ သူများလင်သားကို ကိုယ့်ယောက်ျား၊ ကိုယ့်လင်သားလုပ်၍ နေရသော အနိမ့်ကျဆုံးဘဝ ဖြစ်စေကာမူ မိမိ၏ အနုပညာစွမ်းရည်ဖြင့် ဤတိုက်ကြီးကို ဆောက်နိုင်လာပြီးလျှင် မိခင်ကြီးကို အိမ်ဦးခန်းတွင် တင်၍ ငြိမ်းချမ်းစွာ ထားရှိနိုင်ပြီဟု ကြည်နူးမိသည်။ ချောမွေ့ခြင်းမရှိသော သူ့ဘဝကို ထိုကြည်နူးမှုဖြင့် အစားထိုးလျက် ဖြေသိမ့်ရတော့သည်။

ရုပ်ရှင်ကုမ္ပဏီများမှရသည့် ငွေများကို သူ မကိုင်ရ၊ ယောက်ျားပိုင်ပစ္စည်းကဲ့သို့ ယောက်ျားက ကိုင်သည်။ ကြည်ကြည်ဌေး ပါဝင်သရုပ်ဆောင်သည့် ကားအတွက် ရိုက်မည်၊ မရိုက်မည်၊ အခကြေးငွေ မည်မျှမည်မျှ၊ ကုမ္ပဏီများနှင့် ကြည်ကြည်ဌေး လုံးဝ စကားပြောပိုင်ခွင့် မရှိသည့်အပြင် ငွေဘယ်လောက်ရသည်ပင် ကြည်ကြည်ဌေး လုံးဝ သိပိုင်ခွင့်မရှိ။

အခကြေးငွေကို ဗိုလ်အောင်သိန်းသဘောနှင့် ဗိုလ်အောင်သိန်းတောင်းဆိုလက်ခံသည်။ ရုပ်ရှင်ကုမ္ပဏီများက ကြည်ကြည်ဌေးနှင့် ရိုက်





လိုလျှင် ယောက်ျားနှင့်သာ တွေ့ဆုံပြီး ဈေးပြောရသည်။ ထိုအချိန်က သရုပ်ဆောင်ခ တစ်ကား သောင်းငါးထောင်၊ ဗိုလ်အောင်သိန်း စ,တောင်းခဲ့သောဈေး ဖြစ်သည်။

ကုမ္ပဏီတွေနှင့် တွေ့သည့်အလုပ်၊ ကားရိုက်ရန် ရက်ချိန်းပေးသည့်အလုပ်၊ ငွေတောင်းသည့်အလုပ်အားလုံး ဗိုလ်အောင်သိန်းက လုပ်ကိုင်သည်။

ဘယ်ဇာတ်ကား၌ဝတ်သော ဘယ်အဝတ်အစား၊ ဘယ်ဇာတ်ကားတွင် ဘယ်အခန်း၌ဝတ်သည့် အဝတ်အစား၊ ဇာတ်ထုပ်မပြီးမချင်း ဝတ်ဆင်ရသော အဝတ်အစား အားလုံးကို စာရင်းနှင့်တကွ ပစ္စည်းနှင့်တကွ မှတ်တမ်းနှင့်တကွ ခင်ပွန်းက မှတ်သားသိမ်းဆည်းပေးသည်။

အမေ လှူချင်ရာလှူရန် အမေ့အတွက် တစ်လ ၁၅၀၊ ကြည်ကြည်ဌေးအတွက် ဘာသုံးသုံး၊ စိတ်ချမ်းသာသလို ဘယ်သူ့ပေးပေး၊ ဘာလုပ်လုပ် တစ်လ ၃၀၀၊ လဆန်းလျှင် ဗိုလ်အောင်သိန်းထံမှ လစဉ်ပေးသော ငွေသုံးရာသာလျှင် သူပိုင်ငွေဖြစ်သည်။

စားစရိတ်၊ အိမ်စရိတ်၊ နေ့စဉ် ကုန်ကျစရိတ်များကို သတ်မှတ်ကာ ထိုငွေကို ပထမဇနီးအား ပေးသည်။ ပထမဇနီးသည် သူ့ခင်ပွန်းသတ်မှတ်ပေးသမျှ အိမ်သုံးစရိတ်အားလုံး လောက်ငအောင် သုံးစွဲသည်။

အိမ်၌ ချက်ရေးပြုတ်ရေး စားရေးသောက်ရေး ပထမဇနီးတာဝန်၊ သား 'အပါ'နှင့် သမီးလေး 'လှလှဝင်း' ကို ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်းမှု ကျောင်းစရိတ်၊ ကျောင်းကြိုကျောင်းပို့ အစခပ်သိမ်း ပထမဇနီးတာဝန်။

ပထမဇနီးကိုယ်တိုင်ကလည်း သူ့ဘဝသည် ပျော်ရွှင်စရာမရှိသောဘဝဟု သိထားသည်။ ဤအိမ်ထောင်ကြီး၌ သူ့ယောက်ျားတစ်ဦး

www.burmeseclassic.com



တည်းသာလျှင် အသာစီးရသောဘဝ။ အိမ်၌ ဩဇာရှိသူ၊ အာဏာဖြင့်သူ၊ စိတ်နေစိတ်ထားကြမ်းသူ၊ စိတ်နှင့်မတွေ့လျှင် ဘယ်သားမယားကိုမဆို လူရှေ့သူရှေ့မရှောင် အကြမ်းပတမ်း ရိုက်နှက်တတ်သူ၊ ယောကျ်ားရိုင်းရိုင်းကြမ်းကြမ်းကြီးဖြစ်၍ လန့်ကြရသည်၊ ကြောက်ကြရသည်။

အိမ်ဦး၌ရှိသော အမေအိုမှာ တိုးတိုးတိတ်တိတ် သိမ်သိမ်မွေ့မွေ့ နူးညံ့ပျော့ပျောင်းလျက် စိတ်က အစဉ်ထာဝရ တည်ငြိမ်သည်။ အေးဆေးနူးညံ့စွာ နေတတ်သူမို့ သားမက်က အမေ့ကိုတော့ လေးစားမှုရှိသည်။ အရာထားသည်၊ ရိုသေသည်။

ကြည်ကြည်ငွေ၏မိခင်သည် နံနက်လင်းသည်နှင့် ဘုရားဝတ်တက်၊ ဆွမ်းကမ်း၍ပြီးပြီ၊ စားပွဲတစ်လုံးပေါ်တွင် ဆွမ်းချိုင့် ဆွမ်းဟင်းတင်လျက် သံဃာတော်များကို တစ်ပါးပြီးတစ်ပါး ဆွမ်းလောင်းနေသည်မှာ နံနက် ၁၀ နာရီထိဖြစ်သည်။

နံနက်စာစားပြီး သမီးကလေး ကားရိုက်ရန် ထွက်သွားသော မော်တော်ကားကို မျှော်ကြည့်လိုက်ကာ ဘုရားဆောင်ခန်းထဲ၌ အစိဋ္ဌာန်တရားထိုင်လေသည်။

အမေသည် အိမ်၌ ရှိ၍ရှိမှန်း မသိအောင်ပင် တိတ်ဆိတ်စွာနေတတ်သည်။ စကားကို ဖြည်းဖြည်းချိုသာစွာ ပြောတတ်သည်။ လှုပ်ရှားလျှောက်သည့်အခါ ညင်သာလွန်း၍ ခြေသံမထွက်။ အရာရာကို သည်းခံတတ်သည့်စိတ်သည် ခိုင်မာစွာ စောင့်ထိန်းသောသူ၏ သီလဖြစ်သည်။

သမီးလေး ကားရိုက်အပြန် အချိန်ညဉ့်နက်နေလျှင် မအိပ်ဘဲထိုင်စောင့်နေသည်။

"မေမေ . . . မအိပ်သေးဘူးလား၊ နှစ်ကား ဆက်ရိုက်နေရလို့ ညဉ့်နက်သွားတယ်။ သမီးကို ဘာပူလို့ စောင့်ရတာတုန်း . . . အိပ်ရော





ပေါ့ မေမေရယ်"

ကြည်ကြည်ငွေသည် အိမ်အပြန် ခရီးရောက်မဆိုက် ငုဘ်တုတ်ကလေး ထိုင်စောင့်နေသော အမေ့ကို ပြေးဖက်ကာ နမ်းရှုပ် နှုတ်ဆက်လျက် စောင့်နေခြင်းကို အပြစ်ဆိုသည်။

နံနက်လင်းလျှင် . . .

"သမီး . . . ထတော့၊ ရှစ်နာရီထိုးပြီ"

အမေက သမီးကို နာရီနှင့်ကိုက်၍ နှိုးသည်။ ညတိုင်း ညဉ့်နက်၍ နောက်တစ်နေ့ကားရိုက်ရန်အတွက် နံနက်ပိုင်းတွင် အိပ်ရေးဝဝ အိပ်စေသည်။

"ဟော့ကောင် . . . မင်းအမေကို သွားနှိုး . . ."

တစ်ခါတစ်ရံ ဗိုလ်အောင်သိန်းသည် အပေါ့ကို နှိုးခိုင်းသည်။

"ရှစ်နာရီ မထိုးသေးပါဘူး အဖေ"

"ဘာ . . . ဟိုမှာ ထိုးနေပြီ၊ သွားနှိုးဆို . . . ငါချလိုက်ရင်"

ကြည်ကြည်ငွေသည် သားလေးအပေါ် လာနှိုးလျှင် အချိန်မဆွဲဘဲ ငေါက်ခနဲ ထသည်။ အချိန်မဆွဲဝံ့။ သူ့ကြောင့် သား အရိုက်ခံရမှာစိုးသည်။

နံနက်တိုင်း ရှစ်နာရီ အိပ်ရာမှထသည်၊ ရေမိုးချိုးပြီး ဘုရားခန်းဝင်ကာ ဘုရားဝတ်တက်လျက် စိပ်ပုတီး စိပ်သည်။ နေ့ရှိသရွေ့ နံနက်တိုင်း ဘုရားရှိခိုး ပုတီးစိပ်သော အချိန်ကလေးသာလျှင် သူပိုင် လွတ်လပ်သောအချိန်တစ်ချိန်ဖြစ်သည်။

ဘုရားရှိခိုးပြီးလျှင် မိတ်ကပ်လူးသည်။ မိတ်ကပ်လူးနေရင်း . . .

"ကိုရွှေသိန်း . . . ဘယ်သူ့ရှုတင်လဲ၊ ဘယ်ကုမ္ပဏီက ရိုက်မှာလဲ" လှမ်းမေးရသည်။

www.burmeseclassic.com



ဗိုလ်အောင်သိန်းက ဇာတ်ကား လေး,ငါးကားကို တစ်ပြိုင်တည်း လက်ခံထားခြင်းကြောင့် ဘယ်ရက်၌ ဘယ်ကုမ္ပဏီတွင် ဘယ်ကား သွားရိုက်ရန် မသိသဖြင့် မိတ်ကပ်လူးရင်း နံနက်စောင်း လှမ်းမေးရသည်။

ဗိုလ်အောင်သိန်းက ဘယ်ကုမ္ပဏီ၊ ဘယ်ကားရိုက်မယ် ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ခေါင်းထဲသို့ စဉ်းစားစရာများ၊ ပြဿနာပေါင်းစုံ ပြုံရောက်လာသည်မှာ ခေါင်းနှင့်မဆံ့အောင် များပြားလှသည်။

သွားရိုက်ပေးရမည့် ဇာတ်ကားအတွက် ဆက်ရိုက်ကြမည့်အခန်း သရုပ်ဆောင်ရမည့် အစိတ်အပိုင်း၊ ဇာတ်လမ်းဇာတ်ကွက်တို့သည် ခေါင်းထဲသို့ တသီတတန်းကြီး အတွဲကြီးနှင့် ဝင်လာကြသည်။

မှန်ရှေ့၌ထိုင်လျက် မိတ်ကပ်လူးနေသည်က တစ်အာရုံ၊ ကင်မရာရှေ့သို့ရောက်လျှင် သရုပ်ဆောင်ရမည့်ကိစ္စအဝဝက တစ်အာရုံ၊ ပြောရမည့်စကားလုံး၊ ဟန်ပန်အမူအရာ . . .

မိတ်ကပ်လိမ်းရင်းပင် ဖျတ်ခနဲ ဖျတ်ခနဲ အာရုံအမျိုးမျိုး ဝင်နေသည်။ အာရုံအမျိုးမျိုး ဝင်နေရင်းမှ အာရုံတစ်ခု ပြောင်းသွားပြန်သည်။

"ကိုရွှေသိန်း . . . အဲဒီရှူတင်အတွက် အဝတ်အစားကော"

အိပ်ခန်းထဲ၌ မှန်ဗီရိုကြီးတစ်လုံးအပြည့်၊ ဓာတ်ပုံနှင့်တွဲ၍ စည်းချည်ထားသော အဝတ်အစားပုံများတွင် ယနေ့ရိုက်မည့်အခန်း၌ ဝတ်ရန် ဗိုလ်အောင်သိန်းက သူ့မှတ်တမ်း၊ သူ့စာရင်းနှင့် ရွေးချယ်ထုတ်ပေးသည်။

ဒါရိုက်တာ ဦးသုခရိုက်မည့်ဇာတ်ကား ရက်ချိန်းနေ့ဆိုလျှင် မိတ်ကပ်လူးရင်း ကျောထဲက စိမ့်သည်။ ညဘက် ရုပ်ရှင်ရိုက်ပြီး ညဥ့်နက်မှ ပြန်ရသဖြင့် အိပ်ပျက်သည်ဖြစ်စေ နံနက် ဘုရားရှိခိုးသောဝတ်ကို မိုးလင်းလင်းချင်း ပြီးအောင် ရှိခိုးရသည်။ ပုတီးကို အပြေးအလွှားစိပ်ရသည်။

မိတ်ကပ်လိမ်းခြင်းကို အချိန်ဆွဲ၍မဖြစ်၊ ရုပ်ရှင်ခြံသို့ အချိန်မီ





ရောက်မှ ဖြစ်မည်။ ဆရာက အချိန်လည်း တိကျမှ ကြိုက်သည်။ ပြဇာတ်ဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ သရုပ်ဆောင်ခိုင်းသည့် နေရာတိုင်း၌လည်း စကားပြော၊ အမူအရာ၊ ယွင်းလို့မရ . . . သည် . . . ၏ . . . ၍ တစ်လုံးမှ မလွဲစေရ။ သင်ပြထားမှု၊ ကျက်ခိုင်းထားသောစာသား၊ စကားလုံး၊ ခိုင်းသည့်အတိုင်းဖြစ်မှ လက်ခံကျေနပ်သောဆရာဖြစ်သည်။

ဆရာဦးသုခက ဒီဇာတ်မှာ ဒီနေရာကနေ၊ ဒါလုပ်ပြောလျှင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဆရာခိုင်းတာပါလား စိတ်ဖြင့် မငြင်းရဲ၊ ခိုင်းစေရာကို လုပ်သည်။

ပြဇာတ်မင်းသမီးအဖြစ် စင်ပေါ်တင်၍ နာမည်ပေးကာ မွေးထုတ်လိုက်သော ဒါရိုက်တာဦးသုခကို ကြည်ကြည်ဌေးက အဖေကြီးခေါ်သည်။ ကိုယ့်ဖခင်တမျှ ရှေ့တင်၊ နောက်ကွယ် ရိုသေသည်။ လေးစားသည်၊ ကြောက်ရွံ့သည်။

ဒါရိုက်တာ ဦးတင်မောင်ဆိုလျှင်လည်း ရုပ်ရှင်မင်းသမီးအဖြစ် မွေးထုတ်ပေးသော အဖေဖြစ်၏။ အဖေကြီးပင် ခေါ်သည်။ ကိုယ့်ဖခင်တမျှ ရိုသေသည်။ လေးစားသည်၊ ကြောက်ရွံ့သည်။

ဒါရိုက်တာ ဦးသုခကလည်း ကြည်ကြည်ဌေးကို သူမွေးထုတ်သော ပြဇာတ်မင်းသမီးဖြစ်၍ ပညာလည်းပေးသည်။ သူများမလုပ်ချင်တာ၊ သူများမလုပ်နိုင်တာ သူ့ကိုဖြစ်အောင် လုပ်ခိုင်းသည်။

ဇာတ်ကားထဲ၌ ဆိုရမည့်သီချင်းများကို အရင်တိတ်သွင်းဆိုထားပြီးမှ ရုပ်ရှင်ရိုက်သောအခါ ပါးစပ်ပေါက်ကိုက်အောင် အမူအရာလောက်ဖြင့် ရုပ်ရှင်ရိုက်ကြသည်သာ ဖြစ်ကြသည်။

'လှည်းကျိုးနှင့် နွားသိုး' ဇာတ်ကားရိုက်နေစဉ် ဒါရိုက်တာ ဦးသုခသည် သူများ မလုပ်တာကို ဖြစ်အောင် လုပ်ခိုင်းသည်။ ရုပ်ရှင်ထဲ၌ ဆိုရ

www.burmeseclassic.com



မည့် သီချင်းများကို ဆိုင်းဝိုင်းကြီးနှင့် တစ်ပါတည်းဆိုနိုင်းပြီး ရိုက်ကူးသွားသည်။

ကင်မရာကိုလည်း သတိထားရ၊ အမှုအရာကိုလည်း သတိထားရ ဆိုရမည့်သီချင်းနှင့် ဆိုင်းကိုလည်း သတိပြုရ။ အားလုံး အံဝင်ခွင်ကျ ဖြစ်အောင် တစ်ချိန်တည်းတစ်ပြိုင်တည်း ပြီးရမည့်ကိစ္စဖြစ်သဖြင့် ခက်သည်ဖြစ်စေ၊ ပင်ပန်းသည်ဖြစ်စေ ဆရာ့စိတ်ကြိုက်ရအောင် ခိုင်းသလို ကြိုးစားပြီး ဖြစ်အောင်လုပ်ရသည်။

ဒါရိုက်တာဦးသုခက ကြည်ကြည်ဌေးကို ဤသို့ မှတ်တမ်းတင်ကာ မှတ်ချက်ချသည်။

# ကြည်ကြည်ဌေး

## ဒါရိုက်တာဦးသုခ

ကြည်ကြည်ဌေးအကြောင်း ပြောရမယ်ဆိုလျှင် ကာဌေးဆိုတဲ့ ဇာတ်ရုံက စ,ရလိမ့်မယ်။ ငယ်နာမည် 'မကျင်'၊ ဇာတ်နာမည် 'အောက်ချင်းမ'၊ ပြဇာတ်မင်းသမီးနာမည် 'မာလာရီ' ဆိုတဲ့ အမည်တွေက ရုပ်ရှင်ပြဇာတ်ဧကရီ ကြည်ကြည်ဌေးဘဝကို 'ကာဌေး'က မွေးပေးလိုက်တာ ဖြစ်လို့ပါပဲ။

ဒုတိယကမ္ဘာစစ်ဖြစ်လို့ ရုပ်ရှင်ကုမ္ပဏီတိုင်း ရပ်ဆိုင်းလိုက်တာနှင့်တစ်ပြိုင်တည်း ရုပ်ရှင်သမားတွေ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရတယ်။ ဂျပန် ဝင်လာပြီး နေသားတကျရှိသလိုဖြစ်တဲ့အခါမှာတော့ ရုပ်ရှင်ကုမ္ပဏီတွေက အသံတိတ်ကားဟောင်းတွေပြလို့ ဝင်ငွေသိပ်ကောင်းလာကြတယ်။ ကောင်းသမှ ကားသစ်အနေနဲ့ စပြခဲ့ရတဲ့ ဝင်ငွေထက် ပိုတယ်။

စစ်ဘေး စစ်ဒုက္ခ သောကအထွေထွေကို စိတ်ပြေလက်ပျောက်ကြည့်စရာက အဲဒီကားဟောင်းတွေပဲ ရှိတယ်။ ဇာတ်သဘင်၊ အငြိမ့်ဆိုတဲ့ အဖွဲ့အစည်းတွေက ဇာတ်ခေါင်းကွဲနေကြတဲ့အချိန်မှာ ပြဇာတ်နှင့်ဇာတ်ထုပ်ရှိလျှင် ရုံဝင်ခရတဲ့အလုပ်က စားသာနေကြတယ်။ ဘယ်

www.burmeseclassic.com



လောက် ညံ့တဲ့ကားဖြစ်ဖြစ် ရှုပြည့်အောင် ကြည့်ကြတာပဲ။

အပျက်အစီးတွေ စုပုံနေတဲ့ မြို့ထဲမှာထက် ရွှေတိဂုံရေခြင်း ဗဟန်းရပ်ကွက်တစ်ခုလုံးဟာ မဟာရန်ကုန်ဖြစ်နေတယ်။ အဲဒီက တန်တော်မိတ်ရုံနှင့် ကန်တော်မင်္ဂလာရုံနှစ်ရုံဟာ အဲဒီအချိန်ကတော့ သမ္မာနှင့် ပပဝင်းပေါ့။

ရုပ်ရှင်ဇာတ်လိုက် မင်းသမီး၊ မင်းသားတွေမှာ သူတို့ ပါဝင်သရုပ်ဆောင်ထားတဲ့ဇာတ်ကားတွေက သောက်သောက်လဲအောင် ငွေတွေရနေပေမယ့် သူတို့မှာတော့ ဘာမလုပ်တတ်၊ ညာမလုပ်တတ်နှင့် ကုန်းကောက်စရာမရှိအောင် ဆင်းရဲနေကြရတယ်။ ဘယ်ရုပ်ရှင်ကုမ္ပဏီကမှ အရေးစိုက်တယ် မကြားဖူးပါဘူး။

လူတိုင်း အရောင်းအဝယ် ပွဲစား ကုန်သည်လုပ်လို့ ကျပ်ငွေစက္ကူတွေ ပလူပျံနေတဲ့ လက်ကျဲကြီးထဲမှာ ရုပ်ရှင်မင်းသမီး မင်းသားတွေမှာတော့ အရောင်းအဝယ်လည်း မလုပ်တတ်ကြဘူး။ မလုပ်ဝံ့ကြဘူး။ လုပ်လည်း မလုပ်ချင်ကြဘူး။ ဇာတ်ကားတွေထဲမှာ မိမိတို့မျက်နှာနဲ့ အက်တင်လုပ်နိုင်ကြပေမဲ့ လူထုကြားထဲဝင်ပြီး အရှင်လတ်လတ် လှုပ်ရှား ဆက်ဆံရမှာတော့ ရှက်တယ်၊ ကြောက်တယ်၊ ဂုဏ်ငယ်တယ်လို့ ထင်နေကြတယ်။

လူဆိုတာ အကျဉ်းအကျပ်၊ အခက်အခဲက ထွက်ပေါက်လွတ်ပေါက် ရှာကြရတာ မွေ့တာပဲ။ ကြံကြံဖန်ကြတာ ထုံးစံပဲ။ ကြံတော့လည်း ဖြစ်တာပဲ။ ဒီတော့ ဘာလုပ်ကြသလဲ။ ဇာတ်စင်ပေါ်တက် လူလုံးပြပြီး မိမိတို့ဆိုတတ် ပြောတတ် အမူအရာလုပ်တတ်သလို သရုပ်ဆောင်ပြီး 'လူဘိုင်စကုတ်'ဆန်ဆန် ပြဇာတ်တွေ လုပ်လာကြတာပေါ့။ အဲသလိုလုပ်လိုက်တော့လည်း ရုပ်ရှင်ကားဟောင်း ကားဆွေးတွေ ပြနေကြတာထက် အောင်မြင်ပြီး ရုပ်ရှင်ရုံတွေက ပြဇာတ်ရုံဖြစ်လာကြတာပါပဲ။





အတိုချုံး ပြောရရင် ရန်ကုန်အနောက်ပိုင်း ရွှေတောင်တန်းထိပ်က 'ကာဒေး'ဆိုတဲ့ တရုတ်ရုပ်ရှင်ရုံဟာလည်း 'ကာဒေး' ဆိုတဲ့ ပြဇာတ်ရုံဖြစ်လာခဲ့ပါတယ်။ လူကြိုက်လို့ ဝင်ငွေကောင်းလာတော့ ပြဇာတ်အဖွဲ့တွေ၊ ပြဇာတ်ရုံတွေ အလျှိုလျှို ပေါ်လာတာပေါ့။ ပန်းဆိုးတန်းမှာ ဝင်းဝင်းရုံ၊ ရေကျော်မှာ ဇော်ရုံ။

ပြဇာတ်အဖွဲ့တွေများလာတော့ မင်းသမီး၊ မင်းသားတွေ ရှားလာတယ်။ အကြောင်းက ရုပ်ရှင်မင်းသား၊ မင်းသမီးတိုင်း ပရိသတ်ကြိုက်တဲ့ ပြဇာတ်သရုပ်ဆောင်ကောင်း ဖြစ်နိုင်တာမဟုတ်ပါဘူး။ ရုပ်ရှင်မှာ လူမှားလျှင် ပြန်ရိုက်လို့ရတယ်။ ပိုလျှင် ဖြတ်လို့ရတယ်။ သီချင်းကိုလည်း သူများက ဆိုပေးလို့ရတယ်။ ဖလင်ကို စိတ်ကြိုက် ဖြတ်တောက်ပြုပြင်လို့ သဲလဲစင်ကောင်းလာမှ ပိတ်ကားပေါ်မှာပြရတာကြောင့် ပရိသတ်က ကြိုက်နေကြတာ ဖြစ်တယ်။

ပြဇာတ်ခုံပေါ်ကျတော့ ထွက်တယ်ဆိုကတည်းက ပရိသတ်နဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ကြရပြီ။ စကားအပြောအဆို၊ သီချင်းရဲ့ စည်းဝါး အသံတည်အသံထား၊ အမူအရာ မှားလို့မဖြစ်တော့ပါဘူး။ မိမိနှင့် တွဲဖက်သရုပ်ဆောင်သူနဲ့ အပေးအယူမျှအောင် မျက်နှာပေး မျက်နှာယူတွေကိုလည်း တတ်မှဖြစ်တယ်။ အဲသည့်ပညာမျိုးက အလေ့အကျင့်မရှိလျှင် တော်တော်ခဲယဉ်းတာကြောင့် ရုပ်ရှင်မှာ နာမည်ကျော်ပေမယ့်လည်း ပြဇာတ်စင်ပေါ်မှာ နာမည်မရနိုင်ကြပါဘူး။ ဒါကြောင့် ပြဇာတ်မင်းသမီးကောင်း၊ မင်းသားကောင်း လိုလာကြတာပေါ့။

"အခုနပြောတဲ့ 'ကာဒေး'ရုံမှာ ကျွန်တော်က 'ချစ်တော့ချစ်တယ်' ပြဇာတ်ကို တင်ပြီးတဲ့အခါမှာ ပြဇာတ်မင်းသမီး မင်းသားသစ်တွေ ပေါ်လာအောင် အနုပညာရှင်ရွေးပွဲလုပ်ကြဖို့ အဖွဲ့ပိုင်ရှင်၊ ရုံပိုင်ရှင်တို့နှင့်

www.burmeseclassic.com



တိုင်ပင်ပြီး သတင်းစာတွေထဲက ကြော်ငြာခေါ် ယူလိုက်တယ်။ လာလိုက်ကြတဲ့ ဝါသနာရှင်လေးတွေ။ အမျိုးသားရော၊ အမျိုးသမီးရော၊ အရွယ်အစား အများကြီးပေါ့။ လက်စလက်နရှိတဲ့ ခေတ်ပညာတတ် ကလေးတွေလည်း ပါကြတယ်။ အကဲဖြတ်အဖွဲ့က သတင်းစာဆရာ၊ သတင်းထောက်စာရေးဆရာ၊ ဂီတသဘင်ပညာရှင်များပေါ့။

သတ်မှတ်ကြေညာထားတဲ့ ပြိုင်ပွဲမလုပ်မီ တစ်ရက်နှစ်ရက်အလိုမှာ ကျွန်တော့်အိမ်ကို ကြည်ကြည်ဌေးဖြစ်လာမယ့် မကျင်နှင့် သူ့ခင်ပွန်းကိုအောင်သိန်းတို့ ရောက်လာကြပါတယ်။ ကာဌေးပြိုင်ပွဲနဲ့ပတ်သက်လို့စုံစမ်းမေးမြန်းရအောင် လာကြတာပါ။ အဲသည်မှာ သူ့ကို စ,တွေ့ရခြင်းပါ။ အသားအရေ ညိုစိမ့်စိမ့်၊ ပုပြတ်ပြတ် ပါးပါးလျားလျား မျက်လုံးမျက်ဖန်၊ နှာတံ၊ နှုတ်ခမ်းက မြန်မာဆန်ဆန်၊ ရိုးရိုးသားသား၊ သာမညရုပ်မျိုး၊ အသက်ကတော့ နှစ်ဆယ်ပတ်ဝန်းကျင်လောက်ပဲ။

သူ ကျင်လည်ခဲ့ရသော အတွေ့အကြုံ အရည်အချင်းတွေကိုပြောပြပါတယ်။ ဇာတ်ထဲမှာ 'အောက်ချင်းမ' အမည်နှင့် ဇာတ်မင်းသမီးကလေး လုပ်ခဲ့ဖူးကြောင်း၊ ကျော်အုန်းလှိုင်အဖွဲ့ ရာဇဝင်ပြဇာတ်မှာ 'မာလာရီ' ဆိုတဲ့ အမည်နှင့် အတော်ထင်ရှား လူကြိုက်များခဲ့ကြောင်းယခု ဇာတ်ခေါင်းကွဲ၍ နားနေရကြောင်း။ ကာဌေးရုံမှာ လုပ်မယ့် ပြဇာတ်မင်းသမီးပြိုင်ပွဲကိုဝင်လျှင် လက်ခံနိုင်စရာ ရှိ,မရှိ သိလို၍ လာရောက်မေးမြန်းရခြင်းဖြစ်ကြောင်း ပြောပါသည်။

သူပြောနေတဲ့ အမူအရာ၊ လေသံ၊ ဟန်ပန်တို့ဟာ သူ ဝတ်ဆင်ထားတဲ့ အဝတ်အစားနှင့် လိုက်ဖက်အောင် ရိုးရိုးသားသားပါပဲ။ ရဲတင်းပွင့်လင်းပေမယ့် ရိုသေလေးစားခြင်းအပြည့် ဖော်ပြနေတယ်။ ကြွားဟန်ဆောင်မှု ကင်းတယ်။ သူ့ရဲ့ ထုံးဖွဲ့ဆင်ယင်မှု၊ ခြယ်လှယ် လိမ်းသုံး





မှာလည်း မျက်ခုံးမဆွဲ သနပ်ခါးရေကျဲကလေးလောက်ပါပဲ။ တကယ်တော့ ခေတ်အမျိုးသမီး ပညာတတ်ကလေးတွေကြားမှာ သူ့လို ဇာတ်မင်းသမီးက ဝင်လျှောက် ယှဉ်ပြိုင်ရမှာ မဝံ့မရဲဖြစ်နေကြောင်း အတိအလင်း ဖွင့်ပြောပါတယ်။

ကျွန်တော်ကတော့ သူ့အရည်အချင်းကို စတွေ့တွေ့ချင်းပဲ အကဲခတ်နိုင်ပြီ။ ပြဇာတ်ရဲ့ ဂုဏ်အင်္ဂါ၊ ပြဇာတ်ရဲ့ ပညာဟာ သဘင်ပညာကပေါက်ဖွားလာတာလို့ ပြောရပါလိမ့်မယ်။ သို့ပေမဲ့ သဘင်ပညာကိုပြဇာတ်စင်ပေါ်မှာ ဇာတ်မှုအတိုင်း သုံးလျှင်တော့ ဇာတ်ဆန်နေတတ်ကြပြန်ပါတယ်။ ဒီလိုကျပြန်တော့ ပရိသတ်က လက်မခံကြပါဘူး။ ဒါကြောင့် ကျွန်တော်က သူ့ကို အမှတ်တရ မှာလိုက်ရတယ်။

"ကဲ . . . မကျင် ပြိုင်ပွဲမှာသာ လာဝင်လှည့်၊ ကိုယ်ရတဲ့ ခေတ်သီချင်းတစ်ပုဒ်ကို ဆိုပြရမယ်။ သီချင်းဆိုရင်း အမူအရာလုပ်ပြရမယ်။ နောက် . . . တွဲဖက်တစ်ယောက်နဲ့ သတ်မှတ်ထားတဲ့ အချစ်စကား၊ အလွမ်းစကား၊ အပေးအယူစကားတွေကို အပြောခိုင်းလိမ့်မယ်။ ဒါတွေဟာ ဇာတ်သမားတစ်ယောက်အနေနဲ့ အလွယ်ကလေးပဲဆိုပြီး စိတ်လိုက်မာန်ပါ မလုပ်လိုက်နဲ့။ အရပ်သူ၊ ကျောင်းသူလို ပရိသတ်က ထင်ရအောင်ခပ်လျော့လျော့လုပ်ပေး။ နားလည်အောင် ထပ်ပြောလိုက်မယ်။ ခုနစ်တန်းစာမေးပွဲကို ဘီအေလိုမဖြေနဲ့၊ ဘီအေလိုဖြေလျှင် စာမေးပွဲကျလိမ့်မယ် . . . ဒါပဲ"

ပြိုင်ပွဲလုပ်မည့်နေ့မှာ သူ့ကို တွေ့လိုက်ရတော့ ကျွန်တော် ဒေါသဖြစ်မိတာကို သတိရနေပါသေးတယ်။ အဝတ်အစား အဆင်အပြင်၊ အလိမ်းအခြယ်တွေက သာမန် ရိုးရိုးရှိပေမယ့် ဆံပင်ကို ခေတ်ဆန်အောင်ရယ်လို့ ခပ်တိုတိုဖြတ်ပြီး အကောက်အတွန့်ကလေးတွေ လုပ်လာလို့လေ"

www.burmeseclassic.com



ဤပြိုင်ပွဲမှာ ဘီအေလို သူ မဖြေလိုက်ပါဘူး။ ဖြေများ ဖြေလိုက်လျှင် ကျမှာက မရှုမလှပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လျှောက်လွှာထဲမှာ ဓာတ်ပုံနှင့်တကွ အရည်အချင်းကို ဖော်ပြရတာကြောင့် ဇာတ်မင်းသမီး ကလေးဆိုတာကို အကဲဖြတ်အဖွဲ့က သိထားကြသကိုး။

"အရပ်သူ ကျောင်းသူ အပျော်တမ်း ဝါသနာရှင်တွေထဲမှာ ဇာတ်မင်းသမီးတစ်ယောက်က ဝင်ပြိုင်လို့ ဘယ်တရားမှာလဲ . . . ခွင့်မပြုထိုက်ဘူးပေါ့"

ဒီတော့ ကျွန်တော်က ဝင်ပြောရတယ်။

"ကျွန်တော် တစ်ခုပြောပါရစေ။ အခုလုပ်တဲ့ပွဲဟာ ကျောင်းကပွဲအတွက် လူရွေးတာမဟုတ်ပါဘူး။ ကြေးစား ပြဇာတ်အတွက် ကြေးစားပညာသည်ကို ဖြစ်စေ၊ အရပ်သူအရပ်သား အပျော်တမ်းပညာသည်ကို ဖြစ်စေ တော်တဲ့လူ၊ သင့်တဲ့လူကို ကျွန်တော်တို့ အသုံးချနိုင်ဖို့ ရွေးယူကြရမှာဖြစ်ပါတယ်။ ဒါကြောင့် အကဲဖြတ်အဖွဲ့က လက်ခံပြီး ကြည့်ကြပါဦးလို့"

ဒါကို တစ်ဦးက ပြောသေးတယ်။

"ပြဇာတ်မင်းသမီးရွေးတာ ဇာတ်ဆန်နေလျှင် ဘယ့်နှယ်လုပ်မလဲ"

"ကြည့်ပြီးမှ ဆုံးဖြတ်ကြပါစို့လားဗျာ၊ ဇာတ်ဆန်တာကို ကျွန်တော်တို့လည်း မကြိုက်ပါဘူး"

အဲသလိုနဲ့ပဲ မင်းသမီးရွေးပွဲမှာ မကျင်က ဒုတိယရခဲ့ပါတယ်။ ပထမရသူက ယခု မြင့်မြင့်ဌေးလို့ အမည်ရတဲ့ မကြည်ပါ။ တကယ်တလည်း မကြည်က ကိုယ်လုံးကိုယ်ထည် ဖွံ့ဖွံ့ဖြိုးဖြိုး ဖြူဖြူဖွေးဖွေး ရေအေးငါးကြီးလို ခန့်ပါတယ်။ လှပါတယ်၊ အပြောအဆို အမူအရာကလည်း





ရဲ့ပိုင်နိုင်ပါတယ်။ ညောင်လေးပင်သူ ဝါသနာရှင်တစ်ဦးပေါ့။ သူ့ကိုလည်း ကျွန်တော်ပဲ တိုက်တွန်းခဲ့ရတာပါ။ မြို့တော်ခန်းမမှာ 'တေးချိုချို' ဆိုတဲ့ ပြဇာတ်ကို မင်းသားကြီး ကိုဇေယျ ပထမပြဇာတ်စင်ပေါ် ကျွန်တော်တင်တဲ့ပွဲမှာ မကြည် လာကြည့်လို့ စ,သိတဲ့နေ့မှာပေါ့။

နာမည်ကျတော့ အရပ်အမောင်းမြင့်မားတဲ့မကြည်ကို 'မြင့်မြင့်ဌေး'၊ သွယ်သွယ်လျလျ မကျင်ကို (ကျင်ကျင်ဌေးလို့ ခေါ်ရမှာ တရုတ်ဆန်နေတဲ့အတွက်) 'ကြည်ကြည်ဌေး' လို့ ကျွန်တော်တို့ အကဲဖြတ်အဖွဲ့က ကင်ပွန်းတပ်လိုက်ကြပါတယ်။

သူတို့အပြင် မင်းသမီးလေး နှစ်ယောက်နဲ့ မင်းသား သုံးယောက်လို့ ထင်ပါတယ်။ အရွေးခံရတာ။

ကြည်ကြည်ဌေးက ကာဌေးရုံမှာ စ,ပြီး စင်တင်တာ ကျွန်တော့်ရဲ့ 'ဩော်မိန်းမ' ပြဇာတ် ဖြစ်ပါတယ်။ ကြည်ကြည်ဌေးနှင့် မြင့်မြင့်ဌေး ကာဌေးမင်းသမီးနှစ်ယောက်စလုံးကို တစ်ပြိုင်တည်းတင်ပြနိုင်မယ့် ပြဇာတ်အသစ်တစ်ခုကို ကျွန်တော်က ရေးသားစီစဉ်နေတဲ့အတွင်း မြိုင်ရုံမှာ တင်ခဲ့ဖူးတဲ့ 'ဩော်မိန်းမ' မှာ ကြည်ကြည်ဌေးကို (ခွပ်လက်ချ) ကြည့်ရအောင် တင်ကြည့်တာပါ။ သူရပ်ရမယ့်နေရာက မင်းသမီး မဟုတ်ပါဘူး။ စိန်ကုန်သည်ဟန်ဆောင်၊ ဆရာဝန်ကတော် ဟန်ဆောင်ပြီး စိန်ကုန်သည် ဦးကြယ်နီကြီးရဲ့ စိန်တွေကို လိမ်ယူထွက်ပြေးရမယ့် မိန်းမလည်ကလေး နေရာပါ။ သူကတော့ မင်းသမီးမလုပ်ရလို့ သိပ်ကျေနပ်ပုံမပေါ်ပါဘူး၊ ဒါကို ကျွန်တော်သိတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ရည်ရွယ်ချက်နဲ့ ကျွန်တော်။

သူ့ကို ဇာတ်စင်ပေါ်မှာ 'အောက်ချင်းမ' အနေနဲ့လည်း မကြည့်ဖူးဘူး။ 'မာလာရီ' အနေနဲ့လည်း မမြင်ဖူးဘူး။ ဒီတော့ မြေစမ်း ခရမ်းပျိုး

www.burmeseclassic.com



ရအောင် အကွက်နည်းနည်းမှာ အရည်အချင်းအများဆုံးပြနိုင်မယ့် ဇာတ်ကွက်ကို ပေးကြည့်ခြင်းပါ။ အဲ . . . 'ဆုတ်သာ . . . တက်သာ' လည်း ဖြစ်သပေါ့။

ဒီနေရာမှာ ဇာတ်ကောင်ဇာတ်ကွက်ရဲ့ အရည်အချင်းဖြစ်ပုံတို ပြောရဦးမယ်။ တချို့မင်းသမီး မင်းသား ဇာတ်ကောင် ဇာတ်ရုံများဟာ ဇာတ်ကွက်ထဲမှာ ဂုဏ်နိမ့်မယ်၊ အကျင့်စာရိတ္တ ဖောက်ပြားရမယ်ဆိုတဲ့ ဇာတ်ကောင်မျိုး၊ နေရာမျိုးဆိုလျှင် ရှောင်ချင်ကြတယ်။ မလုပ်လိုကြဘူး ကျွန်တော် ပြောရဲပါတယ်။ ကြည်ကြည်ဌေးဟာ အဲသည်တုန်းက ကျွန် တော့်ကို မငြင်းဝံ့လို့ လုပ်ရတာပဲ။ နောက်တော့ သူသိလာပါတယ်။

ကိုယ့်ရုပ်ရည်အလှနှင့် ယောကျ်ားတွေကို (ကျအောင် ပြောရ ဆိုရ၊ မူရ၊ နွဲ့ရ၊ ငိုရမဲ့ရ၊ သဘာဝကျအောင် သရုပ်ဆောင်ရတာဟာ ကုန္ဒြေသမ္ပတ္တိနဲ့ လှလှကလေးလုပ်ပြရတာထက် ခက်ခဲပါတယ်။ ဒါမျိုးထေ ဟာသ၊ ပသာဒ၊ ဝစန (စကား)ကြွယ်မှ လုပ်နိုင်ပါတယ်။

ဇာတ်ကောင်နေရာ အရွေးမှားကြမှန်း နောက်မှသိလို့ နောင်တရ ကြတဲ့အဖြစ် ကြုံခဲ့ဖူးတာ ပြောရဦးမယ်။ ကျွန်တော့်ရဲ့ 'ဂုဏ်ရည်မတူ' ဝတ္ထုကို ဂျပန်ခေတ်က ကန်တော်မိတ်ရုံမှာ 'ဂုဏ်'ဆိုတဲ့ နာမည်နဲ့ တင်တဲ့ အခါတုန်းကပေါ့။ သူတောင်းစားမလေး မယ်သုံနေရာမှာ နာမည်ကြီး ရုပ်ရှင်မင်သမီးကလေးတစ်ယောက်က သူ မလုပ်ပါရစေနဲ့လို့ တောင်းပန် တယ်။ သူဌေးသမီးကလေးနေရာမှာသာ ထားပေးပါတဲ့။ နောက် အရှူး ပေါက်စီနေရာမှာလည်း နာမည်ကြီး ရုပ်ရှင်မင်းသားတစ်ယောက်က ငြင်း ပြန်တယ်။ ကဲ . . . ဒီတော့ ယိမ်းခေါင်းဆောင်အဖြစ်နဲ့ ပါလာတဲ့ အေဝမ်းက ဇာတ်ရုံမင်းသမီးကလေး မေကျင်ကို မယ်သုံအလုပ်ခိုင်းပြီး အရွယ်ကြီးတဲ့ မင်းသား ကိုဘချစ်ကို အရူးပေါက်စီ အလုပ်ခိုင်းရတာပေါ့





နာမည်ကြီး မင်းသမီးမင်းသား နှစ်ယောက်ကတော့ တစ်ယောက်က ပန်းချီဆရာ၊ တစ်ဦးကတော့ သူဌေးသမီးကလေးပေါ့။

ဇာတ်လည်းတင်လိုက်ရော ပေါက်စီနဲ့ မယ်သုံဆိုတဲ့ နာမည် ဟိန်းထွက်လာပါလေရော။ မင်းသမီးနာမည်လည်း ဂုဏ်မေကျင် ဖြစ်သွား ရော၊ နှစ်ရက်သုံးရက် က,ပြီးတော့ သူတို့နှစ်ယောက် အရေးဆိုလာပြန် တယ်။ သူတို့က နာမည်ကြီး မင်းသား မင်းသမီးတွေပါတဲ့။ သူတို့ကိုလည်း ဒီနေရာတွေမှာ ပေးက,ပါတဲ့။ က,လက်စ လူနှစ်ယောက်ကလည်း မပေး နိုင်ဘူးလေ။ မင်းတို့ မက,ချင်လို့ မင်းတို့က ပယ်၊ တို့က ဝင်က,ရတာ၊ အခုမှ ငါးပွက်ရာ ငါးစာလာမချပါနဲ့။ အဲသည့်အရေးက တုတ်တပြက် ဓားတပြက်ဖြစ်ကြတဲ့အထိပဲ။ နောက် စကားနည်းရန်စဲ ကျွန်တော်ကပဲ သုံးရက်စီ ဝင်က,ကြဖို့ စီစဉ်ပေးရတယ်။ ဒါပေမဲ့ လမိုင်းမကပ်တော့ဘူး လေ။ အထာမကျတော့ ပရိသတ်ကကို လက်မခံတော့ဘူး။ ဂုဏ်မေကျင် မှ ဂုဏ်မေကျင်ပဲ။ အရူးပေါက်စီကိုလည်း ကိုဘချစ်မှပဲ။

ကြည်ကြည်ဌေးအကြောင်းကို ဆက်ရမယ်ဆိုလျှင် အဲသည် 'ဩော်မိန်းမ' မှာပဲ ပရိသတ်က လိုလိုလားလား လက်ခံလာတာကို တွေ့ရ တယ်။ သူ့ဟာသကလေးတွေက ထိမိတယ်။ ကြွယ်နီကြီးကလည်း လူရွှင် တော်ကောင်း၊ သူက အပို့အယူတတ်တဲ့ မင်းသမီးမို့ အအုပ်-အခံနဲ့ လုပ် သွားလိုက်ကြတာ ပရိသတ်မှာ တဝါးဝါးပဲ။ တကယ်တမ်းပြောရလျှင် ဒီ နေရာမျိုးမှာ တော်ရုံပညာနဲ့ မရတာ လက်တွေ့ပဲ။

'ဩော်မိန်းမ' ပြီးတော့ သူနဲ့ မြင့်မြင့်ဌေး ပြိုင်တူပါဝင်တဲ့ 'ချစ် ကုမ္ပဏီ' ဆိုတဲ့ ပြဇာတ်ကို တင်ရပါတယ်။ မြင့်မြင့်ဌေးကို အလှအပနဲ့ ချစ်စရာကောင်းပြီး သူဌေးသမီးနေရာက မောင်မျိုးချစ်နဲ့ တွဲစေတယ်။ ကြည်ကြည်ဌေးကိုတော့ အဖိအနှိပ်ခံ ဆင်းရဲသူကလေးနေရာက မင်း

www.burmeseclassic.com



သားအသစ်ကလေးတစ်ယောက်နဲ့ တွဲစေပါတယ်။ မြင့်မြင့်ဒွေးနေရာက ပျော်မြူးစရာနှင့် ချစ်စရာ၊ ကြည်ကြည်ဒွေးနေရာက အလွမ်းပေါ့။

ကျွန်တော် ဇာတ်ခွင်ချ လူရွေးတဲ့နေရာမှာ အမြဲ သတိထားရှိပါတယ်။ ဥပမာနဲ့ပြောရရင် 'ရေမြွေကို မြွေဟောက်လို မသုံးနဲ့။ မြွေဟောက်ကို ရေမြွေလို မသုံးမိဖို့ပဲ။ ရုပ်ရှင်တို့၊ ပြဇာတ်တို့မှာ ဒါရိုက်တာသာ ပမာန။ ဒါရိုက်တာရဲ့ အရည်အချင်းသာ အဓိကလို့ ဆိုကြပေမယ့် ဇာတ်ကောင်ရဲ့ ရုပ်ဆင်းသဏ္ဌာန်၊ အရည်အသွေး၊ အရည်အချင်း၊ ပင်ကိုယ်ဗီဇနှင့် ပညာကိုပါ အကဲခတ်ပြီး ကိုင်တွယ်ကြရပါမယ်။ ရေမြွေကို ပါးပျဉ်းမထောင်ကောင်းလားလို့ ရိုက်သင်လည်း သေရုံပဲရှိမှာပါ၊ မရပါဘူး။ အဲ . . . မြွေဟောက်ကို ပါးပျဉ်းမထောင်ရအောင်ထားလျှင် သူ့ အစွမ်းအစကို ဖော်မပြလိုက်နိုင်သလို ရှိပါလိမ့်မယ်။ ကိုယ့်တာပည့် အရင်းအဖျားဆိုပြီး မျက်နှာလိုက်ရင် အနုပညာဘက်မှာ အဆီအငေါ် မတည့်သည့် အပြင် ဆုံးရှုံးကြရမှာ မလွဲဧကန်ပါ။

ကြည်ကြည်ဒွေးမဖြစ်ခင်က ရုပ်ရှင်မင်းသမီးကလေးများ ဖြစ်လိုဖြစ်ငြား ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုမှာ အလုပ်လျှောက်ဖူးသတဲ့၊ ထိုကုမ္ပဏီကြီးများက ဇာတ်မင်းသမီးမို့ ဇာတ်ဆန်တယ်လို့ ပယ်လိုက်ကြသတဲ့။ ကျွန်တော့်အမြင်ကတော့ သစ်ဆန်းရုပ်ရှင်က 'ချစ်အနုမြူ' အသံတိတ်ဇာတ်ကားပြီးပြီးချင်း 'ဂမုန်းနှင့်သဇင်' ဆိုတဲ့ ဇာတ်ကားကို ခေါင်းဆောင်တင်ရိုက်ရအောင် စရန်ငွေ သုံးရာပေးထားလိုက်ပါတယ်။ အဲသည်အချိန်တုန်းက ခေါင်းဆောင်မင်းသမီးတိုင်းတောင် တစ်ထောင်မရသေးပါဘူး။ သူ့ကို ကျွန်တော်က တစ်ထောင်နဲ့ပြောပြီး စရန်ငွေ သုံးရာပေးလိုက်ခြင်းပါ။ ဒါပေမဲ့ အကြောင်းမညီညွတ်လို့ပဲ ဆိုပါစို့၊ သူ့ကို ကျွန်တော်တာဦးစွာမရိုက်လိုက်ရပါဘူး။ ကျေနပ်စွာနှင့်ပဲ စရန်ငွေ အဆုံးခံခဲ့ပါတယ်။





ကျွန်တော်လည်း ဂုဏ်ရည်မတူဇာတ်ကားက စပြီး ရုပ်ရှင်အလုပ်ကို ဖောက်ချလုပ်လာရတော့ ပြဇာတ်လောကနှင့် ပြတ်တောင်း ဖြစ်လာပါပြီ။

သူ့မှာလည်း ကျွန်တော့်ဆရာ အောဝမ်းဦးတင်မောင်ရဲ့ အသင်အပြနဲ့ 'ချစ်သက်ဝေ'ဇာတ်ကားမှာ အကယ်ဒမီရခဲ့ပါပြီ။ အဲသည်နောက် ရတနာပုံဇာတ်ကား ရိုက်ပြီးတဲ့အခါကစလို့ပေါ့လေ . . . ရုပ်ရှင်အထာ၊ ရုပ်ရှင်ပညာကို ရိပ်မိလာတဲ့အချိန်မှာ ဒါရိုက်တာအသစ်တွေတောင် သူက မွေးထုတ်နိုင်ခဲ့တာ၊ ရုပ်ရှင်လောကမှာ သိကြပါတယ်။

ကြည်ကြည်ဒွေး မာနကြီးသလားလို့ ကျွန်တော့်ကိုမေးလျှင် မကြီးပါဘူး၊ ကြီးပါတယ်လို့ ကျွန်တော်က ဖြေမှာပဲ။ ကြည်ကြည်ဒွေးဟာ အပြင်ပေါင်း ပေါင်းလျှင် အလွန်နိဂါတရှိပါတယ်။ အင်မတန် နူးညံ့ပါတယ်၊ ကိုယ်ချင်းစာပြီး အကြင်နာတရား ထားတတ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်ခွင်ထဲမှာဖြစ်ဖြစ်၊ ပြဇာတ်ခွင်ထဲမှာဖြစ်ဖြစ် (နှာဖြတ်တယ်၊ ဖနောင့်နင်းတယ်၊ အကြေးလှန်တယ်)ဆိုရင် နည်းနည်းကလေးမှ သည်းမခံချင်ပါဘူး။ နိုင်ရာက တုံ့ပြန်တတ်ပါတယ်၊ အဲ . . . ဇာတ်စကား ဝေါဟာရကို ရှင်းပြရဦးမယ်ထင်တယ်၊ မသိတဲ့သူတွေအတွက်ပါ။ နှာဖြတ်တယ်ဆိုတာ ကိုယ်မပြောခင် ဝင်ပြောလိုက်တာ၊ ကိုယ့်အသုံးအနှုန်းကို ဦးအောင် အသုံးပြုလိုက်တာ၊ ကိုယ့်အကွက်ကို လုယူလိုက်တာ။ ရုပ်ရှင်မှာဆိုရင် ကိုယ့်မျက်နှာ ကင်မရာထဲမှာပေါ်အောင် နေရာယူလိုက်တာ။ သူများရှေ့ကနေပြီး ကိုယ်က ကွယ်ထားတာတွေပေါ့။ ဖနောင့်နင်းတယ်ဆိုတာက လမ်းသွားနေတုန်း တစ်ဖက်သား အသွားပျက်အောင် ဖနောင့်ကို နောက်ကနေ နင်းလိုက်သလို သူများပြောကောင်းတုန်း၊ ဆိုကောင်းတုန်း၊ လွမ်းကောင်းတုန်းမှာ အမူအရာနဲ့ဖြစ်ဖြစ်၊ အပြောအဆိုနဲ့ဖြစ်ဖြစ်

www.burmeseclassic.com



အရှိန်ပျက်အောင် ဖျက်လိုက်တာ။ ရုပ်ရှင်မှာ နှစ်ယောက်ပြိုင်တူ ပြောဆို လုပ်ကိုင် သရုပ်ပြနေလို့ တစ်ဖက်သားက ကိုယ့်ထက်သာနေမှန်း သိရင် ဒါရိုက်တာက ပြန်မရိုက်ဘဲမနေရအောင် ကိုယ်က တမင် မှားပြော မှားလုပ် လုပ်တာမျိုး။ ကြေးလှန်တယ်ဆိုတာကျတော့ ငါးများ အကြေးကိုလှန်ရင် အခံရခက်အောင်လုပ်သလို ဇာတ်ဝင်စကားမဟုတ်ဘဲ ကိုယ်ရေးကိုယ်တာတွေကို ထည့်ပြောပြီး ဝေဖန်တာ၊ ပျက်လုံးထုတ်တာ။ ဒါတစ်ခုတော့ ရုပ်ရှင်မှာ ဒါရိုက်တာက သတိရှိလျှင် လုပ်ခဲပါတယ်။

ရုပ်ရှင်ကားထဲ ပြဇာတ်ထဲမှာ ပရိသတ်ကသာ မသိတာ။ အချင်းချင်း ပညာပြိုင်ကြတာကြောင့် ဇာတ်စင်နောက်ကွယ်မှာ ရန်ဖြစ်တာ အများကြီး။ ရုပ်ရှင်မှာလည်း နောက်ကားတွေမှာ သူပါလျှင် မရိုက်ဘူးလို့ ရာဇသံပေးကြတဲ့လူတွေ မနည်းဘူး။ ဒါကြောင့် ဒါရိုက်တာဆိုတာ သူတို့ထက် လျင်ရတယ်။ ဒါရိုက်တာက လျင်တယ်ဆိုရင် တဇောင်းစေးနဲ့ မျက်ချေးဖြစ်နေတဲ့ လင်မယားကွဲခါစ ပူပူနွေးနွေးကိုလည်း အင်မတန်ချစ်တဲ့ သမီးရည်းစားအနေနဲ့လည်း ရိုက်လို့ဖြစ်တယ်။ ပညာရော ဂုဏ်ရော ပြိုင်နေတဲ့ မြွေဟောက်မင်းသမီးနှစ်ယောက်ကိုလည်း ညီအစ်မအရင်း လုပ်ရိုက်လို့ ဖြစ်တယ်။

နောက်တစ်ခု ကြည်ကြည်ဌေး သတ္တိက (မြင်းကောင်းဇက်သိ) ဆိုသလို ကိုယ့်ကိုရိုက်နေတဲ့ ဒါရိုက်တာရဲ့ အရည်အချင်းကို ပထမအကြိမ်တွေ့လိုက်တာနဲ့ အကဲဖြတ်လိုက်ပြီ။ ဒါရိုက်တာရဲ့ သင်ပြမှု၊ ပေးတဲ့စကား။ ဒါတွေကို သူ့အတွက် အံဝင်ခွင်ကျမဟုတ်ရင် ပထမ ချိုချိုသာသာ အကြံပေးမယ်၊ ဒါမှ ပြောလို့မရရင် တကယ်ရိုက်တော့ သူလုပ်ချင်တာ၊ သူပြောချင်တာ ဖြတ်လို့မရအောင် လုပ်ပြလိုက်တယ်။ အဲ . . . နောက်တစ်ခုပြောရဦးမယ်။ ကြည်ကြည်ဌေးဟာ သူ့ကိုယုံတဲ့ မင်းသမီး





မင်းသား၊ ဇာတ်ပို့ဇာတ်ဆောင်ကလေးတွေကို တွဲခေါ် တတ်ပါတယ်။ သူကိုယ်တိုင် အောက်ကျနောက်ကျ အထင်သေးခံရတဲ့ဘဝက တက်လာရတာမို့ အင်မတန် ကိုယ်ချင်းစာတတ်ပါတယ်။ သက်ညှာ ပံ့ပိုးတတ်ပါတယ်။ နောက်ပြီးတော့ . . . ငွေရေးကိစ္စ။

သူတောင်းတဲ့ဈေးဟာ သူ့ဈေးပဲ။ မတန်ဘူးဆိုလျှင် မငှားနဲ့၊ ဒါပဲ။ ဘယ်သူ့ကို ဘယ်လောက်ပဲ ပေးရပါတယ်ဆိုတာ လာမပြောနဲ့။ နားမထောင်ပါရစေနဲ့လို့ တောင်းပန်လိမ့်မယ်။ ဘဝတူဆိုလျှင် အလကားလုပ်ပေးချင် လုပ်ပေးလိုက်မယ်။

ကဲ . . . ကြည်ကြည်ဌေး မာန မကြီးတာကို ပြောဦးမယ်။

အကြောင်းကြောင်းတို့ရဲ့ အကြောင်းကြောင်းတို့ကြောင့် ကြည်ကြည်ဌေးကို နာမည်ပေးပြီး မွေးထုတ်လိုက်ရတဲ့ ကျွန်တော်က သူနဲ့ကို ရုပ်ရှင် တစ်ကားမှ မရိုက်ရသေးဘူး။ ရိုက်မယ့်ရိုက်ရတော့ မင်းသားကြီးကိုဇေယျရဲ့ ကိုယ်ပိုင် 'လှည်းကျိုးနဲ့ နွားသိုး' ဇာတ်ကား။ ကျွန်တော်က စေတနာ့ဝန်ထမ်း ဒါရိုက်တာ။ သူက စေတနာ့ဝန်ထမ်း မင်းသမီး။

အဲဒီအချိန်မှာ ကြည်ကြည်ဌေးဆိုတာ လျှမ်းလျှမ်းတောက်၊ ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာတချို့တွေက စပျစ်သီးတို့၊ ပန်းသီးတို့ ကြည်ကြည်ဌေးကြိုက်တတ်တယ်ဆိုတဲ့ ငါးပိ၊ ငါးခြောက်တို့၊ ဇာဘော်ဒီအကျီတို့ လက်ဆောင်ပေးပြီး ခစားနေကြတဲ့အချိန်။

ရုပ်ရှင်ရိုက်ရာကိုလာဖို့ မော်တော်ကား ခတ်ဆီဖိုး ပေးရတာ သူက စ,လိမ့်မယ်ထင်တယ်။ အဲသည့်အချိန်မှာ ကျွန်တော်က (ရိုက်ကွင်း) ကို မနက် ဆယ်နာရီဆို ရောက်ပြီ။ သူ လာတာက ၁၂ နာရီခွဲမှ။ ဒါကို ကျွန်တော်က စောစောလာဖို့ ပြောတယ်။ သူက ဘာကိစ္စ ညာကိစ္စ အကြောင်းပြပြီး အရောက်နောက်ကျပေမယ့် ညနေပိုင်းမှာ 'အဖေကြီး'

www.burmeseclassic.com



(ကျွန်တော့်ကိုခေါ်တော့ အဖေကြီးပါပဲ)။ အဲ . . . မိုးချုပ်အောင် ရိုက်ချင်သလောက်ရိုက်ပါ။ ပြန်မလွှတ်မချင်း မပြန်ပါဘူးလို့ ရင်းရင်းနှီးနှီးရယ်ကာမောကာ ပြောနေတယ်။ ဒါကို ကျွန်တော်က အကြောင်းပြတယ်။ သူ့ကို မိုးချုပ်တဲ့အထိ ရိုက်ပေးမယ်ထား၊ သူနဲ့တွဲလုပ်ရမယ့် ဇာတ်ဆောင်တွေပါ အပြန်နောက်ကျရတယ်။ အလုပ်သမားတွေကို အချိန်ပိုလုပ်ခပေးရတယ်။ ညစာ ထမင်းပါ ကျွေးရဦးမယ်။ ဒါဆိုလျှင် ထုတ်လုပ်မှုစရိတ်ကြီးမယ်။ တစ်နေ့တလေနောက်ကျရင် ကိစ္စမရှိဘူး။ နေ့တိုင်းဆိုရင် မကောင်းဘူးပေါ့ . . .။

ခက်တာက ကြည်ကြည်ဌေးရဲ့ခင်ပွန်း ကိုအောင်သိန်း ဩဇာကြီးပုံကလည်း သူ့မယားအပေါ်မှာသာ မကဘူး။ ထုတ်လုပ်သူတိုင်းကလည်း အလိုလိုက်နေကြရတယ်။

နောက်တစ်နေ့ကျပြန်တော့လည်း ကျွန်တော်က ကိုးနာရီဆိုရောက်ပြီ။ သူက မလာသေးဘူး။ ကျွန်တော် စောင့်ရင်း ခံပြင်းလာတယ်။ အောက်ကျတယ်လို့ ရှက်လာတယ်။ ကျေးဇူးမသိဘူးလို့လည်း စိတ်နာလာတယ်။ ဒီတစ်ခါဘော့ (ခုတ်စပြီး လှီးစပြတ်)ခပ်ပြတ်ပြတ်ပဲ။ ဆယ်နာရီမလာသေးဘူး။ ဆယ့်တစ်နာရီ မရောက်သေးဘူး။ ဆယ့်နှစ်နာရီ . . . ဒီတော့မှ မယ်မင်းကြီးမ ကားကြီးနဲ့ ကြွတော်မူလာတယ်။

ကျွန်တော် ဒီတော့ ဘာလုပ်သလဲ။

"ဟော့ . . . ဖိုးပါလေး . . . ကားပေါ်တက်၊ ပြန်မယ်။ ဒီမှာရွှေကြည် နင့်ကို ငါပြောချင်လို့ တမင် စောင့်နေတာ။ ငါ ကိုးနာရီရောက်တယ်။ နင်က ၁၂ နာရီမှလာတယ်။ နက်ဖြန် ငါလည်း ကိုးနာရီရောက်မယ်၊ နင်လည်း ကိုးနာရီအရောက်လာခဲ့။ ဒါမှမဟုတ်ရင် နင်နဲ့ငါ ဒီကားကို ဆက်မရိုက်ကြစို့နဲ့ . . . ဒါပဲ"





တကယ်ပါပဲ။ ကျွန်တော် ရှက်စိတ်နာပြီး ပြန်ခဲ့တယ်။ သူလည်း အံ့အားသင့်ပြီး ကျန်ရစ်ခဲ့တယ်။ သည့်ပြင်လူတွေမှာလည်း ပွစိ ပွစိပေါ့။ မျက်နှာလိုအားရ တွန်းကြမယ့်လူတွေကလည်း အများကြီး။ ကိုဇေယျခမျာမှာတော့ မျက်နှာကလေးအငယ်သားနဲ့။

ကျွန်တော်ကလည်း ကျွန်တော့်(အတ္တ)နဲ့ကျွန်တော်။ ကိုယ်မွေးထုတ်ခဲ့တဲ့ ကိုယ်ပိုင်သမီးလို့ ယုံကြည်ထားတယ်လေ။ သူနာမည်ကြီးလာလို့ ကျွန်တော့်ကို ကာပြန်တယ်ပေါ့။

'လှည်းကျိုးနဲ့နွားသိုး' ဇာတ်လမ်းဟာ သူနဲ့ ကိုဇေယျကြီးအတွက်သက်သက်ရေးရတာ။ ကိုဇေယျနေရာမှာ ကိုဇေယျနဲ့ အလိုက်ဆုံးဖြစ်သလို သူ့နေရာမှာ သူနဲ့အလိုက်ဆုံး၊ သူ့ကို ထင်ပေါ်သည်ထက် ထင်ပေါ်အောင် လုပ်ပေးချင်တဲ့ စေတနာက အပြည့်။ ကြေးစားဒါရိုက်တာဆိုရင် မင်းသမီး၊ မင်းသား လာရင် ရိုက်မယ်၊ မလာသေးရင် စောင့်နေရုံပေါ့။ ခုတော့ ကိုကျော်ဇေယျကိုလည်း အကုန်အကျသက်သာပြီး ကားမြန်မြန်လက်စသတ်နိုင်အောင်။ သူလည်း အကွက်ကောင်းကောင်းနဲ့ စိတ်တိုင်းကျ(ကဲ)နိုင်အောင်။ ခုတော့ ကျွန်တော့်စေတနာဟာ ဝေဒနာဖြစ်ရပြီ၊ တကယ်ဆိုတော့ သူ့မာနနဲ့သူ မလာဘဲနေရင် ပြတ်လည်းပြီးတာပေါ့လို့ဆိုကာမှဆိုရော ရုပ်ရှင်လောကတစ်ခုလုံး သတင်းဆိုး အပုပ်နံ့(ဟောင်)သွားမှာ သေချာတယ်။

နောက်တစ်နေ့မနက်မှာ ကျွန်တော် သွားနေကျအတိုင်း ကိုးနာရီအရောက်သွားတယ်။ လမ်းမှာတော့ တထိတ်ထိတ်ပါပဲ။ မဖြစ်သင့်တာဖြစ်ကြရင် ကောင်းတာပေါ့။ ကိုယ့်စေတနာကိုတော့ ကိုယ်သစ္စာဆိုခဲ့တယ်လေ။

ရုပ်ရှင်ခြံထဲအဝင်မှာ သူ့ကားနဲ့ ထိပ်တိုက်တိုးတော့တာပဲ။ သူက

www.burmeseclassic.com



ကားပေါ်က လှမ်းအော်တယ်။ “အဖေကြီး . . . သမီးရောက်ပြီနော်” တဲ့။ မနေ့က ဘာမှမဖြစ်တဲ့အတိုင်း။ မှန်တာပြောလျှင် သစ္စာပါ၊ ကျွန်တော် သူ့ကိုလည်း ကျေးဇူးတင်လိုက်မိတယ်။ ရတနာသုံးပါး၊ ဆရာသမား မိဘဂုဏ်ကိုလည်း ဆထက်ထမ်းပိုး တိုးလို့ ယုံလိုက်ရတယ်။ ကိုအောင် သိန်းကြီးကလည်း (စကားရောပါးရော)သောလို့ ရွှင်လို့၊ အဲသည်နေ့တ တစ်နေ့လုံး ပျော်ပျော်ပါးပါး အားတိုက်ခွန်စိုက် ရိုက်လိုက်ရတယ်၊ နောက် နေ့တွေမှာကော ကိုးနာရီဆိုလျှင် သူကော ကျွန်တော်ပါ ရှေ့ဆင့်နောက် ဆင့် ရောက်ကြတာချည်းပဲ။ ဒီကားတွင်လားတဲ့၊ မဟုတ်ပါဘူး။ သူနဲ့ ကျွန်တော် ယနေ့အထိ ရိုက်လာသမျှကားတိုင်းမှာ ကျွန်တော်က မစောင့် ရတော့ဘူး။ အေး . . . အကြောင်းကိစ္စရှိရင် သူက ကြိုပြောထားနှင့် ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ သူ့ကို ကျေးဇူးတင်ကြောင်း မပြောခဲ့ဖူးပါဘူး။ လိမ္မာတယ်လို့ မချီးမွမ်းခဲ့ဖူးပါဘူး။ အခု သူ့အကြောင်း ရေးရလို့ ထုတ်ပြောရတာပါ။ ဒါပေမဲ့ ကျွန်တော့်ကို သူ လေးစားရိုသေ တယ် ဆိုတာကိုတော့ သူသေကိုယ်သေ သေတဲ့အထိ ယုံမှတ်သွားရမှာ ပါ။ ဆရာသမားတို့ကို ရိုသေနှိမ့်ချ၍ ဂါရဝထားတဲ့ ပဓာယနကုသလ အကျိုးပေးဟာ ပညာသည်တိုင်း လူသာသေမယ်၊ နာမည်မသေနိုင်သော အကျိုးကို ရစမြဲဖြစ်ပါတယ်။ ဒါဟာ ကြည်ကြည်ဌေးရဲ့ မာနမကြီးတဲ့ အကြောင်း။

ကြည်ကြည်ဌေးတစ်ယောက်တည်း ပြဇာတ်စင်ပေါ်မှာ တစ်နာရီ လောက် သရုပ်ပြသွားတယ်လို့ဆိုလျှင် ယုံချင်မှ ယုံကြပါလိမ့်မယ်၊ တစ် ယောက်တည်းမှ တစ်ယောက်တည်းပါ။ လူရွှင်တော်တောင် မပါဘူး မှတ်မှတ်ရရ မန္တလေးရာပြည့်ပွဲတုန်းကပေါ့။ လူထုဦးလှနဲ့ တပ်မင်း တိုင်





တို့ရဲ့ ဆော်ဩချက်အရ ကျွန်တော် ခေါင်းဆောင်ပြီး ရုပ်ရှင်ပြဇာတ်၊ မ၊ ဂီတ ပညာရှင် လူရှစ်ဆယ်လောက် ရာပြည့်ပွဲကို တင်ဆက်ကြရပါ ယ်။ လူထုတောင့်တလို့ ကန့်သတ်ထားတဲ့ ပွဲရက်ထက်ပို၍ က,ကြရမယ့် ခြေအနေဖြစ်လာပါတယ်။ နောက်ဆုံး သုံးချီပေါ့။

အဲသည်မှာ ပြဿနာပေါ့။ ကြည်ကြည်ဌေးနဲ့ တွဲက,ကြတဲ့ လူ တော်များများမှာ ရုပ်ရှင်ရက်ချိန်း ကြိုတင်ပေးခဲ့ကြတာမို့ မနေနိုင်ကြ တော့ဘူး။ ပြန်သွားကြရပြီ။ ဇာတ်ခွင်အံကျဇာတ်ကိုလည်း မကနိုင်တော့ ဘူး၊ ကြည်ကြည်ဌေး ပါပါတယ်ဆိုရုံ သီချင်းကလေးတစ်ပုဒ်နှစ်ပုဒ် တ်ဆိုပြီး ပြန်လည်း ဝင်မသွားချင်ဘူး။ သူ့ကို ဇွတ်ဆွဲထားလိုက်တာက နှန်တော်။ သူ စိတ်ညစ်ပြီး ကျိတ်ငိုတယ်။ သူ့ဝါသနာက မလုပ်ရလျှင် ချင်း၊ လုပ်ရရင် က,နေရင်းက ဆေးထိုးယူရပါစေ။ ကျွန်တော်က မေး တော့ “သမီး ဘာလုပ်ရမှာလဲ” တဲ့.

“ဟဲ့ . . . ရွှေကြည်၊ နင့်အကြောင်း ငါမသိတာမှတ်လို့ . . . စ်ယောက်တည်းထွက်၊ ကွက်စိပ်ဟောကွာ” လို့ ကျွန်တော်က ပြော တ်ရတယ်။

“အို . . . တောက်တီးတောက်တဲ့။ မင်းသမီးက ကွက်စိပ်ဟော ယ်လို့”

“အေး . . . ငါက အတိုချုံးပြီးပြောတာ။ ဇာတ်သဘင်ရယ်၊ တ်ရယ်၊ ရုပ်ရှင်ရယ် အဲသည်ပညာတွေကို သမအောင် ရောမွှေနိုင် အရည်အချင်း ညည်းမှာရှိပြီးသား။ ဒီတော့ ကျွန်မငယ်ငယ်က ဇာတ် င်ပညာ ဆည်းပူးခဲ့ရတာတွေက ဟောသလို . . . ဟောသလိုပါ။ တ်မှာတော့ ဟောသလို . . . ဟောသလို သရုပ်ဆောင်ရပါတယ်။ င်ကျတော့ စ,ရိုက်တဲ့နေ့မှာ ဟောသလို . . . ဟောသလို အမှား

www.burmeseclassic.com



အယွင်းတွေကြောင့် လူရယ်စရာ ဖြစ်ခဲ့ရပါတယ်။ ကိုဇေယျကြီးအက်တင် က ဒီလိုပါ။ ကိုထွန်းဝေအက်တင်က ဒီလို ဒီလို၊ အေဝမ်း ဦးတင်မော ကျတော့ ဟောသည့်အမူအရာနဲ့၊ ဟောသည့်မျက်နှာထားကြီးပါ ဆိုထ တွေကို အလွမ်းအသောစုံအောင် လုပ်ပြလိုက်၊ စကားတောက်လျှော ပြောလို့ မောလာရင် အသံတိတ်အက်တင်လုပ်ပြီး လမ်းလျှောက်ပြ၊ ဒ လောက်ဆို နင်လုပ်နိုင်ပြီ။ မထွက်လို့တော့ မဖြစ်ဘူး" လို့ ဇွတ်ခိုင်းရတယ်

မထွက်ရသေးခင် ဈေးများ တွန့်ဆုတ်နေပေမယ့် ကားလည်း ဖွင့် လိုက်ရော ကရားရေသွန်း ပြောဆိုလုပ်ကိုင်သွားတော့တာပါပဲ။ ဇာတ် သံဘင်မှာ လွမ်းခန်းကို ဘယ်လိုပျိုးရသလဲဆိုတော့ ဇာတ်အိမ်ကလေး (ကျင်းယက်)ပြီး၊ ကျင်းယက်တယ်ဆိုတာ ငိုချင်းဆိုရအောင် ပရိသ စွဲလာအောင် အဖြစ်သနစ် ဇာတ်ကြောင်းဂုဏ်လေး ခံလိုက်တာဖြစ် တယ်။ အဲဒီလို ပြောရင်းပြောရင်း မဲ့မဲ့ပြီး ပြောလာရာက အောက်ဆိုင် ဝိုင်းကြီးရဲ့ အဆို့အပိတ်ကို အားယူပြီး ဇာတ်ထဲကအသံအတိုင်း ဟစ်ပြီ ငိုချင်းတစ်ပုဒ်ဆိုလိုက်တာဟာ ပရိသတ်မှာ မျက်ရည်လည်ရွဲ ဖြစ်တ ပြီ။ ငိုချင်းဆုံးခါနီး ဆိုင်းက ငိုချင်းဆိုင်း တီးရခါနီးမှ "အဲသလိုငိုရပါတ ရှင်" ဆိုပြီး (ဖြုတ်ချ)လိုက်တာဟာ ဝေါခနဲ (ပွဲကျ)သွားပါတော့တယ အဲသည့်ပွဲကို မှတ်မိသေးတဲ့ ပုဂ္ဂိုလ်အများကြီး ရှိပါလိမ့်ဦးမယ်။ တ ယောက်တည်း တစ်နာရီနီးပါး ကြာပါတယ်။

ကြည်ကြည်ဌေးဟာ အနုအလှ လုပ်ရမယ့်နေရာမှာ ကန့်ကလ လုပ်တတ်သလို ရုပ်ကြမ်းကိုလည်း ပိုင်ပိုင်နိုင်နိုင် လုပ်ဝံ့ပါတယ်။ "စကာ ပြောသော အသည်းနှလုံး" ဇာတ်ကားမှာ ပထမ တောသူရိုးရိုးအ နောက်တော့ ခေတ်ဆန်လွန်းအားကြီးပြီး လင်ငယ်နဲ့ လိုက်ပြေးတ လင်ငယ်နဲ့ထောင်ကျသွားတော့ ကိုယ့်ရင်သွေးကို သတိရပြီး ငွေရအော





ပြည့်တန်ဆာဆန်ဆန် မြူဆွယ်ရတယ်။ ဘိန်းချလို့ ထောင်ကျရတယ်။ ဒါတွေဟာ ကျွန်တော့်ဇာတ်တားအကြောင်း ပြောနေတာမဟုတ်ပါဘူး။ ကြည်ကြည်ဌေးက ဘဝအမျိုးမျိုးကို ပီပြင်အောင် သရုပ်ဆောင်နိုင်ပုံတွေ ကို ပြောပြချင်လို့ပါ။ ထောင်ထဲမှာ ထောင်ကျမိန်းမအချင်းချင်း ရန်ဖြစ် တာ၊ ပြောတာ၊ ဆိုတာ၊ ဝတ်စားတာ၊ သွားကျိုးပါးကျိုးကြီးနဲ့ ပိုးစိုးပက်စက် မျက်နှာနေမျက်နှာထား လုပ်ဝံ့တာ၊ လုပ်နိုင်တာ။ လုပ်ပွဲလိုတာဟာ သူ့ပညာတွေပါ။

ဇာတ်မတိုက်ဘဲ ပြဇာတ်တစ်ခုကို တက်ကတာ ပြောရဦးမယ်။

ရုပ်ရှင်ကောင်စီက မေဒေးနေ့အတွက် ကကြရတဲ့ ပွဲပေါ့။ အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် ဒါရိုက်တာ ဗိုလ် တလေးတင့်အောင်က ကျွန်တော်ရေးခဲ့တဲ့ 'နှလုံးသွေးပျက်သော မောင်း တစ်ပုဒ်'ဝတ္ထုကို အရေးပေါ်ပြဇာတ်တင်ဖို့ ဖြစ်လာတယ်။ က,ရမှာက ညနေ့ည၊ ထွက်ရမယ့်အချိန်က အစီအစဉ်အရ ရှစ်နာရီခွဲ။

"ကဲ . . . ရွှေကြည့်ကိုသွားခေါ်၊ ကိုချင်းစိန်နဲ့ အေဝမ်း ကိုတင် မောင်ကို ငါပြောမယ်" ဆိုပြီး ညနေ လေးနာရီလောက်မှာ ဇာတ်ကြောင်း ကို ထိုင်ပြောကြတာပဲ။

"ဒီနေရာမှာ ဒီသဘော နင်ကပြော၊ ငါက နားခံလုပ်ပေးမယ်။ ဒီနေရာမှာကျတော့ ငါက ဒီသဘောပြောမယ်။ နင်က နားစောင့်လုပ် ပြီး ငို့ငိုလွမ်း။ ဒါပဲ . . . ကိုတင်မောင်နဲ့ ကိုချင်းစိန်ကို မောင်တင့်အောင် က ဇာတ်ဝင်စကားတွေ၊ သဘောတွေ ပြောပြလိမ့်မယ်" ဆိုပြီး အရေးပေါ် ဇာတ်တိုက်ကြတာပါပဲ။ အဲသည်ပြဇာတ်ကလည်း သူ့ပို့ပေးလို့ အောင်မြင် ခဲ့ရတယ်။

ပြောစရာတွေတော့ အများကြီးပေါ့။ နောက်ဆုံး ဇာတ်ပြဇာတ်

www.burmeseclassic.com



နှင့် အရပ်ပြဇာတ်ရေးမွှေထားတဲ့ 'မုဒုလက္ခဏာ'ပြဇာတ်ကိုလည်း သူ့အတွက်ရေးပေးတာဟာ ရေးရကျိုးနပ်အောင် ပီပြင်ခဲ့တာ ကြည့်ရသူတိုင်း အမှတ်ရကြမှာပါပဲ။

မန္တလေး ရာပြည့်ပွဲတုန်းက အရည်အချင်းမျိုးလုပ်ပြရအောင် ဘုရားရန်ပုံငွေအလှူပွဲမှာ ကျွန်တော် ကြိုးစားပါသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် သူ့နေရာမှာ 'ရွှေခြည်ငွေခြည်တန်း လို့' အကယ်ဒမီရခဲ့တဲ့ ဒေါ်မမန္တ့က ဝင်လုပ်ရပါတယ်။

အချုပ်ကို ပြောရမယ်ဆိုရင် ကျွန်တော် တွေ့ခဲ့သမျှ သုံးခဲ့ရသမျှ အနုပညာသည်များမှာ တစ်ဦးခေါင်း တစ်ပညာဆိုသလို အရည်အသွေး အဆိပ်အတောက် ကိုယ်ပိုင်ရှိကြတာများပါတယ်။ ချီးမွမ်းစရာကလေး တွေ၊ အနုပညာနှင့် ချစ်စရာကလေးတွေ ရှိပါသေးတယ်။ အကြောင်း ဆိုက်လာတဲ့အခါ ရေးစရာတွေ အများကြီးပါ။ ခုတော့ သူ့အတ္ထုပ္ပတ္တိ ကို ကိုင်ရေးနေတဲ့ ဒေါ်မမလေးက သူ့စာအုပ်မှာ ကြည်ကြည်ဖွေးနှ ပတ်သက်ခဲ့ဖူးတဲ့ ပညာရှင်တွေထံမှ ကိုယ့်ထင်မြင်ယူဆချက်ကို တောင်း လာလို့ ရေးလိုက်ရခြင်းပါ။

သဘင်ဆိုတာ လူစုလူဝေး တက်ရောက်ကြတာ။ လူတွေ အာ ထားကြတာကို ဆိုပါတယ်။ လူထုကို ဖြေဖျော်မှုသဘင်ထဲမှာ သံ သံထားနဲ့ ရွတ်ဖတ်ရတဲ့ နန်းတွင်းဇာတ်စာ အလင်္ကာမှုစလျှင် ရုပ်သေး သဘင်၊ မြေဝိုင်းသဘင်၊ ကွပ်စိပ် စာပြော၊ ဇာတ်အငြိမ့် ပြဇာတ်ရုပ်ရှင် ဟောပြောပွဲ၊ ရေဒီယိုအသံလွှင့်တာကအစ အကျုံးဝင်ပါလိမ့်မယ်။ ထ နည်းအားဖြင့် ဟာသအတတ်လို့လည်း ခေါ်ပါတယ်။

အဲသည့် ဟာသအရာမှာ ဝါသနာပါရုံနှင့် မလုံလောက်ပါဘူး လူမွှန် လူချွန် မဖြစ်နိုင်ပါဘူး။ ကြိုးစားပါမယ်၊ စာကျက်ပါ့မယ်။ ခိုင်းသ





လုပ်ပါ့မယ်ဆိုတိုင်းလည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာနိုင်ပါဘူး။ ဟာသ,သဘင်အလုပ်က ကြိုးစားလို့မရပါဘူး။ ကြိုးစားလို့ ပိုပြီး အံချော် သွားတာ တွေ့တတ်ပါတယ်။ သဘောက ဘဝကို ဟာပ်မိ သဘောပေါက် တဲ့စိတ်နဲ့ သူ့သဘာဝအတိုင်း လုပ်ကိုင်သွားဖို့ ဖြစ်ပါတယ်။

ဆရာတစ်ဦးက ပြောဖူးတယ်။ "တရားကို အားထုတ်မယ်ဆိုတဲ့ စကားဟာ သဘာဝမကျပါဘူး။ ဖြစ်ချင်တာတွေ ဖြစ်နေတဲ့တရားကိုသာ စောင့်ကြည့်။ စောင့်မှတ်ရမယ်လို့ထင်ပါ"တဲ့။ အဲ . . . မှတ်ဖို့ အခြေခံ တွေတော့ လိုသပေါ့လေ။

ဇာတ်သဘင်၊ ရုပ်ရှင်၊ ပြဇာတ်တို့မှာလည်း ထိုနည်းအတိုင်းပဲ။ သတိကပ်ပြီး ကျရာဇာတ်သဘာဝကို ရေလိုက်ငါးလိုက်လုပ်သွားကြရမှာ ပါ။ စာတွေကျက်ထားတိုင်းလည်း အနုပညာဖြစ်မလာပါဘူး။ ဒါကို လူရွှင် တော် စာရေးဆရာကြီး ဦးချစ်ဖွယ်တို့ခေတ်က လေပြေထိုးတစ်ပုဒ် ရှိဖူး တယ်။

ဟာသပညာဆိုတာ ကြာလေခက်လေပဲ။ စာတွေကျက်ကျက်ပြီး ပစပ် (ပါးစပ်)က ပြောပေမယ့် တတ်လှပကောလို့ မထင်ကြနဲ့။ သမား စဉ်ကတော့ တိုတိုနဲ့ထိမှ လူကောင်း၊ ကောင်းဆိုတာ ပွဲပရိသတ်က "ဟော့ . . . ရှည်တယ်" လို့ အဆိုမခံဘူး။ ဘာအဆိုခံလိမ့်မတုန်း။ ဟိုယမ်းထုံးလို အနုတ်မှမကြဲဘဲ၊ အဟုတ်အမှန် နာဂရုံနယ်သိတဲ့၊ နာ့မည်ရှိ ဇာတ်မင်းတော် သွားတွေဟာ၊ မပြတ်ကျော်ကြားစရာ၊ အထက်အောက်စာရင်း တစ်ခါ မရှုပ်ပါဘု၊ ရွှာစား ကက်တလောက်သတင်းစာထုတ်။

သုခီအတ္တာနံ ပရိဟရန္တု
သုခ
၂၀. ၉. ၇၈

www.burmeseclassic.com

(၉)

နေ့စဉ် ရုပ်ရှင်ရိုက်ရန် အိမ်မှထွက်သွားသော မော်တော်ကားကိုကြည့်၍ ဗိုလ်အောင်သိန်း၏ ပထမဇနီးသည် ကြည်ကြည်ဌေးကို သူ့ခင်ပွန်း၏ ဇနီးတစ်ယောက်ပင် အမှတ်မထားတော့။ သူ့ခင်ပွန်းသည် ပိုက်ဆံရှာရန်အတွက် သူ မြတ်နိုးသောရုပ်သေးရုပ်ကလေးကို ကားပေါ်၌ တင်ဆောင်၍သွားလေပြီ။ ဤပုံအတိုင်းပင် မြင်၍နေတော့သည်။

ကြည်ကြည်ဌေးအပေါ်တွင် မနာလို ဝန်တိုစိတ် လုံးဝ မရှိ။ တစ်နေ့တခြား ကြည်ကြည်ဌေးကို သနားလာသည်။ ကြည်ကြည်ဌေးအတွက် စိတ်မကောင်း။ "ဘယ်လိုဝဋ်ကြွေးပါလာ၍ တို့တစ်အုံလုံး တစ်ပြုံလုံးကြီး အတွက် မျက်နှာသာ မရဘဲ ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်ကျွေးနေရပါလိမ့်" ဤသို့တွေးမိသည့်အခါတိုင်း ကြည်ကြည်ဌေးအပေါ်၌ ကြင်နာစိတ်တွေ ပိတ်ဆီးမနိုင် တိုးလျှံလာသည်။

ကြည်ကြည်ဌေး ကြိုက်တတ်သော ဟင်းသီးဟင်းရွက် ဟင်းမယ်ကလေးများကို ရွေးချယ်ဝယ်ခြမ်း ချက်ပြုတ်ပေးတတ်သည်။ ဇာတ်ထုပ်





တစ်ကားရိုက်ပြီး၍ အိမ်တွင်ရှိသော ရုပ်ရှင်ပြစက်နှင့် အစမ်းပြလျှင် ဇာတ်ကားထဲမှ မင်းသမီးကလေးကို လှမ်း၍ နှစ်သက်စွဲလမ်းနေလိုက်ပုံမှာ ကြည်ကြည်ဌေး သူ့အိမ်တွင်ရှိနေခြင်းကိုပင် မေ့နေတတ်သည်။

အိမ်ပေါ်ထပ်၌ ကြည်ကြည်ဌေးကို ဗိုလ်အောင်သိန်းက ရိုက်နှက်နေသံကြားရသည်ဆိုလျှင် သူ့အသားကိုပါ လာထိသည့်နှယ် နာကျင်နေသည်။ ထိုနေ့ထိုရက်မျိုးတွင် အိမ်တွင်ရှိသော အမေ့မျက်နှာကို မကြည့်ရဲပေ။ မျက်နှာမကြည့်ရဲရုံသာမက သူ့ရင်ထဲတွင်ပါ ပူလောင်လျက် ရှိသည်။ အမေနှင့် မျက်နှာချင်း မဆိုင်ရဲအောင် မျက်နှာပူလှသည်။

ကြည်ကြည်ဌေးမိခင်ကြီးက ဗိုလ်အောင်သိန်းထံတွင် ကတိတစ်ခု တောင်းထားသည်။ သူ့မသေမီ သူ့သမီးအကြီး (ဗိုလ်အောင်သိန်း၏ ပထမဇနီး)ကို မရိုက်နှက်ရန် ကတိတောင်းထားသည်။ သမီးရင်းဖြစ်သော ကြည်ကြည်ဌေးကို မည်သို့မြူမြူ မင်းပိုင်ဆိုင်သည်။ သမီးအကြီးမှာ မင်းပိုင်ပင်ပိုင်ဆိုင်သော်လည်း အမေနှင့် အတူလာနေသော အမေ့အရိပ်ကို လာခိုလှုံနေသော သမီးဖြစ်၍ အမေဆိုင်သည်။ မရိုက်ပါနှင့် သားရယ် ကတိပေးပါ ဆိုသည်။

ဗိုလ်အောင်သိန်းက အမေ မေတ္တာရပ်ခံထားသည့်အတိုင်း အမေနှင့်နေသရွေ့ လက်ဖျားနှင့်မှ မတို့ပါ။ ဆုံးမစရာရှိလျှင် အမေကြိုက်သလို ဆုံးမပါဟု ကတိပြုရခြင်းတို့ကြောင့် ပထမဇနီးမှာ အမေနှင့် လာနေသည့်ရက်ကစ၍ အရိုက်အနှက်မခံရတော့ပေ။

ထို့ကြောင့် ကြည်ကြည်ဌေး အရိုက်ခံရသည့်နေ့မျိုး၌ အမေ့ကြောင့် သူ့အသား မနာရခြင်းအတွက် အမေ့ကျေးဇူးကို ဆပ်မကုန်အောင် ကျေးဇူးတင်မိသည်။

သားလေးအပါ ကျောင်းကပြန်ရောက်လာလျှင် ပထမဇနီးသည်

www.burmeseclassic.com



သားလေးကို လက်တို့၍ တိုးတိုးခေါ်ပြောသည်။

"သား . . . နင့်အမေကို နင့်အဖေရိုက်တယ်။ ငါ့သား မင်း အမေနားမှာ သွားနေစမ်း . . . အမေ ငိုနေတယ်"

အပါသည် မကောင်းသတင်းကြားရ၍ မျက်နှာပျက်ပျက်ဖြင့် ကြည်ကြည်ငွေးနားသို့ ရောက်သွားသည်။

"အမေ . . . အဖေနဲ့ ရန်ဖြစ်တယ်ဆို"

မေးမြန်းကာ မျက်ရည်စမ်းစမ်းဖြင့် အနားမှမခွာဘဲ ညှိုးမှိုင်နေတော့သည်။ ကြည်ကြည်ငွေးမှာ သားလေး စိတ်မချမ်းမသာ ဖြစ်နေပုံကို မြင်ရပြန်တော့လည်း သူ့စိတ် သူဖြေကာ သားလေး ဝမ်းနည်းပက်လက် မဖြစ်စေရန် သူက ပြန်ချော့ရသည်။

ရုပ်ရှင်ကားရိုက်နေတုန်း ဗိုလ်အောင်သိန်းသည် တစ်ချိန်မှ အလစ်မပေးဘဲ ကြည်ကြည်ငွေးကို ရှုိင့်စောင့်သည်။ ရုပ်ရှင်လောကထဲ၌ သူ၏ တုတ်ခိုင်သော ဒေါင်းတည်မောင်းတည် လက္ခဏာကြီးနှင့် ကြမ်းကြမ်းတမ်းတမ်း အမူအရာရှိခြင်းကို ကြောက်လန့်တတ်သည်ကလွဲ၍ သဘောကောင်းခြင်းကြောင့် သူ့အပေါ်၌ ချစ်ခင်ကြသူများလည်း အများကြီးရှိသည်။

ဒါရိုက်တာက မင်းသမီးကို တစ်ခန်းပြီးတစ်ခန်း ရိုက်ကောင်းနေတုန်း၌ ဗိုလ်အောင်သိန်းသည် သူပြန်ချိန်တန်ပြီထင်လျှင် သူ့ဇနီးကို "တစ်ကပ်ပြီးရင် ပြန်မယ်" ပြောတတ်သည်။

မင်းသမီးကို အချိန်များများ အသုံးချနိုင်ရန် ကုမ္ပဏီက ဗိုလ်အောင်သိန်း မပြန်နိုင်အောင် ဖဲထုပ်နှင့်ဖဲဝိုင်း ဖန်တီးပေးထားသည်။ သူ ဝါသနာပါသောအလုပ်ဖြစ်၍ ဖဲဝိုင်း၌ သူချမ်းသာသလို နေသည်ဖြစ်ခြင်းကြောင့် မင်းသမီးမှာ နောက်ဆံမတင်းဘဲ ကားရိုက်နိုင်သည်။





ဗိုလ်အောင်သိန်းသည် ကြည်ကြည်ငွေးကို ဒါရိုက်တာနှင့် မင်းသားနှင့် ဆက်ဆံရသောနေရာတွင် မချုပ်ချယ်ဘဲ ထားသော်လည်း ရုပ်ရှင်ကားရိုက်ခြင်းကို လာကြည့်ကြသော ဧည့်သည်များထဲမှ အကြင်ယောကျ်ားတစ်ဦးဦးက တစ်ခန်းရိုက်ပြီး၍ ကြည်ကြည်ငွေးအနားသို့ လာကာ ချီးကျူးသည်ဖြစ်စေ၊ စကားလာပြောသည်ဖြစ်စေ ဗိုလ်အောင်သိန်းသည် ဖဲဝိုင်းမှ လှမ်းမြင်တတ်သည်။

အိမ်အပြန် ကားပေါ်၌ပင် မည်သူမည်ဝါ စစ်မေးလျက် ကြိမ်းမောင်း ဆူပူလာတတ်သည်။

"ဘယ်ကအကောင်လဲ . . . ဘာတွေလာပြောနေတာလဲ"

အကယ်၍ စကားလာပြောသူ ဧည့်သည်ယောကျ်ားမဟုတ်ဘဲ ဧည့်သည်မိန်းမတစ်ဦး ဖြစ်ဘိမူ . . .

"ဘယ်ကမိန်းမလဲ . . . ဘာလာအောင်သွယ်နေတာလဲ . . . ဘာစကားတွေ လာပြောနေတာလဲ . . . ပြောစမ်း"

ဤကဲ့သို့ အစစ်အကြော အမေးအမြန်း ထူပြောလွန်း၍ ကြည်ကြည်ငွေးသည် လူစိမ်းသူစိမ်းဆိုလျှင် ရဲရဲတင်းတင်း မကြည့်ဝံ့ပေ။

သူ့ကို အိမ်မှ ခေါ်ထုတ်လာခဲ့ပြီးနောက် ကားရိုက်ချိန်အတွင်း သူ့အပေါ်တွင် ယုံကြည်စိတ်ချစွာ လွှတ်မထားဘဲ တစ်ချိန်လုံး ကြပ်ကြပ်မတ်မတ် ထိန်းကျောင်းနေသော သူ့ယောကျ်ားကြောင့် မျက်နှာစိမ်းများနှင့် စကားပြောရန် ကြောက်စိတ်ဝင်ကာ သွေးလန့်နေသည်။

လူစိမ်းမြင်လျှင် မျက်လွှာကလေးချကာ ခေါင်းငုံ့နေလိုက်သည်မှာ တစ်သက်လုံး အကျင့်ပါနေသည်။

နေ့ရှိသရွေ့ ရုပ်ရှင်လောကမှ လူအများနှင့် ဆက်ဆံ၊ နေ့ရှိသရွေ့ မီးပူခံ၊ နေ့ရှိသရွေ့ နေပူခံ၊ နေ့ရှိသရွေ့ မီးပူရော နေပူရော ပေါင်းခံ

www.burmeseclassic.com



နေ့ရှိသရွေ့ နှလုံးသားကို အသုံးချ၊ ငိုလိုက်ဟယ် ရယ်လိုက်ဟယ်၊ မချစ်ဘဲလည်း ချစ်တယ်ပြော၊ မဖက်ချင်လည်း ဖက်၊ မတွဲချင်လည်း တွဲ၊ မင်းသားမှန်သမျှ ကိုယ့်ချစ်သူ၊ ကိုယ့်လင်သားလုပ်လျက် ဇာတ်ကားထဲမှ အဖြစ်အပျက်တို့သည် သူ့ဘဝ၊ သူ့အဖြစ်အပျက်၊ ဤဘဝကမှ သူပိုင်ဆိုင်သည့်ဘဝ။

သူ ပါဝင်လှုပ်ရှားခြင်းပြုနေရသော ဝန်ထုပ်ဝန်ပိုးကြီးတွေကို နေ့ရှိသရွေ့ ထမ်းရွက်ကာ ဘဝတစ်ခုလုံး အဆုံးသတ်ပစ်ခဲ့ပြီးနောက် အိမ်ပြန်ချိန်၌ သူ့ဘဝသည် အသက်မရှိသော အရုပ်ကလေးတစ်ရုပ်ကို အိမ်သို့ ပြန်သယ်ယူလာသကဲ့သို့ပင် ဖြစ်သည်။

အိမ်ရောက်လျှင် ဇနီးမောင်နှံအဖြစ် တစ်ဦးကိုတစ်ဦး ယုယမှုကြင်နာမှုဟူ၍ ဘာမျှမရှိကြ။ အိမ်ပြန်စောစောနေ့ဆိုလျှင် အိမ်၌ ဖဲဝိုင်းကြီးဖြစ်သည်။ အိမ်ပြန်စောသည့်နေ့ဆိုလျှင် အမေ့နားတွင် သွားနေသည်။ အမေပြောသောတရားကို နာရသည်။

လင်ယောကျ်ားကို ပြုစုရမှာကလည်း ပြုစုရမည့် သားမယားကရှိနေ၍ သူ့အရာမဟုတ်။ အိမ်ပြန်ရောက်ပြီဆိုရငြားလည်း အိမ်၌ သူ့အတွက်နေရာမရှိ။

စားချိန်တန်၍ ထမင်းဝိုင်းဝင်ရသောအခါ အိမ်၌ သူသည် သူစိမ်းတရံဆန်တစ်ယောက် ဖြစ်နေသလိုလို ခံစားရသည်။

ဗိုလ်အောင်သိန်းသည် ကောင်းမှစားသည်။ အသားပါမှ၊ ဘာဟင်းဖြစ်မှ ရွေးချယ် ချေးထူတတ်သည်။ ကြည်ကြည်ဌေးသည် အစားကောင်းကို မစားတတ်၊ ငါးပိရေနှင့် တို့စရာရှိလျှင် သူ ထမင်းစားနိုင်သည်။

အချို့သော ရုပ်ရှင်ကုမ္ပဏီက အဝတ်အစားမပေးဘဲ ကိုယ့်





အဝတ်အစားကိုယ် ဝယ်ချုပ်ရမယ်ဆိုလျှင် ဝယ်ပေးရန် ပြောရသည်။

"ကိုရွှေသိန်း . . . ဒီကားအတွက် အဝတ်ဝယ်ရလိမ့်မယ်"

ဗိုလ်အောင်သိန်းသည် ကြည်ကြည်ဌေး အဝတ်ချုပ်ရန်အတွက် အထည်သည် အိမ်ခေါ်ဆေးသည်။ ကြိုက်တာ ဝယ်ချုပ်။

ကြည်ကြည်ဌေးကို ဈေးမလွှတ်၍ စကော့ဈေး၊ သိမ်ကြီးဈေးရှိ အထည်ဆိုင်များသို့ မရောက်ဖူးပေ။

"ကိုရွှေသိန်း . . . ရွှေလက်ကောက်ကလေးတွေ ဆင့်ဝတ်ချင်တယ်၊ လုပ်ပေးပါ"

ကြည်ကြည်ဌေးဝတ်ချင်သော ရွှေလက်ကောက်လုပ်ရန် ပန်းထိမ်ဆရာ အိမ်ခေါ်ပေးသည်။ ကြိုက်တဲ့ပုံစံ အပ်။

ကြည်ကြည်ဌေးတစ်ယောက်တည်း ဘယ်မှမသွားရ၊ မလာရ၍ ဘယ်မှမသွားတတ်၊ မလာတတ်သော ကြည်ကြည်ဌေးသည် တစ်ချိန်လုံး သူ့သွေးကြောထဲတွင် စိမ့်ဝင်နေသော လင်ကိုကြောက်သောစိတ်မှအပ လည်ချင်ပတ်ချင်၊ သွားချင်လာချင်၊ ပျော်ချင်ပါးချင် စိတ်မျိုးဆို၍ မဖြစ်ပေါ်အောင် ခြောက်ခန်းနေသည်။

ခင်ပွန်းဖြစ်သူကို ကြောက်ရသည့်အထဲ ယောကျ်ားက စိတ်ဆိုးသည့်အခါ၌ "နင့်ကို ခေါင်းလေးကွက်ကျအောင်ရိတ်ပြီး တစ်သက်လုံး လုပ်မစားနိုင်အောင် မျက်နှာကို ဓားနဲ့မွှန်းပစ်မယ်၊ ငါ့ကို ဘာမှတ်သလဲ။ မလုပ်ဘူးများ မထင်နဲ့" ဆိုလေလေ ကြောက်လေလေ။ အသည်းတုန်အောင် ကြောက်သွားလေသည်။

နယ်သို့သွား၍ ကားရိုက်ရသည့်အခါ ကြည်ကြည်ဌေးတို့ ဇနီးမောင်နှံနေထိုင်ရန် ကုမ္ပဏီက ယာယီအိမ်တစ်လုံး သပ်သပ်ငှားပေးရသည်။ ဗိုလ်အောင်သိန်းသည် သူ့အလိုရှိသော အမျိုးသမီးတစ်ဦးဦးကို

www.burmeseclassic.com



ထမင်းချက်အဖြစ် ခေါ်သွားတတ်သည်။

ကြည်ကြည်ဌေးသည် သိသော်လည်း မသိဟန်ပြု၍ သူ့ဘဝ သူ သာယာသလို နေပါစေတော့ ခွင့်လွှတ်သည်။ ကားရိုက်နေစဉ် သူ့အနား၌ မားမားမတ်မတ် ခင်ပွန်းယောကျ်ားရှိနေခြင်းက ဘဝလုံခြုံရေးအတွက် လုံလောက်နေပြီဟု သဘောထားလိုက်သည်။

ဇာတ်ကားရိုက်နေသည့်အချိန်၌ နေ့စဉ် ခင်ပွန်းယောကျ်ားနှင့် ပတ်သက်၍ ထိတွေ့နေရသော မကျေနပ်မှုတွေ၊ သောကတွေ၊ ဒေါမနဿတွေကို သူ့စိတ်ထဲသွင်းထား၍ မဖြစ်နိုင်။ သွင်းစရာနေရာလည်း မရှိ။ ရိုက်မည့်ဇာတ်ကားထဲ၌ပါသော သောကတွေ၊ ဒေါမနဿတွေ၊ ပရိဒေဝတွေကိုသာ သူ့စိတ်ထဲ၊ သူ့ခေါင်းထဲ သွင်းကာ ဝမ်းသာဝမ်းနည်း ပင်ပန်းညည်းညူ ငိုရယ်ရလေသော ဇာတ်ကားထဲမှ သူ့ဘဝကို ပီပြင်အောင် နေ့စဉ် သရုပ်ဆောင်ရချက်များက ခေါင်းနှင့် ရင်နှင့် မဆန့်အောင် မောက်လျှံလျက်ရှိသည်။

၁၉၅၆ခု မှ ၁၉၅၈ ခုထိ တနင်္ဂနွေနေ့မှအပ နေ့ရှိသရွေ့ ကားရိုက်ရခြင်းဖြင့် အနားမရှိ။ ပင်ပန်းလျက်ရှိစဉ် အိမ်အတွက် အားကိုးရသော အိမ်ရှင်မ ပထမဇနီးသည် လေဖြတ်၍ ကွယ်လွန်သွားသည်။

ပထမဇနီး လေဖြတ်သွားကြောင်း သိသိချင်း ကြည်ကြည်ဌေး တစ်ကိုယ်လုံး ရေခဲတုံးကြီးကဲ့သို့ အေးစက်သွားသည်။

"ဘုရား . . . ဘုရား"

အိပ်ရာပေါ်၌ မလှုပ်မရှားနိုင်၊ စကားမပြောနိုင်သောအဖြစ်ကို ကြည့်၍ သူပါ အရုပ်ကြိုးပြတ်သည့်နှယ် ယိမ်းထိုး ပုံလဲကျမတတ် ဖြစ်ရသည်။

"အစ်မရယ် . . . အစ်မ ဘယ်လိုဖြစ်တာလဲ၊ လုပ်ကြပါဦး . . .





ဆရာဝန်ခေါ်ပါ"

ကြည်ကြည်ဌေးသည် ပျာယာခတ်နေသည်။ စိုးရိမ်သောတရောက်နေသည်။ ဆရာဝန်တွေနှင့် ကုသော်လည်း ရောဂါက မထူးခြား။ ရုပ်ရှင်သွားရိုက်နေစဉ်၌လည်း စိတ်မဖြောင့်။ တကယ်တော့ အစ်မကို သနားသည်။ အစ်မသည် အိမ်အောက်၌ သူ့အခန်းကလေးနှင့်သူ နေရှာသည်။ "ဒီအိမ်မှာ ငါ မယားကြီး" ဟူသော ဝင့်ကြွားမှု လုံးဝမရှိ။ အစ်မ၏ ရိုးပုံအေးပုံ၊ ထုံထိုင်းပုံတို့ကိုကြည့်၍ ကြည်ကြည်ဌေး အစဉ်သနားခဲ့ရသည်။

လက်ခြေ လှုပ်နိုင်လာသော်လည်း စကားလုံးဝမပြောနိုင်။ ဝူးဝါး ဝူးဝါးနှင့်သာ၊ ဘာပြောမှန်းမသိ။ အရိပ်အကဲကြည့်လျက် ပြုစု လုပ်ကိုင်ပေးနေကြရသည်။

"ကိုရွှေသိန်း . . . အစ်မကို အားပေးပါဦး၊ ဂရုစိုက်ပါဦး။ ဖဲဝိုင်းနဲ့ပဲ အချိန်ကုန်နေတာပဲ"

ရုပ်ရှင်ကားရိုက် ရပ်နားသော နေ့ရက်ကလေး၌ ကြည်ကြည်ဌေးသည် အစ်မနားက မခွာ၊ ဗိုလ်အောင်သိန်းကို အားမလို အားမရ ဖဲဝိုင်းမှ သွားဆွဲခေါ်လာတတ်သည်။

မကွယ်လွန်မီတစ်နေ့ အစ်မသည် သူ့သားလေးအပါ၏လက်ကို ဆွဲယူ၍ ကြည်ကြည်ဌေး၏ ရင်ခွင်ထဲ၌ ကပ်ဖိပေးထားကာ နှုတ်မှ "ဝူးဝါး . . . ဝူးဝါး" ဖြင့် စိတ်မချနိုင်တိုင်း မှာကြားနေသည်။

ကြည်ကြည်ဌေးသည် မချုပ်တည်းနိုင်တော့ဘဲ ရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်။ မျက်ရည်များသည် မျက်လုံးအပြင်ဘက်သို့ လျှံထွက်စီးကျလာသည်။

"စိတ်ချပါ . . . အစ်မ . . . စိတ်ချပါ။ ဒီသားဟာ ကျွန်မသား

www.burmeseclassic.com



ပါ အစ်မရဲ့ . . . သူ့အတွက် ဘာမှ အစ်မ မပူနဲ့။ ဒီသားနဲ့ ကျွန်မ ဘယ်တော့မှ မခွဲပါဘူး၊ စိတ်ချပါနော် . . .”

အစ်မ ကွယ်လွန်သွားပြီး အသုဘပို့ချသောနေ့၌ ကြည်ကြည်ဌေးသည် သုသာန်၌ အစ်မကို တအားကြုံးတ၍ ခေါ်လျက် ငိုကြွေးလေသည်။

“အစ်မရေ . . . ကျွန်မနဲ့သားကို ထားခဲ့ပြီပေါ့ . . . အစ်မ မရှိရင် ကျွန်မ ဘယ်လိုနေရမလဲ . . .”

သုသာန်တွင် ပူဆွေးဒုက္ခရောက်ကာ တက်မတတ်၊ ချက်မတတ် ဟစ်အော် ငိုကြွေးနေသော ကြည်ကြည်ဌေးဖြစ်ပုံကို ကြည့်လျက် သူတို့ရေစက်က ဘယ်လိုရေစက်များပါလိမ့်ဟု အသုဘပို့သူတို့ တအံ့တသြ စိတ်မကောင်းဖြစ်ကြရသည်။

ဤအိမ်ကြီး၌ အစ်မ မရှိသည့်နောက် သူ့စိတ်ထဲ၌ နောက်ကျိကာ ဟာနေသည်။ စားရမဲ့ သောက်ရမဲ့ အဖြစ်မျိုး ကြုံတွေ့ ခံစားရသည်။ ရှမ်းရှင်ကုမ္ပဏီမှကျွေးသော ထမင်းကိုလည်း နေ့စဉ်မစားနိုင်။ အသာ ပြေ ဝယ်စားချင်စိတ်လည်း မရှိ။ အစ်မ ရှာဖွေဝယ်လာတတ်သော တို့စရာစုံစုံ၊ အစ်မဖျော်ပေးသော ငါးပိရည်ကောင်းကောင်းကို ငတ်လေတိုင်း အစ်မကို သတိတရ တမ်းတ လွမ်းဆွတ်မိသည်။

အပါသည် အမေဆုံးသော်လည်း အမေအစားရှိနေသည်။ ကြည်ကြည်ဌေးအပါးမှ မခွာ။ အမေနှင့်အတူ အိပ်ရမှ။ အမေနှင့်အတူ စားရမှ။ အမေပူ ပူခြင်း၊ အမေအေး အေးခြင်း၊ ကျောင်းကပြန်လာ၍ အမေ့ကို မတွေ့လျှင် ရုပ်ရှင်ကားရိုက်ရာသို့ လိုက်လာကာ အမေနှင့်အတူတူ ပြန်သည်။

အစ်မ မရှိသည်နှင့် အိမ်၌ မိခင်အိုကို ကြည့်မည့်သူ၊ မိခင်၏ ဝေယျာဝစ္စ လုပ်ကိုင်ပေးမည့်သူ၊ သားနှင့်သမီး ကျောင်းသွားကျောင်းပြန်





ကျွေးမည့်၊ ကြည့်မည့်သူ မရှိတော့သဖြင့် ကြည်ကြည်ဌေး၏ အစ်မများ ခေတ္တလာရောက် ကူညီစောင့်ရှောက်ပေးကြရသည်။

အဖေပါ၊ အမေပါ လူမမည်သားနှင့်သမီး အပါနှင့် လှလှဝင်းတို့သည် တအူတုံဆင်း မောင်နှမအရင်းအချာများ ဖြစ်လာကြသည်။ သားလေးနှင့် သမီးလေးတို့သည် အိမ်တာဝန်ကို သိလာကြသည်။ သူတို့ တတ်နိုင်သည့်ဘက်မှ တာဝန်ယူလာသည်။ အိမ်ရှိ အဖွားဝေယျာဝစ္စ၊ အဖေ့ဝေယျာဝစ္စ၊ အမေ့ ဝေယျာဝစ္စ၊ အစ်ကို့ဝေယျာဝစ္စ၊ နှမဝေယျာဝစ္စ အလိုက်တသိ အပြန်အလှန် ဆောင်ရွက်ပေးကြသည်။

ဤအိမ်၌ အဖေ မည်မျှသြဇာပြင်းပြင်း အမေနှင့်ပတ်သက်လာလျှင် အမေ့ဘက်မှ သားက အမြဲရပ်သည်။ အမေ့ကိုသနားသည်။ အမေ့ကို ကြင်နာသည်။ နေ့ရှိသရွေ့ ကားရိုက်ပြီး ပင်ပန်းခံ ရှာကျွေးနေသော အမေ့ဂုဏ်ကျေးဇူးကို သိမြင်၍ သူ့ဘဝအတွင် ဒီအမေမှ အမေ . . .။

ကြည်ကြည်ဌေးသည် ခင်ပွန်းသည် ဘယ်လိုဆိုးဆိုး မေတ္တာရိပ်၊ ကြင်နာရိပ်ရောင်ပြသော သားကလေးကို အားကိုးတကြီးဖြင့် ကျေနပ်နှစ်သိမ့်ရသည်။

နေ့စဉ် ဇာတ်ကားရိုက်သောအလုပ်ဖြင့် အမြဲမပြတ် မအားလပ်သည့်ကြားမှပင် လွတ်လပ်ရေးနေ့၊ မေဒေးနေ့၊ တောင်သူလယ်သမားနေ့၊ ပြည်ထောင်စုနေ့များအပြင် နိုင်ငံတော်အစိုးရ၏ ဧည့်ခံပွဲများ ကျင်းပလေသမျှ ဇာတ်ခုံပေါ်တက် က,ပြပေးရသည်။ တိုင်းကျိုးပြည်ကျိုးအတွက် ကူညီဆောင်ရွက် က,ပြပေးခြင်းကြောင့် နိုင်ငံတော်အစိုးရက ကူညီမှုကို အသိအမှတ်ပြုကာ 'ဝဏ္ဏကျော်ထင်' ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်သည်။

နေ့စဉ် တစ်ဖက်မှ ရုပ်ရှင်ရိုက်ရင်း တိုင်းကျိုးပြည်ကျိုး နေ့ကြီးရက်ကြီးတိုင်းတွင်လည်းကောင်း၊ ရုပ်ရှင်ကောင်စီ၊ ဂီတကောင်စီ အဖွဲ့

www.burmeseclassic.com



အစည်း အကျိုးအတွက်လည်းကောင်း ကူညီဆောင်ရွက်သည်။ မြို့ရေးရွာရေးအတွက်လည်း ကူညီဆောင်ရွက် ကပြပေးသည်။

မြို့မကျောင်းအတွက် ရန်ပုံငွေလို၍ 'မြတ်မွန်ရတနာ' ပြဇာတ်ကပေးခြင်းကြောင့် ရွှေနှစ်ကျပ်သား ရွှေတံဆိပ်ကြီးဖြင့် ဂုဏ်ပြုချီးမြှင့်ကြသည်။

ငါးနှစ်သမီးက ဇာတ်သဘင်ထဲ ဝင်ရောက်ခဲ့သော ကြည်ကြည်ဌေးသည် ဇာတ်သဘင်၊ ပြဇာတ်၊ ရုပ်ရှင်စသော အနုပညာလောကတွင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းခဲ့ကာ အကယ်ဒမီ ရွှေတံဆိပ်တွေ ခြံရံလျက် အောင်မြင်ကျော်ကြားပြီး 'ဝဏ္ဏကျော်ထင် ဒေါ်ကြည်ကြည်ဌေး' ဘဝသို့ ရောက်ရှိလာခြင်းအတွက် သူစွမ်းရည်သည် သူ့ကို တောက်ပသည့်ဘဝ၊ ပြည့်စုံသည့်ဘဝသို့ ရောက်အောင် ပို့ပေးလျက်ရှိသည်။

သူစွမ်းရည်ဖြင့် တဲအိမ်ကလေးမှ နှစ်ထပ်တိုက်ကြီး ဆောက်လျက် တိုးတက်ကြီးပွားလာရုံမျှမက 'မာစီးဒီး' ကားသစ်ကြီးက တစ်စင်း၊ ဟိုတိုသည်သည် မင်းပွဲစိုးပွဲသွားလျှင် စီးရန်ဖြစ်သည်။

နေ့စဉ်ကားရိုက်သွားသောအခါ စီးရန်အတွက် 'ဖော့ဝက်ဂွန်း' ကားသစ်တစ်စီး၊ သားနှင့်သမီးတို့ ကျောင်းသွားကျောင်းပြန် စီးရန် 'လင်ရိုဗာ'တစ်စီး။

ဈေးသွားဈေးပြန် အိမ်မှသုံးရန် 'တိုယိုအော့' ကားတစ်စီး၊ အိမ်၌ရှိသော မော်တော်ကားများပေါင်းလျှင် လေးစီးရှိနေလေပြီ။

သူမျက်စိအောက်၌ သူမြင်နေရသော၊ သူ ရှာဖွေပေးသော တိုက်တွေ၊ ကားတွေ၊ အိမ်ထောင်ပစ္စည်းတွေကိုကြည့်လျက် သူ မမြင်ရသော သူရှာဖွေပေးသည့် ငွေတွေ ဘယ်ရွေ့ဘယ်မျှ စုဆောင်းရှိနေမှန်း မသိရခြင်းကြောင့် သိချင်စိတ်ကလေး လှုံ့ဆော်လာသည်။ သိလိုသည်။ သိချင်





လာသည်။

"ကိုရွှေသိန်း . . . ကားထုပ်တွေလည်း အထုပ်ပေါင်း ၁၀၀ ကျော်လောက် ရိုက်ပြီးပြီ။ လက်ထဲမှာ ဘယ်လောက် စုဆောင်းမိ ရှိပြီလဲ . . . ဟင် . . . ငွေတွေ ဘဏ်အပ်ထားတယ်ဆို . . . ဘယ်လောက်ရှိပြီလဲ . . ."

"အမယ် . . . နင်က ငါ့ကိုစစ်ဆေးတယ်လား၊ ငွေကိစ္စ ကြေးကိစ္စ ဘယ်တုန်းကမှ ငါ့ကို မမေးဖူးခဲ့တဲ့ကိစ္စ . . . အခု ငါ့ကို စစ်ဆေးနေတာ နင့်ကို ဘယ်သူက မြှောက်ပေးသလဲ . . . မြှောက်ပေးတဲ့သူ ဘယ်သူဆိုတာ ငါသိချင်တယ် . . . ပြော . . . ပြော . . ."

ဗိုလ်အောင်သိန်းသည် ယမ်းပုံမီးကျသလို ဒေါသူပုန်ထလာသည်။

ဗိုလ်အောင်သိန်းမှာ ဤအိမ်တွင် ဘုရင်တစ်ဆူဖြစ်သည်။ ဘုရင်တစ်ဆူဖြစ်၍ အာဏာနှင့် နိုင်လိုမင်းထက် လုပ်ကိုင်နေသည်ချည်းတော့ မဟုတ်ပေ။ ဗိုလ်အောင်သိန်း၏ ပင်ကိုယ်စိတ်ထားက ရက်စက်ကြမ်းကြုတ်လွန်း၍ချည်းတော့ မဟုတ်ပေ။ ကြင်နာတရားမရှိလွန်း၍ချည်းတော့လည်း မဟုတ်ပေ။

သူမှ ကြည်ကြည်ဌေးကို ဖိနှိပ်မထားလျှင် မင်းသမီး စံရိတ္တ ဖောက်စီးသွားလိမ့်မည်ကို အစိုးရိမ်ကြီးလွန်းအားကြီးခြင်းကြောင့် ဖြစ်သည်။ စိုးရိမ်စိတ်က လွန်ကဲနေခြင်းကြောင့် ကြမ်းကြုတ်ခြင်းကလည်း ဖြစ်သည်။

ကြည်ကြည်ဌေးအပေါ်၌ စိတ်ချနိုင်သော်လည်း ဘယ်တော့မှ စိတ်မချသည့်ဟန်၊ သံသယရှိစရာ မရှိသော်လည်း အမြဲ သံသယရှိနေသည့်ဟန်၊ သူ့ဘက်မှ ဆီလိုအပေါက်ရှာ၍သော်လည်းကောင်း ပုဒ်မတပ်၍ ခွပ်စွဲလေ့ရှိသည်။

သူ ဖိနှိပ်နိုင်မှ၊ သူ့အမိန့်အာဏာကို မလွန်ဆန်ဝံ့မှ သူ့ကို အမြဲ

www.burmeseclassic.com



ကြောက်လန့်၍နေမှ ကြည်ကြည်ငွေး၏ အနုပညာသည် သူမတူအောင် ထူးချွန်ပြောင်မြောက်နိုင်လိမ့်မည်။ သံကောင်းကို အလိုရှိလျှင် မီးနားနား ဖုတ်မှု၊ နာနာကြီး ထုပေးမှု၊ ဤကဲ့သို့ အစွဲအလန်းရှိသော၊ အစွဲကြီးသော ဝိုလ်အောင်သိန်းဖြစ်သည်။

သိချင်စိတ်၊ လှုံ့ဆော်၍ မေးလိုက်မိသော ကြည်ကြည်ငွေးသည် သူ့ခင်ပွန်း၏ဒေါသကို မမြင်ဘဲ၊ မဆင်မခြင် ကက်ကက် ကက်ကက်နေ အောင် ပြန်ခံပြောတော့သည်။

"နင့်ပိုက်ဆံတွေ ဘာထင်တယ်ဟ၊ ညာထင်တယ်ဟ" ဟုဆိုကာ တအားလိမ့်ရိုက်လျက် မထနိုင်အောင် အသားနာတော့မှ အသံတိတ်သွားကာ ကျိတ်ဆွေးတော့သည်။ ကျိတ်ငိုတော့သည်။

သူ့ဘဝတိုက်ပွဲ၌ သူ့ဘက်မှ အမြဲရှုံးရခြင်းအတွက် မခံချိလွန်း၍ တစ်နေ့တွင် အမေ့ကို တိုးတိုးတိတ်တိတ် ထုတ်ဖော်တိုင်ပင်ကြည့်သည်။

"အမေ . . . သူပြောတာတွေ ရိုက်တာတွေ ကြားတယ် မြင်တယ် မဟုတ်လား . . . အမေကတော့ သားရေ . . . လူကလေး ရေနဲ့ ပါးစပ်ဖျားတင်။ သမီး သူ့ကို မပေါင်းချင်တော့ဘူး . . . သူလုပ် သမျှ ငုံ့မခံချင်တော့ဘူး။ တရားရုံးရှိပါတယ် . . . အမေရယ် . . . သူနဲ့ ကွာချင်တယ် အမေ"

အမေသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုကဲ့သို့ အောက်မေ့နေသလား မသိ။ တုန်လှုပ်ခြင်း လုံးလုံးကြီးတင်းလျက် သမီး၏ ပါးပြင်ပေါ်၌ စီးကျ လာသော မျက်ရည်များကို သုတ်ပေးသည်။ နူးညံ့ချိုသာသော အသံလေး ဖြင့် အေးအေးဆေးဆေး ပြန်ပြောသည်။

"သမီးနဲ့ ခက်ပါဘိတော့ . . . အမေ ဒီလောက် ဆုံးမနေတဲ့ကြား ထဲက ဘာပြုလို့များ ကွာချင်၊ ရှင်းချင်ရတာလဲ။ သမီးကို အမေပြော ပြ





မယ် . . . နားထောင်"

"ဟို ရှေးရှေးတုန်းက ရသေ့ကြီးတစ်ပါးရှိတယ် သမီးရဲ့၊ မျောက် ကလေးတွေက အဲဒီရသေ့ကို သစ်သီးရှာကျွေးရတယ် သမီး . . . သစ်သီး ရှာလာပေးရင် လာပေးတဲ့မျောက်ကို ရသေ့က နှစ်ချက် နှစ်ချက် ခေါင်း ခေါက်လွှတ်တယ်။ တစ်နေ့တော့ မျောက်ကလေးတွေ စုဝေးပြီး ပြောကြ တယ်။ တို့ကလည်း သစ်သီးရှာပေးရသေးတယ်၊ တို့ခေါင်းလည်း နှစ်ချက် အခေါက်ခံရတယ်။ ဒီရသေ့မရှိရင် ကောင်းမယ်ပေါ့။ ဒီတော့ မျောက် ကြီးကြီးတစ်ကောင်က ဘယ်လိုပြန်ပြောသလဲဆိုရင် . . . ဒီရသေ့ မရောက်ခင် ဟို ပထမရသေ့ နေစဉ်က ငါ သစ်သီးရှာပေးရင် ငါ့ခေါင်း ကို တစ်ချက်ပဲ ခေါက်လွှတ်လို့ တစ်ချက်ပဲ အခေါက်ခံရတယ်။ အခုရသေ့ ကျတော့ နှစ်ချက်ခေါက်တယ်။ ဒီရသေ့မရှိဘဲ နောက်ရသေ့များ ရောက် လာလို့ရှိရင် တို့ ခေါင်းကို သုံးချက်ခေါက်လိမ့်မယ်တဲ့ . . ."

အမေက မျက်ရည်သုတ်ပေးရင်း မျက်လုံးရီရီဖြင့် အသံအေးအေး ကလေး ပြောသည်။

"သုံးချက် အခေါက်မခံချင်နဲ့တော့သမီး . . . ကိုယ့်မှာ အရှယ် ကလေးနဲ့ တစ်လင်ကွဲရင် တစ်လင်ရဦးမယ်။ ဘာကောင်းတော့မှာလဲ၊ လင်များတဲ့ဘဝဟာ ကောင်းမလား သမီး . . . အခု ငါ့သမီးက မိန်းမသား ဖြစ်ပေမဲ့ လင်သားနဲ့တကွ အားလုံးကို ရှာကျွေးနေတဲ့သမီး လေး . . . နေ့စဉ် ကိုယ်ပြုလုပ်နေတဲ့ ကုသိုလ်တွေကို အကုသိုလ် မဖြစ်ချင်စမ်းပါနဲ့ . . . အမေ့သမီးလေးက သာမည မိန်းမသားလေး မဟုတ်ပါဘူး။ လင်သားကို ရှာကျွေးတဲ့ သမီးလေးပါ။ ဒီစကားမျိုး နောက် ကို ဘယ်တော့မှ မပြောပါနဲ့။ အမေ မရှိတဲ့တစ်နေ့မှာလည်း ဘယ်တော့မှ ဒီအကြံအစည်မျိုး သမီး မကြံစည်ပါနဲ့"

www.burmeseclassic.com



!

ကြည်ကြည်ဌေးသည် သူ့အမေပြောသမျှကို ဂရုတစိုက် နားထောင်သည်။ သူ့အမေက သူ့ကို ချိုးမြှောက်ပြောဆိုနေခြင်းမဟုတ်ဘဲ နှလုံးသားထဲမှ ဖွင့်ထုတ်ပြောခြင်းကို နားလည်သည်။

တစ်အိမ်လုံး စားကြဖို့၊ သောက်ကြဖို့ သူ ရုန်းကန်နေသည်။ ငွေရှိဖို့၊ ငွေရဖို့ တပင်တပန်း ရုန်းကန်နေရသည်။ နေ့ရှိသရွေ့ ကင်မရာရှေ့၌ မီးပူခံရခြင်းကို ငြီးငွေ့လှပြီ။ နေ့စဉ် မိတ်ကပ်လူးရခြင်းကို ငြီးငွေ့လှပြီ။ သူ တပင်တပန်း ရှာဖွေရရှိသော ပစ္စည်းဥစ္စာများကို မည်ရွေ့ မည်မျှ ငွေရှိမှန်းပင် မသိရသော သူ့ဘဝသည် ထိုငြီးငွေ့ခြင်းတို့ထက်ဆိုးသည့် အဆိုးဆုံးဘဝဟု ထင်မိသည်။

"ဘာကိစ္စ ပိုက်ဆံအကြောင်းနဲ့ ရန်ဖြစ်ချင်ရတာလဲသမီး၊ တိုက်တွေ၊ ကားတွေ၊ ပစ္စည်းတွေမြင်တော့ သမီး တုန်လှုပ်လာပြီလား . . . ဟင်၊ ဒီပစ္စည်းတွေက သမီးသေတော့ သမီးနောက် ပါမှာလား . . . မမက်မောပါနဲ့၊ သမီးက စည်းစိမ်ဥစ္စာကို မက်မောတာမပြဘဲ ဘယ်လိုမှ မတုန်လှုပ်တာပြတော့မှ သူ့အစွယ်တွေ ပြုတ်ထွက်ကုန်မှာပေါ့"

သမီးမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း အမေက ညင်သာစွာ နားဝင်အောင် တစ်လုံးချင်း တစ်လုံးချင်း ဆုံးမနေသည်။

"ဥစ္စာပစ္စည်းနှင့် ပတ်သက်ပြီး အသည်းခိုင်စမ်းပါ၊ သူ့ဟာသူ ဘာလုပ်လုပ် . . . လုပ်ချင်တာ လုပ်ပါစေ။ ပစ္စည်းနဲ့ ပတ်သက်ပြီး တစ်လုံးမှ မမေးနဲ့။ လောကမှာ လူအသီးသီးဟာ စိတ်ကလည်း အသီးသီး၊ အဖြစ်ကလည်း အသီးသီး၊ အပျက်ကလည်း အသီးသီး . . . ငါ့သမီး တရားသိမှပေါ့ . . . သမီး အတိတ်ကကြွေးဟောင်းတွေကို ကြေအောင် ဆပ်လိုက်စမ်းပါ။ ငါ့သမီး . . . ပစ္စည်းနဲ့ပတ်သက်ပြီး တုန်လှုပ်လာရင် ငါ့သမီး ကြွေးသစ်တင်မှာပေါ့ . . . ငါ့သမီး ဒီဝဋ်ကြွေးက လွတ်ချင်ရင်





သူလုပ်သမျှ အကုန်လုံးခွင့်လွှတ်လိုက်"

ကြည်ကြည်ဌေးသည် အမေပြောသော ဆုံးမစကားကို ဂရုတစိုက် နားထောင်သည်။ အမေ အဟောအပြောကောင်းလွန်း၍ ကိုယ့်ကိုယ်ကို အမရာလိုလို . . . မဒီလိုလို . . . ဘဝင်ခိုက်သွားမိသည်။ ယောကျ်ားကို ရှာဖွေလုပ်ကိုင် ကျွေးမွေးခြင်းသည်၊ ယောကျ်ားအပေါ် သည်းခံခြင်းသည် ကောင်းမြတ်သောမိန်းမ၏ အရည်အချင်းတစ်ရပ်၊ ဂုဏ်ရှိသည်ဟု ထင်လိုက်သည်။

"ငါ့ပစ္စည်း . . . ငါ့ဥစ္စာ . . . ငါ့စည်းစိမ်ဆိုတာတွေဟာ . . . မမြဲတဲ့ အနိစ္စတရားတွေ ၊ အပျက်တရားတွေ"

သူ့အမေ ပြောဟောဆုံးမနေခိုက် အပျက်တရားတွေကို တရားကျအောင် နှလုံးသွင်း၍ ဆင်ခြင်ကြည့်လိုက်သောအခါတွင် ယောကျ်ားထံ၌ ငွေများ မည်ရွေ့မည်မျှရှိကြောင်း သိချင်စိတ်တွေ အလိုလို လွင့်စဉ်သွားသည်။

လောက၌ သူ့အတွက် သူသိချင်ဖို့ ကောင်းသည်မှာ ငွေမဟုတ်ဘဲ လောက၌ သူသိချင်ဖို့ကောင်းသည်မှာ ငြိမ်းချမ်းစေသော 'တရားဓမ္မ' သာလျှင် သိအပ်ကြောင်း သဘောပေါက် သိမြင်သွားသည်။

မကျေနပ်စိတ်၊ မခံချင်စိတ်တွေကို မြတ်တရားနှင့် ဖြေဖျောက်ကာ သူ့အမေ လျှော်ဖွပ်ပေး၍ သန့်စင်သွားသော စိတ်နှလုံးဖြင့် သူ့ယောကျ်ားအား ငွေကြေးကိစ္စ ရှေ့လျှောက်၍ မမေးတော့။ မစုံစမ်းတော့ဟု တစ်ခါတည်း ဆုံးဖြတ်စွန့်လွှတ်လိုက်သည်။

ငွေကိစ္စ သိချင်သည့်ကိစ္စတွေ သူ့စိတ်မှ ခွာပစ်လိုက်နိုင်သဖြင့် ကြည်ကြည်ဌေးသည် ပေါ့ပါး ငြိမ်းချမ်းသွားသည်။

နေ့ရှိသရွေ့ မီးပူခြင်းကို ငြီးငွေ့ခြင်းမရှိတော့ပေ။ မပြတ်မလပ်

သီဟရတနာစာပေ

www.burmeseclassic.com



လုပ်ဆောင်ရသော သရုပ်ဆောင်ဘဝကိုလည်း ငြီးငွေ့ခြင်း မရှိတော့ပေ။ သူ့အလုပ်မှာ ငြီးငွေ့ခြင်းမရှိသည့်အပြင် ပို၍ ကြိုးစားခြင်းကြောင့် သူ့၌ ရှိသော အနုပညာအရည်အသွေးတို့သည် ရှိရင်းအဆင့်ထက် မြင့်တက်ကာ အနုပညာလောက၌ လျှမ်းလျှမ်းတောက်လာသည်။

သူပါဝင်သမျှ ဇာတ်ကားတိုင်း အောင်မြင်ခြင်းရှိသည့်အတွက် ချီးကျူးသံတွေ ညံနေသည်။ ကားမရိုက်ရသည့်နေ့ရက် မရှိ။ သူ့အိမ်၌ သူ့အတွက် နေစရာမရှိစေကာမူ အနုပညာနယ်ပယ်၌ သူ့အတွက်နေရာ အမြဲတမ်းရှိနေခြင်းကို သက်သေထူပြသကဲ့သို့ ရှိလေသည်။

၁၉၆၀ ခုနှစ်၌ အမေဆုံးသွားသည်။ အမေသည် တိုက်ဆောက်ပြီး တိုက်ပေါ်၌ သုံးနှစ်ကြာ နေထိုင်သွားသည်။

မမာနေတုန်း မည်သူ့ကိုမျှ ဒုက္ခမပေး။ အိပ်ရာပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေသည်။ ပုတီးမကိုင်နိုင်သည့်အတွက် လက်မနှင့် လက်ညှိုးကို ပူးပွတ်လျက် အချိန်ရှိသရွေ့ လက်နှင့် ပုတီးစိပ်နေသည်။ စကားပြောခြင်းမရှိသလောက် စကားနည်းသွားသည်။

သမီးအကြီးဆုံး၏ ခင်ပွန်းမှာ ပထမလတ်၊ ပထမကြီး အောင်မြင်သော ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် သမက်နှင့်တော့ တရားစကား ပြောသေးသည်။ ကြည်ကြည်ဌေး ရုပ်ရှင်ရိုက်မှ ပြန်လာပြီး အမေ့အနားသွားကပ်လျှင် လက်ကလေးပြ၍ မလာရန်တားသည်။

အမေ မကျန်းမာနေစဉ် ဗိုလ်အောင်သိန်းသည် သားရင်းတမျှ စောင့်ကြပ် ပြုစုကုသပေးသည်။ ဆေးဆိုလျှင် လိုလေသေးမရှိ၊ အားရှိသော အစားအစာများကို တပွဲ့တပိုက် ဝယ်ယူ ကျွေးမွေးပြုစုသည်။

အမေသည် သူ၏ဝေဒနာကို အတော်သည်းခံနိုင်သည်။ အသက်ထွက်ခါနီးမှ 'ပူလိုက်တာ' ဟု တစ်ခွန်းကလေး ညည်းဆိုကာ အသက်ထွက်





သွားရှာသည်။

ဗိုလ်အောင်သိန်းသည် အမေ အသက်မထွက်မီ အရာရာတိုင်းကို သည်းခံခွင့်လွှတ်စိတ်ရှိသော အမေ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

အမေ၏ စိတ်နေစိတ်ထားများကို နှစ်သက်မြတ်နိုးလာရုံမျှမက ကြည်ညိုစိတ်တွေ သူ့ရင်ထဲ၌ တဖွားဖွားဖြစ်ပေါ်နေခိုက် သူ့မျက်စိအောက်၌ ငြိမ်သက်စွာ အသက်ပျောက်သွားခြင်းကို တွေ့ရှိလိုက်ရသည်။

အမေ မသေမီက "ညည်းယောက်ျားမှာရှိတဲ့ အစွယ်တွေ ငါ ဖြုတ်ခဲ့မယ်" ပြောသွားသည့်စကားအတိုင်း အစွယ်အာယ်နှစ်ချောင်း ကျွတ်သွားသည်တော့ မသိ။ ဗိုလ်အောင်သိန်းသည် အမေ့အလောင်းနား၌ ထိုင်ကာ မျက်ရည်ပေါက်ကြီးများ စီးကျလျက် ရှိုက်ငိုနေသည်။

ကြည်ကြည်ဌေးသည် အမေ မရှိတော့အသိဖြင့် ရှူးသွပ်မတတ် ပရိဒေဝမီး တောက်လောက်သွားသည်။ အားကိုးရာမဲ့ ဆောက်တည်ရာမရ၊ ရင်၌ မချိမဆန့် ပြင်းထန်စွာခံစားရကာ သတိလက်လွတ်ဖြစ်အောင် ပူဆွေးဒုက္ခရောက်သွားသည်။

အသုဘကိစ္စပြီးသည့်အခါ ကားရိုက်မသွားသေးဘဲ တစ်ပတ်နားနေသည်။

တစ်ပတ် နားထားပြီးမှ နေ့ရှိသရွေ့ ကားရိုက်သွားရပြန်သည်။ အမေ မရှိတော့သဖြင့် သူ့ဘဝတွင် ခင်တွယ်စရာ သံယောဇဉ်ဆို၍ အနုပညာပင် ရှိသည်ဟု ထင်မှတ်ရလေသည်။

ယခင်ယခင်က သူ့ဘဝ၌ ဘုရားပြီးလျှင် အမေဖြစ်သည်။ ယခုမူ ဘုရားပြီးလျှင် အနုပညာဖြစ်သည်။ နံနက်တိုင်း ဘုရားရှိခိုး၊ မိတ်ကပ်လူးပြီး ကားရိုက်သွားရသည်။ ကားရိုက်သည့်အခါ ယခင်ကထက်ပင်

www.burmeseclassic.com



အသက်ဝင်လာသည်။ သရုပ်ဆောင်သည့်နေရာတွင် ထူးချွန်အောင် သရုပ်ဆောင်သည်။ ဤလောက၌ အမေ့သမီးသည် အမေနှင့်တပါတည်း အတူပျောက်ကွယ်သွားပြီး ယခု သူဆိုသောသူသည် အနုပညာက မွေးဖွားထားသောသူဖြစ်သည်။ သူ့အသွေး၊ သူ့အသား၊ သူ့အသက်သည် အနုပညာအတွက်ဟု နှလုံးပိုက်လိုက်သည်။ ယခင်ကထက် တက်တက်ကြွကြွ ထက်ထက်မြက်မြက် လုပ်ကိုင်ဆောင်ရွက်သည်။

ထိုအချိန်ထိ သူ့ဘဝကို ဆန်းစစ်ကြည့်လျှင် နေ့ရှိသရွေ့ ဇာတ်ကားမရှိ၍ ကားမရိုက်ရဘဲ ထိုင်နေရသော နေ့ရက်ဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ မတွဲဖူးသော မင်းသားဟူ၍ မရှိသလောက်ဖြစ်သည်။ မရိုက်ဖူးသော ဒါရိုက်တာဟူ၍ မရှိသလောက်။ ဇာတ်ကားပေါင်း ၁၅၀ ကျော်၍ သွားလေပြီ။

ဇာတ်သဘင်နှင့် ဝေးကွာသွားသော်ငြားလည်း ဇာတ်သဘင်နှင့် ရေစက်မကုန်သောကြောင့် ဇာတ်ခုံပေါ်တွင် မဆုံခဲ့ရသော ရွှေမန်းဦးတင်မောင်နှင့် ရုပ်ရှင်၌ ရေစက်ဆုံရသည်။

ကြည်ကြည်ဌေးသည် ရွှေမန်းဦးတင်မောင်နှင့်တွဲ၍ 'မနော်ဟရီ' ဇာတ်ကား ရိုက်ခဲ့သည်။

ကက်နက်စိန်မင်းသားနှင့်တွဲ၍ 'သူရောနန္ဒီ' ဇာတ်ကား ရိုက်ခဲ့သည်။

ဦးစိန်အောင်မင်းနှင့်လည်း ဇာတ်ခုံပေါ်တွင် တွဲခဲ့ဖူးရုံမျှမက ရုပ်ရှင်တွင် 'မင်းကုသ'၊ 'ဝိဇယ' ဇာတ်ကားများကို ရိုက်ခဲ့ရသည်။

အမေ ဆုံးသွားပြီးနောက် ဗိုလ်အောင်သိန်းသည် သူ့အပေါ်၌ ဆက်ဆံရေး ချိုသာလာသည်။ ဂရုစိုက်လာသည်။ မျက်စိအောက်ထ အပျောက်မခံ၊ ကြပ်ကြပ်မတ်မတ် ထိန်းကျောင်းခြင်းမှာမူ ယခင်ထ





အတိုင်းပင် တင်းကျပ်သော်လည်း ယခင်က မတွေ့ဖူးသော မျက်လုံးရိုးရိုး အပြုံးချိုချိုဖြင့် စကားတွေ ပြောဆိုလာသည်။

ယခင်က သူ့ကို 'ရွှေကြည်'ခေါ်သော သူယောကျ်ားသည် ယခု ရွှေကြည်မခေါ်ဘဲ "မယား်ရေ . . . မယားရေ . . ."ခေါ်လာသည်။ ကြင်ကြင်နာနာ ယုယုယယ ခေါ်ပြောလာခြင်းကြောင့် သူ့ခင်ပွန်း၏ အစွယ်ခြောက်ချောင်းကို သူ့အမေ နှုတ်သွားပြီဟု ယုံကြည် စိတ်ချလိုက်မိသည်။

ကျန်သည့် အစွယ်နှစ်ချောင်းကိုနှုတ်ရန် သူ့တာဝန် ဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူ ဘယ်လိုနေနေ၊ ဘာလုပ်လုပ်၊ သုံးချင်သလိုသုံး၊ ဖြုန်းချင်သလိုဖြုန်း၊ ကြည်ကြည်ဌေးသည် နှုတ်ပိတ်ပြီး ဥပေက္ခာပြုကာ အေးအေးကလေး ကြည့်နေတော့သည်။

ခင်ပွန်းသည် ဤသို့ သုံးရဖြုန်းရ၍ စိတ်ချမ်းသာလျက်ရှိနေပုံကို မြင်ရခြင်းအားဖြင့်ပင် သူ့၌ စိတ်သက်သာရာ ရလေသည်။ ယောကျ်ားဖြစ်သူ ဘာလုပ်လုပ်၊ ဘယ်လိုနေနေ၊ ဘယ်လိုသုံးသုံး ဖြုန်းဖြုန်း ဥပေက္ခာပြုထားခြင်းကြောင့် တစ်စတစ်စ သူ့အပေါ်၌ပင် ဗိုလ်အောင်သိန်းက အထင်လွဲလာသည်။

"ငါ ဘာလုပ်လုပ် တာကိုမျှမပြော . . . ဘာကိုမှ မမေး . . . ငြိမ်သက်လှချည့်ကလား . . . အေးဆေးလှချည့်ကလား . . . အမေ မရှိလို့ သူ့စိတ်ထဲ ဘယ်လိုအကြံအစည်များ ဝင်နေပါလိမ့် . . ."

ဗိုလ်အောင်သိန်းသည် ကြည်ကြည်ဌေးအပေါ်၌ ဟိုလိုတွေး၊ သည်လိုတွေး တွေးပြီးလျှင် ဟိုဘက်လှည့်မေး၊ သည်ဘက်က လှည့်စစ်ဖြင့် နေ့ရှိတိုင်း ရန်လုပ်လာသည်။

ခင်ပွန်းဖြစ်သူက ဘယ်လိုမေးမေး၊ ဘယ်လိုစစ်စစ်၊ ဘယ်လို ပြော

www.burmeseclassic.com



ပြော ကြည်ကြည်ဌေးမှာ အမူအရာမပြောင်း။ ရန်စကားပြော၍ ရန်စသည့်အခါ၌လည်း ခါတိုင်းလို တက်ကက် ကက်ကက်နေအောင် ရန်တုံ့မပြန်။ ဖြူသည်လည်း မပြော၊ မည်းသည်လည်း မပြော။ အေးအေး ဆေးဆေးကလေး၊ နူးနူးညံ့ညံ့ကလေး၊ သိမ်သိမ်မွေ့မွေ့ကလေး ဖြစ်နေသည်။

အေးဆေး သိမ်မွေ့နေသော ကြည်ကြည်ဌေး၏ အမူအရာသည် ဗိုလ်အောင်သိန်းမျက်စိထဲ၌ ကြည်ကြည်ဌေးသည် တစ်နေ့တခြား ကြည်ကြည်ဌေး၏ အမေနှင့်တထေရာတည်း တူလာသည်။

သီဟာင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲဆိုလျှင် တစ်တိုက်လုံး ရှေ့နောက် ဘေးနှစ်ဘက်ပါမကျန် မီးလုံး တစ်ထောင်ကျော် ထိန်ထိန်ညီး အောင် ထွန်းလျက် ပျော်ရွှင်တတ်သော ယောက်ျား။

သင်္ကြန်ဆိုလျှင်လည်း တိုက်ရှေ့၌ မဏ္ဍပ်ကြီးထိုးလျက် အဆိုး အတီး၊ အကျွေး၊ အမွေး အမျိုးမျိုးအဖုံဖုံဖြင့် ရေသဘင်ပွဲကို ခြိမ့်ခြိမ့်သဲ အောင် ဆင်နွှဲ ပျော်ရွှင်တတ်သော ယောက်ျား။

ကြည်ကြည်ဌေးသည် သူ့ယောက်ျား စိတ်ချမ်းသာသလို ပျော်စမ်း ပါစေဟု အလိုဖြည့်ပေးသည်။

အိမ်၌ အပျော်ကစားကြသော ဖဲဝိုင်းများမှာလည်း တစ်ဝိုင်း မဟုတ်၊ ဝိုင်းတွေက များလာသည်။ ကြည်ကြည်ဌေး ရုပ်ရှင်ကားရိုက်မှ ပြန်လာလျှင် ကိုယ့်အခန်း ကိုယ့်နေရာသို့ ကိုယ်ရောက်ဖို့ ဖဲဝိုင်းတွေကို မနည်း ရှောင်ကွေ့သွားရသည်။

အမေမရှိသည့်နောက်ပိုင်း၌ ကားရိုက်သွားလျှင် တစ်ခါတစ်ရံ အိမ်၌ မထားနိုင်အောင် ဖဲဝိုင်းကောင်းနေပါက ကိုယ်တိုင် လိုက်မပို့အား ဘဲ သားကလေးအပါက လိုက်ပို့ရသည်။ မကြိုနိုင်ခဲ့လျှင်လည်း သားကလေးက ကိုယ်တိုင် ကားမောင်းပြီး ကြိုသည်။ အပါကျောင်းအားသော





နေ့ဆိုလျှင် ငယ်စဉ်ကလိုပင် ကားရိုက်သောအမေ့နားတွင် လုံချည်ခေါက် အကျီခေါက် အောက်ခြေသိမ်း စောင့်ကြပ်ကူညီ လုပ်ကိုင်ပေးသည်။

လူလားမြောက်လာသောအခါ အပါသည် ကျောင်းစာတစ်ဖက် နှင့် သူ့စိတ်ကူးနှင့်သူ၊ သူပိုင် စာအုပ်ဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ထား သည်။

ကြည်ကြည်ဌေး၏သမီး နှမလေးကို ကျောင်းကြိုကျောင်းပို့ သူပင် လုပ်သည်။ အမေကိုလည်း အကြိုအပို့ သူပင်လုပ်သည်။ သူ့အဖေ အလုပ် သည် သူ့အလုပ်၊ သူ့တာဝန်ဖြစ်မှန်းမသိ ဖြစ်လာသည်။

ကြည်ကြည်ဌေးသည် သူ့ယောက်ျားကို ညစဉ်ညတိုင်း ပြုနေကျ ဝတ္တရားအတိုင်း ဦးချ ကန်တော့သည်။ အပျော်အပါးဖြင့် အချိန်ကုန်နေ သော ခင်ပွန်းကို ဦးချပြီး ဖြောင်းဖျပြောဆိုကြည့်သည်။

"ကိုရွှေသိန်း . . . အသက်အရွယ်လည်း ရလာပြီရှင် . . . ဘုရားရှိခိုးပါ"

"အေးပါ . . . အေးပါ . . . မယားက နိဗ္ဗာန်သွား . . . ကျုပ် က အဝီစိသွားရမှာပါ . . ."

တစ်ခါတစ်ရံလည်း ခင်ပွန်းသည်၏ သံသရာခရီးအတွက် စိတ် လေးလှ၍ တိုက်တွန်းကြည့်သည်။

"ကိုရွှေသိန်း . . . ပဉ္စင်းတက်ပါလားရှင် . . . ရှင် တစ်လ တစ်လပေးတဲ့ပိုက်ဆံ ၃၀ဝိ မကုန်ပါဘူး။ ရှိပါတယ်။ ပဉ္စင်းအမ လုပ်ပါ ရစေ"

"အချိန်တွေ အများကြီးရှိပါသေးတယ်ကွာ"

ဗိုလ်အောင်သိန်း၏ ဒုတိယဇနီးမှ သမီးကြီးမဂ်လာဆောင်သဖြင့် တိုက်ရှေ့၌ မဏ္ဍပ်ကြီးထိုးကာ ခမ်းခမ်းနားနား လက်ထပ်ပေးလိုက်သည်။

www.burmeseclassic.com



ကြည်ကြည်ငွေး၏သမီးလေး လှလှဝင်း အိမ်ထောင်ကျသွားပြန်သဖြင့် ကြည်ကြည်ငွေးက ရုံးတက်လက်ထပ်စေပြီး သံဃာတော် အပါး ၁၀၀ ပင့်ဖိတ်၍ မင်္ဂလာဆွမ်းကပ်လိုက်သည်။

အိမ်ထောင်ကျသွားသော ကြည်ကြည်ငွေး၏သမီးလေး လှလှဝင်းသည် အိုးအိမ်မခွဲဘဲ သည်အမေ၊ သည်အဖေ၊ သည်မောင်နှင့်ပင် အတူတကွ နေထိုင်သည်။

ရုပ်ရှင်ခေါင်းဆောင်မင်းသမီးအဖြစ် ကြည်ကြည်ငွေး နောက်ဆုံးရိုက်ခဲ့သောဇာတ်ကားမှာ 'သတ္တိသွေးနှင့် တေးလုလင်' ဇာတ်ကားဖြစ်သည်။ ဤဇာတ်ကားရိုက်အပြီး အသက်အရွယ်အရ နောက်ပိုင်းရိုက်သမျှကားများတွင် ဇာတ်ရံ အမေခန်းမှ ဝင်ရိုက်တော့သည်။

'သတ္တိသွေးနှင့် တေးလုလင်' ဇာတ်ကားရိုက်ပြီးနောက် အမြတ်တော်ကြေးအတွက် အမှုဖြစ်လာသည်။ ကြည်ကြည်ငွေးသည် အမှုဖြစ်၍လည်း ဖြစ်မှန်းမသိ။ သူ့ခင်ပွန်းထံမှ မမျှော်လင့်သောစကားများကို ကြားရသည်။

"မယားရေ . . . မာစီးဒီးကားကို သုံးသောင်းနဲ့ ရောင်းရတော့မယ် . . . အမြတ်တော်ကြေး တင်ရမယ်"

ကြည်ကြည်ငွေးသည် ကြားသာကြားလိုက်ရသည်။ သူ၌ နားရှိ၍ ကြားလိုက်ရရုံမှတစ်ပါး အမှုအတွက် စပ်စုမေးမြန်းခြင်း မပြုလုပ်ဘဲ လစ်လျူရှုနေသည်။

ဤအမှုကိစ္စ ဤတွင်မဆုံးဘဲ ရှေ့ဆက်လာပြန်သည်။

"မယားရေ . . . အိမ်ဂရံတို့ အမြတ်တော်ကြေး အယူခံအတွက် အာမခံ တင်ထားလိုက်ရတယ်။ အမြတ်တော်ကြေးနဲ့ ပတ်သက်ပြီး မင်း ဘာမှမပူရအောင် ငါလုပ်နေတယ်"





လစဉ်မပျက် သူသုံးရန်ပေးသော ငွေသုံးရာမှလွဲ၍ အခြားငွေတွေမှာ သူနှင့် ဘာမျှမသက်ဆိုင်ဟု အပြီး နားလည်ထားသော ကြည်ကြည်ငွေးသည် သူ့ယောကျ်ားအား ငွေမရှိဆိုခြင်းသည်လည်း သူ့ကိစ္စမဟုတ်၊ ငွေရှိသည် ဆိုခြင်းသည်လည်း သူ့ကိစ္စမဟုတ်။ ရုပ်ရှင်ဇာတ်ကား ဇာတ်ထုပ်ပေါင်း ရာကျော်ရိုက်ခဲ့သမျှ ဘယ်ကာလတုန်းက သူ့ယောကျ်ား ငွေဘယ်လောက်ရသည်ပင် သူမသိခဲ့သောကြောင့် အမြတ်တော်ကြေးကိစ္စကို မသိလက်စဖြင့် သိအောင် အားမထုတ်တော့ဘဲ တိတ်ဆိတ်စွာနေလိုက်သည်။

"ကိုရွှေသိန်း . . . ဒီလောက် အညောင်းထိုင်ပြီး နေ့စဉ်ရက်ဆက် မိုးချုပ်မိုးလင်း ဖဲဝိုင်းထိုင်နေတာ ရှင့်ကျန်းမာရေး တစ်နေ့ ထိခိုက်လာလိမ့်မယ် . . . ဂရုစိုက်ဖို့ ကောင်းလာပြီ ကိုရွှေသိန်း . . ."

ဗိုလ်အောင်သိန်းသည် ကြည်ကြည်ငွေးအား စိုက်၍ကြည့်နေသည်။ ကြည်ကြည်ငွေး စကားဆုံးလျှင် ဤသို့ တုံ့ပြန်သည်။

"အြော် . . . ငါ့မယား . . . ငါ့မယား . . . ငါ့မယားပဲသာ ဆိုရတယ်၊ မင်းကို ငါ့မယားပဲလို့ သဘောမထားပါဘူး။ ငါ့အမေ၊ ငါ့နှမလေးလိုပဲ သဘောထားပါတယ်။ အဟုတ်ပါ . . . မင်းကို ငါ ကြမ်းကြမ်းတမ်းတမ်းနဲ့ တလျှောက်လုံး ထိန်းကျောင်းချုပ်ချယ်လာတာ မင်းကို မချစ်ခင်လို့ မဟုတ်ပါဘူးကွာ . . . မင်းက မင်းသမီးဖြစ်နေတော့ မင်းစာရိတ္တပျက်စီးသွားမှာစိုးလွန်းလို့ မင်းအပေါ်မှာ ငါက လူကြမ်းကြီးလုပ်နေတာပါကွာ . . . တကယ်တော့ မင်းလောက် ငါ့အပေါ်မှာကောင်းတဲ့မယား ဘယ်ရှိပါ့မလဲ . . ."

ကြည်ကြည်ငွေးသည် သူ့ခင်ပွန်း၏ နှလုံးသားထဲမှ ပေါက်ထွက်လာသောစကားကို နားထောင်လျက် မှုန်ငေးငေးကလေး ကြည့်နေသည်။

www.burmeseclassic.com



သူပြန်ပြောချင်သည့်စကားများ သူ့နှုတ်ဖျား၌ အဆင်သင့်ရှိနေပေသည်။

"ရှင့်ကိုလည်း ကျွန်မက ထောင့်ငါးရာ မေတ္တာမျိုးနဲ့ လင်ယောကျ်ားလိုသဘောထားပြီး ပေါင်းနေတာမဟုတ်ပါဘူး။ ငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာမျိုး၊ ကိုယ့်အဖေလို၊ ကိုယ့်အစ်ကိုလို သဘောထားလိုက်နိုင်လို့သာ ကျွန်မ ဒီလိုနေနိုင်တာပေါ့။ ထောင့်ငါးရာမေတ္တာမျိုး၊ ကာမဂုဏ်စိတ်နဲ့သာဆိုရင် ရှင်လုပ်ပုံတွေ ကြာရှည် ကျွန်မ သည်းခံနိုင်မယ်မဟုတ်ဘူးထင်တယ်။ ကျွန်မအမေ မသေခင်က တဖွဖွ ဆုံးမခဲ့တဲ့အတိုင်း ရှင့်အပေါ်မှာ မယားကောင်းတစ်ယောက် ပီသအောင်၊ အမျိုးကောင်းသမီးတစ်ယောက်ပီသအောင်၊ ကျွန်မအမေကြောင့် ကျွန်မ ဘယ်လောက်ထိန်းသိမ်းလာခဲ့ရတယ်ဆိုတာ ရှင်သိမယ့်သူ မဟုတ်ပါဘူး . . ."

ကြည်ကြည်ဌေးသည် သူ့ခင်ပွန်းကို မှုန်ငေးငေး စိုက်ကြည့်နေရင်းမှ သူပြောချင်သော စကားများမှာ ရင်မှ ပေါက်၍ ထွက်ခါမှထွက်၊ နှုတ်ကမူ တစ်လုံးမှထွက်မလာဘဲ နှုတ်ပိတ်နေသည်။

သူ့ယောကျ်ားထံမှ ဤသို့သောစကားကို မကြားစဖူး ကြားရပေပြီ။ သူ့အမေကဲ့သို့ပင် သူ့ယောကျ်ား၏ အစွယ်တွေကို သူလည်း ချွတ်ကောင်းချွတ်ပစ်နိုင်မည်ဟု အားတက်ယုံကြည်သွားမိသည်။

မိခင်ဆုံးပြီးကတည်းက အမေမှာခဲ့သောစကားကို အသက်ထက်ဆုံး နားထောင်မည်။ အမေ့စကားကို နားထောင်လျှင် အမေ သူ့အနားမှာ အမြဲရှိနေမည်ဟု သူ့ယုံကြည်ချက်နှင့်သူ၊ အရာခပ်သိမ်း မျိုသိပ်ရန် သည်းခံရန် သူ့စိတ်ကို ဒုံးဒုံးချထားခဲ့သည်။

ယောကျ်ားအပေါ်၌ မကျေနပ်စိတ်၊ မခံချင်စိတ်၊ ဝမ်းနည်းစိတ်ဖြစ်ပေါ်လာပြီဆိုလျှင် သွားလေသူ အမေ၏ တည်ငြိမ်အေးချမ်းသောမျက်နှာလေးကိုမြင်ယောင်လိုက်သည်။ အမေ့ကို မြင်ယောင်လိုက်သည်





နှင့် ရင်ထဲ၌ဖြစ်နေသော ခံပြင်းစိတ်တို့မှာ ပျက်ပြယ်သွားတော့သည်။

ထိုသို့ တစ်နေ့တခြား ကြီးထွားလာသော သူ၏ သည်းခံစိတ်၊ ငုံ့ခံနိုင်စိတ်တို့ကြောင့် သူ့ယောကျ်ားသည် ယခင်နှင့်မတူ ပျော့ပျောင်း၍ လာခြင်းဖြစ်သည်ဟု စဉ်းစားမိသည်။

သူ့ယောကျ်ားသည် သူ့အပေါ်၌ ပျော့ပျောင်းလာရုံမျှမက တစ်စတစ်စ အမူအရာများပါ ပြောင်းလဲလာသည်။ မမြင်ဖူးခဲ့၊ မကြုံဖူးခဲ့သော အမူအရာများ ပြောင်းလဲသွားခြင်းအတွက် ကြည်ကြည်ဌေး ဝမ်းသာမိသည်။

ပြောင်းလဲသွားသော ထိုအမူအရာသစ်မှာ သူ့အပေါ်၌ မကြမ်းကြုတ်ခြင်း၊ ချိုသာခြင်း၊ မရိုက်နှက်တော့ခြင်းတို့ ဖြစ်သည်။

www.burmeseclassic.com

(၁၁)

'သတ္တိသွေးနှင့်တေးလုလင်'ဇာတ်ကားရိုက်ပြီးနောက် အမေခန်း အဒေါ်ခန်း၊ ဇာတ်ရံအဖြစ် ပါဝင်ရိုက်ရမည့် ဇာတ်ကားများမှ ဇာတ်လမ်း ကို စိစစ်ပြီး စိတ်ကြိုက်ဖြစ်မှ လက်ခံသဖြင့် ဇာတ်ကားအရိုက် ကျဲသွား သည်။ ဒါရိုက်တာဦးသုခရိုက်သော 'စကားပြောသော အသည်းနှလုံး' ဇာတ်ကား ရိုက်ပြီးသည့်နောက်ပိုင်းတွင် ခေတ္တရပ်နားလိုက်သည်။

ကြည်ကြည်ဌေးသည် အားလပ်ခွင့်၊ နားခွင့်ကလေးရရှိ၍ အပန်း ဖြေနေဆဲ ဗိုလ်အောင်သိန်းက ဖောက်လာသည်။

"မယားရေ . . . ကိုတင့်အောင်နဲ့ တို့ ပြဇာတ်ထောင်ပြီး နယ် ဆင်းက,ရအောင်ကွာ . . . ကိုတင့်အောင်ကိုပြောပါ"

နယ်ဆင်း ပြဇာတ်က,ရမည့် အလုပ်ကို ကြည်ကြည်ဌေးက မလုပ် ချင်။ ပင်ပန်းလှသည်။ ပြဇာတ်မှ ရုပ်ရှင်ဘက်သို့ ကူးခဲ့ပြီး ရုပ်ရှင်လောက ၌ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသည့် အချိန်ပိုင်းတုန်း ကလည်း မင်းပွဲ၊ ညှိခံပွဲ၊ နေ့ကြီးရက်ကြီးတွေ၌ လိုအပ်လျှင် စင်ပေါ်





တက်၍ က,ပေးခဲ့သည်။ နောက်ပိုင်း ရုပ်ရှင်ရိုက်နေရင်း ကာလအတွင်း ၌လည်း ပြဇာတ်များ က,ပေးခဲ့ရသည်။

မောင်းမကန်-ထားဝယ် ဘက်ရှိ ကမျှောကင်း တံတားဖွင့်ပွဲ အတွက် စန္ဒာဦးအဖွဲ့နှင့် ငါးည သွားက,ပေးခဲ့သည်။ ထိုတံတားဖွင့်ပွဲတွင် သျှင်မာတ်ဝဲဘုရားသမိုင်း၊ ငါးခုံးမအသွင် က,ပေးခဲ့ရသည်။

ရုပ်ရှင်ကောင်စီ ရုံပုံငွေအတွက် ဆိုလျှင်လည်း ဆရာဦးသုခ၏ 'မုဒုလက္ခဏာ'ဇာတ် က,ပေးခဲ့သည်။ အလုပ်သမားပွဲတော်၊ မေဒေး အလုပ် သမားနေ့အတွက် ဗိုလ်ကလေးတင့်အောင်၏ 'လမင်းသာချိန် နေကွယ် ချိန်' တေးသရုပ်ဖော်ပြဇာတ်ကို က,ပေးခဲ့သည်။

'လမင်းသာချိန် နေကွယ်ချိန်' တေးသရုပ်ဖော်၌ ဗိုမ္မိသာရ မင်း ကြီးအဖြစ် ဇေယျ၊ ဝေဒေဟီ မိဖုရားကြီးအဖြစ် ကြည်ကြည်ဌေး၊ အဇာ တသတ်မင်းသားအဖြစ် မျိုးချစ်၊ အဇာတသတ်၏ ကြင်ယာတော်အဖြစ် ခင်အုန်းမြင့်တို့ သရုပ်ဆောင်ကြသည်။

'လမင်းသာချိန် နေကွယ်ချိန်' တေးသရုပ်ဖော်ကို သွားရောက် ကြည့်ရှုသော စာရေးဆရာကြီး ဦးသိန်းဖေမြင့်က ကြည်ကြည်ဌေးကို ဤ သို့ မှတ်တမ်းတင် ရေးခဲ့သည် . . . .

"ကြည်ကြည်ဌေးဟာ နောက်ခံတေးကို လုံးဝမဆိုဘူး။ တင်တင်မြ ဆိုပေးတာကို လိုက်ပြီး သရုပ်ဖော်သွားတယ်။ သရုပ်ဖော်မှု တစ်ခုတည်း အပေါ် အာရုံစူးစိုက်ပြီး အစွမ်းကုန် ကြိုးလိုက်တယ် ထင်ပါရဲ့ဗျာ။ ကြည် ကြည်ဌေး ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးနှင့် လှုပ်ရှားမှုတိုင်းဟာ အနု ပညာ ပြောင်မြောက်နေကြတယ်။ သားလုပ်သူက တွန်းဖယ်လိုက်လို့ လဲကျသွားပုံကလေးကပင် ကြည်ကြည်ဌေး ဘာကြောင့် သည်လောက် ကြီးမြင့်တဲ့ အနုပညာသည်ဖြစ်နေတာကို သက်သေထူလိုက်တယ် . . ."

www.burmeseclassic.com



တောင်ကြီးမြို့ ရှမ်းပြည်နယ်နေ့မျိုးတွင်လည်း သွားရောက်က,ပေးခဲ့သည်။

ကနေဒီ လွတ်လပ်ရေးပွဲတွင်လည်း ဗိုလ်ကလေးတင့်အောင် ကြီးကြပ်၍ မောင်ကိုကိုတီးဝိုင်းနှင့် အငြိမ့် က,ပေးခဲ့ပေါင်း များလှပြီ။ ယခင်က ကြည်ကြည်ဌေးအငြိမ့်ဆိုလျှင် ဦးကြယ်နီ၊ ဒေါ်စိန်ခင်တို့ နှစ်ယောက် လူရွှင်တော်များ ပါကြသည်။ ဦးကြယ်နီ ကွယ်လွန်သွားသောကြောင့် ကိုစံမတူ၊ ကိုပလာတာ၊ ကိုသော်တာ၊ ကိုရွှေရိုး လူရွှင်တော် လေးယောက်နှင့် က,ပြသည်။

ကြည်ကြည်ဌေးနှင့် လူရွှင်တော်လေးယောက်တို့သည် တစ်ဦးပညာ တစ်ဦး လေးစားကြလျက် ကြည်ကြည်ဌေးကို ရင်းနှီးခင်မင်ကြသည်။ တွံတေးမြို့၌ ကိုပလာတာတို့နှင့်ပင် အငြိမ့်မထွက်ခင် 'ယမနေ' ပြဇာတ် ကပြခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင်တွေ အလုပ်မရှိကြသဖြင့် စာနာစိတ်ထားကာ မင်းသား ရွှေဘနှင့်တွဲ၍ ဗိုလ်ကလေး၊ မော်လမြိုင်ကျွန်း၊ ပဲခူးမြို့များသို့ပင် လိုက်က,ပေးခဲ့သည်။

ဗိုလ်အောင်သိန်းက ဗိုလ်ကလေးတင့်အောင်နှင့် နယ်ဆင်း၍ ပြဇာတ်က,ရန် တိုက်တွန်းခြင်းအတွက် နောက်ဆုံးတွင် မငြင်းဆန်နိုင်ဘဲ ပြဇာတ်က,ရန် လိုက်ပါသွားရသည်။

ဗိုလ်ကလေးတင့်အောင်၊ မောင်ကိုကို၊ ကိုမျိုးချစ်၊ အေးအေးသင်း၊ နွဲ့နွဲ့စန်း၊ မိမိလေး၊ တင်ဦးလေး၊ အေးအေးသွယ်၊ ကိုစံမတူ၊ ကိုပလာတာ၊ ကိုရွှေမိုး၊ ကိုသော်တာ၊ ဒေါ်စိန်ခင်၊ ပြဇာတ်ပဒေသာအဖွဲ့နှင့် မင်းသားပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီး၊ ပခုက္ကူ၊ တောင်ကြီး၊ ကျုံမငေး၊ ရွှေလောင်းစသည့် အထက်အညာ၊ ရှမ်းပြည်၊





မြစ်ဝကျွန်းပေါ်အနှံ့ လျှောက်က,ခဲ့သည်။

ပြဇာတ်က,ရန် နယ်ထွက်ကြသောအခါ ဗိုလ်အောင်သိန်းက လမ်းခရီးအတွက် ထမင်း ကန်ထရိုက်လုပ်၍ လိုက်လာသည်။ အိုးကြီးခွက်ကြီးများနှင့် ထမင်း,ဟင်း ချက်ယူလာသည်။ ခရီးတစ်လျှောက်လုံး ဖဲဝိုင်းကြီး လုပ်လာသည်။

ရုပ်ရှင်ခေတ္တနားခိုက် မယားကို ပြဇာတ်က,ခိုင်းကာ သူ့ဝါသနာအတိုင်း ပြဇာတ်အဖွဲ့မှ လူအုပ်ကြီးနှင့် သွားလေရာ၊ ရောက်လေရာ ဖဲဝိုင်းကြီးလုပ်၍ ဖဲရိုက်နေရလျှင် စိတ်ချမ်းသာကာ ကျေနပ်ပျော်ရွှင်လျက်ရှိသည်။

ပြဇာတ် က,ပြသောမြို့များ၌ ဗိုလ်အောင်သိန်းသည် ညဘက်၌ ပွဲဈေးတန်းတစ်လျှောက် ဆိုင်ပေါက်စေ့ ဗိုက်ဝအောင် စားသည်။ ပြဇာတ်က,နေချိန်တွင် သီးသန့်အိပ်စင်ကလေးပေါ်၌ တခေါခေါအိပ်လျက် ပြဇာတ်သိမ်းမှ တည်းအိမ်သို့ နှိုးပြန်ရသည်။

ရောက်လေရာတိုင်း၌ တစ်နေ့လုံး ဖဲချနေသည်။ ကြည်ကြည်ဌေးမှာ ညနေ ၄-နာရီ၊ ၅-နာရီ ထိုးသွားသည်အထိ ယနေ့ည ဘယ်ဇာတ်က,ရမည်မသိ၊ ဖဲဝိုင်းမှ မထနိုင်ကြခြင်းကြောင့် ပြခါနီးမှ ဘာဇာတ်မှန်းသိရတော့သည်။

နယ်ဆင်းက,သော ပဒေသာပြဇာတ်၌ ကြည်ကြည်ဌေး ပါဝင်ရသော အခန်းများမှာ တေးသရုပ်ဖော်၊ အငြိမ့်၊ ကွက်စိပ် စသည့် အလွန်ဝင်ပန်းသောအလုပ်ကို လုပ်ရသည်။

ဇာတ်စင်ပေါ်မှနေ၍ တီးသ အလောင်းတော်ဇာတ်ကို ကွက်စိပ်ဟောပြသောအခါ လူရွှင်တော် ကိုစံမတူကို 'ကြောဥ' လုပ်စေသည်။ ကိုပလာတာ၊ ကိုရွှေရိုး၊ ကိုသော်တာတို့ကို ကလေးလေးတွေနေရာ၌ထား

www.burmeseclassic.com



လျက် ကြည်ကြည်ဌေးသည် သူပင် ဗြဟ္မဒတ်၊ သူပင် မောင်မိတ္တ၊ သူပင် မောင်သုတ၊ သူပဲ မင်းသား၊ သူပဲ မင်းသမီး၊ သူပဲ အရက်မူးသမား၊ ဆိုင်းဝိုင်းနှင့် အကွက်ကျ အရက်မူးသံ၊ မူးနေသည့်ဟန်နှင့်တကွ ဟောပြောဆိုလွမ်းလျက် သရုပ်ဖော်လိုက်ရသည်မှာ နှစ်နာရီခန့်ကြာသည်။

ကွက်စိပ်ဟောပြီး အငြိမ့်ပြန်ထွက်က,ရသည်။ အငြိမ့်ပြီးလျှင် တေးသရုပ်ဖော်ထွက်ရသည့်အတွက် နေ့စဉ် ရုပ်ရှင်ရိုက်ခဲ့ရသည်ထက်ပင် ပင်ပန်းမှု ပိုသည်။

တောင်ငူမြို့၌ ပြဇာတ်က,နေစဉ် 'နုနုငယ်ငယ်' ဇာတ်ကား၌ ဇာတ်ရံ သရုပ်ဆောင် အကယ်ဒမီဆု ရရှိသည်။

ဗိုလ်ကလေးတင့်အောင်နှင့် မောင်ကိုကိုတို့က ပြောကြသည်။

"ရွှေကြည်ရေ . . . နင်တော့ အကယ်ဒမီရပြန်ပြီဟေ့"

နယ်ထွက်၍ ပြဇာတ်ကနေခြင်းကြောင့် ရုပ်ရှင်အကယ်ဒမီဆုကို ရန်ကုန်သို့ ကိုယ်တိုင်သွားမယူနိုင်ချေ။

ကျုံမငေးမြို့မှ ပြဇာတ်က,ပြီးအပြန် မော်တော်စက်ပျက်၍ သောင်ပေါ်သို့ ထိုးတင်ရသည်။ လရောင်ကမရှိ။ မှောင်ကြီးမည်းမည်း၌ ပြည်သူစစ်များက သေနတ်များနှင့် မော်တော်ကို ဝိုင်းချိန်ထားကြသည်။ ပြဇာတ်ပဒေသာအဖွဲ့ဟု ဆိုသောအခါမှ လွှတ်လိုက်သည်။

မော်တော်ဝမ်းထဲ၌ ဗိုလ်အောင်သိန်းတို့ဖဲဝိုင်းမှာ မီးမရှိဖြစ်နေသည်။ မော်တော်နှင့် လိုက်ပါလာသော လူငယ်တစ်ယောက်က ဖယောင်းတိုင်အတိုတစ်တိုင်ကို ငါးကျပ်နှင့် ရောင်းစားသည့်အတွက် ဖဲဝိုင်းက ဖယောင်းတိုင်အတိုလေးကို ငါးကျပ်နှင့် ဝယ်ရိုက်ကြသည်။

ရွှေလောင်းမြို့မှ ရန်ကုန်သို့ ပြဇာတ်က,ပြီးအပြန် ကင်းက တားပြန်သည်။ ပဒေသာပြဇာတ် 'ကြည်ကြည်ဌေး'ပါမှန်းသိလျှင် မော်တော်





ရပ်ခိုင်းကာ က,ခိုင်း၊ ဆိုခိုင်းမည်ဖြစ်၍ ပြန်ကွေ့မောင်းကြသည်။ ထိုသို့မောင်းပြေးခိုက် မော်တော် သောင်တင်၍ ဒုက္ခရောက်ရပြန်သည်။

မော်တော်တစ်စင်းခုတ်လာ၍ ငွေ ၁၀၀ိ ပေးကာ သောင်တင်နေသော မော်တော်ကို ဆွဲချရသည်။ ရေလယ်သို့ ဆွဲချပြီး မော်တော်စက် ဘယ်ရင်ပျော်သွားပြန်သဖြင့် ရေလယ်တွင် မော်တော်ကို ကျောက်ချရပ်ထားရပြန်သည်။ ရေနံတင်သင်္ဘောကြီး ခုတ်မောင်းလာသောအခါ ကြည်ကြည်ဌေးသည် မော်တော်နှင့်တိုက်မိ၍ သေကုန်ကြတော့မှာပဲ အောက်မေ့မိသည်။ ရေနံတင်သင်္ဘောကြီးမှ အချက်ပြမီးပြ၍ ရှောင်မောင်းသွားတော့မှ အသက်ရှူနိုင်တော့သည်။

ရေလယ်၌ ငါးရက်ကြာသောအခါ မင်းသားမျိုးချစ်သည် မအူပင်မှ သင်္ဘောနှင့် ရန်ကုန်သို့ ပြန်သွားသည်။ မော်တော်ဘယ်ရင်စက်ကို ဇရာဝတီသင်္ဘောနှင့် ရန်ကုန်သို့ယူသွားပြီး ပြင်နေသောကြောင့် ရေလယ်၌ ကျောက်ချလျက် ငါးရက်လုံးလုံး စောင့်နေရခြင်းဖြစ်သည်။

ဗိုလ်အောင်သိန်းတို့ဖဲဝိုင်းမှာ တစ်နေ့မှမပျက်။ ကြည်ကြည်ဌေးသည် ရေလယ်ခေါင် မော်တော်ဝမ်းထဲ၌ ဖဲဝိုင်းဘေးတွင် ကျဉ်းကျပ်စွာ ကျုံ့ကျုံ့ကလေး ထိုင်လျက် သားလေးအပါနှင့် သားအမိနှစ်ယောက် ခြေမဆန့်သာ လက်မဆန့်သာ ဒုက္ခရောက်နေကြသည်။ ငါးရက်လုံးလုံး ဆင်းရဲဒုက္ခကို မခံစားနိုင်ခြင်းကြောင့် နေထွက်ကနေဝင် ဖဲဝိုင်းဘေး၌ စိပ်ပုတီး အပတ်ပေါင်းများစွာ ထိုင်စိပ်လျက် စိတ်ငြိမ်မှု၊ စိတ်သက်သာမှု ရအောင် လုပ်ရသည်။

ဗိုလ်အောင်သိန်းသည် နယ်ထွက်၍ ကြည်ကြည်ဌေးကို ပြဇာတ်က,ခိုင်းပြီးနောက် အိမ်ပြန်ရောက်၍ ကြားသုံးလသာ ခြားသည်။ မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားရှာသည်။

www.burmeseclassic.com



မကွယ်လွန်မီ သောကြာနှင့်စနေ နှစ်ရက်ဆက်၍ ဖဲရိုက်သွားသေးသည်။ အညောင်းထိုင်လွန်းအားကြီး၍ မနေနိုင် မထိုင်နိုင်၊ ဆီးချုပ်ဝမ်းချုပ်ဖြစ်သော ဝေဒနာကို ပြင်းစွာခံစားရသည်။ ဆရာဝန်က ဆေးရုံအမြန်ပို့ရန် ပြောသည်။

ဗိုလ်အောင်သိန်း၏ ဒုတိယဇနီးသည် ဗိုလ်အောင်သိန်း နေမကောင်းဖြစ်ကြောင်း သိသိချင်း အိမ်သို့ရောက်လာသည်။ အခန်းထဲ၌ သူ့ယောကျ်ားနှင့်အတူနေကာ ပြုစုလုပ်ကိုင်ပေးသည်။ ဒုတိယဇနီး၏ သားသမီးများလည်း ဖခင်အနားသို့ ရောက်လာကြကာ ပြုစုကြသည်။

ဆေးရုံပို့ခါနီး၌ ဗိုလ်အောင်သိန်းသည် ဆေးရုံကိုမသွားချင်၍ ငြင်းသည်။ ကြည်ကြည်ဌေးမှာ အနားမှမခွာ ပြုစုပေးလိုသော်လည်း အခန်းထဲ၌ သူ့ဇနီးရှိနေ၍ အခန်းအပြင်မှ လိုအပ်သမျှ စောင့်ကြပ်စီမံလုပ်ကိုင်ပေးသည်။ ဆေးရုံသွားရန် ငြင်းဆန်တော့မှ ကြည်ကြည်ဌေး အခန်းထဲသို့ ဝင်သွားသည်။

ခုတင်ပေါ်၌ လဲလျောင်း၍ ဝေဒနာခံစားနေရသော သူ့ခင်ပွန်းကို ကြေကွဲစွာ စိုက်ကြည့်သည်။

"ကိုရွှေသိန်း . . . ဆေးရုံသွားပါ . . . ဆရာဝန်က ဆေးရုံကို ညွှန်တယ်၊ ဆေးရုံမှာက ပစ္စည်းကိရိယာ စုံတယ်။ နေ့ည စောင့်ရှောက်ပြုစုမယ့် စပါယ်ရှယ်နာ့စ် ဆရာမတွေလည်း ငှားမယ်။ ဆရာဝန်စကားနားထောင်ပါ ကိုရွှေသိန်းရယ် . . ."

ကြည်ကြည်ဌေးပြောတော့မှပင် ဆေးရုံသွားရန် သဘောတူသည်။ ဒုတိယဇနီးနှင့် သားကလေး 'အပါ'တို့ ဗိုလ်အောင်သိန်းကို ဆေးရုံသို့ လိုက်ပို့ကြသည်။ ကြည်ကြည်ဌေးမှာ ဆေးရုံသို့ လိုက်မသွားဘဲ အိမ်၌ နေရစ်ခဲ့သည်။ ရောဂါ သက်သာရာ သက်သာကြောင်း မေတ္တာပို့ ဆု





သိန်း လက်ညှိုးညွှန်ရာ ရေဖြစ်စေခဲ့သည်။

အဘက်ဘက်မှ ပြည့်စုံအောင် သူတစ်ယောက်တည်း တာဝန်ကြီးတွေ ခေါင်းပေါ် ရွက်၍ သူ့ယောကျ်ားဆန္ဒကို ဖြည့်ခဲ့လေသည်။ ဖြုန်းချင်တိုင်းသာ ဖြုန်းသုံးသွားသည်။ သူ့ဘဝ၌ ကုသိုလ်ကောင်းမှုဆို၍ ဘာတစ်ခုမှ မည်မည်ရရ ပြုလုပ်မသွား၊ ဒုလ္လဘရဟန်းခံမည်ဆိုသော်လည်း မပြုလုပ်ဖြစ်၊ ဘဝကူးမှ ကောင်းပါ့မလားဟု တွေးတွေးပြီး သနားစိတ်ပေါ်လာကာ ကြေကွဲခြင်းမျိုး ဖြစ်သည်။

မဆုံးမီ တစ်နှစ်ခန့်မှစ၍ သူ့အပေါ် ယုယကြင်နာ ပြောင်းလဲချိုသာသွားသည်။ သူ့အပေါ်၌ ဆိုးခဲ့သမျှ၊ မကောင်းခဲ့သမျှ၊ အနိုင်ကျင့်ခဲ့သမျှ၊ နှိပ်စက်ခဲ့သမျှတို့ကို ပြောင်းပြန်လှန်ပစ်လိုက်သကဲ့သို့ ဖြစ်သည်။ ဘေးမှကြည့်သူတို့ပင် ကြည်ကြည်ဌေးကို "မယားရေ . . . မယားရေ" ခေါ်လွန်း၍ ယုယလွန်း၍ "မရမ်းယို၊ မရမ်းယို" ဟု နောက်ပြောင် ကျီစယ်ရသည်အထိ ဖြစ်သည်။

အမေ မသေမီ မှာကြားသွားသည့်အတိုင်း အမေသာ မြေဝယ်ကျရမည်။ အမေမှာခဲ့သောစကားတော့ မြေဝယ်မကျစေရဟု စိတ်ပိုင်းဖြတ်ကာ သူ့ဘက်မှ ကျိတ်မှိတ်သည်းခံပြလိုက်မှုကြောင့် သူ့ယောကျ်ား မသေမီ အစွယ်နှစ်ချောင်း ကျွတ်သွားခြင်းကိုကား ဘဝတစ်သက်တာအတွက် အမှတ်ရစရာချည်း ဖြစ်တော့သည်။

ဗိုလ်အောင်သိန်း ဆုံးသည့်နေ့၌ပင် ဗိုလ်အောင်သိန်း ငွေအပ်ထားသော ဘဏ်တိုက်မှ လက်ကျန်ငွေစာရင်း အိမ်သို့ ရောက်လာသည်။ ၁၆ ကျပ် ၆၀ ပြားသာလျှင် ဘဏ်၌ ငွေရှိကြောင်း ဖော်ပြထားသည်။ အသက် ၄၉ နှစ်အရွယ်အထိ ငွေမကိုင်ဖူးသော သူ့ဘဝ၌ မသာစရိတ်အတွက် ငွေမရှိ၍ အကြပ်ရိုက်နေသည်။

www.burmeseclassic.com



မကွယ်လွန်မီ သောကြာနှင့်စနေ နှစ်ရက်ဆက်၍ ဖဲရိုက်သွားသေးသည်။ အညောင်းထိုင်လွန်းအားကြီး၍ မနေနိုင် မထိုင်နိုင်၊ ဆီးချုပ်ဝမ်းချုပ်ဖြစ်သော ဝေဒနာကို ပြင်းစွာခံစားရသည်။ ဆရာဝန်က ဆေးရုံအမြန်ပို့ရန် ပြောသည်။

ဗိုလ်အောင်သိန်း၏ ဒုတိယဇနီးသည် ဗိုလ်အောင်သိန်း နေမကောင်းဖြစ်ကြောင်း သိသိချင်း အိမ်သို့ရောက်လာသည်။ အခန်းထဲ၌ သူ့ယောက်ျားနှင့်အတူနေကာ ပြုစုလုပ်ကိုင်ပေးသည်။ ဒုတိယဇနီး၏ သားသမီးများလည်း ဖခင်အနားသို့ ရောက်လာကြကာ ပြုစုကြသည်။

ဆေးရုံပို့ခါနီး၌ ဗိုလ်အောင်သိန်းသည် ဆေးရုံကိုမသွားချင်၍ ငြင်းသည်။ ကြည်ကြည်ဌေးမှာ အနားမှမခွာ ပြုစုပေးလိုသော်လည်း အခန်းထဲ၌ သူ့ဇနီးရှိနေ၍ အခန်းအပြင်မှ လိုအပ်သမျှ စောင့်ကြပ်စီမံလုပ်ကိုင်ပေးသည်။ ဆေးရုံသွားရန် ငြင်းဆန်တော့မှ ကြည်ကြည်ဌေး အခန်းထဲသို့ ဝင်သွားသည်။

ခုတင်ပေါ်၌ လဲလျောင်း၍ ဝေဒနာခံစားနေရသော သူ့ခင်ပွန်းကို ကြေကွဲစွာ စိုက်ကြည့်သည်။

"ကိုရွှေသိန်း . . . ဆေးရုံသွားပါ . . . ဆရာဝန်က ဆေးရုံကို ညွှန်တယ်၊ ဆေးရုံမှာက ပစ္စည်းကိရိယာ စုံတယ်။ နေ့ည စောင့်ရှောက်ပြုစုမယ့် ဧပါယ်ရှယ်နာ့စ် ဆရာမတွေလည်း ငှားမယ်။ ဆရာဝန်စကားနားထောင်ပါ ကိုရွှေသိန်းရယ် . . ."

ကြည်ကြည်ဌေးပြောတော့မှပင် ဆေးရုံသွားရန် သဘောတူသည်။ ဒုတိယဇနီးနှင့် သားကလေး 'အပါ'တို့ ဗိုလ်အောင်သိန်းကို ဆေးရုံသို့ လိုက်ပို့ကြသည်။ ကြည်ကြည်ဌေးမှာ ဆေးရုံသို့ လိုက်မသွားဘဲ အိမ်၌ နေရစ်ခဲ့သည်။ ရောဂါ သက်သာရာ သက်သာကြောင်း မေတ္တာပို့ ဆု





သိန်း လက်ညှိုးညွှန်ရာ ရေဖြစ်စေခဲ့သည်။

အဘက်ဘက်မှ ပြည့်စုံအောင် သူတစ်ယောက်တည်း တာဝန်ကြီးတွေ ခေါင်းပေါ်ရွက်၍ သူ့ယောက်ျားဆန္ဒကို ဖြည့်ခဲ့လေသည်။ ဖြုန်းချင်တိုင်းသာ ဖြုန်းသုံးသွားသည်။ သူ့ဘဝ၌ ကုသိုလ်ကောင်းမှုဆို၍ ဘာတစ်ခုမှ မည်မည်ရရ ပြုလုပ်မသွား။ ဒုလ္လဘရဟန်းခံမည်ဆိုသော်လည်း မပြုလုပ်ဖြစ်။ ဘဝကူးမှ ကောင်းပါ့မလားဟု တွေးတွေးပြီး သနားစိတ်ပေါ်လာကာ ကြေကွဲခြင်းမျိုး ဖြစ်သည်။

မဆုံးမီ တစ်နှစ်ခန့်မှစ၍ သူ့အပေါ် ယုယကြင်နာ ပြောင်းလဲချိုသာသွားသည်။ သူ့အပေါ်၌ ဆိုးခဲ့သမျှ၊ မကောင်းခဲ့သမျှ၊ အနိုင်ကျင့်ခဲ့သမျှ၊ နှိပ်စက်ခဲ့သမျှတို့ကို ပြောင်းပြန်လှန်ပစ်လိုက်သကဲ့သို့ ဖြစ်သည်။ ဘေးမှကြည့်သူတို့ပင် ကြည်ကြည်ဌေးကို "မယားရေ . . . မယားရေ" ခေါ်လွန်း၍ ယုယလွန်း၍ "မရမ်းယို မရမ်းယို" ဟု နောက်ပြောင် ကျီစယ်ရသည်အထိ ဖြစ်သည်။

အမေ မသေမီ မှာကြားသွားသည့်အတိုင်း အမေသာ မြေဝယ်ကျရမည်။ အမေမှာခဲ့သောစကားတော့ မြေဝယ်မကျစေရဟု စိတ်ပိုင်းဖြတ်ကာ သူ့ဘက်မှ ကျိတ်မှိတ်သည်းခံပြုလိုက်မှုကြောင့် သူ့ယောက်ျား မသေမီ အစွယ်နှစ်ချောင်း ကျွတ်သွားခြင်းကိုကား ဘဝတစ်သက်တာအတွက် အမှတ်ရစရာချည်း ဖြစ်တော့သည်။

ဗိုလ်အောင်သိန်း ဆုံးသည့်နေ့၌ပင် ဗိုလ်အောင်သိန်း ငွေအပ်ထားသော ဘဏ်တိုက်မှ လက်ကျန်ငွေစာရင်း အိမ်သို့ ရောက်လာသည်။ ၁၆ ကျပ် ၆၀ ပြားသာလျှင် ဘဏ်၌ ငွေရှိကြောင်း ဖော်ပြထားသည်။ အသက် ၄၉ နှစ်အရွယ်အထိ ငွေမကိုင်ဖူးသော သူ့ဘဝ၌ မသာစရိတ်အတွက် ငွေမရှိ၍ အကြပ်ရိုက်နေသည်။

www.burmeseclassic.com



ဗိုလ်အောင်သိန်းနှင့် ခင်မင်နေသော မိတ်ဆွေတစ်ယောက်ထံသို့ ငွေ ၂၀၀ဝ ချေးခိုင်းလိုက်သည်။ နီးစပ်ရာ ရုပ်ရှင်ကုမ္ပဏီများသို့ သင်္ဂြိုဟ်စရိတ်ငွေ မရှိ၍ ရုပ်ရှင်ရိုက်ပေးပါမည်၊ ငွေ ၂၀၀ဝ ချေးပါရန် စေလွှတ်ရသည်။

ကြည်ကြည်ဌေးသည် သင်္ဂြိုဟ်စရိတ်ငွေ ၄၀၀ဝ လက်ဝယ်ရောက်မှ သက်ပြင်းချနိုင်တော့သည်။ ဘဏ်တိုက်တွင် ငွေ ၁၉ ကျပ် ၆၀ပြားသာ ရှိကြောင်း သိရ၍ ရှေ့ဘဝခရီးအတွက် ရင်မောမိသည်။ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၅၀ ကျော် ရိုက်ခဲ့ရပါလျက် သူ့ဘဝခရီးအတွက် ၁၉ ကျပ် ၆၀ ပြား ထားခဲ့ခြင်းကို ရှိစေတော့။ သူ့မသာစရိတ် သုံးရန် ငွေ ၅၀ဝ၊ ၁၀၀ဝ မရှိခြင်းအဖြစ်ကိုတော့ ရင်နာမိသည်။

ရှေ့ဆက်ကာ ဘဝခရီးကို ရုန်းကန်ရဦးမည်။

အသက် ၄၉နှစ်အရွယ် နုပျိုဆဲပင် ရှိသေး၍ ရုပ်ရှင်လောကသို့ သူ့အတွက် မုဆိုးမဘဝဖြင့် သိက္ခာမပျက်အောင်၊ အနှောင့်အယှက် အန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပေးမည့် တံတိုင်းကြီး လိုအပ်သည်။ သားကလေး 'အပါ'သည် သူ့အပေါ်၌ သူက မွေးမထုတ်သော်လည်း သူကမွေးထုတ်သော သားအရင်းနှင့်မခြား မိခင်သံယောဇဉ်ထားရှိခြင်းကြောင့် 'အပါ'လေးသည် သူ့ဘဝခရီးအတွက် လုံခြုံရာ လုံခြုံကြောင်း တံတိုင်းကြီးပမာ ရှိနေသေးသည်ကို တွေးမိတော့မှပင် စိတ်သက်သာရာ ရမိသည်။

အလောင်း မြေပေါ်ရောက်သည်အထိ ကြည်ကြည်ဌေးကို ချစ်ခင်သော အပေါင်းအသင်းတို့က အစွမ်းကုန် ဝိုင်းဝန်းကူညီကြသည်။

ရုပ်ရှင်မင်းသမီးကြီး 'ဒေါ်စိန်ခင်' ရောက်လာကာ သူ့အလွန် ခင်မင်သော ဗိုလ်အောင်သိန်းကို တ,၍ "ကိုရွှေသိန်းရေ . . . ရှင့်မသာ





ကျုပ် လာချရတာပါ" ဟု ဟစ်အော်ငိုကြွေးလေတော့မှ တစ်ချိန်လုံး မျက်ရည်မကျဘဲနေသော ကြည်ကြည်ဌေးသည် ချုပ်တည်း၍မရတော့ဘဲ မျက်ရည်ပေါက်ပေါက်ကျလာသည်။

ဈာပနကို သူလိုက်မပို့တော့ဟု ကြံရွယ်ထားသည်။ အဖေလို၊ ဆရာသမားလို၊ သူ အလွန်ချစ်ခင်လေးစားသော ဒါရိုက်တာ ဦးတင်မောင်နှင့် ဒါရိုက်တာ ဦးသုခတို့က "ဟဲ့ကောင်မလေး . . . လိုက်ခဲ့" ဟု ကားပေါ်ဆွဲတင်ခေါ်သွားကြတော့မှ လိုက်ပါသွားသည်။

ခင်ပွန်းသည် အသုဘကိစ္စပြီးပြီးချင်း ကြည်ကြည်ဌေးသည် ဗိုလ်အောင်သိန်းရှိစဉ်က လက်ခံထားခဲ့သော မပြီးပြတ်သေးသည့်ကားများကို ဆက်ရိုက်ပေးရန် တာဝန်ရှိသည့်အတိုင်း 'ကုမ္ဘေကုမ္ဘာ သဲကိုးဖြာ' ဇာတ်ကားကို ရိုက်ရန် ငပလီသို့ထွက်ခဲ့ရသည်။

လေယာဉ်စက်နှိုးသံတို့သည် သူ့ရင်ထဲမှ နှလုံးခုန်သံနှင့် အပြိုင်ဖြစ်နေကြသည်။ ကောင်းကင်သို့ လေယာဉ်မြောက်တက်သွားသောအခါ ကြည်ကြည်ဌေးသည် မျက်ရည်တွေဝိုင်းလာသည်။ ယခု သွားရမည့် လေယာဉ်ခရီးစဉ်သည် မုဆိုးမဘဝသစ်ကို စတင်ရမည့် ခရီးသစ်ဖြစ်ဘည်။

အမေသေ၍ဖြစ်စေ၊ လင်သေ၍ ဖြစ်စေ ပရိဒေဝမီး မည်သို့ပင် တောက်လောက်စေကာမူ ရပ်နား၍ မဖြစ်နိုင်ဘဲ လင်သေပြီး ရက်များမကြာမီ ရုပ်ရှင်ရိုက်ထွက်လာရခြင်းမှာ အနုပညာရှင်တို့၏ ကျင့်ဝတ်ကျင့်ထုံးတစ်ရပ်ကြောင့် ဖြစ်သည်။

မိခင်သေဆုံးစဉ်က သူသည် လောကအလယ်အတွင် အနုပညာအတွက်ဟု နှလုံးပိုက်ကာ နေရစ်ခဲ့သည်။ ယခင်က ရုပ်ရှင်ရိုက်သွားရသည့်ခရီးတိုင်းတွင် သူ့ဘေး၌ ဗိုလ်အောင်သိန်း အမြဲလိုက်ပါလာခဲ့သည်။ တစ်ချိန်က ငပလီခရီးကို 'သူ့ရောနန္ဒိ'ဇာတ်ကားရိုက်စဉ်က ဗိုလ်အောင်

www.burmeseclassic.com



သိန်းနှင့်အတူ သွားခဲ့ကြသည်။ ယခုခရီးတွင် သူဘေး၌ ဗိုလ်အောင်သိန်း အစားသားကလေး'အပါ' လိုက်ပါလာသည်။

'အပါ'သည် ဗိုလ်အောင်သိန်း၏ ပထမဇနီးက မွေးထားခဲ့၍ သူနှင့် သွေးသားမတော်စပ်သော်လည်း သူက မွေးဖွားခဲ့သောသားတမျှ သူ ချစ်ခင်ခဲ့သည်။

ငါးနှစ်သားအရွယ်မှ လူလားမြောက်အောင် ကျွေးမွေး စောင့်ရှောက်ခဲ့သည်။ သန့်စင်သောမေတ္တာတရားဖြင့် ကျွေးမွေးစောင့်ရှောက်ခြင်းကြောင့် ငယ်စဉ်ကမှစ၍ ယခု အရွယ်ရောက်လာသည်အထိ သားလေးထံမှ တုံ့ပြန်သောမေတ္တာကား တစ်သက်လုံး ယုံမှတ်သွားရမည့် မေတ္တာအစစ်ဖြစ်သည်။

ဖခင်ဖြစ်သူ ဗိုလ်အောင်သိန်းသည် သူ့အပေါ်၌ အနိုင်ကျင့်ကာ မကောင်းခဲ့သလောက် သူထားရစ်ခဲ့သော သားကလေး'အပါ'က အမေ အဖြစ် သူ့အပေါ်တွင် လာ၍ကောင်းနေခြင်းမှာ သူ့ဘဝ၌ အံ့ဩစရာ ကောင်းလောက်အောင် ကြုံရခြင်းအဖြစ်တစ်ရပ်ကြောင့် သူ၏ ဆန်းကြယ်သော ကံတရားပဲဟု တွေးမိသည်။

အနုပညာရှင် ဘဝခရီးတွင် မုဆိုးမဘဝနှင့် ဆက်လက်ရဦးမည် ဖြစ်ပင်ဖြစ်ငြားသော်လည်း အထီးကျန် တစ်ယောက်တည်းမဟုတ်ဘဲ သူ့အနားမှ မခွာဘဲ အောက်ခြေသိမ်း ဆောင်ရွက်ပြုစု စောင့်ရှောက်ပေးမည့် ဒီသားလေး ရှိသေးသားပဲဟု အားယူဖြည့်လောင်းလိုက်သောစိတ်ကြောင့် တိမ်ညွှန့်ယံသို့ အားမာန်အပြည့်ဖြင့် ထိုးဖောက်၍တက်နေသော လေယာဉ်ပျံနှင့်အတူ ကြည်ကြည်ဌေးသည် အားမန်များ ပြည့်လာကာ အားရှိသွားတော့သည်။

●

# အမေကြည်

သားလေးမောင်ပါ

ကြည့်မြင်တိုင်၊ စလင်းကွင်းဇာတ်ရုံရှေ့၌ရှိသော ပွဲဈေးတန်းကြီးမှာ မာတ်မီးရောင်တထိန်ထိန်နှင့် စားကောင်းသောက်ဖွယ်အမျိုးမျိုး၊ တိုတိုထွာထွာ လူသုံးပစ္စည်း၊ ကစားစရာပစ္စည်းများတို့ကို ဓော်ဟစ်ရောင်းချနေကြသော အသံဗလံများဖြင့် ဆူညံလျက်ရှိသည်။

အမေက ကျွန်တော်၏လက်ကိုဆွဲ၍ ကြိတ်ကြိတ်တိုး သွားလာနေကြသည့်ပရိသတ်ကြားမှ ဇာတ်ရုံဆီသို့ ရှေ့ရှုသွားနေပါသည်။ ၄-နှစ်ကျော် ၅-နှစ်သားမျှသာ ရှိသေးသည့် ကျွန်တော့်မှာ ပွဲလမ်းသဘင်ကို ကြိုက်ရကောင်းမှန်း မသိပါ။ အမေဆွဲခေါ်ရာနောက်သို့ လိုက်နေရသော်လည်း မျက်လုံးကမူ ဈေးတန်းတွင်ရောင်းချနေသော ကစားစရာများဆီသို့ ရောက်နေပါသည်။ တစ်နေရာတွင် မင်းသမီး၊ မင်းသားရုပ်ကလေးများကို ဝါးလုံးတန်းနှင့် ချိတ်ဆွဲ ရောင်းချနေသည်ကို တွေ့ရပါ၏။

ကျွန်တော်က အမေ့လက်ကိုတောင့်ဆွဲထားပြီး အရုပ်များသို့ လက်ညှိုးညွှန်ပြကာ ပူဆာသည်။ အမေကမူ ရုံတွင်းသို့ရောက်ရန် စိတ်

www.burmeseclassic.com



စောနေဟန်တူပါသည်။ ကျွန်တော့်ကို လှည့်မကြည့်ဘဲ ရှေ့သို့သာ မဲ၍ လျှောက်နေသည်။ ကျွန်တော်က ငိုသံပြု၍ အတင်းရုန်းတော့မှ . . .

"ဩော် . . . သားက အရုပ်လိုချင်လို့လား၊ ရုံထဲမှာ အဲဒီအရုပ်တွေထက်လှတဲ့ မင်းသမီးကလေးရှိတယ်။ သိပ်ချစ်စရာကောင်းတာပဲ . . . သားတွေ့တော့ သိလိမ့်မယ် . . . လာ . . . လာ. . ."

အမေက ချော့မော့ခေါ်၍ လိုက်သွားရသော်လည်း ကျွန်တော်က စိတ်ကမကျေနပ်ပါ။ ဝါးလုံးတန်း၌ ကျန်ရစ်ခဲ့သော အရုပ်ကလေးများကိုသာ လှည့်ကြည့်၊ လှည့်ကြည့်နှင့် လိုချင်စိတ် ပြင်းပြနေမိပါသည်။

ရုံဝ၌ စောင့်နေကြသော ရဲဘော်များက အမေ့ကိုတွေ့သောအခါ ပျာပျာသလဲ ခရီးဦးကြိုပြုကြသည်။ ရဲဘော်ခေါင်းဆောင်တစ်ဦးက ကျွန်တော့်ကို ပွေ့ချီ၍ နမ်းရှုပ်လိုက်ပြီး . . .

"ဆရာကတော်တို့ ပွဲလာကြည့်မယ်လို့ ဆရာက ပြောထားတာနဲ့ ကျွန်တော်စောင့်နေတာပါ"

"အေးကွယ် . . ., ဒီည ဘာကမှာတဲ့လဲ"

"သော့တွဲကြီးလေ . . . သိပ်ကောင်းတယ် ဆရာကတော်"

သူတို့ပြောနေကြသော စကားအဓိပ္ပါယ်ကို ကျွန်တော် နားမလည်ပါ။ ပွဲကြည့်ရအောင် လာကြသည်ဆိုပြီး 'သော့တွဲကြီး' ပြမယ်ဟု ပြောနေသည်။ သိပ်ကောင်းတယ်ဟုလည်း အားပါးတရ ချီးမွမ်းနေပြန်သည်။ ဘာတွေလဲ . . .

ရဲဘော် ခေါင်းဆောင် ဗိုလ်အောင်သိန်း၏ဇနီး ဒေါ်တင်ရွှေ ကိုယ်တိုင် ပွဲကြည့်မည်ဆိုသောကြောင့် အကောင်းဆုံးနေရာက ဖျာများကို သီးသန့်ထားကြသည်။ စလင်းကွင်း ဇာတ်ရုံကြီးမှာလည်း ရဲဘော်များ ရံပုံငွေအတွက် ကျွန်တော့်အဖေ ဗိုလ်အောင်သိန်းက ဦးဆောင်၍





ဆောက်လုပ်ထားသောကြောင့် ကျွန်တော်တို့သားအမိမှာ 'အရေးကြီးသော ပုဂ္ဂိုလ်' များဖြစ်နေကြသည်။

အမေ့ ရင်ခွင်ထက်မှ ကျွန်တော် ပွဲကြည့်နေရပါ၏။ အမေ ပြောဆိုခဲ့သည့် မင်းသမီးလေးကို ကျွန်တော်တွေ့နေရပါပြီ။ သူ့ရုပ်ရည်၊ သူ့အသံ၊ သူ့ဟန်ပန်များက တဖြည်းဖြည်း တစစ ကျွန်တော့်ကို ဆွဲငင်ခေါ်ယူ ဖမ်းစားနေပါသည်။ ကျွန်တော် တစ်ဦးတည်းကိုမဟုတ်၊ ရုံတွင်းရှိ ပရိသတ်အားလုံးကို ထိန်းချုပ်ထားနိုင်စွမ်းရှိကြောင်း ထင်ရှားလှသည်။

မင်းသမီးလေး၏ ရည်းစားမှာ ထောင်ကျနေသည်။ မင်းသားလေး လွတ်မြောက်ရေးအတွက် မင်းသမီးလေးက ထောင်မှူးကြီးကို မာယာနှင့် သွေးဆောင်ဖြားယောင်းရသည်။ ထောင်မှူးကြီးထံမှ အချုပ်ခန်းဖွင့်နိုင်သော 'သော့တွဲကြီး'ရရှိရန် မာယာဆောင်ရသည့် အခန်းမှာ အဓိကအကျဆုံးဖြစ်သည်။

မင်းသမီးလေးက ထောင်မှူးကြီးကို တအားဖက်တွယ်ထားသည်။ ပွတ်သပ်ကိုင်တွယ်ရင်း နူတ်ခမ်းမွေး ကားကားကြီးကို လက်နှစ်ဖက်နှင့် ဆွဲယူကာ ပြုံးရွှင်ရယ်မော၍ . . .

"ကျွန်မကို တကယ်ချစ်ရင် မနာရဘူး" ဟု အသံအက်အက်ကလေးနှင့် မပွင့်တပွင့်ပြောကာ တအားဆွဲလိမ်လိုက်သည်။ ပြီးတော့ သနားသွားသလို မျက်နှာပေးနှင့် . . .

"ထောင်မှူးကြီး . . . နာသွားသလားဟင်"ဟု မေးပါသည်။ ထောင်မှူးကြီးက ရှုံ့မဲ့မဲ့မျက်နှာကြီးကို အားယူပြုံးရင်း . . .

"နာပါဘူးဂျ . . . နာဘူးဂျ" ဟူသော ထောင်မှူးကြီး၏အသံမှာ တစ်ရုံလုံးကို ပွဲကျသွားစေသည်။ ရုံတွင်းသို့ ဝင်လာစက ပွဲဈေးမှ အရုပ်ကလေးများကို တအောက်မေ့မေ့ဖြစ်ကာ စူစူအောင့်အောင့်

www.burmeseclassic.com



နှင့်ပါလာရသော ကျွန်တော့်မှာလည်း ရုံတွင်းက မင်သမီးလေး၏ ညို့ချက်မိနေပါပြီ။ ဝါးလုံးတန်းတွင်ချိတ်ဆွဲ၍ ပိုက်ဆံပေးဝယ်လျှင် ရနိုင်သော မင်းသမီးရုပ်ကလေး မဟုတ်ဘဲ သက်ရှိထင်ရှား လူသားစင်စစ် တကယ့်ပြဇာတ်မင်းသမီး ကလေးဖြစ်နေသောကြောင့် အခက်အခဲတွေ့ရပါ၏။ ကျွန်တော့်ရင်တွင်း မှာမူ 'မာလာရီ'အမည်ရှိသော ဇာတ်စင်ပေါ်မှ မင်းသမီးလေးကို ကျွန်တော်တို့အိမ်သို့ ခေါ်ဆောင်သွားနိုင်လျှင် ကောင်းလေစွဟု တောင့်တမိပါသည်။

၁၉၄၇ ခုနှစ် လွန်ခဲ့သောနှစ်ပေါင်း ၃၁ နှစ်၊ ကျွန်တော် ၄-နှစ်ကျော်၊ ၅-နှစ်သားအရွယ်ဘဝက 'သော့တွဲကြီး'ပြဇာတ် ကြည့်ခဲ့ရသောအဖြစ် 'မာလာရီ'အား ပထမဦးဆုံးတွေ့ရှိခဲ့ရသည့်အကြောင်းကို ဤမျှ ဤမျှ အသေးစိတ် သိရှိမှတ်မိနေရခြင်းမှာ ကျွန်တော်၏ မှတ်ဉာဏ်က ထူးခြားထက်မြက်လှလွန်း၍တော့ မဟုတ်ပါ။ 'မာလာရီ' သည် ထိုခေတ်ထိုအခါမှ အစပျိုး၍ ကျွန်တော်တို့မိသားစုအတွင်းသို့ ရောက်ရှိလာရန် ဘဝကံက ဖန်တီးလိုက်ခြင်းကြောင့် အဆက်အစပ် ပြတ်တောက်သွားခြင်း မရှိတော့ဘဲ ရောနှောယှက်တင် မိခင်ရင်းချာ ပမာအတူ သတိမူလျက် တွေးယူလိုက်တိုင်း နှစ်ပိုင်းကာလအလိုက် စွဲပိုက်ဆင်ခြင် သတိဝင်လာခြင်းဖြစ်ပါသည်။

သနပ်ခါးအဖွေးသားနှင့် ကက်ဦးထုပ်၊ အကျီ၊ ဘောင်းဘီ၊ ဘွတ်ဖိနပ်ခြေစွပ် ဝတ်ဆင်ကာ ရှိုးထုတ်ထားသော ကျွန်တော့်ကို အဖေက စလင်းကွင်းဇာတ်ရုံသို့ တစ်နေ့သော နေ့လယ်ဘက်၌ ခေါ်လာပါသည်။ ဇာတ်ရုံမရောက်ခင် အဖေက ကျွန်တော့်အား ထူးခြားသောစကားတို့ ဆိုလာပါသည်။

"ဟော့သား . . . ဟိုရောက်လို့ မင်းသမီး မာလာရီနဲ့တွေ့ရင်





ဖေဖေ့ကို ဘကြီးလို့ ခေါ်နော်။ အဖေလို့ မခေါ်နဲ့ . . . ကြားလား"

ကျွန်တော်က နားမလည်နိုင်ဘဲ အဖေ့ကို ငေးကြည့်နေမိပါသည်။ သားအဖဖြစ်ပါလျက် အဘယ်အတွက်ကြောင့် ဘကြီးလို့ ခေါ်ရမှာလဲ။ ပါးစပ်က ထုတ်ဟ၍ မမေးမိသော်လည်း ဝမ်းထဲက တွေးနေမိပါ၏။

"မာလာရီတ သားသားနဲ့ ဗိုလ်ကြီးက ဘယ်လိုတော်တာလဲ မေးရင် . . . ကျွန်တော့်အမေရဲ့အစ်ကို . . . ဘကြီးတော်တယ်ခင်ဗျ လို့ ပြောနော် . . . သား . . . သွက်သွက်လက်လက်ပြော . . . ကြားလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ အဖေပြောခိုင်းသည့်အတိုင်း ပြောပါမည်။ ဒါမှ မာလာရီဆိုသော မင်းသမီးထံ ခေါ်သွားပါလိမ့်မည်။ သို့မဟုတ်က လမ်းတစ်ဝက်ကနေ၍ ရဲဘော်တစ်ယောက်ယောက်နှင့် အိမ်ပြန်ပို့ခိုင်းလိုက်မှာ သေချာပါသည်။ ကျွန်တော်ကလည်း 'သော့တွဲကြီး' ကြည့်ပြီးကတည်းက 'မာလာရီ'ကို ခင်မင်ရင်းနှီးလိုစိတ်ရှိနေပါသည်။ တွေ့ချင်နေပါသည်။ မည်သည်ကို ရည်ရွယ်၍ မည်သို့အကွက်ချပြီး 'ဘကြီး'ဟု ခေါ်ခိုင်းသည်ဖြစ်စေ၊ ကျွန်တော် မငြင်းပါ။ ခေါ်ပါမည်။ ဖေဖေ . . . ဘကြီးခင်ဗျား။

ဇာတ်ရုံနောက်ဘက် ဇာတ်သူဇာတ်သားများနေကြသည့် အနိမ့်ပိုင်းနေရာတွင် စိပ်ပုတီးကိုင်ထားသော အဘွားအိုတစ်ယောက်နှင့် မာလာရီကိုတွေ့ရပါသည်။ အခြား အဖွဲ့သားများကလည်း အသီးသီး၊ ၎င်းတို့နေရာများတွင် လဲလျောင်းရင်း၊ ထိုင်ရင်း ကျွန်တော်တို့ သားအဖအား လှမ်းကြည့်နေပါသည်။

အဘွားအိုက နေရာထိုင်ခင်းပေး၍ နှုတ်ဆက်စကားပြောရင်း ကျွန်တော့်ကို ဆွဲခေါ်ကာ ရင်ခွင်ထဲထည့်ပြီး ပွေ့ဖက်ထားသည်။

www.burmeseclassic.com



"ငါ့မြေးက ဗိုလ်ကြီးနဲ့ ဘာတော်သလဲ"

'ဟောဗျ . . . အဖေနဲ့ကျွန်တော် ဇာတ်တိုက်ထားတုန်းက မာလာရီမေးရင် ဘကြီးတော်တယ်လို့ပြော' ဟု ကျွန်တော်သိထားသည်။ ယခု မာလာရီက မမေးဘဲ အဘွားအိုကြီးက မေးနေပြီ။ ထိုအတိုင်းပဲ ဖြေရမှာလား၊ အမှန်အတိုင်း ပြောရမှာလား၊ သိပ်တွေးမနေတော့ဘဲ အဖေ့ကို လက်ညှိုးညွှန်ပြရင်း "ဘကြီးတော်တယ်" ဟု ပြောချလိုက်ပါသည်။ ပြီးတော့ အဖေ့မျက်နှာကို လှမ်းကြည့်ပြီး စစ်ကူတောင်းလိုက်ပါ၏။ အဖေက ပြုံး၍ အဘွားကြီးကို ခေါင်းညိတ်ပြရင်း . . .

"ကျွန်တော့်ညီမက မွေးတာ . . ." ဟု ထပ်မံဖြည့်စွက်လိုက်ပါသည်။ မာလာရီ၏ ရင်ခွင်ထဲသို့ ကျွန်တော် ရောက်သွားပြန်ပါပြီ။ မာလာရီက သနပ်ခါးဖွေးဖွေးနှင့် ကျွန်တော့်မျက်နှာလေးကို မ,ယူပြီး အားရပါးရ ရှိုက်နမ်းပစ်လိုက်၏။ ပြီးတော့ အဖေနှင့် စကားလက်ဆုံကျနေကြလေသည်။

* * *

ရဲဘော်ဖြူနှင့် ရဲဘော်ဝါ ကွဲသွားကြသည်။ အဖေတို့ အလုပ်များနေကြပါ၏။ အိမ်သို့ မကပ်နိုင်ဘဲ နေ့ရောညပါ လှုပ်ရှားသွားလာနေရသည်၊ ရဲဘော်ဖြူဘက်သို့ ပါသွားသော အဖေ့ရဲဘော်များက အဖေ့အားလာခေါ်ကြပါသည်။ အဖေက ရဲဘော်ဖြူများနှင့် တောသို့မလိုက်ဘဲ ပုန်းနေသည်။ အဖေ့ကို ရှာမတွေ့သောကြောင့် ရဲဘော်ဖြူအဖွဲ့သားများ စိတ်ပျက်လက်ပျက် ထွက်သွားကြလေပြီ။ အဖေက မာလာရီတို့ ဇာတ်ရုံတွင် ပုန်းအောင်းနေခြင်း ဖြစ်ပါသည်။

တိုင်းပြည်အခြေအနေက လှုပ်ရှားနေသောကြောင့် မာလာရီတို့





မိသားစုမှာ အားကိုးရာမဲ့နေသည်။ လမ်းပန်းခရီးများ ပိတ်ဆို့နေသဖြင့် နေရင်းဇာတိသို့ မပြန်နိုင်ဘဲ စလင်းကွင်းဇာတ်ရုံထဲ၌ သောင်တင်နေရာ အဖေ့ကို အားကိုးနေကြရသည်။

တစ်နေ့သောအခါ အမေနှင့် ကျွန်တော်တို့ ထမင်းချိုင့်ဆွဲ၍ အိမ်ကထွက်လာသည်။ စလင်းကွင်းဇာတ်ရုံသို့ ရောက်သောအခါ အဘွားအိုနှင့် မာလာရီတို့အား အမေက "အစ်ကိုကြီးအတွက် ထမင်းလာပို့တာပါ" ဟု ရွှင်ရွှင်ပျပျမျက်နှာနှင့် ပြောသည်။

ကျွန်တော်က အဖေ့အတွက် ထမင်းသွားပို့ရအောင်ဟု အိမ်တုန်းက ပြောလာပြီး ဒီရောက်တော့ တစ်မျိုးပြောနေရသောအမေ့ကို မကျေမနပ်နှင့် ကြည့်နေမိပါသည်။ ဘယ်လိုဟာပါလိမ့်။ အမေက အဖေ့ကို ဘာပြုလို့ အစ်ကိုကြီး ပြောသလဲ . . . မစဉ်းစားတတ်ပါ။

နားလည်သောအရွယ်သို့ရောက်၍ ကိုယ်တွေ့လက်တွေ့ရှိလာသောအခါ အမေ့အပေါ်တွင် အဖေ၏ စည်းရုံးနိုင်သောစွမ်းအားကို သိမြင်လာရသည်။ အမေက သဘောကောင်းသည်။ သည်းခံသည်။ ကြောက်တတ်သည်။ အဖေက နှုတ်ဖြင့် ဖျောင်းဖျစည်းရုံး၍ မရသောအခါ လက်နှင့် စည်းရုံးတတ်ပါ၏။

"ဩော် . . . ဒါကြောင့် ကိုယ့်လင်သားကို အစ်ကိုကြီးပါဟု အဖေ အလိုရှိသော မာလာရီရှေ့တွင် ပြောရတာပါကလား" ဟု တွေးတော ဆင်ခြင်မိပါသည်။

အဖေနှင့် မာလာရီတို့ အထင်အရှား အိမ်ထောင်ပြုလိုက်ကြပါပြီ။ သားမယားမရှိဟုဆိုသော လိမ်လည်မှုကြီးလည်း ပေါ်သွားပါပြီ။ သို့သော် မလွတ်နိုင်ပြီဖြစ်သောကြောင့် မတတ်နိုင်တော့။ မာလာရီနှင့် အဖေတို့ မင်္ဂလာဆောင်ပြီး ဇာတ်ရုံကြီးအနီးမှာပင် အိမ်ကလေးတစ်လုံး

www.burmeseclassic.com



ဆောက်၍ အဖေကပါ ပြောင်းရွှေ့နေပါသည်။

အမေနှင့် ကျွန်တော်တို့က တခြားနေရသည်။ ကွမ်းယာဆိုင်ကလေးလည်း တည်ထားပြီး ရှာဖွေစားသောက်ရပါသည်။ အဖေက တစ်ခါတစ်ရံ ရောက်လာသည်။ တစ်နေ့တွင် အကြောင်းတစ်ခုနှင့် အဖေနှင့်အမေ စကားများသည်။ အမေ့ကို အဖေက ရိုက်သောကြောင့် အိမ်ပေါ်က ဆင်းပြေးရ၏။ ကျွန်တော်က ငိုယို၍ ကျန်ရစ်သည်။ အမေ ဆင်းပြေးသည်မှာ တခြားနေရာမဟုတ်ဘဲ စလင်းကွင်းဇာတ်ရုံအနီးရှိ မာလာရီတို့အိမ်ကို ပြေးခြင်းဖြစ်သည်။ အမေက ဘလာရီ၏အမေကို ရှိခိုး၍ ကူညီကယ်မ,ရန် ပြောသည်။ အဘွားအိုက အမေ့ကို လက်ခံလိုက်သည်။ သို့နှင့် ကျွန်တော်ပါ ထိုအိမ်သို့ ပြောင်းရွှေ့ရောက်လာရပါသည်။

ကျွန်တော့်မှာ အမေနှစ်ယောက်ဖြစ်သွားပါပြီ။ အမေရင်းဒေါ်တင်ရွှေက မွေးထုတ်သည့်သားမို့ ချစ်သည်။ မာလာရီကလည်း ကျွန်တော့်ကို လွယ်မွေးထားရသည့်သားမဟုတ်ပါဘဲ ချစ်သည်။

သူငယ်ချင်းများက မင်းမိထွေးကြီး ပြဇာတ်မင်းသမီး အရွေးခံရတယ်ဆို. . . စသည်ဖြင့် အမေကြည်နှင့် ပတ်သက်၍ မေးမြန်းကြသည်ကို ကျွန်တော် မခံနိုင်ပါ။ မိထွေးဟု သတ်မှတ်ရမည့် အခြေအနေ ရှိလင့်ကစား အမေကြည်၏ စိတ်ထားစေတနာ၊ မေတ္တာထားရှိပုံမှာ အမေရင်းနှင့် အတူတူပင် ဖြစ်သောကြောင့် မြန်မာဆွေမျိုးစပ်ဟပ်မှု ဝေါဟာရစာရင်းတွင် နာမည်ပျက်လှသော မိထွေးဆိုသည့် အသုံးအနှုန်းကို လက်မခံနိုင်ခြင်းဖြစ်ပါသည်။

အဖေ၏ ရွှေလက်ပတ်ကြိုး ပျောက်ဆုံးသောနေ့တစ်နေ့က ကျွန်တော့်အဖေက အမေကြည်ကို ရိုက်နှက်ပါသည်။ ထိုစဉ်က ကျွန်တော် ငယ်ပါသေးသည်။ သို့သော် ကျွန်တော့်မျက်စိအောက်၌ အရိုက်ခံ



နေရသော အမေကြည်ကို ကြည့်လျက် မခံမရပ်နိုင်စိတ်ဖြင့် ရှိုက်ကြီးတငင် ကျွန်တော် အော်ငိုနေခြင်းကို မမေ့နိုင်အောင် မှတ်မိသည်။

* * *

အမေကြည်မှာ မာလာရီမဟုတ်တော့ပါ။ ကာဒေ့ပြဇာတ်ရုံတွင် မင်းသမီးအရွေးခံရ၍ ပြဇာတ်မင်းသမီး 'ကြည်ကြည်ဒေ့' ဖြစ်နေပါပြီ။ ကျွန်တော်တို့ကလည်း 'အမေကြည်' ဟု နှုတ်ကျိုးခဲ့ပါပြီ။ ကာဒေ့ရုံ၊ ဇော်ရုံ၊ ဝင်းဝင်းရုံတို့၌ ပြဇာတ်က,ရာမှ ရုပ်ရှင်နယ်ပယ်သို့ ရောက်ရှိသွားပြန်သည်။ အမေကြည်၏ အနုပညာစွမ်းအား တရှိန်ထိုး အောင်မြင်ထွန်းတောက်နေပါသည်။ ကျွန်တော်တို့မှာလည်း ကျောင်းစာများဖြင့် အပတ်တကုတ် ကြိုးစားနေကြရပါသည်။

ကျွန်တော် လူလားမမြောက်တမြောက်အရွယ် ကျွန်တော်အလိုလား အတောင့်တဆုံးအချက်မှာ ကျွန်တော့်အဖေနှင့် အမေကြည်တို့ စကားမများရန်၊ ရန်မဖြစ်ရန် ဖြစ်ပါသည်။ ကျွန်တော့်လိုလား တောင့်တချက် မပြည့်စုံပါ။ အဖေနှင့် အမေကြည်တို့ စကားများကြပြီဆိုလျှင် ကျွန်တော် နေစရာမရှိတော့ပါ။ အမေကြည် အရိုက်ခံနေရပြီဆိုလျှင် ကျွန်တော်ပါ အမေနှင့်အတူတူ အဖေ၏ အရိုက်ခံနေရဘိသကဲ့သို့ ကျွန်တော်၏ နုနယ်သော နှလုံးသားလေးမှာ ဆတ်ဆတ်တုန်အောင် နာကျင်စွာခံစားနေရပါသည်။ အမေကြည်ကို သနားလှပါသည်။ ကျွန်တော့်နှလုံးသားက ဆတ်ဆတ်တုန်ခါပြီး ကျွန်တော့်ကို ပြောနေပါသည်။

"ကျွန်တော်တို့ တစ်အိုးလုံးကို စေတနာဖြူစင်စွာဖြင့် လုပ်ကိုင်ရှာဖွေကျွေးသော ကျွန်တော့်ရဲ့ ကျွေးမေမေ အမေကြည်၊ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် အမေကြည် . . . အရိုက်ခံနေရပါပြီ . . ."

www.burmeseclassic.com



အဖေက ရှေ့ရေးကို တွေးမျှော်၍ စိန့်မိုက်ကယ်လမ်းနှင့် ဦးရွှေစိုးလမ်းထောင့်တွင် တိုက်တစ်လုံးဆောက်သည်။ ကျွန်တော်တို့ စလင်းကွင်းနေအိမ်မှ ထိုတိုက်သို့ ပြောင်းရွှေ့ကာ အကယ်ဒမီ အလီလီ ရရှိကျော်ကြားနေသော အမေကြည်၏ အရိပ်အာဝါသအောက်ဝယ် ချမ်းမြေ့စွာ နေကြရပါသည်။

* * *

ကျွန်တော်၏ မွေးသမိခင်မှာ ကျန်းမာရေး ချို့တဲ့ရှာပါသည်။ နဂိုစိတ်က အေးဆေးတည်ငြိမ်စွာဖြင့် ဒုက္ခရာရာကို သည်းခံခွင့်လွှတ်တတ်သောသဘော ရှိသော်လည်း ကျန်းမာရေးချို့တဲ့လာသောအခါ ရင်တွင်းမှ ကျိတ်မှိတ်ခံစားလာရသည်များကို ဖွင့်အန် သွန်ချသည့်အခြေသို့ ဆိုက်ရောက်ခဲ့ရသည်။

သူ . . . ရင်ဖွင့်တိုင်ပင်ဝံ့သူမှာလည်း သူ့ခင်ပွန်း၏ဇနီးဖြစ်သူ အမေကြည်ပင်ဖြစ်ပါသည်။ သူစိမ်းတစ်ရံဆန်နှစ်ယောက် အကြောင်းကံ ဖန်လာချက်ကြောင့် တွေ့ဆုံကြုံကြိုက်ကာ ဆန်းဆန်းပြားပြား၊ ရှားရှားပါးပါး ညီအစ်မအရင်းနှယ် ခင်တွယ်မြတ်နိုးကြသည့်အဖြစ်မှာ ယှဉ်နိုင်ဖွယ်ရာမရှိဟု ဆိုလောက်သည်ထင်ပါသည်။

အမေ၏ရောဂါမှာ လေငန်းရောဂါဖြစ်သည်။ တစစ အခြေအနေက ဆိုးဝါးလာပါသည်။ စကား ပီသအောင်မပြောနိုင်တော့ဘဲ ထူးဝါးဝါးနှင့် ရုတ်တရက် နားမလည်နိုင်ပါ။ ခြေဟန်လက်ဟန် အကူအညီနှင့် အတော်စဉ်းစားမှ သဘောပေါက်နိုင်ပါသည်။ အဖေကလည်း ပျာပျာသလဲ ကုသပါသည်။ ဆေးဝါး၊ ဓာတ်စာ လိုလေသေးမရှိပါ။ သို့သော်ကိုယ်ဖိရင်ဖိ အနားကပ်၍ ယုယုယယ မပြုစုနိုင်ပါ။ နေ့ရောညပါ မနေမနား ရုပ်ရှင်ရိုက်နေရသည့် အမေကြည်အား စောင့်ရှောက်ရန် လိုက်ပါနေရသည်။ ကျွန်တော်ကလည်း ၁၄ နှစ်ကျော် ၁၅ နှစ်ကျောင်းသားဘဝ။ အိမ်တွင် အမေကြည်အမေ အဘွားအို၊ အမေကြည်၏သမီး လှလှဝင်း၊ လက်တိုလက်တောင်းခိုင်းစရာ ကလေးမလေးတစ်ဦးနှင့် နေကြရပါသည်။

တစ်ညနေ ကျွန်တော် ကျောင်းကပြန်လာသောအခါ အမေနှင့် အမေကြည်တို့ အမေ့အား ထားသည့် ခုတင်ပေါ်တွင် အတူထိုင်ကာ မျက်ရည်ကျနေသည်ကို တွေ့ရပါသည်။ ကျွန်တော်က အနားကပ်သွားရာ အမေကြည်က ကျွန်တော့်ကို လှမ်းဖက်၍ . . .

"အစ်မရွှေရဲ့သားဟာ ကျွန်တော်မသားပါပဲ အစ်မရယ် . . . ဒီသားအတွက် လုံးဝစိတ်ချပါ . . . ကျွန်မ . . . ကျွန်မ တစ်သက်လုံး မခွဲမခွာ စောင့်ရှောက်ပါ့မယ်" ဟု ပြောရင်း ရှိုက်ကြီးတငင် ငိုပါလေသည်။ ကျွန်တော်လည်း ရောနှော၍ ငိုမိပါသည်။

ကျွန်တော့်အမေမှာ ကျွန်တော့်အတွက် စိတ်မချ၍ အမေကြည်ကို အပ်နှံနေခြင်း ဖြစ်ပါသည်။ အမေ ကွယ်လွန်သည့်အချိန်အထိ ကျွန်တော့်မှာ ကျောင်းသားဘဝ၌ပင် ရှိနေသေးသောကြောင့် မွေးသမိခင်ဖြစ်သူ့အား ကျွန်တော်၏ဝင်ငွေဖြင့် တစ်ပြားတစ်ချပ်မျှ ကျွေးမွေးပြုစုခြင်း မပြုလိုက်ရပါ။ ကျေးဇူး မဆပ်လိုက်ရပါ။ ကျွန်တော်တို့၏ အိမ်ထောင်စုကြီးတစ်ခုလုံးကို အမေကြည်က ရှာဖွေကျွေးမွေး ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

အမေဆုံးသည့်နေ့က အမေကြည် ယူကျုံးမရ ပူဆွေးငိုကြွေးနေပုံမှာ မိမိ၏ အစ်မအရင်းတစ်ယောက်၊ မိခင်တစ်ဦး ဆုံးရှုံးရဘိသကဲ့သို့ လှိုက်လှိုက်လှဲလှဲ ကြေကွဲရပါသည်။ မဖြစ်နိုင်ကောင်းသော အဖြစ်အပျက်

www.burmeseclassic.com



များသည် ဤလောကတွင်း၌ တကယ်ဖြစ်ပေါ်လာတတ်ကြောင်း ကျွန်တော်တို့၏ဘဝဇာတ်လမ်း၌ တွေ့ကြုံရပါသည်။

အမိမဲ့သားဟု ဆိုရသည့်တိုင်အောင် ကျွန်တော့်အနေနှင့် မိခင်၏ ရင်ခွင်ထက်၌ နေရပါသည်။ ထူးခြားသော ကံတရားက စောင့်ရှောက် ပေးလေသည်ဟု ယူဆရမည်ထင်ပါသည်။

၁၀ တန်းစာမေးပွဲ ကျသောအခါ ကျွန်တော် ချုံးပွဲချ ငိုမိပါသည်။ မျှော်လင့်ကြီးစွာ ကြိုးစားထားချက် ပျက်ပြားပြီဖြစ်ရသောကြောင့် ဝမ်းနည်းစိတ်၊ ရှက်စိတ်တို့ဖြင့် ထိန်းမရ သိမ်းမရ စိတ်ထိခိုက်ရခြင်း ဖြစ်ပါသည်။

အမေကြီးက ကျွန်တော့်ကို ဖျောင့်ဖျ ချော့မော့ပါသည်။ အားပေးသည်။ ဆက်လက်ကြိုးစားချင်စိတ် ပေါ်လာအောင် သွန်သင်ညွှန်ကြားပါသည်။ မိခင်ရင်း မရှိရှာတော့ဘဲ မိထွေးနှင့် နေရသော သူငယ်ချင်းတစ်ဦးမှာ စာမေးပွဲကျရုံး၍ စိတ်ညစ်နေရသည့်အထဲ ဆူပူစောင်းမြောင်းမှုဒဏ်ကို မခံမရပ်နိုင်တော့ဘဲ အိမ်မှ ထွက်ပြေးလေလွင့်သွားရသည်။

ဤအဖြစ်ကို တွေ့ရှိ သိမြင်နေရသော ကျွန်တော့်မှာ အမေကြီး၏ 'တကယ့်စေတနာ'ကို ပိုမိုနားလည်ရပါသည်။ တိုး၍ တိုး၍ ကြည်ညိုမြတ်နိုးလာရပါသည်။ ကျွန်တော် နောက်တစ်နှစ် ဆက်၍ ကြိုးစား ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ရပါသည်။

"အမေ . . . ကျွန်တော် စာမေးပွဲအောင်တယ် . . ."

"အမေ သိပြီးပါပြီသားရယ် . . . ဝမ်းသာလိုက်တာ . . ."

အမေကြီးမှာ မျက်ရည်များရစ်ဝဲ၍ ပြုံးပြုံးကြီးလုပ်ကာ ပြောသည်။





ကျွန်တော့်အနေနှင့် အောင်စာရင်းကို စိတ်စော ပူပန်နေသကဲ့သို့ အမေမှာလည်း ကျွန်တော့်ကို အသိမပေးဘဲ တိတ်တိတ်ကလေး ကိုယ်တိုင် ပူပန်စိတ်စောနေခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော် အောင်စာရင်းမြေကြည့်နေချိန်တွင် သူနည်းသူ့ဟန်နှင့် ကြိုတင်သိရှိအောင် မေးမြန်းခိုင်းထားပါသည်။ ခြေမြန်တော်လွှတ်၍ အကြည့်ခိုင်းထားပါသည်။

အကယ်၍ စာမေးပွဲကျလျှင် ကျွန်တော်ထွက်မပြေးအောင် တားဆီးကာကွယ်ရပါမည်။ စိတ်ညစ်ညူးလာသော သားငယ်အား ဖျောင်းဖျ နားချမှု ပြုရဦးမည်။ ထို့ကြောင့် အောင်စာရင်းကို ကျွန်တော့်အရင် အမေက သိချင်နေခြင်းဖြစ်ပါသည်။

စိတ်ချလက်ချ အောင်မြင်ပြီဆိုတော့မှ ထိုအကြောင်းများကို ပြန်လည်ပြောပြပါသည်။ ကျွန်တော် ဘယ်လိုခံစားရမည်ကို စဉ်းစားကြည့်လျှင် သိနိုင်ပါလိမ့်မည်။

ကျွန်တော့်အပေါ် ထိုသို့ မေတ္တာကြီးမားသလောက် ဆုံးမစရာရှိလျှင်လည်း အမေကြီးသည် ကျွန်တော့်ကို ပြတ်ပြတ်သားသား ဆုံးမလေ့ရှိပါသည်။

* * *

အမေကြီးမှာ တဖြည်းဖြည်း အသက်အရွယ်ရလာခဲ့ပါပြီ။ နှစ်ရှည်လများ အအိပ်ပျက်၊ အစားပျက်၊ အနုပညာစိတ်ဇောသန်သမျှ အားသွန် ဆောင်ရွက်ခဲ့သည့်ဒဏ်များတာ တစစ ညှဉ်းပန်းလာပါပြီ။ ရင်ကျပ် ချောင်းဆိုးရောဂါ၊ ခေါင်းမူးသည့်ဝေဒနာ၊ အစာမကြေမှု၊ ဆီးနှင့်ပတ်သက်သော ဒုက္ခတို့ဖြင့် ဆေးဝါးမပြတ် မှီဝဲနေရသည်။

အမေ၏ ဝေယျာဝစ္စများကို ကျွန်တော် အောက်ခြေသိမ်း ပြုစု

www.burmeseclassic.com



ဆောင်ရွက်ရပါသည်။ ကျွန်တော်၏အမေအရင်းကိုပင် ဤရွေ့ဤမျှ ပြုစု လိုက်ရခြင်းမရှိပါ။ ထိုစဉ်ကလည်း ကျွန်တော့်မှာ အရွယ်ငယ်သေးသည်။ အကျိုးအကြောင်း ဆင်ခြင်တတ်မှုလည်းမရှိ။ ပြုစုဆောင်ရွက်နိုင်သော အရည်အချင်းလည်း မရှိခဲ့။

ကျွန်တော်၏ မိခင်နှင့်တကွ တစ်အိမ်သားလုံးအပေါ်တွင် သန့်စင်သောမေတ္တာတရားဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့သူ အမေကြည် ၏ ကျေးဇူးကို ကျွန်တော် တတ်နိုင်သမျှ အင်အားလေးနှင့် ပေးဆပ်ရပါ မည်။ အမေ ရုပ်ရှင်ရိုက်ကူးရာသို့ နေ့ညမရွေး ကျွန်တော် လိုက်ပါ ကူညီ ရပါသည်။ နယ်သို့ ထွက်၍ ပြဇာတ်က,ပြလျှင်လည်း အတူမကွာ ရေပူ ရေကြမ်း ကမ်းလှမ်းခဲ့ပါသည်။

အသက်အရွယ်ရလာပြီဖြစ်သောကြောင့် ဇာတ်ကားကိုလည်း များများ လက်မခံတော့ဘဲ စိစစ်၍ ရိုက်ကူးခဲ့ရာ ဝင်ငွေအားဖြင့် နည်း ပါးသွားသည်။ သို့သော် အမေက မတုန်လှုပ်။

"တည်းသီးတို့စရာ၊ ငါးပိရည်ဖျော်နဲ့ ထမင်းစားတတ်ပြီး ဖြစ် သလို ကျရာနေတတ်ခဲ့တာပဲ သားရယ် . . . ပိုက်ဆံတွေ ဒလဟော ဝင်ပြီး စိတ်ဆင်းရဲရမယ့်အလုပ်မျိုး ,မလုပ်ချင်တော့ပါဘူး . . ." ဟု ချမ်းမြေ့ကြည်လင်စွာ ပြောတတ်ပါသည်။

မမျှော်လင့်သော နေ့တစ်နေ့၌ ကျွန်တော့်အဖေ ရုတ်တရက် ကွယ်လွန်သွားပါသည်။ ကျွန်တော့်အဖို့ အမေရင်းလည်း မရှိတော့၊ မွေး သ ဖခင်လည်းမရှိတော့ပါ။

စလင်းကွင်းဇာတ်ရုံကြီးထဲတွင် 'သော့တွဲကြီး' ပြဇာတ် က,ပြသူ မင်းသမီး 'မာလာရီ'အဖြစ်နှင့် ကြည့်ဖူးမြင်ဖူးခဲ့သူ၊ ဆွေမျိုးတစ်စုံတစ်ရာ ခတော်စပ်သည့် အမျိုးသမီးကြီးတစ်ဦးကသာ ကျွန်တော့်အား စောင့်





ရှောက်ထိန်းသိမ်းရန် တာဝန်ဖြင့် ကျန်ရစ်ခဲ့ပါလေပြီ။

သို့သော် ယခုအချိန်တွင် ကျွန်တော် လူလားမြောက်ခဲ့ပါပြီ။ နို့ သက်ခံစို့ရမည့်အရွယ် မဟုတ်တော့။ အမေကြည်၏ လုပ်ကျွေးသမှုတို့ သာ အားပြု စားသောက်နေရမည်ဆိုလျှင် ကျွန်တော့်ထက် မိုက်မဲ ညံ့ဖျင်း သူ တစ်စုံတစ်ယောက်မျှ ရှိတော့မည်မဟုတ်။ ကျွန်တော် တတ် သလောက် ရှာဖွေစုဆောင်းရပါမည်။ အမေ့အား တစ်လှည့် ကျွေးမွေး စောင့်ရှောက်ရပါမည်။

ကျွန်တော် ရှာဖွေရသမျှ အမေ့လက်သို့ အပ်နှံခဲ့ပါသည်။ ငွေ လုံး၊ ကြေးလုံး ကြီးမားစွာ ရရှိလာခဲ့သော အမေ့အဖို့ ကျွန်တော်ပေးအပ် သည့် ငွေကြေးပမာဏမှာ ရယ်ရွှင်ဖွယ် အတိုင်းအတာမျှ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့သော် အမေကား . . .

ငွေကြေးအင်အားကို မြော်မြင်တတ်သူ မဟုတ်ပါ။ သူမ၏ ရင်တွင်းမှ ပေါ်ထွက်ဖြစ်ထွန်းလာသော မေတ္တာစေတ်ကိုသာ အလေး အမြတ်ပြုသည်ဖြစ်သောကြောင့် ထိုမေတ္တာစေတ်မှ ကူးစက်တုံ့ပြန်လာ သော စေတနာတရားကို ယုံမှားသံသယမရှိ။ ပကတိစင်ကြယ်သော နှလုံး သားနှင့်လက်ခံ။ ကြည်နူးနှစ်သိမ့်ပေလိမ့်မည်ဟု မလွဲမသွေ ယုံကြည်မိပါ သည်။

အမှန်တော့ အတိတ်က ဖြစ်ပျက်ခဲ့တာတွေဟာ အတိတ်၏ ဘဝ မှာပဲ ကုန်ဆုံးခဲ့ပါပြီ။ ဒီအတိတ်အကြောင်းကို ပြန်၍ရေးပြရခြင်းပင် ကျွန်တော့်အနေနဲ့ 'နယုန်လ နေမွန်းတည့်သလို' ဖြစ်နေပါသည်။ 'နယုန် လများမှာ နေမွန်းတည့်သောအခါ အရိပ်သည် ရှေ့မှာလည်း ရှာမတွေ့၊ နောက်မှာလည်း ရှာမတွေ့၊ ဘေး တစ်ဘက်တစ်ချက်မှာလည်း မရှိ။ မိမိ ရပ်ထားသော ဖဝါးအောက်မှာသာ တည်ရှိနေသလို . . . ကျွန်တော့်ရဲ့

www.burmeseclassic.com



ဘဝ . . . ကျွန်တော့်ရဲ့စိတ်ဟာလည်း တစ်နေ့တခြား မြင့်မားရင့်ကျက်လာခဲ့သည်မို့ အတိတ်အကြောင်းအရာဟူသမျှ မှေးမှိန်ပျောက်ကွယ်နေပါပြီ။ ဒီလို ပျောက်ကွယ်ရခြင်းဟာလည်း လူမှုရေးပါမောက္ခ ကျွန်တော်ရဲ့မိခင် 'ဒေါ်ကြည်ကြည်ဌေး'ရဲ့ သွန်သင်ပြသ၊ ဆိုဆုံးမတာက ဖြစ်တတ်သောသဘော၊ ပျက်တတ်သောသဘော၊ ဘယ်ဟာမှ မတည်မမြဲ၊ ဖောက်လွဲဖောက်ပြန် လောကဓံဆိုတဲ့ တရားဓမ္မကို နာကြား မှတ်သားရတာမို့ ကျွန်တော့်ဘဝက အနည်ထိုင်နေပါပြီ။

'ပထွေး' ဟူသော၊ 'မိထွေး' ဟူသော အများပိုင် အများခေါ်သော ဝေါဟာရသည် ကျွန်တော့်ရဲ့နှလုံးသားထဲမှာ မသိ။ ကျွန်တော့်ဦးနှောက်ထဲမှာလည်း မရှိ။ ကျွန်တော် နားမလည်ပါ။ ကျွန်တော် သိနားလည်နေတာက ကျွန်တော့်မိခင်သည် ကျွန်တော့်ကို လွယ်မွေးသော အမေ၊ ကျွန်တော်၏အမေ။ ကျွန်တော်၏ အဖေနှင့် ကျွန်တော့်ရဲ့ကျေးဇူးရှင်မိခင်ဆိုတာက 'အမေကြည်' ပဲလို့ ကျွန်တော်သိပါသည်။

ယခု ရေးသားဖော်ပြရသောအကြောင်းအရာများနှင့် ပတ်သက်၍ လုံးဝ ကျွန်တော် မရေးချင်ပါ။ ရေးစရာလည်း လိုမည်မထင်ပါ။ ရေးဖို့လည်း အခွင့်အရေးမရှိပါ။ ဒါပေမဲ့ မာမီ (ဂျာနယ်ကျော် ဒေါ်မမလေး) ဒီအကြောင်းချင်းရာလေးကို မှတ်မိသလောက်ရေးပေးစမ်းပါဆို၍ မာမီအား အားနာလေးစားရသည့်အတွက် ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

မေမေချစ်သော
သားအဝါ
၁၉၇၈၊ အောက်တိုဘာ (၈)ရက်

(၁၂)

ထိုနေ့က ကျွန်မ အလုပ်တိုက်တွင် လူရှင်းနေသည်။ ကားတစ်စီးတိုက်ရှေ့၌ ထိုးဆိုက်လိုက်၍ လှမ်းကြည့်လိုက်သည်။ ကားပေါ်မှ ဆင်းလာကြသော သူတို့ကို မြင်လျှင်ပင် အားရဝမ်းသာစိတ်ဖြင့် နေရာမှ ထလိုက်ကာ ဆီးကြိုသည်။

ကျွန်မနှင့် သုံးလေးနှစ်ခန့် မတွေ့ရဘဲ လူချင်းဝေးနေသော ကြည်ကြည်ဌေး . . .။ တစ်ဦးနှင့်တစ်ဦး မတွေ့ကြခြင်းသည် နှစ်ချီ၍ ကာလအတန်ကြာသွားသောကြောင့် ဝမ်းသာအားရ ဆီးကြိုရင်းကပင် သူတစ်ကိုယ်လုံး သိမ်းကြုံး၍ ပိန်သလား၊ ဝသလား၊ နေကောင်းရဲ့လား စသည်ဖြင့် အကဲခတ်လိုက်မိသည်။

မျက်နှာကား . . . ငိုလာခဲ့သော မျက်နှာ။

အလုပ်ခန်းတွင်းသို့ ဝင်လာပုံကလည်း တုန်တုန်ယင်ယင် မျက်နှာပျက်ပျက်။

သူနှင့် လိုက်ပါလာသည့် အပါကလည်း မျက်စိမျက်နှာမလှ၊

၊ သီဟရတနာစာပေ

www.burmeseclassic.com



"ဘာများဖြစ်လာကြပါလိမ့်"

ထိတ်ခနဲ ဖြစ်သွားသည်။

"ညီမ . . . လာ . . . လာ . . . ဒီမှာထိုင်ပါ။ ညီမနဲ့ မတွေ့ရတာ အတော်ကြာသွားပြီ။ အခု ဘယ်ကလာတာလဲ . . . ဟင်"

ကျွန်မက နေရာပေးပြီး ရင်တထိတ်ထိတ်နှင့် ပြောရသည်။

"မမ ညီမ . . . မမဆီလာချင်လွန်းလို့ လာခဲ့တာပါ။ ကျွန်မ ရုံးပေါ်က ဆင်းလာပြီး မမကို သိပ်သတိရတော့တာပဲ။ သိပ်ကို တွေ့ချင်တော့တာပဲ။ ဒါကြောင့် သားကို မင်းမာမီဆီကို ငါ့ကိုလိုက်ပို့။ အမေ . . . မမကို သိပ်တွေ့ချင်တယ်သား . . . လို့ပြောလို့ လိုက်ပို့တာ"

သူပြောသမျှ စကားကိုလည်း ဆုံးအောင် စောင့်ဆိုင်းနားထောင်သည်။ အမူအရာ ပျက်လာကြခြင်းကိုလည်း ရိပ်မိ သတိပြုထားသည်။ ဘယ်လိုအမှုဖြစ်လို့ ဘယ်ရုံးက လာကြတာပါလိမ့် . . . ရာဇဝတ်မှုလား တရားမမှုလားဟူသော သိချင်စိတ်တို့က ရင်ထဲ၌ အစားထိုး သိပ်လာပြန်သည်။

"ရုံးပေါ်က ဆင်းလာတယ်ဆိုတာ ဘယ်ရုံးပေါ်က ညီမဆင်းလာရတာလဲ . . . ဘာအမှုဖြစ်ကြလို့လဲ . . . မမကို ပြောစမ်းပါ"

"အမြွတ်တော်ကြေးရုံးက လာတာပါ မမ"

အမြွတ်တော်ကြေးရုံးတာလို့ ဆိုလိုက်တော့မှပင် ကျွန်မ ရင်ထဲ၌ စိတ်ပူပင်ခြင်းတို့ ပြေပျောက်သွားကာ စိတ်လက်ပေါ့ပါးသွားသည်။

"နေစမ်းပါဦး ညီမရယ် . . . ဘယ်လိုများ ဖြစ်လာလို့လဲ၊ ညီမ မျက်နှာက ငိုလာတဲ့မျက်နှာလိုပဲ . . . ဘာကြောင့်လဲ . . ."

ကြည်ကြည်ဌေးသည် သိလိုစိတ် ထက်သန်စွာ စောင့်ဆိုင်းနေသော ကျွန်မကို မျက်နှာပျက်ပျက်ဖြင့် ပြန်ပြောသည်။





"ရုံးပေါ်က ဆင်းလာပြီး စိတ်ကို မထိန်းနိုင်တော့ဘူး မမရယ်၊ ကားထဲလည်း ဝင်ထိုင်ရော မျက်ရည်ပေါက်ပေါက် ကျလာတော့တာပဲ၊ တစ်ခါတည်းမှ မမကို သတိရလိုက်တာ . . . မမကို ပြောချင်လိုက်တာ၊ ကျွန်မ အခုလာတာ မမကို ပြောစရာရှိလို့ပါ"

"ပြောပါညီမရယ် . . . ပြောပါ"

"ဒီနေ့ကစပြီး မမညီမ အနုပညာကို စွန့်လွှတ်တော့မယ် . . . ကျွန်မစွန့်လွှတ်လိုက်တော့မယ်ဆိုတဲ့အကြောင်းကို ကျွန်မဘဝမှာ ကျွန်မ ပြောရမယ့်သူဟာ မမတစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့် သိပ်လာချင်ပြီး လာပြောတာပါ"

ကျွန်မ အကြည့်မှာ ငေးစိုက်သွားသည်။ ရုတ်တရက် စကားမပြောနိုင်အောင် နှုတ်ဆွံ့နေသည်။ ဘယ်အကြောင်းကြောင့် အနုပညာကို စွန့်လွှတ်တော့မည်ဆိုသော သူ၏ ဆုံးဖြတ်ချက်ကို သိချင်စိတ် ပြင်းပြလာပြန်သည်။

"အမြွတ်တော်ကြေးရုံးမှာ ဘယ်လိုကိစ္စဖြစ်လာလို့ ဒီစကားပြောရတာလဲ . . . မမကို ရှင်းပြောပါဦး"

ကြည်ကြည်ဌေးသည် မျက်ရည်ဝဲဝဲ . . . ငိုသံပါကလေးဖြင့် မဆိုင်းမတွ ပြန်ပြောသည်။

"ကိုရွှေသိန်းပေါ့ မမရယ် . . . သူ သေသွားပြီးတဲ့နောက် ကျွန်မကို လူချည်းပဲထားခဲ့တာမဟုတ်ဘူး မမရဲ့၊ အမြွတ်တော်ကြေး အကြွေးငွေ နှစ်သိန်း တစ်သောင်းနဲ့ ကျွန်မကို ထားခဲ့မှန်း ရုံးရောက်မှ သိရတယ်။ သူ သေသွားတုန်းကလည်း ဘဏ်တိုက်မှာ ငွေဆိုလို့ ဆယ့်ကိုးကျပ် ပြားခြောက်ဆယ်ပဲ ရှိတယ်။ သူများဆီက ငွေလေးထောင် ချေးပြီး သူ့အလောင်းကို သင်္ဂြိုဟ်ခဲ့ရတဲ့ ကျွန်မဟာ သူထားခဲ့တဲ့ အမြွတ်တော်ကြေး

www.burmeseclassic.com



နှစ်သိန်းတစ်သောင်းကို ဘယ်လိုလုပ်ပြီး ဘာနဲ့ဆပ်ရမှာလဲ မမရယ် . . . ကျွန်မမှာ ကျွန်မလုပ်ခဲ့ရတဲ့ ရုပ်ရှင်မင်းသမီး အလုပ်က တစ်လကို ငွေ သုံးရာသာ ခံစားခွင့်ရှိတာ မမအသိ . . . အခု သူသေတော့မှ ကျွန်မ ရုပ်ရှင်လုပ်ငန်းက ကျွန်မလည်ပင်းကိုလာပြီး ကြိုးကွင်းစွပ် သတ်တော့တာပဲ။ ရုပ်ရှင်လုပ်ငန်းကို စိတ်ကုန်ခန်းသွားလိုက်တာ တော်ပါပြီ မမရယ်"

ကြည်ကြည်ဌေး ပြောပြနေစဉ် ကျွန်မမှာ အနောက်နိုင်ငံမှ ကမ္ဘာကျော် အမေရိကန် ရုပ်ရှင်မင်းသမီးကြီး 'ဒေါရစ်ဒေး'ကို ဖျတ်ခနဲ သတိရမိသည်။ ဒေါရစ်ဒေးနှင့် ကြည်ကြည်ဌေးတို့ ကံကြမ္မာအကျိုးပေးချင်း တူလှချည်လား . . . ကျွန်မ အံ့ဩသွားသည်။

ဒေါရစ်ဒေး ယောကျ်ား သေဆုံးသွားသောအခါ၌ အမေရိကန် ဒေါ်လာ သန်းတစ်ဝက်အကြွေးနှင့် ဒေါရစ်ဒေးကို ထားခဲ့သည်။

ဒေါရစ်ဒေးသည် အိမ်ထောင်သုံးဆက် ထူခဲ့သည်။ ဒေါရစ်ဒေး အဆိုတော်ဘဝ၊ ကချေသည်မင်းသမီးဘဝနှင့် ယူခဲ့သော ပထမအိမ်ထောင်သည် လူမဆန်စွာ ဒေါရစ်ဒေးကို ရက်ရက်စက်စက် ရိုက်နှက်နှိပ်စက်သည်။ အားရအောင်ရိုက်နှက်ပြီးလျှင် ကြမ်းပေါ်၌ ပုံလဲနေသော ဒေါရစ်ဒေး၏ ခြေထောက်နှစ်ချောင်းကို ဆွဲကိုင်လျက် ခုတင်တစ်ပတ် ဒရွတ်တိုက် ဆွဲသွားသေးသည်။ ထိုအချိန်က ဒေါရစ်ဒေး၌ ကိုယ်ဝန်ကြီးနှင့် ဖြစ်သည်။ ရိုက်နှက်နှိပ်စက်လွန်း၍ ပထမယောကျ်ား အိမ်ထောင်နှင့် ကွာရှင်းပြီး ဒုတိယအိမ်ထောင် ဆက်ပြန်သည်။

ဒေါရစ်ဒေး၏ ထူးချွန်သော အနုပညာပါရမီရှိသည်ကို မြင်၍ ဟောလီးဝုဒ် ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်မင်းသမီးအဖြစ် ရွေးချယ်လိုက်သည်။ ဒေါရစ်ဒေး၏ ဒုတိယယောကျ်ားသည် ဟောလီးဝုဒ်၌ နာမည်တစ်လုံးနှင့် ဒေါရစ်ဒေး ထွန်းတောက်ကျော်ကြားလာမည့် အရည်အသွေးကို





မြင်၍ သူမှာ ရုပ်ရှင်မင်းသမီးယောကျ်ားမဖြစ်ချင်သောကြောင့် ဒုတိယ ယောကျ်ားသည် ဒေါရစ်ဒေး ရုပ်ရှင်မင်းသမီးဖြစ်ခါနီးဆဲဆဲတွင် သူက အရင် စ၍ အရင်ကွာရှင်းပစ်ခြင်းကို ခံခဲ့ရပြန်သည်။

ဒေါရစ်ဒေး အောင်မြင်ကျော်ကြားလာသော ရုပ်ရှင်မင်းသမီး ဘဝ၌ တတိယအိမ်ထောင် ထူလိုက်ပြန်သည်။ ထို တတိယ ယောကျ်ားသည် ဒေါရစ်ဒေး သရုပ်ဆောင်ခ ရရှိသော သန်းနှင့်ချီ ဝင်နေသော ငွေများကို ဒေါရစ်ဒေးမကိုင်ရဘဲ ယောကျ်ားကသာ ငွေသိမ်း၊ ငွေကိုင် လုပ်သည်။ သူထင်သလို ရမ်းရမ်းကားကားကြီး သုံးဖြုန်းသွားပြီးနောက် ထိုယောကျ်ား ဖြုန်းကနဲ ကွယ်လွန်သွားသောအခါ၌ ဒေါရစ်ဒေးအတွက် ငွေသား ဘာမျှမကျန်ရှိခဲ့ဘဲ ဒေါရစ်ဒေးက ပေးဆပ်ရန် အကြွေး ဒေါ်လာ သန်းဝက် ကျန်ရစ်ခဲ့သည်။

မြန်မာပြည်၌ ထင်ရှားကျော်ကြားသော ရုပ်ရှင်မင်းသမီးကြီး ကြည်ကြည်ဌေးနှင့် ကမ္ဘာကျော် အမေရိကန်ရုပ်ရှင်မင်းသမီး ဒေါရစ်ဒေး တို့၏ ကံကြမ္မာချင်း တူကြပုံကို အံ့ဩရခြင်းဖြစ်သည်။

"ရုံးမှာ ညီမ ဘယ်လိုပြောခဲ့သလဲ"

ကြည်ကြည်ဌေးသည် ရှည်လျားစွာ သက်ပြင်းချလျက် မပြောချင်တော့သောဟန်ဖြင့် ငြိမ်သက်နေသည်။

"ပြောပါဦး ညီမရယ်"

"မမရယ် . . . ပြောရမယ်ဆိုရင် အရှည်ကြီးပဲ၊ လူလည်း အရှက်ကွဲခဲ့ပြီ၊ မကြားချင်ပါနဲ့တော့ . . ."

"ကြားချင်ပါတယ် ညီမရယ် . . . ဘာပြုလို့ အရှက်ကွဲခဲ့ရတာလဲ ပြောပြစမ်းပါဦး"

သူ့ကိစ္စကို စိတ်ဝင်စားလွန်းသောကြောင့် မကြားရ မနေနိုင် ဖြစ်

www.burmeseclassic.com



ကာ ပြောပြရန် တိုက်တွန်းရပြန်သည်။

"လူကလည်း ကောင်းကောင်း နေမကောင်းဘူး မမ . . . ဆရာဝန်က နှလုံးအားနည်းနေတယ်ဆိုလို့ ဆေးထိုးနေရတယ်။ အမြတ်တော်ကြေးရုံးက ခေါ်တယ်ဆိုလို့ ကြားလိုက်ရရင်ပဲ ကျွန်မခေါင်းကို မိုးကြိုးပစ်သလား အောက်မေ့မိတယ်။ ရုံးပြင်ကန္တာရကို သွားရမှာ မကျွမ်းကျင်တော့ ကြောက်တာပေါ့ မမရယ် . . . မောင်ပါကလည်း 'ရုံးကခေါ်နေတာ သွားမှဖြစ်မယ့်ကိစ္စ။ မသွားလို့မဖြစ်ဘူးအမေ' ဆိုတော့ သွားရတာပေါ့။ ကိုယ်ရောက်ရမယ့် အဆောက်အဦရှေ့မှာ ရပ်လိုက်တော့ အဲဒီမှာ အပေါက 'အမေ . . . ဆင်း' ဆိုလို့သာ ဆင်းလိုက်ရတယ်။ မြေကြီးကျယ်ကျယ်မှာ ဘာ ဘယ်လိုနင်းလို့ ဘယ်သွားရမှန်းလည်း သိတာမဟုတ်ဘူး။ နဂိုကလည်း လမ်းသွားရရင် ရှိုးတိုးရှန်းတန်းသမား . . . ဟိုကကြည့် ဒီကကြည့်နဲ့ ရုံးထဲဝင်ပြီဆိုရင်ပဲ ကျွန်မစိတ်ထဲမှာ အင်မတန်ကျဉ်းမြောင်းလှတဲ့ လိုဏ်ခေါင်းကြီးတစ်ခုထဲမှာ တစ်ယောက်တည်း လျှောက်သွားရသလိုပဲ မမရယ် . . . ရင်ခေါင်းထဲမှာ ကျပ်တက်လာတာပဲ . . ."

ကြည်ကြည်ဌေးသည် သူ ခံစားခဲ့သည့်အတိုင်း သူ့ရင်၌ ကျပ်တက်လာပုံကိုပါ မချိမဆန့် အမူအရာများဖြင့် ပြောပြနေသည် ဖြစ်ခြင်းကြောင့် သူ့အပေါ်၌ သနားလိုက်သည်မှာ ပြောဖွယ်ရာမရှိ။

"ဟိုရောက်တော့ ဘယ်သူက ခေါ်တာမှန်းလည်း မသိ . . . ဘယ်ထိုင်ရမှန်းလည်း မသိ ဖြစ်နေတုန်း လှမ်းခေါ်တယ် မမရဲ့ . . . 'ဒြော် . . . လာ . . . လာတဲ့' ခေါ်တော့မှ သားအမိနှစ်ယောက် ဝင်ထိုင်ရတယ်။ ဝင်ထိုင်ပြီး 'ဘုရား . . . ဘုရား . . . ဘာတွေများ မေးမလဲ' မေးရင် မပြောတတ် မဆိုတတ်နဲ့ ဒုက္ခပါပဲပေါ့ . . . အရာရှိက 'ဒေါ်ကြည်ကြည်ဌေး အမြတ်တော်ကြေးကိစ္စနဲ့ ပတ်သက်ပြီး သိသမျှ





ပြောပါ' တဲ့ . . . ကျွန်မက 'ကျွန်မ ဘာမှမသိပါဘူးရှင်' လို့ ပြောလိုက်တယ်။ ဘာမှမသိလို့ ဘာမှမသိဘူးပြောတာ မမ"

"အဲဒီတော့ အရာရှိက ဘာပြောသလဲ" ကျွန်မက ဝင်ထောက်လိုက်သည်။

"ဒေါ်ကြည်ကြည်ဌေးအနေနဲ့ မသိဘူးပြောလို့ ဘယ်ဖြစ်မလဲ . . သိရမှာပေါ့တဲ့။ ဇာတ်ကားတစ်ကားကို ငွေဘယ်လောက်ရသလဲ ဆိုတာ ခင်ဗျားသိရမယ်။ ကျွန်မကလည်း မသိပါဘူးပေါ့"

"အိမ်ထောင်ရှင်မတစ်ယောက်လုပ်နေပြီး ကိုယ့်အိမ်ထောင်အတွက် ဝင်ငွေထွက်ငွေကော မသိဘူးလားတဲ့။ ကျွန်မက ကျွန်မ မသိပါဘူးပေါ့။ အဲဒီတော့ အရာရှိက 'ခင်ဗျားကိုမေးသမျှ ခင်ဗျား မသိတာချည်းပဲ။ ခင်ဗျားသိတာ ဘာရှိသေးလဲ'တဲ့ မမရယ်"

ကြည်ကြည်ဌေး မျက်လုံးထဲ၌ မျက်ရည်တွေ ဝေနေသည်။

"ကျွန်မ မသိဘူးလို့ဖြေရတာ သိပ်ရှက်တာပဲ။ တော်တော်လေး စိတ်ထဲမှာမကောင်းဘူး။ ကျွန်မက မသိပါဘူး၊ မသိပါဘူး ဖြေနေတော့ မေးတဲ့လူက ခင်ဗျားသိတာ ဘာရှိသေးလဲလို့ ပြောပုံဟာ တကယ်တော့ အပြောတောင် နည်းပါသေးတယ်"

ကြည်ကြည်ဌေးသည် မျက်ရည်များ ဝေကျမလာစေရန် မျက်နှာကို ငုံ့ချလျက် မျက်လွှာကလေး ပိတ်ပြီးမှ ပြောသည်။

"ကျွန်မ ရှက်ရှက်နဲ့ ပြန်ပြောတယ်"

"ဘယ်လိုပြောလိုက်သလဲ" ကျွန်မက အလန့်တကြား အသံဖြင့် မေးမိသည်။

"ကျွန်မကို အမြတ်တော်ကြေးကိစ္စနဲ့ပတ်သက်ပြီး ဘာသိသလဲ မေးတိုင်း ကျွန်မအနေနဲ့ ဘာမှမသိပါဘူးလို့ ဖြေနေရပါတယ်။ ဘာဖြုလို့

www.burmeseclassic.com



ကျွန်မ မသိရခြင်းဖြစ်ရသလဲလို့ ဖြေရမယ်ဆိုရင် ဉပဒေဘောင်ထဲက အဖြေမဟုတ်ဘဲ ဉပဒေအပြင်ဘက်က အဖြေတွေ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဖြေရှင်းခွင့် ပြုပါသလားရှင်လို့ပြောတော့ အရာရှိရ 'ဖြေပါ . . . ဖြေပါ . . . ' တဲ့"

ကျွန်မမှာ ပို၍ စိတ်ဝင်စားသွားသည်။

"မမရယ် . . . မယားကြီး၊ မယားငယ် ဘဝတွေကို အားလုံး ဖော်ပြောပြခဲ့ရတာ ကောင်းသေးသလား မမရဲ့၊ ပြီးတော့လည်း သေတဲ့သူကို လက်ညှိုးထိုးပြခဲ့ရတယ်။ သူလုပ်သွားတဲ့အလုပ်တွေ မဟုတ်လား။ ခင်ဗျားယောကျ်ား ခင်ဗျားကို လက်မှတ်ထိုးခိုင်းခဲ့တာ ခင်ဗျား ဖတ်မကြည့်ခဲ့ဘူးလားတဲ့။ မကြည့်မိပါဘူး ဆရာရယ် . . . ကိုယ့်လင်သားတစ်ယောက်အနေနဲ့ ကြောက်တာလည်းတစ်ကြောင်း၊ မယုံကြည်ရာ မရောက်အောင်လည်း တစ်ကြောင်း၊ ထိုးဆို ထိုးခိုင်းတဲ့နေရာ ထိုးလိုက်တာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအပေါ် မှာ ဒီလိုလုပ်လိမ့်မယ် မထင်ဝါဘူး။ ကျွန်မနားလည်ထားတာက အမြွတ်တော်ကြေးနဲ့ ပတ်သက်ပြီး သူက ခဏခဏ ပြောလေ့ပြောထရှိပါတယ်။ 'တစ်နေ့ ငါမနေရလို့များ သေသွားလို့ရှိရင် အမြွတ်တော်ကြေးနဲ့ပတ်သက်လို့ နင့်တစ်သက်လုံး စိတ်ချမ်းသာရအောင် ငါလုပ်တာ။ အဲဒီတော့ နင် ငါ့ကို ကျေးဇူးတင်ရမယ်တဲ့' . . . ဒီစကားလုံးတွေ ပြောနေတော့ လက်မှတ်ထိုးဆို ထိုးလိုက်တာပါပဲလို့ ပြောပြတယ်"

ကျွန်မရင်ထဲတွင် မချမ်းမသာ ဖြစ်လာခြင်းကြောင့် မျက်နှာချင်း မဆိုင်တော့ဘဲ မျက်လွှာချထားလိုက်ရသည်။

"ကျွန်မဟာ တကယ်တော့ လူရာမဝင်တာ မမ . . . ကျွန်မ အနေနဲ့ ဒီအိမ်ထောင်မှာ လရာဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ





အရာရှိကို ဖော်မပြောရရင် တော်ပေသေးတာပေါ့ မမရယ် . . . လောကစကားနဲ့ပြောရင် မင်းသမီးကြည်ကြည်ဌေး သိက္ခာမကျဘူးပေါ့။ အခုတော့ ကျွန်မဘဝ ဇာတ်စုံခင်းပြီး လူရာမဝင်တဲ့အကြောင်း၊ အသုံးမကျတဲ့အကြောင်း ဖော်ပြောပြခဲ့ရတာတွေကို ရင်နာလွန်းလို့ ရှက်လွန်းလွန်းလို့ မော်တော်ကားထဲလည်း ရောက်ရော မျက်ရည်ပေါက်ပေါက်ကျလာတာပဲ"

ကြည်ကြည်ဌေးသည် ရှေ့ဆက်၍ မပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့လျက် ပါးပေါ်သို့ မျက်ရည်များ ကျမလာစေရန် အံကလေး ကြိတ်ကာ သိမ်းဆည်းချုပ်တီးနေပြန်သည်။

သူ့အိမ်ထောင်တွင် လူရာမဝင် အရာမရောက်သော သူ့ဘဝနှင့် အနုပညာလောကတွင် လျှမ်းလျှမ်းတောက် ထူးချွန်အောင်မြင်သော အနုပညာရှင်ဘဝ။ ဘဝချင်း နှိုင်းယှဉ်ကြည့်လျှင် ဆက်စပ်၍ မရအောင် အလွန် ကွာခြားခြင်း ရှိနေပုံကို ကျွန်မ တွေးမိ၍ ပို၍ ကျွန်မ စိတ်မချမ်းသာ ဖြစ်မိသည်။

သူ့ကို နှစ်သိမ့်ရမည့်စကား၊ အနုပညာကို မစွန့်လွှတ်ရန် တားမြစ်ရမည့်စကား ပြောကြားရန် ရုတ်တရက် ပြောမထွက်နိုင်ဘဲ ရင်ဆို့နေသည်။

"အခုဟာ အမိန့်တစ်ခါတည်း ချလိုက်ပြီလား"

ကြည်ကြည်ဌေးက မဖြေ။ သား မောင်ပါက ဝင်ဖြေသည်။

"အမိန့်ချလိုက်တာ မဟုတ်သေးပါဘူး။ အမိန့်မချသေးပါဘူး။ ကျွန်တော်တို့ အဖေမသေခင်က ဒီကိစ္စအတွက် ကားတွေ တစ်စင်းပြီး တစ်စင်းရောင်း၊ အိမ်ဂရံ စာချုပ်ပါ အာမခံငွေတွေတင်ပြီး အယူခံဝင်ထားတဲ့အမှုပါ။ ဒါကြောင့် အမေ့ကို ခေါ်စစ်နေတာပါ"

www.burmeseclassic.com



"အမိန့်ချသေးတာမှ မဟုတ်ဘဲ ညီမရယ်၊ စိတ်ဆင်းရဲမနေပါနဲ့။ တစ်မျိုးတစ်ဖုံ စိတ်ချမ်းသာမှု ဖြစ်ချင် ဖြစ်လာမှာပေါ့။ အမှုက ထားပါဦး။ အနုပညာအလုပ်ကို မလုပ်တော့ဘူးဆိုတာ ဒီအလုပ်မလုပ်ရင် ညီမဘဝမှာ ဘာအလုပ်လုပ်မှာလဲ"

ကြည်ကြည်ဌေးက ခပ်သွက်သွက် ပြန်ဖြေသည်။

"သားလေးမှာ စာအုပ်ဆိုင်ရှိပါတယ် မမ . . . စာအုပ်ဆိုင်ဝင်ငွေကလေးနဲ့ ကျွန်မတို့သားအမိ နေနိုင်ပါတယ်။ ငါးပိရည်စားပြီး စိတ်ချမ်းသာချင်ပါတယ်။ မမရယ် . . . ငွေတွေအများကြီးဝင်ပြီး စိတ်မချမ်းသာရတာမျိုး မလုပ်လိုတော့ပါဘူး။ တော်ပါပြီ မမ"

"ညီမ ရုံးမှာသိက္ခာကျပြီး အရှက်ကွဲခဲ့ရတဲ့အတွက် နှလုံးသားနာကျင်ပြီး ဘယ်လောက်ခံစားခဲ့ရမလဲဆိုတာ မမ ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ် ညီမရယ် . . . ညီမအဖြစ်က တကယ့်ကို ကြေကွဲစရာကြီးပါပဲ။ ဒါပေမဲ့ ညီမရဲ့ အနုပညာကို ညီမ မလုပ်တော့ဘူး ပြောတာ ညီမ စွန့်ချင်တိုင်းစွန့်လို့မရနိုင်ပါဘူးလို့ မမ ပြောချင်တယ်"

"ဒီမှာ မမ . . . ကျွန်မ ရပ်ပစ်လိုက်မယ် . . . ကျွန်မ ရုပ်ရှင်မရိုက်တော့ပါဘူး"

သူမ စိတ်ပြေရန် ကျွန်မက ခပ်ပြုံးပြုံး၊ ခပ်အေးအေးကလေး ပြောလိုက်ရသည်။

"ရပ်ပစ်တယ်ဆိုတာ ခေတ္တရပ်ဆိုင်းတာပဲ ဖြစ်ရလိမ့်မယ်ညီမ။ ဘာပြုလို့ လဲဆိုတော့ ညီမဟာ တစ်ခေတ်မှာ ထူးချွန်တဲ့ အနုပညာရှင်တစ်ဦးဖြစ်ဖို့ ငါးနှစ်သမီးကစပြီး မွေးဖွားလာခဲ့တဲ့ ညီမရဲ့ အနုပညာအထုံအဆက်ကြီး ဟာ စွန့်လွှတ်လိုက်လို့ ရတဲ့ အထုံအဆက်ကြီးလို့ ထင်သလား . . . မထင်နဲ့ညီမ၊ မရဘူး . . . အနုပညာရပ် ထွန်းကားကြတဲ့ တကယ့်





ထူးချွန်တဲ့ ပါရမီရှင်တွေထဲမှာ ညီမလည်း တစ်ဦးတစ်ယောက်အပါအဝင် ဖြစ်နေလို့ ရပ်လို့မရခြင်းပါ"

ကျွန်မကိုစိုက်ကြည့်နေသော သူမမျက်လုံးများတွင် လေးနက်စွာ စဉ်းစားဟန်ရှိသည်။

"ဒီလို ထူးချွန်တဲ့ ပါရမီရှင်တွေဟာ သူတို့အနုပညာကို သူတို့ စွန့်ချင်ရင် ရတယ်လို့ မရှိပါဘူး။ ဘယ်လိုကျောခိုင်းခိုင်း ရေစက်ကိုမကုန်ဘူး။ ပြန်ကိုရောက်လာတာပါပဲ။ အနုပညာရပ်နဲ့ ဆိုင်တဲ့ ဇာတ်သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ဒီနယ်မယ်တွေမှာ ထွန်းကားကြတဲ့ ထူးချွန်သူ ပါရမီရှင်တိုင်းဟာ သူတို့အနုပညာကို သူတို့အသက်လို့ အောက်မေ့ကြတာပဲ။ ညီမကော . . . ညီမပညာကို ကိုယ့်အသက်လို့ မအောက်မေ့ဘူးလား"

ကြည်ကြည်ဌေးသည် ငြိမ်သက်စွာ နားထောင်နေရာက အသံထွက်လာသည်။

"အသက်လို့ အောက်မေ့ခဲ့တာပေါ့ မမရယ်"

"ဒီပါရမီရှင်တွေ အသက်ရှိနေသမျှ ကာလပတ်လုံး သူတို့ရဲ့ ထူးချွန်တဲ့ အနုပညာအထုံဟာ သူတို့အသက်နဲ့အတူ ရှိနေကြတာချည်းပဲ။ စွန့်ပစ်လို့ကို မရဘူး"

ကြည်ကြည်ဌေး၏မျက်လုံးများ ပြန်၍ အောက်စိုက်သွား၏။

"ရှေ့လျှောက် ညီမ ရုပ်ရှင်ကားတွေ အများကြီး ရိုက်နိုင်ပါသေးတယ်။ အနုပညာလုပ်ငန်းက ညီမလည်ပင်းကို ကြိုးကွင်းစွပ်တာ မဟုတ်ပါဘူး။ ညီမရဲ့ ဘဝအကြောင်းကံက ညီမလည်ပင်းကို လာပြီး ကြိုးကွင်းစွပ်တာလို့ ဆိုရပါလိမ့်မယ်။ စိတ်မပျက်ပါနဲ့ ညီမရယ် . . . ညီမ လောက် စိန်သန်သန်ခိုင်ခိုင် ထားနိုင်တဲ့ အမျိုးသမီးမျိုး တကယ်တော့ ရှားပါတယ်"

www.burmeseclassic.com



တစ်ချိန်လုံး သူ့ကို စိတ်နှလုံး သက်သာလာစေရန်၊ အားမလျှော့ရန် အတတ်နိုင်ဆုံး ကြိုးစားပြီး ကျွန်မ ဖျောင်းဖျပြောဆိုလိုက်သည်။ အချိန်တန်၍ ပြန်သွားကြသော်လည်း ကျွန်မမှာ သူ့အတွက် စိတ်မချ၊ စိတ်မအေးပေ။ ရက်အားရှာ၍ တစ်နေ့ သူ့အိမ်သို့ ရောက်အောက်သွားသည်။

ဗိုလ်အောင်သိန်းမရှိမှ ကြည်ကြည်ဌေးသည် အိမ်တွင် သားလေးမောင်ပါ၊ သူ့သမီးနှင့် သားမက်၊ မြေးကလေးများပါ အတူနေထိုင်ကြသည်။

အိမ်အောက်ထပ်၌ ဗိုလ်အောင်သိန်းရှိစဉ်က နေကြသော အောင်သိန်း၏တပည့်တပန်းများလည်း ယခင်အတိုင်းပင် ဆက်လက်နေထိုင်ကြသည်။

ကျွန်မကိုမြင်လျှင် ဝမ်းသာကြည်လင်သောမျက်နှာနှင့် ဆီးကြို၍ အိမ်ထဲမဂင်မီ စိတ်ချမ်းသာသွားသည်။

ကျွန်မ မရောက်တာကြာပြီဖြစ်၍ ကျွန်မမျက်စိထဲ၌ အိမ်ကြီးမှာ ယခင်အိမ်နှင့်မတူဘဲ ခြားနားနေသည်။

ယခင်က အိမ်ထဲဝင်လျှင်ဝင်ချင်း ဖဲဝိုင်းကို စတွေ့ရသည်။ ဗိုလ်အောင်သိန်း၏ ဖဲပရိသတ်ဧည့်ပေါင်းစုံတို့၏ အသံဗလံဖြင့် ဆူညံနေတတ်သည်။ ကျွန်မ တွေ့လိုသည့် ကြည်ကြည်ဌေးကို ရုတ်ချည်းမတွေ့နိုင်ဘဲ အခန်းထဲမှ ရှိန့်ရှိန့်ကလေးထွက်လာမည့် သူ့ကို စောင့်ရစမြဲဖြစ်သည်။

ယခုမူ အိမ်ကြီးမှာ နှစ်ကြာ၍ အိုဟောင်းသွားသည့်တိုင် အေးချမ်းရိပ်ငြိမ်သော အသွင်သို့ ပြောင်းလဲနေသည်။ ကြည်ကြည်ဌေးကို သူ့အိမ်ပေါ်တွင် တွေ့ရပုံမှာလည်း ယခင်ကနှင့်မတူ။ ဤအိမ်၏ တစ်ဦးတည်းသော အိမ်ရှင်မအဖြစ်နှင့် တွေ့ရ၍ ကျွန်မမျက်စိထဲ၌ အိမ်ကြီး





မှာ ကြက်သရေနှင့် ပြည့်စုံနေသည်။

အမြတ်တော်ကြေးအမှုနှင့် ပတ်သက်၍ ချစ်ခင်ကြင်နာသော မိတ်ဆွေတစ်ဦးက ဥပဒေဘောင်အတွင်းမှ ဝတ်လုံနှင့် ဆောင်ရွက်ရန် အကြံညာဏ်လာပေးကြောင်း၊ ဝတ်လုံနှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း အေးချမ်းစွာ ပြောပြသည်။ သူ စိတ်သက်သာရာ ရသွားပုံရှိသည့်အတွက် ကျွန်မလည်း စိတ်အေးသက်သာသွားသည်။

ရုပ်ရှင် ဆက်ရိုက်ရန်ကိုကား စိတ်ပါလက်ပါ ရှိဟန်မပြခြင်းကြောင့် ကျွန်မ စိတ်ပါလက်ပါဖြစ်လာအောင် ဆွဲဆောင်တိုက်တွန်း ပြောဆိုသည်။

"ညီမရယ် . . . ညီမကိုယ်ညီမ အသက်ကြီးပြီရယ်လို့ လူကြီးခန်းတွေ၊ အမေခန်းတွေချည်း ဝင်ရိုက်မနေပါနဲ့။ လူငယ်ခန်းကို ပြန်ရိုက်စမ်းပါ။ ငယ်စဉ်ကလို မင်းသမီးခန်း ပြန်ရိုက်ရင် ညီမ သရုပ်ဆောင်နိုင်မှာပါ။ ကိုယ့်အရည်အချင်းကို ကိုယ်ယုံတယ်မဟုတ်လား"

ရုပ်ရှင်မင်းသမီးများ အသက်အရွယ်ထောက်လာလျှင် အမေခန်းတွင် ဇာတ်ရံအဖြစ် ပါဝင်သရုပ်ဆောင်ကြခြင်းသာတွေ့ရတတ်သည်။ ကြည်ကြည်ဌေးကို ယခု အသက်ငါးဆယ်ကျော်အရွယ်တွင် မင်းသမီးအဖြစ်တင်ရိုက်လျှင် အသက်နှင့်မလိုက်အောင် သရုပ်ဆောင်ပြနိုင်မည်ဟု ကျွန်မ ယုံကြည်သည်။ ပြန်ငယ်ပြမည့် သရုပ်ဆောင်ချက်များကို ကျွန်မ မြင်တွေ့လိုသည်။

"မင်းသမီးခန်း ပြန်ရိုက်ရင် ဇာတ်လမ်းလိုတယ် မမရဲ့ . . . ဇာတ်လမ်းက ရှိဦးမှ . . ."

ကျွန်မ ဝမ်းသာသွားသည်။ "ဇာတ်လမ်းလိုတယ် မမ" ဟု သူ့နှုတ်မှ လျှစ်ခနဲ ထွက်လာခြင်းသည် အနုပညာစိတ် မကုန်ခန်းသေး

www.burmeseclassic.com



ကြောင်းကို ဖော်ပြနေခြင်းကြောင့် ကျွန်မ ဝမ်းသာရခြင်းဖြစ်သည်။

ကျွန်မက သူစကားကိုနင်း၍ သူ့အား ဆယ်တွန်းပြောသွားသည်။

"ဇာတ်လမ်းလား . . . ရနိုင်တာပေါ့ ညီမရယ် . . . ညီမ ဘယ်လိုဇာတ်လမ်းမျိုး ရိုက်သင့်သလဲဆိုရင် အကြမ်းအားဖြင့် မမအကြံဉာဏ်ပေးရရင်တော့ အသက်သုံးဆယ်အရွယ်လောက် အပျိုကြီးအဖြစ်မျိုးပါဝင် သရုပ်ဆောင်ရလိမ့်မယ်။ မိတ်ကပ်ကောင်းရင် ရုပ်ပြန်ပြောင်းပြီး ငယ်သွားနိုင်တယ်။ အဆင်အပြင်လည်း လိုတယ်။ ဒီ့အပြင် သရုပ်ဆောင်တော်ရင်၊ အစွမ်းထက်ရင်၊ ဘယ်လောက် အသက်ကြီးကြီး ငယ်သွားနိုင်တယ်"

သူ့အသွေးအသားထဲ၌ မြုပ်နေသော အနုပညာပါရမီ မီးတောက်သည် ကျွန်မ ခလုတ်နှိပ်လိုက်၍ ဝင်းခနဲ ထိန်လင်းလာသည့်အလား သူ့မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားခြင်းကို မြင်လိုက်ရသည်။

ကျွန်မမှာ ဆက်လက်တိုက်တွန်းရန် အားရှိလာသည်။ ဇာတ်လမ်းကို အကြမ်း ကောက်ခါငင်ကာ စဉ်းစားလျက် ပြောလိုက်သည်။

"ဇာတ်လမ်းက ဒီလိုလုပ်တာပေါ့။ မောင်နှမနှစ်ယောက် ရုပ်ရှင်ကုမ္ပဏီပိုင်ကြတာ။ အစ်ကို ရုပ်ရှင်ဒါရိုက်တာ ဖျန်းခနဲ သေသွားလို့ ဇာတ်လမ်းတစ်ပိုင်းတစ်စကို ပြီးဆုံးအောင် ညီမက ဒါရိုက်တာလုပ်ပြီး ဝင်ရိုက်ပေးရရင်း ဇာတ်လမ်းထဲမှာပါဝင်တဲ့ ကိုယ့်ထက် အသက်ငယ်တဲ့ မင်းသားကို ညီမက ကျိတ်ပြီး အပျိုကြီးအဖြစ်နဲ့ တစ်ဘက်သတ် တိမ်းညွတ်မိပုံ သရုပ်ဆောင်ချက်တွေ ရိုက်ပြရမယ်။ ဒီဇာတ်လမ်းမျိုးကို ဖွဲ့လိုက်၊ ဆင်လိုက်ရင် ဇာတ်ထုပ်တစ်ထုပ် ဖြစ်တာပေါ့"

ကျွန်မစိတ်ထဲက ပြုံးမိသည်။ အနုပညာရှင် တကယ်စစ်လျှင် ဆိုင်းသံကြားလျှင် ဆိုချင် ကချင်သည့် ဓမ္မတာအတိုင်း သူ့ရှေ့တွင် ဆိုင်း





ဝိုင်းကြီးချ၍ ကျွန်မ တီးပြနေသည့်နှယ် တစ်ချိန်ထက်တစ်ချိန် စိတ်ပြန် ဝင်စားလာဟန်ကို အကဲခတ်မိသဖြင့် ကျွန်မ ကျိတ်၍ ပြုံးမိခြင်းဖြစ်သည်။

"မမက ညီမကို အမေခန်းထဲက ခွဲထုတ်ပြီး အမေခန်းမဟုတ်တဲ့ မင်းသမီးခန်းကို ပြန်ရိုက်ပြချင်တယ်။ ညီမ ကောင်းကောင်းကြီး သရုပ်ဆောင်ပြသွားနိုင်မယ်လို့ မမယုံကြည်ပါတယ်"

စေတနာရှေ့ထားလျက် စိတ်အားထက်သန်စွာပြောသော၊ ဆွဲဆောင်တိုက်တွန်းအားပေးချက်သည် အလဟဿ မဖြစ်ဘဲ၊ ကျွန်မလိုရာခရီးသို့ နောက်ဆုံး ဆိုက်ရောက်သွားလေတော့သည်။

"မမ . . . အဲဒီဇာတ်လမ်းကို ရေးပေးလေ၊ မမ ရေးပေးရင် ကျွန်မ ရိုက်ပါ့မယ်"

အကြောင်းအားလျော်စွာပင် ကျွန်မ အိမ်ဆောက်ရန် အကြောင်းဖန်လာသည်။ ကြည်ကြည်ဌေးကို ကျွန်မ ရေးပေးရန်ဝန်ခံထားသော ဇာတ်လမ်းကိုလည်း ကျွန်မ ရေးမပေးနိုင်။ ကျွန်မမှာ အခြားအလုပ်အားလုံးကို ရပ်ဆိုင်းပစ်လျက် ပန်းရံသမား၊ လက်သမားတစ်အုပ်နှင့် အိမ်တစ်လုံးကို အစအဆုံး မပြီး,ပြီးအောင် နှစ်နှစ်နီးပါး ဆောက်ရသည်။

ထိုကာလအတွင်း ကြည်ကြည်ဌေးထံသို့ မရောက်နိုင်။ ကြည်ကြည်ဌေးကလည်း ကျွန်မထံသို့ ရောက်မလာ။ ရုပ်ရှင်မဂ္ဂဇင်းများမှနေ၍ ကြည်ကြည်ဌေး ရုပ်ရှင်ရိုက်နေသော သတင်းကို ကြားသိရ၍ ကျွန်မ စိတ်ချမ်းသာမိသည်။

အိမ်ဆောက်ပြီးသောအခါတွင် စာမရေးဘဲနေသည်မှာ ကာလကြာမြင့်သွားသဖြင့် ကြည်ကြည်ဌေး အတ္ထုပတ္တိရေးရန် ရည်ရွယ် ဆုံးဖြတ်ချက် ချထားသည့်အတိုင်း လူချင်းပြန်ဆုံတွေ့ကြသည်။

www.burmeseclassic.com



"မမရေ . . . မမက ဇာတ်လမ်း ရေးမပေးနိုင်တော့ အဲဒီဇာတ်လမ်းဟာ ရုပ်ရှင်ဖြစ်သွားပြီ"

လူချင်းမတွေ့ဘဲ ဘယ်လောက်ပဲ ကွာဝေးနေနေ၊ လူချင်းပြန်တွေ့ဆုံကြပြီဆိုလျှင် ဝေးကွာကြာမြင့်သော နှစ်ပရိစ္ဆေဒတွေမှာ ပျက်ပြယ်သွားကာ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်မှုမှာလည်း မဝေးမကွာ၊ အသည်းလှိုက် အူလှိုက်ပင် ဖြစ်ကြသည်။

"အို . . . ဟုတ်လား၊ ဝမ်းသာလိုက်တာ ညီမရယ် . . . ဘယ်ကုမ္ပဏီနဲ့ ဘယ်လိုဇာတ်လမ်းလုပ်ရိုက်လိုက်သလဲ . . . နာမည်က. . ."

"နာမည်က 'မူယာမာယာ ပိုလွန်းတယ်' . . . ဒါရိုက်တာက အောင်မြင့်မြတ် . . . ရိုက်တောင်ပြီးပြီ"

"မဂ္ဂဇင်းမှာ မမ ဒီကြော်ငြာတွေ့တော့ ဒီဇာတ်လမ်းများလားလို့ ထင်လိုက်သားပဲ။ ဘာပဲဖြစ်ဖြစ် မမစေတနာ အကောင်အထည်ပေါ်သွားတာ သိပ်ကိုဝမ်းသာတာပဲ ညီမရယ် . . . ဒီဇာတ်ကား မမကြည့်ချင်တယ်"

"ကျွန်မ ကြည့်ချင်တယ်" ဆို၍ ကြည်ကြည်ဌေးသည် ကားထုပ်နှင့်စက်ကို သယ်ယူကာ ကျွန်မအိမ်၌ ပြသည်။

ကျွန်မတို့နှစ်ယောက် အတူထိုင်၍ ဇာတ်ကားကို ကြည့်ကြသည်။

အမေခန်းမှ ခွဲထွက်၍ မင်းသမီးအဖြစ် ကျွန်မ မြင်လိုလှသောသူ၏ သရုပ်ဆောင်ချက်ကို ယခု ကျွန်မ မြင်ရလေပြီ။ ကျွန်မ တစ်ကိုယ်လုံး နှစ်ထောင်းအားရ ဝမ်းသာပီတိတို့ လွှမ်းဖုံးသွားခြင်းကြောင့် ပီတိ၏ သုခချမ်းသာကို နင့်နေအောင် ခံစားရသည်။

အသက် ငါးဆယ်ကျော်အရွယ်မှ အသက်သုံးဆယ် အရွယ်သို့ ပြန်ပြောင်းထားသော ရုပ်သွင်ကို သိပ်အားမရလှချေ။ ပိတ်ကားပေါ်၌





မြင်ရသည့် ရုပ်သွင်ထက် နုငယ်ချင်သေးသည်။ နောက်ဆုံးပေါ် တိုးတက်နေသော ရုပ်ရှင်မှန်ဘီလူး၊ ရုပ်ရှင်ရိုက်စက်၊ မိတ်ကပ် စပါယ်ရှယ် စပါယ်ရှယ်တို့နှင့် အနောက်နိုင်ငံက ပြုပြင်နည်း ရိုက်ချက်ရိုက်ပုံမျိုး အတိုင်းသာ ရိုက်နိုင်ခွင့်ရလျှင် ယခုရုပ်ပုံထက် ငယ်သွားနိုင်သေးသည်ဟု အောက်မေ့မိသည်။

အမူအရာ သရုပ်ဆောင်ချက် တော်လွန်း၍သာ ငယ်ရုပ်သွင်ကို ဆောင်သွားနိုင်ခြင်းဖြစ်သည်။

အနောက်တိုင်း ရုပ်ရှင်မင်းသမီးတို့၏ ဘွားအေကြီးဖြစ်သော 'ဂလိုရီယာဆွန်ဆင်' မင်းသမီးကြီးကို သွား၍ အမှတ်ရမိသည်။ အသက် ငါးဆယ့်နှစ်နှစ်အရွယ် ၁၉၅၀ ခုနှစ်က ရိုက်ကူးပြသခဲ့သော 'တနေဝင်ရိပ်သာ' ဇာတ်ကား၌ မင်းသားသစ် 'ဝီလျံဟိုလ်ဒင်' နှင့် တွဲဖက်ပါဝင်ထားသည်။

အသက် ၅၂ နှစ်အရွယ် မင်းသမီးအိုကြီး ပါဝင် အသုံးတော်ခံထားသော ထိုဇာတ်ကားသည် ဟောလီးဝုဒ်ရုပ်ရှင်ရာဇဝင်တွင် အထူးခြားဆုံးဇာတ်ကား ဖြစ်ခဲ့သည်။ ထိုဇာတ်ကား ရိုက်ကူးပြီးဆုံးသောအခါ ဟောလီးဝုဒ်ရှိ ရုပ်ရှင်ပညာသည်များက 'ဂလိုရီယာဆွန်ဆင်' အား ကမ္ဘာ့ဇာတ်လိုက်အပေါင်းတို့၏ ထိပ်ဆုံးဇာတ်လိုက်ကြီးသို့' ဟူသော စာတမ်းပါသည့် တံဆိပ်တစ်ခုဖြင့် ဂုဏ်ပြုကြသည်။

ဇာတ်ကားမှာ ထူးခြားသော ဇာတ်လမ်းမျိုးမဟုတ်။ ဇာတ်လိုက်များမှာ ဂလိုရီယာ၊ မင်းသား ဝီလျံဟိုလ်ဒင်နှင့် မင်းသမီး နံစီအော်လဆင်တို့ ဖြစ်သည်။

ကျွန်မ ကြည့်နေသော 'မူရာမာယာပိုလွန်းတယ်' ဇာတ်ကား၏ ဇာတ်လမ်းမှာလည်း ထူးခြားသောဇာတ်လမ်းမျိုးမဟုတ်။ အသက် ၅၀

www.burmeseclassic.com



ကျော်အရွယ် ကြည်ကြည်ဌေးသည် အသက် ၃၀ ကျော်အရွယ် အပျိုကြီး မင်းသမီးအဖြစ် သူသားလောက်ရှိသော ရုပ်ရှင်မင်းသား ညွန့်ဝင်းနှင့် တွဲဖက်ရိုက်ထားသည်။ မင်းသားညွန့်ဝင်းအပေါ်၌ တိတ်တခိုး ကျိတ်၍ တိမ်းညွတ်နေသော ကြည်ကြည်ဌေး၏ ငယ်မူပြန်သော သရုပ်ဆောင် ချက်သည် ရုပ်ရှင်ရာဇဝင်တွင် မှတ်တမ်းတင်လောက်အောင် ထူးခြားမှု ရှိသည်။

သူ့အမူအရာ၊ သူ့သရုပ်ဆောင်ချက်များကို တစ်စမကျန် အကွက် စေ့ ကျွန်မ ဝေဖန်ကြည့်ရှုသည်။ ဇာတ်လိုက်မင်းသား ညွန့်ဝင်းပေးသော စာကို ဖတ်ကြည့်နေသော အခန်းသည် နုပျိုသော သရုပ်ဆောင်ချက် ပေါ်လွင်လွန်းသဖြင့် 'ရုံတင်လျှင် ပွဲတိုင်းလူပြည့်လျှံမယ့် ဇာတ်ကားပဲ' ဟု မှတ်ချက်ချမိသည်။

သူ့ သရုပ်ဆောင်သွားသည့် အခန်းတွေကို စိတ်ကြိုက်တွေ့တိုင်း ကျွန်မနား၌ ထိုင်နေသော သူ၏လက်ကလေးများကို ဆုပ်ဖြစ်လျက် . . .

"ညီမတော့ အောင်မြင်တာပဲ . . ." ဟု ဝမ်းသာအားရ ဂုဏ်ပြု စကားပြောရသည်။

သူရိုက်နေသော ရိုက်ဆဲကားများ ရှိနေသည်ဆို၍ ရုပ်ရှင်ရိုက် မည့်နေ့များတွင် ကျွန်မကိုခေါ်ရန် မှာကြားလိုက်သည်။

'ချစ်သောဖေဖေ'၊ 'နွေး' ရိုက်ကွင်းများကို ကျွန်မ သွားကြည့် သည်။ ကျွန်မ သွားကြည့်သောနေ့က 'ချစ်သောဖေဖေ' ဇာတ်ကား ရိုက် သောနေ့ ဖြစ်သည်။

နှစ်ထပ်တိုက်တစ်လုံး၏ အောက်ထပ် စန္ဒရားအပါအဝင် ဧည့် ခန်းတစ်ခန်း ပြင်ဆင်နေကြသည်။ ကြည်ကြည်ဌေးသည် ဆံပင်တို နောက်ကြော၌ ယခုခေတ် မိန်းကလေးများလုပ်ကြပုံအတိုင်း ဖားလျား





ချထားလျက် အသက် ၁၈ နှစ် ၂၀ အပျိုပေါက်ကလေးအရွယ်ခန်းကို ရိုက်ရန် ပြင်ဆင်ထားသည်။ 'မှုရာမာယာပိုလွန်းတယ်' ဇာတ်ကားတွင် ပါဝင်သော အရွယ်ထက် ပို၍ငယ်သောအရွယ်၊ ငယ်သောအသွင် ပြင် ဆင်ဝတ်စားထားသည်။

ရုပ်ရှင်ရိုက်မည့်ဆဲဆဲ ပြင်ဆင်ထားသော ကြည်ကြည်ဌေးကို ငယ် ရုပ်ပေါ်၊ မပေါ် စစ်ဆေးသောအကြည့်ဖြင့် ကျွန်မ ကြည့်လိုက်သည်။ ယခု ပြင်ဆင်ထားသော ရုပ်သွင်ကို အားမရသော်လည်း သူ၏ သရုပ်ဆောင် ချက်က ဖုံးလွှမ်းပြီး ငယ်ရုပ်ပေါ်မှာပဲဟု စိတ်ချမိသည်။

ဒါရိုက်တာကစ၍ ကင်မရာမင်း၊ မီးထိုးပညာသည် အားလုံးက သူ့ကို 'အမေ'ခေါ်နေကြသောကြောင့် 'အမေ'ခေါ်သံကြားသော်လည်း ဆံပင်ဖားလျားဖြင့် အပျိုဖြန်းကလေး ကြည်ကြည်ဌေးသည် တုန်သွား ပုံမရ၊ တွန့်သွားပုံမရ၊ ရုပ်ရှင်ရိုက်ရန် သူစိတ်ထဲ၌ သွင်းထားသော အပျို ဖြန်းလေးအရွယ် ဟန်ပန်အပြည့် ရှိနေသည်။

ဧည့်ခန်းထဲ၌ ကိုဝင်းညွန့်နှင့် စန္ဒရားတီးကြမည့်အခန်းကို ရိုက်ကြ တော့မည်။ ကြည်ကြည်ဌေးက ရိုက်မည့်အခန်းတွင်းသို့ မဝင်သွားမီ မအေးကြည်ကို သူပြောရမည့်စကား၊ မအေးကြည်က ပြန်ပြောရမည့် စကား အပေးအယူညှိလိုက်ပြီးမှ ရုပ်ရှင်ရိုက်ရန် ဧည့်ခန်းထဲသို့ဝင်သွား ကာ စန္ဒရားခုံ၌ ထိုင်လိုက်သည်။

"အမေ . . . အမေ့ခေါင်းကလေး နည်းနည်းမော့ပေးပါ"

ကင်မရာမင်းက လှမ်းပြောလိုက်သည်။ မိတ်ကပ်ပြင်ပေးသော သူက အနီးသို့ပြေးလာကာ ခေါင်းပေါ်က ဆံပင်ကို ဘီးကလေးနှင့် အနည်းငယ် ဖြီးသပေးလိုက်သည်။

ကင်မရာချိန်ကြ၊ ပြင်ကြ၊ အသံဖမ်းစက်၊ စမ်းကြ၊ ပြုကြ၊ ရိုက်ခါ

သိဟရတနာစာပေ

www.burmeseclassic.com



နီး ရှုပ်ရှက်ခတ်နေကြသော အချိန်ပိုင်းအတွင်း ဒါရိုက်တာသည် သူရိုက်မည့်အခန်းကို တစ်ခွန်းစ နှစ်ခွန်းစ မင်းသမီးကို ပြောရုံသာဖြစ်သည်။ အထူး သင်ကြားပြသနေစရာ မလို။ ပြင်ဆင်ပြီး၍ ရိုက်ရန် အချက်ပေးလိုက်သောအခါ ကြည်ကြည်ဌေးသည် စန္ဒရားကို အသံစမ်းတီးလိုက်သည်။

စန္ဒရားသင်ပေးမည့် ကိုဝင်းညွန့်သည် စန္ဒရားနားသို့ ရောက်လာကာ ကြည်ကြည်ဌေး၏ ကျောနောက်၌ ကပ်ရပ်လျက် စန္ဒရား တီးစမ်းနေသော ကြည်ကြည်ဌေး၏ လက်ကလေးကို ကုန်း၍ ဆုပ်ကိုင်ရင်း တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ရောက်သွားသောအခန်းကို ရိုက်ကြသည်။

ရိုက်ကွက်မှာ ဘာမျှ မကြာလိုက်ပေ။ ဒါရိုက်တာမှာ သူလိုချင်သော အကွက်ကို ကွက်တိရိုက်သည်။ ဒါရိုက်တာလိုချင်သော ထိုအကွက်ကို ကြည်ကြည်ဌေးသည် သဘာဝကျကျ ကိုဝင်းညွန့်၏ ရင်ခွင်သို့လှည့်ကာ မျက်နှာချင်းအပ်၍ ချစ်စိတ်၊ ရှက်စိတ်ဝင်နေသော အပျိုဖျန်းတို့ အမူအရာကလေးအတိုင်း မိအောင် သရုပ်ဆောင်ပြလိုက်ပုံသည် တစ်ကြိမ်တည်းဖြင့် ရိုက်ပြီးသွားသည်။

မအေးကြည်နှင့် စကားပြောခန်းတစ်ခန်း ရိုက်သည်။

နောက်တစ်ခန်းအတွက် ဒါရိုက်တာ ကိုအောင်မြင့်မြတ်၏ အိမ်ကလေးထဲတွင် ရွှေ့ရိုက်ရန် ပြင်ဆင်ကြပြန်သည်။

ကြည်ကြည်ဌေးက မှန်တင်ခုံရှေ့၌ ထိုင်လိုက်သည်။ အလှပြင်မိတ်ကပ်သမားက ဖားလျားချထားသော ဆံပင်ကို ပြန်ပြင်ထုံးပေးသည်။ အပါက ယခုရိုက်မည့်အခန်း၌ ဝတ်ဆင်ရမည့် အဝတ်အစားကို သေတ္တာထဲမှ ထုတ်သည်။ သူ့အမေ ဝတ်စားပြင်ဆင်မှုကို ဘေးမှ စောင့်ကြပ်ဝိုင်းဝန်း ကူညီလုပ်ကိုင်ပေးသည်။ ပထမအခန်းမ ချွတ်လိုက်သော အဝတ်





အစားများကို အပါကိုယ်တိုင် ခေါက်ယူသိမ်းဆည်းသည်။

ကျွန်မမှာ အပါကိုယ်တိုင် ကူညီနေပုံများကို ထိုင်ကြည့်လျက် ကိုယ့်သားကလေးပင် ဖြစ်ချင်မိသည်။

အနား၌ ကလေးငယ်လေးကိုချ၍ နောက်တွဲဆံမိတ်ချ ဆံထုံးကလေးဖြင့် မီးပူတိုက်နေသော ကြည်ကြည်ဌေးရှိရာသို့ လင်သားဖြစ်သူ ကိုဝင်းညွန့်က အရက်မူးပြီး ဝင်လာလဲကျသွားသောအခန်းကို ရိုက်ကြသည်။

ကလေးပေါက်စအေ မေး အရက်သမားမယားတို့၏ သောကဗျာပါ ပွေနှောက်နေသော ဒုက္ခ၊ သုက္ခ၊ ဟန်ပန်၊ အသံ ကြည်ကြည်ဌေး၏ အမူအရာ သရုပ်ဆောင်ချက်သည် တကယ်ပင် ဖြစ်ပျက်နေသလား ထင်မှတ်လောက်အောင် သနားစရာကောင်းနေသည်။

'နွေး' ဇာတ်ကား ရိုက်မည့်နေ့၊ သူခေါ်လျှင် မိတ်ကပ်မလူးခင်၊ ကတုံးအတုကို ခေါင်းပေါ်မအုပ်ခင် အရောက်လာရန် မှာကြားချိန်းဆိုထားသည်။

ကျွန်မသွားသောအချိန်မှာ ကြည်ကြည်ဌေး မယ်သီလရှင်အခန်း ရိုက်ရန် မိတ်ကပ်ချယ်ပြီးကာ ကတုံးအတု ခေါင်းပေါ်၌အုပ်ပြီးဖြစ်၍ အနည်းငယ် အချိန်နောက်ကျသွားသည်။

သူ့ကို မြင်လိုက်ရရုံဖြင့်ဝင် ကျွန်မ သူ့အစားခေါင်းကိုက်ချင်လာသည်။ အချိန်မှာ နေ့နာရီပြန် တစ်ချက်။ နေကလည်းပူပူ ခေါင်းပေါ်က ကတုံးအတု ခေါင်းစွပ်ကြီးစွပ်၍ မည်မျှကိုယ်လက် မအီမသာနှင့် စိတ်အိုက်၊ စိတ်ကြပ်ကြီး ဖြစ်တော့မည်နည်း။ ကျွန်မ သူ့ဒုက္ခကို ခန့်မှန်းကြည့်သည်။

ခေါင်းနောက်၌ ကတုံးအတု ခေါင်းစွပ်တွင် လေဝင်ရန် အပေါက်

www.burmeseclassic.com



ကလေးတစ်ခု ဖောက်ထားသည်။ နဖူးနှင့် ခေါင်း ငယ်ထိပ်နှင့် တစ်သားတည်းဖြစ်ရန် ကြပ်ညပ်သပ်နေအောင် စွပ်ထားရခြင်းကြောင့် ထိုခေါင်းနောက် အပေါက်ကလေးမှ လေဝင်နိုင်စရာမရှိ။ ခေါင်းထဲသို့ လေမဝင်နိုင်၍ ကတုံးအတုအောက်မှ ဆံပင်များ မည်မျှ ပူလောင်နေမည့်ပုံကား မြင်ရသူပင် မသက်သာလှ။

ရုပ်ရှင်ရိုက်ရန် သီလရှင် ကိုယ်ရုံကို ဝတ်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်မရှေ့၌ ကြည်ကြည်ဌေး ကိုယ်ရောင်ကိုယ်ဝါ ပျောက်ကွယ်သွားသည်။ သီလရှင်သိက္ခာ၊ သီလရှင်ဣန္ဒြေနှင့် တည်ငြိမ်နေသော သီလရှင်တစ်ပါး ဘွားခနဲ ဆိုက်ရောက်လာသလိုပင်။

'နွေး' ဇာတ်ကား ရိုက်သောနေ့က 'ချစ်သောဖေဖေ' ရိုက်သောနေ့ထက် လူစိမ်း၊ မျက်နှာစိမ်း ဧည့်သည်များ ပိုမိုများပြားသည်။ ဧည့်သည်များလာ၍ ကြည့်နေကြသဖြင့် ကြည်ကြည်ဌေးသည် မည်မျှပင် အရေထူသည်ဖြစ်စေကာမူ သီလရှင် အဝတ်အစားနှင့်တော့ အနည်းငယ် ရှက်နေမလား ကျွန်မထင်မိသည်။

ကြည်ကြည်ဌေးနှင့် ကျွန်မတို့ ရုပ်ရှင်ရိုက်ခန်းသို့သွားရန် ဒါရိုက်တာ ကိုအောင်မြင့်မြတ်အိမ်ပေါ်မှ အတူဆင်းလာကြသည်။ ရုပ်ရှင်ရိုက်မည့် အခန်းထဲ၌ လူအုပ်ကို ရှောင်၍သွားရသည်။ သီလရှင်ကြည်ကြည်ဌေးကို လူတကာ ဝိုင်း၍ကြည့်ကြသည်။

ကြည်ကြည်ဌေးသည် လူတွေဝိုင်းကြည့်၍ ကြောင်တက်တက် အမူအရာမျိုးလည်း လုံးလုံးမရှိ။ သူ့ သီလရှင် အဝတ်အစားနှင့် ပရိသတ်ကို စိုးစဉ်းမျှ မရှက်. . . သီလရှင်၏ဣန္ဒြေ အလွန်တည်ငြိမ်ခြင်း ရှိနေသဖြင့် သူ့ကိုဝိုင်းကြည့်ကြသောသူများသာ အကြည့်ကို ရုပ်သိမ်းလျက် ရှက်၍သွားကြသည်။





ယနေ့ရိုက်မည့်အခန်းမှာ သီလရှင် သမီးဖြစ်သူ ရုပ်ရှင်မင်းသမီး ချိုပြုံး ကားတိုက်၍ ဆေးရုံခုတင်ပေါ်၌ အသည်းအသန်ဖြစ်နေကာ သွေးသွင်းနေရပုံ၊ ခေါင်း၌ နဖူးအုပ်အောင် ပတ်တီးများစည်းကာ မျက်လုံးစုံမှိတ်ထားရမည့်အခန်း၊ အမေ သီလရှင် ခုတင်နားသို့ ရောက်လာကာ သမီးကိုခေါ်နေခိုက် သူ့မျက်မှောက်၌ သမီး အသက်ထွက်သွားသောကြောင့် သီလရှင်၏ လွမ်းခန်း၊ ဆွေးခန်းတို့ကို ရိုက်မည်။

မင်းသမီး ချိုပြုံးသည် ဆေးရုံရောက်နေသော လူမမာနှင့် သဏ္ဌာန်တူအောင် ခေါင်းတွင် ပတ်တီးများ ပတ်ပေါင်းထားပြီးလျှင် ဆေးဖြူသုတ် ဆေးရုံသုံခုတင်ပေါ်၌ ဆန့်လဲ့လျက် မျက်လုံးပိတ်ထားသည်။

ဒါရိုက်တာသည် သီလရှင်နားသို့ ရောက်လာကာ အနားကပ်လာပြောသည်။

"အမေ . . . ဒီအခန်းအတွက် ဖလင်ပေ ၄၈၀ တည်း ရှိပါတယ်။ အမေပြောမယ့်စကားနဲ့ အမေ့အမူအရာနဲ့ အမေငိုမယ့်အသံ ဟာ ပေ ၄၀၀ နဲ့ အကုန်ဝင်အောင် လုပ်ပေးပါ အမေ"

ဒါရိုက်တာ အောင်မြင့်မြတ်သည် ဖလင်ပေ မဖြုန်းနိုင်ခြင်းကြောင့် ဤအခန်း ပေ ၄၀၀ နှင့် လုံလောက်အောင် သရုပ်ဆောင်ပေးရန် သီလရှင်နားကပ်၍ မှာကြားပြောဆိုနေသည်။ ပေ ၄၀၀ နှင့်ပြီးအောင် သူ သရုပ်ဆောင်ရမည့်အခန်း၌ အမူအရာကိုလည်း အံဝင်ရန်၊ ပေ ၄၀၀ နှင့်ကိုက်အောင် ဤအခန်းနှင့် သင့်တော်မည့် စကားလုံးများကို တစ်ချိန်တည်း စကားလုံးစီလျက် စဉ်းစားပြောရန် ပုထုဇဉ်သဘာဝ သတိလက်လွတ် ပူဆွေးငိုရှိုက်ပြောရန် သီလရှင်အဖြစ် သစ္စာတရား ပြန်ချုပ်လိုက်ရန်။

www.burmeseclassic.com



ဤအခန်းမျိုး ပေ ၄၀၀ နှင့် လုံလောက်အောင် သရုပ်ဆောင်ရမည်ဆိုလျှင် တစ်ချိန်တည်း၌ စိတ်နှစ်ခွ၊ သုံးခွ ဖြစ်နေပေလိမ့်မည်။ တစ်စိတ်တည်း ထား၍ တစ်ပြိုင်နက်တည်း အားလုံးပါအောင် ပေ ၄၀၀နှင့်အပြီး သရုပ်ဆောင်ရန် ခဲယဉ်းနိုင်သည်ဟု ကျွန်မ တွက်ဆကြည့်သည်။

ကျွန်မမှာ ဒီအခန်းကို သူ ဘယ်လိုများ သရုပ်ဆောင်လိုက်မလဲဟု မြင်လိုဇောဖြင့် ကျွန်မကြည့်ရမည့်နေရာကို ရွေးချယ်ရသည်။

တစ်ဖက်ခန်း တံခါးပေါက်မှ ရပ်၍ကြည့်လျှင် ကြည်ကြည်ဌေးနှင့် မျက်နှာချင်းဆိုင်တည့်နေကာ အားလုံး မြင်နိုင်သဖြင့် စောင့်ကြည့်ရန် နေရာယူလိုက်သည်။ ဒါရိုက်တာက အချက်ပေးလိုက်သည်။

ပရိသတ်သည် အလိုက်သိစွာ ငြိမ်၍ပေးသည်။

သီလရှင် ဆေးရုံခန်းထဲသို့ ဝင်လာချေပြီ။ သမီးခုတင်နား၌ ထိုင်ချလိုက်ပြီး . . .

"သမီး . . . သမီးလေး . . . နွေး . . ဖြစ်မှဖြစ်ရလေ သမီးရယ် . . ."

သမီးပခုံးလေးကို လှမ်းဖက်လိုက်သည်။

ခုတင်ပေါ်မှ မင်းသမီးချိုပြုံး လူပ်ရှားလာသည်။ ခေါင်းကြီးလေးတိမ်းငဲ့ကာ အမေ သီလရှင်ကို အားယူ၍ကြည့်ပြီးနောက် ခေါင်းငိုက်ဆိုက်ကျသွားကာ တစ်ခါတည်း အသက်ထွက်သွားသည်။

"ငါ့သမီးလေးဘဝကို နွေးနွေးထွေးထွေးဖြစ်အောင် 'နွေး'လို့ အမည်ပေးခဲ့ပေမဲ့ သမီးလေးဘဝက မနွေးထွေးပါလား သမီးရယ် . . ."

"သမီး အမေနဲ့နေမယ်ဆို . . . အမေလာပြီလေ . . . အမေမယ်သီလရှင်ဘဝနဲ့ ဒီအသက်ဒီအရွယ်ကျကာမှ အမေ့အသည်းတွေကို ကြေမွအောင် ချေမွထားခဲ့သလား သမီးရယ် . . ."





ရှိုက်သံ . . . ငိုသံ။

"အို . . . လောက . . . လောက . . ဘုရား ရဟန္တာ အရိယာသူတော်စင်တို့ကလွဲရင် ပုထုဇဉ်သဘာဝအတိုင်း သံယောဇဉ်ဆိုတဲ့မီးတွေဟာ နှလုံးသား၌ လောင်ကျွမ်းကြစမြဲပါကပဲလား။ သမီးလေး . . . သူတော်ကောင်းမလေး . . . ကောင်းရာသုဂတိ ရောက်ပါစေ . . ."

တစ်ချိန်လုံး ကြည်ကြည်ဌေး၏ သရုပ်ဆောင်ချက်များကို မျက်တောင်မခတ် စိုက်ကြည့်နေသော ကျွန်မ၏ အသည်းနှလုံးကို မြားစိုက်သွားလေပြီ၊ သီလရှင်သရုပ်ဆောင်နေသူ ကြည်ကြည်ဌေး ပစ်လွှတ်လိုက်သော မြားကြောင့် ကျွန်မမှာ ကြေကွဲရခြင်း၊ ဆို့နင့်ရခြင်း ဖြစ်ရသည့်အပြင် စကားပြောရင်း ရောပွမ်းထွက်ပေါ်နေသော သူ၏ ငိုရှိုက်သံတို့ကား နားထဲမှ တော်တော်နှင့်မစဲနိုင် . . .။

ငိုရှိုက်သံများ နား၌ မစဲနိုင် ဖြစ်နေစဉ်ပင် 'ကြည်ကြည်ဌေး ဘာကြောင့် သည်လောက်ကြီးမြင့်တဲ့ အနုပညာရှင် ဖြစ်နေတာကို သက်သေထူလိုက်တယ်' ဆိုသော စာရေးဆရာကြီး ဦးသိန်းဖေမြင့်၏ အသံကလည်း နားထဲသို့ ဝင်ရောက်လျက်ရှိသည်။

တစ်မိနစ်လျှင် ပေ ၉၀၊ ပေ ၄၀၀ အတွက် ကြည်ကြည်ဌေး၏ အမူအရာ အက်တင်၊ မျက်နှာ အနေအထား၊ အထက်၌ ဖော်ပြထားသော ပြောနေသည့်စကားလုံး၊ လေယူလေသိမ်း ငိုရှိုက်သံတို့ပါ လေးမိနစ်ခွဲနှင့် အပြတ် ရိုက်ကူးလိုက်နိုင်ရခြင်းအတွက် ဒါရိုက်တာ အောင်မြင့်မြတ်၏ရင်ထဲ၌ မည်မျှ အေးမြပေါ့ပါးသွားခြင်းရှိမည်ကို သူ၏ တအားကျေနပ်သွားသော မျက်နှာဖြင့် သိရှိနိုင်သည်။

ရုပ်ရှင်ရိုက်ပြီးသောအခါ သဘာဝသရုပ်ဆောင် သီလရှင်မင်းသမီးကြီး ကြည်ကြည်ဌေးပေါ်၌ ကြည်ညိုစိတ်၊ လေးစားစိတ်တို့သည်

www.burmeseclassic.com



ဒါရိုက်တာ အောင်မြင့်မြတ်၏ တအားကျေနပ်သွားသော မျက်နှာပေါ်၌ အထင်းသားပေါ်နေသည်။

"ညီမရယ် . . . ညီမအနုပညာကို ညီမ စွန့်ချင်လို့ မရပါဘူး။ ညီမဟာ ကိုယ့်အမျိုးသား အနုပညာ ဇာတ်သဘင်က မွေးထုတ်လိုက်တဲ့ ဇာတ်မင်းသမီး အောင်ချင်းမ၊ မာလာရီပါ"

ကြည်ကြည်ဌေးကို နှုတ်အားဖြင့် ဖွင့်ဟ မပြောဆိုခဲ့သော်လည်း ရုပ်ရှင်ရိုက်အပြီး အိမ်ပြန်ရန် လူချင်းခွဲခါနီး၌ ကျွန်မရင်ထဲ၌ ထိုစကားလုံးများကို တသသ ရေရွတ်မြည်တမ်းလျက် ပြန်ခဲ့တော့သည်။

ဂျာနယ်ကျော်မမလေး

# အမေ ဒေါ်ကြည်ကြည်ဌေး

## ဒါရိုက်တာအောင်မြင့်မြတ်

ဟော့ . . . × စာခြောက်ရုပ်ကလေးရော × ငါနောက်ဆုတ် မပြေးပါ × မင်းဆီကိုအရောက်လာ × ငါ့ချစ်သူ အကြောင်းအရာ × ကောင်းကောင်းပြောပြမယ်ကွာ . . .

ကျွန်တော်တို့ သူ့ကို ငေးကြည့်နေခဲ့ရသည်။ စာခြောက်ရုပ်ကို ကိုင်လိုက်၊ ဆိုလိုက်၊ ရယ်လိုက်နှင့် သူ့အသံ၊ သူ့ဟန်ပန်က ပရိသတ်ကို ဆွဲယူညှို့ငင်ထားလိုက်သည်။

လာပါတော့ × အခါခါမော့ × မျှော်ပေါ့လေးနာရီ × ထိုးပြီ ထိုးပြီ . . .

ရုပ်ရှင်ရုံထဲမှ သူ့တေးသံက ရုံပြင်သို့ လျှံထွက်ခဲ့သည်။ ပိတ်ကားပေါ်မှ တေးသွားသည် ပရိသတ်နှုတ်ဖျားထက်ဝယ် ရေပန်းစားစေခဲ့သည်။ ထိုစဉ်က ကျွန်တော်လည်း ပရိသတ်နှင့်အတူ ရောနှော၍ သူ့တေးတွေကို နှစ်ခြိုက်ခဲ့သည်။ နောက်တော့ သူရယ်ပြလျှင် ကျွန်တော်

www.burmeseclassic.com



တို့ ရယ်ရသည်။ သူ ငိုပြလျှင် ကျွန်တော်တို့ စိတ်မကောင်းဖြစ်ကြရသည်။ သူ့ တေးသီချင်းလေးများကို ရင်ထဲဝယ် စွဲငြိထားမိသည်။

သူဆိုသည်က . . . အမေ ဒေါ်ကြည်ကြည်ဌေး။

(၂)

ချစ်ခွင့်မပိုင်၊ ရတနာပုံ ဇာတ်ကားများမှအစ ပန်းပန်လျက်ပါ ဇာတ်ကားအလယ် ယနေ့ ယခုအထိ ပိတ်ကားပေါ်တွင် လှုပ်ရှားနေသော အမေ့အသံ၊ အမေ့ဟန်သည် ရှင်သန်နေဆဲ။

အမေ့ကို ချစ်ခဲ့ကြသော ပြဇာတ်ခေတ်က ပရိသတ်များအနက် အချို့သည် ယခု အသက်ထင်ရှား မရှိကြတော့။

အမေ့ကိုချစ်ခဲ့ကြသော အငြိမ့်၊ ဇာတ်ခေတ်က ပရိသတ်များ အနက်မှလည်း များသောအားဖြင့် ကွယ်လွန်ခဲ့ကြလေပြီ။

အမေနှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့ကြသူများလည်း အချို့မှာ မရှိကြတော့။

သို့သော် အမေသည် ခေတ်အဆက်ဆက် ပြောင်းလဲလာသမျှသော ပရိသတ်ကြီး၏ ချစ်ခြင်းမေတ္တာကို ခံယူနေဆဲ။

အဆင့်ဆင့် လက်တွဲလာခဲ့သူများကြားဝယ် အမေသည် ပျော်နေဆဲ၊ ရှင်နေဆဲ၊ အနုပညာတာဝန်များကို ထမ်းရွက်နေဆဲ။

(၃)

"ဘယ်ကားတုန်းကလေ . . . ဒေါ်ကြည်ကြည်ဌေးက ဘယ်လိုသရုပ်ဆောင်လိုက်တာ"

"သူ့ကိုကြည့်ပြီး ငိုလိုက်ရတာ . . ." ဆိုတဲ့ ပရိသတ်တွေ





ရှိသည်။

"သူ့ကိုကြည့်ပြီး ရယ်လိုက်ရတာ . . ." ဆိုတဲ့ ရုပ်ရှင်ချစ်သူတွေ ရှိသည်။

"သူ့ကိုကြည့်ပြီး ပညာယူရတယ်" ဆိုတဲ့ ရုပ်ရှင်ပညာသည်တွေ ရှိပါသည်။

သို့သော် သူတို့တွေ ငိုအောင်၊ ရယ်အောင် လုပ်ပြတတ်တဲ့ အမေ့ရဲ့ ပိတ်ကားနောက်ကွယ်က ဘဝလှုပ်ရှားမှုများ၊ လူမသိအောင် ကျိတ်ပြီး ငိုခဲ့တာတွေ၊ ပိတ်ကားပေါ်မှာ မဟုတ်တဲ့ အမေ့ဘဝ ဖြစ်စဉ်များကို ယခု စာတစ်စောင်၊ ပေတစ်ဖွဲ့ဖြင့် စာရေးဆရာမကြီးက ပရိသတ်သို့ တင်ပြလိုက်လေပြီ။

အမေ့အကြောင်း၊ အမေ့ဘဝကို လုံးဝ မသိကြသေးသူများ ဤစာကို ဖတ်ပြီးလျှင် သိနိုင်ခွင့်ရကြလေပြီ။

အမေ့ဘဝကို နည်းနည်းပဲသိကြသူများလည်း ယခုစာအုပ်ကို ဖတ်၍ အပြည့်အစုံ သိခွင့်ရကြလေပြီ။

ဤစာအုပ်ထဲမှ အကြောင်းအရာများသည် ဇာတ်စင်ပေါ်မှ ထိုးဇာတ်တစ်ခု မဟုတ်ပါ။ ပိတ်ကားပေါ်မှ ရုပ်ရှင်ဇာတ်လမ်းတစ်ခုလည်း မဟုတ်ပါ။

(၄)

မြန်မာ့ရုပ်ရှင် ပြဇာတ်ခေတ်ဦးမှစ၍ ယနေ့အထိ နှစ်ပေါင်း ၅၀ ကျော်အတွင်း တစ်ခေတ်မှာ တစ်ယောက် ထွန်းတောက်သည်ဟု ဆိုရမည်ဖြစ်သော အနုပညာရှင်တစ်ဦးကို ပြပါဆိုလျှင် အမေ့ကို ပြရပေမည်။

ကျွန်တော့်ရဲ့ အလေးစားဆုံး၊ အကြိုက်ဆုံး ရုပ်ရှင်ပညာသည်ဟု ဆိုလျှင်လည်း အမေ့ကိုပင် ညွှန်ပြရပေမည်။

www.burmeseclassic.com



အမေ၏ ဖြူစင်သောနှလုံးသားကို ကျွန်တော်သိသည်။

အမေ့၏ စိတ်နေသဘောထားကိုလည်း ကျွန်တော် နားလည်သည်။

ကျွန်တော် သိထားခြင်းထက် ပို၍ အခိကကျသည်များကို ဂျာနယ်ကျော်မမလေးက မအောင့်အည်းနိုင်စွာဖြင့် ရေးချလိုက်လေပြီ။

ဤစာအုပ်မှတစ်ဆင့် အမေကဲ့သို့ အမျိုးသမီးများ၊ အမေကဲ့သို့ အနုပညာရှင်များ ပေါ်ပေါက်ရေးအတွက် အကူသပံ့ ဖြစ်စေလိမ့်မည်။

(၅)

အနုပညာနှင့် ပတ်သက်၍ ရုပ်ရှင်ပညာရှင်များတွင် တွေ့ခဲ့ရသော မာနကို အမေ့ထံတွင်တွေ့ရသည်။ အမေသည် မလုပ်လျှင်နေတော့၊ လုပ်လျှင် မည်သည့်အခါမှ ဖွဲလျှော့လေ့မရှိ။ ဥပမာ ကားတစ်ကားရိုက်တော့မည်ဆိုလျှင် မရိုက်ကူးမီက ချင့်ချိန်သည်။ တွေးသည်။ မလုပ်နိုင်လျှင် မလုပ်ဘဲနေသည်။ လုပ်မည်ဟု ကတိပြုပြီးသည့်နောက် အစမှ အဆုံးတိုင် စေတနာထက်သန်စွာ လုပ်ပေးတတ်သည်။ အလုပ်ခွင်အတွင်း၌ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေဖြစ်သည့်တိုင် ဇာတ်ကားပြီးဆုံးအောင် ရိုက်ပေးသည်။

သို့ကြောင့် အမေသည် ရုပ်ရှင်လောကထဲမှ အချို့ ပုဂ္ဂိုလ်များလုပ်လေ့ရှိသော ညစ်သည့်အကျင့်မျိုး အမေ့တွင်မရှိသလို၊ လွယ်လွယ်နှင့် အလုပ်တစ်ခုအပေါ် မဆုံးဖြတ်တတ်ပေ။ အမေ့လိုစိတ်ဓာတ်မျိုးနောင် ရုပ်ရှင်ဆရာတို့ သတိချပ်သင့်ပေသည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းကပင် မင်းသမီးအဖြစ် ကြည့်ခဲ့ရသော အမေသည် ကျွန်တော် ဒါရိုက်တာဖြစ်သည်အထိ မင်းသမီးဘဝ၌





ပင် ရှိနေသေးသည်။

အမေနှင့်ပတ်သက်၍ ချစ်ခင်နှစ်သက်ကြလေသော ပရိသတ်ကြီးသည် အမေပါဝင်သော ဇာတ်ကားပြသည့် ရုံများထဲတွင် အားပေးနေမြဲဖြင့် ချစ်နေကြောင်း ပြသကြသည်။

အမေနှင့်ပတ်သက်၍ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုး အသိုင်းအဝိုင်းများနှင့် ပညာရှင်များသည် အမေ့အိမ်သို့ ဝင်ထွက်သွားလာကာ ကူညီစောင့်ရှောက်ခြင်း၊ အကြံဉာဏ်များ ရယူခြင်း စသည်ဖြင့် အမေ့ကို ချစ်ခင်နေကြောင်း ပြသကြသည်။

ထို့ကြောင့် ကျွန်တော်သည် . .

အမေ ကြည်ကြည်ဌေးနှင့်ပတ်သက်၍ . . .

**သံသရာလည်သရွေ့**

၁၉၇၂ ခုနှစ်က ဖြစ်သည်။ 'သံသရာလည်သရွေ့' ဇာတ်ကားရိုက်ကူးရန်အတွက် အမေ့အိမ်သို့ ကျွန်တော် ရောက်ခဲ့သည်။ ၎င်းဇာတ်ကားအတွက် အမေ့ကို စကားကမ်းလှမ်းရန်ပင် ဖြစ်ပါသည်။ ကျွန်တော် ပထမအကြိမ် သွားရောက်ပြောဆိုသောအခါ အမေက ပါဝင်ရန် အဖြေမပေးခဲ့။ ကျွန်တော် ပြန်ခဲ့ရသည်။

ဒုတိယအကြိမ် အမေ့ထံသို့ ကျွန်တော် ရောက်သောအခါတွင်လည်း အမေက ယခင်ကအတိုင်းပင် အဖြေမပေး။ သို့နှင့် တတိယအကြိမ် ကျွန်တော်သည် ဖွဲမလျှော့စွာနှင့် အမေ့ကို ခွင့်ပန်သောအခါ အမေက ရိုက်ပေးပါမည်ဟူသောကတိကို ပေးလိုက်လေသည်။ ထို့ကြောင့် 'သံသရာလည်သရွေ့' တွင် အမေနှင့် စ၍ တွေ့ခဲ့ရသည်။ 'သံသရာ

www.burmeseclassic.com



လည်သရွေ့’သည် ကျွန်တော်၏ တတိယမြောက်ဇာတ်ကားဖြစ်ပါသည်။ အမေနှင့် ကျွန်တော် ကံဆုံသည်ဟု ပြောရမည်လားမသိ။ ထိုဇာတ်ကားသည် ထင်ထားကြသည်ထက် ပို၍ အောင်မြင်ခဲ့ရုံမက ၁၉၇၄ ခုနှစ်၏ အကောင်းဆုံး ဝင်ငွေစံချိန်သစ် တင်နိုင်ခဲ့သည်။

‘သံသရာလည်သရွေ့’သည် စိတ္တဇဝေဒနာသည်လေး ဝေဝေကို အခြေခံသော ဇာတ်လမ်းဖြစ်ပါသော်လည်း ဇာတ်၏ ပင်မအသက်သည် အမေနှင့် ဦးကျော်လှုံတို့၏အပေါ်တွင် တည်ဆောက်သောပုံစံဖြင့် ကျွန်တော် ရိုက်ကူးခဲ့သည်။

အမေ့ကို ဇာတ်ကားရိုက်ကူးရန် ဆွေးနွေးပြောဆိုရခြင်း ခက်သလောက် လက်ခံပြီး ရိုက်ကူးပေးသောအခါ အလွန်စိတ်ချမ်းသာခဲ့ရသည်။ ကျွန်တော်လိုချင်သည့် အမူအရာကို ပြောပြသောအခါ အမေက ကွက်တိ သရုပ်ဆောင်ပေးသည်။ အဘ ဦးကျော်လှုံနှင့် အပေးအယူကောင်းစွာဖြင့် သရုပ်ဆောင်ပေးသွားခဲ့သည်။

‘သံသရာလည်သရွေ့’သည် အမေနှင့် ကျွန်တော် တွေ့ဆုံနိုင်ရန် ဖန်တီးပေးခဲ့ပါသည်။

## မူယာမာယာပိုလွန်းတယ်

‘သံသရာလည်သရွေ့’ ပြီးခဲ့သည့်နောက် ကျွန်တော်နှင့် အမေတို့ မတွေ့ဆုံဖြစ်ကြတော့။ အမေနှင့် ကျွန်တော်တို့ကို ‘မူရာမာယာပိုလွန်းတယ်’ ဇာတ်ကားက ဒုတိယအကြိမ် ပြန်ဆုံတွေ့စေရန် ဖန်တီးခဲ့ပြန်သည်။ မိမိထက်ငယ်သူလေးအပေါ် တိမ်းညွတ်ကြည်နူးမိရာမှ ရယ်ခြင်း၊ ငိုခြင်း၊ ရင်ခုန်ခြင်း စသည့် ခံစားမှုကိုဖြစ်ပေါ်ရသည့် အပျိုကြီးမမ၏နေရာတွင် အမေ့ကို ကျွန်တော် ရွေးချယ်လိုက်ပါသည်။ ကျွန်တော့်ဆုံးဖြတ်ချက်





အတိုင်း အမေ့ထံသို့ တင်ပြခဲ့ပါသော်လည်း အမေငြင်းဆန်ခဲ့ပါသည်။ ကျွန်တော် စကားကမ်းလှမ်းသော အချိန်သည် အမေ့အတွက် အကြပ်အတည်းမျိုးစုံနှင့် ရင်ဆိုင်နေရသည့်အတွက် ရုပ်ရှင်ရိုက်ကူးခြင်းကို အတန်အသင့် အနားယူရန် စိတ်ပိုင်းဖြတ်ထားချိန် ဖြစ်နေသည့်အတွက် ငြင်းခဲ့ရကြောင်း နောင်တွင်မှ သိခဲ့ရပါသည်။

ကျွန်တော်ကဲ့သို့ပင် အခြား လာရောက်စကားကမ်းလှမ်းသူများကိုလည်း ခါးသီးစွာဖြင့် ငြင်းခဲ့ပါသည်။ ကျွန်တော် စိတ်မလျှော့ခဲ့ပါ။ ကျွန်တော့်တွင် ရည်ရွယ်ချက်ရှိပါသည်။ ‘မူရာမာယာပိုလွန်းတယ်’မှ အပျိုကြီးနေရာတွင် အမေ ကြည်ကြည်ဌေးကို မသုံးဘဲ အခြား ဝါရင့်မင်းသမီးတစ်လက်ကို သုံးလျှင်လည်း ရနိုင်ကောင်း ရနိုင်ပါ၏။ သို့သော် အမေနှင့်သာ ကျွန်တော်ရိုက်ကူးလိုခြင်းမှာ အခြားရိုက်ကူးသူများက အမေ့ကို အမေခန်းများတွင်သာ သရုပ်ဆောင်နေစေခြင်းများထဲမှ ခွဲထွက်၍ အမေ့ကို အမေခန်းမဟုတ်သော မင်းသမီးခန်းမှ ကျွန်တော်ရိုက်ချင်သော ဆန္ဒလည်း ရှိသည်။ ထို့ပြင် ယခင် အမေနုစဉ်ကာလက မင်းသမီးဘဝနှင့် သရုပ်ဆောင်ခဲ့ပုံများကိုလည်း ဇာတ်ကား၏ တစ်စိတ်တစ်ဒေသတွင် မှတ်တမ်းအဖြစ်တင်လိုသည့် ဆန္ဒလည်းရှိသည်။ သိမိလိုက်သူများအတွက် အသစ်အဆန်းလေးများ ဖြစ်စေရမည်ဟု ကျွန်တော်ယုံကြည်ခဲ့ပါသည်။

ထိုဇာတ်ကားအတွက် အမေ့ကို စကားကမ်းလှမ်းသောအခါ အမေက သူ့အနေနှင့် အငယ်ခန်းများကို ပြန်လည်ပါဝင်ရန် မဆုံးဖြတ်ရသေးဟုလည်း ဆိုခဲ့၏။ ငါးကြိမ်ခန့်အထိ အမေနှင့် ကျွန်တော် အပေးအယူအမျိုးမျိုး၊ အယူအဆအမျိုးမျိုး ဖလှယ်ခဲ့ပြီးနောက် အမေသည် ကျွန်တော့်ကို ရိုက်ကူးပေးရန် ကတိပေးလိုက်ပါတော့သည်။

ထိုဇာတ်ကားတွင် အမေသည် တစ်ကားလုံး အပျိုကြီးအဖြစ်နှင့်

www.burmeseclassic.com



အငယ်ခန်းများမှ သရုပ်ဆောင်ရသောအခါ နှစ်အံတန်ကြာအောင် မပြင်ဆင်ခဲ့သော ပြင်ဆင်မှုများကို လုပ်ရပါသည်။ ကိုယ်ကာယ ဖွံ့ဖြိုးမှုမှ အစ၊ ဆံပင်၊ မိတ်ကပ်၊ ဝတ်စားမှုအဆုံး ခေတ်အမီဆုံးဖြစ်အောင် အမေကြိုး စားရှာသည်။

'မူယာမာယာပိုလွန်းတယ်' ရိုက်နေစဉ်အတွင်း အမေ နေမကောင်းဖြစ်လိုက်သောအခါ ဇာတ်ကားရိုက်ကူးခြင်းကို နှစ်လခန့် ရပ်နားလိုက်ရပါသည်။ အမေ့ရောဂါကို အစာအိမ်ရောဂါကို အစာအိမ်ရောဂါကု ဆရာဝန်က သတ်မှတ်ပါသည်။ 'မူယာမာယာ' ဇာတ်ကားတွင် သူပါဝင်ရသောအခန်းနှင့် အရွယ်တို့ ကိုက်ညီမှုရှိစေရန် အစားအသောက်ကို ဆင်ခြင်သည်။ အအိပ်အနေကို ဆင်ခြင်သည်။ ဝမ်းထဲမှ ဆာသော်လည်း မစားဘဲနေသည့်အခါ နေသည်။ စားလျှင်လည်း ဗိုလ်ပြည့်အောင် မစားခဲ့။ ထို့ကြောင့် ဇရာသည် အမေ့ကို ခွင့်မပြုတော့၍ လားမသိ၊ အမေ 'မူရာမာယာ'ဇာတ်ကားအတွက် အစာအိမ်ရောဂါကို ဖြစ်စေလေတော့သည်။

မရိုက်ဖူးဆိုတုန်းက အမေ အကြိမ်ကြိမ်ငြင်းခဲ့ပါသော်လည်း ရိုက်ပြီဟေ့ဆိုတော့ အမေသည် မိမိ၏ ကျန်းမာရေးကိုပင် ဂရုမစိုက်နိုင်အောင် သရုပ်ဆောင်ပေးသော အမေပင်ဖြစ်သည်။

'မူရာမာယာ ပိုလွန်းတယ်' ဇာတ်ကားသည် အမေနှင့် ကျွန်တော်တို့အား ဒုတိယအကြိမ် တွေ့ဆုံပေးသောဇာတ်ကားဖြစ်သလို အမေနှင့် ကျွန်တော်တို့ မမေ့နိုင်သော မှတ်တိုင်ဇာတ်ကားဟုလည်း ဆိုနိုင်ပေသည်။





နွေး

'မူရာမာယာပိုလွန်းတယ်' ရိုက်ကူးနေစဉ် 'နွေး' ဇာတ်ကား ရိုက်ကူးရန် ကျွန်တော် တာဝန်ယူရပြန်သောအခါ 'နွေး'ဇာတ်ကားအတွက် သီလရှင်ဇာတ်ဆောင်နေရာကို အမေ့ထံသို့ ချဉ်းကပ်ရပြန်သည်။ 'နွေး' အတွက်တော့ အမေစိတ်သန်ပုံရသည်။ ဘိက္ခုနီဘဝနှင့် သရုပ်ဆောင်ရမည်ကို အမေနှစ်သက်သည်။ အမေကိုယ်တိုင်ကလည်း တရားကို စိတ်ဝင်စားသူမို့ သီလရှင်ဘဝ သရုပ်ဆောင်ရန် အမေသဘောတူခဲ့၏။

သို့သော် တကယ့်လက်တွေ့တွင် အမေ့ကျန်းမာရေးက သရုပ်ဆောင်မှုကို အဟန့်အတားဖြစ်လာသည်။ ထို့ကြောင့် အမေ၏ အခြေအနေအရ တစ်ကားလုံး မယ်သီလရှင်အစား ယောဂီဘဝကို တစ်ဝက်ခန့်အထိ ဖြည့်စွက်အစားထိုး လိုက်ရသည်။ 'နွေး'ဇာတ်ကား၏ အခြေခံရာမုံရွာနှင့် စစ်ကိုင်းမြို့များသို့ ပူပြင်းသော အချိန်များ၌ သွားရိုက်သောအခါ အမေ့မှာ ပင်ပန်းရှာသည်။ ဤဇာတ်ကားအတွက် အမေ တကယ်ပင် ကတုံးတုံးရန် ရည်ရွယ်ခဲ့သည်။ မဖြစ်နိုင်မှန်းသိမှ ကတုံးအတုလုပ်ပြီး သရုပ်ဆောင်ခဲ့ရသည်။ အတုကို ခေါင်းပေါ်သို့အုပ်သောအခါ၌လည်း အမေ့အတွက် မသက်သာလှ။ ကတုံးအတုနှင့် မိတ်ကပ်လိမ်းရန် သုံးနာရီခန့် ပြင်ဆင်ရသည်။ ပူပြင်းသောအရပ်တွင် ခေါင်းစွပ်နှင့် ရိုက်ကူးရသောကြောင့် ခေါင်းကိုက်ခြင်းမှအစ ကိုယ်လက်မအီမသာ ဖြစ်သည်အထိ အမေ့ကို ဒုက္ခပေးသည်။ ထို့ကြောင့်နယ်တွင် အမေ့အခန်းကို တစ်ရက်ခြားတစ်ခါ ရိုက်ရသည်။ တစ်ရက်ရိုက်ပြီးလျှင် တစ်ရက် အနားပေးရသည်။

စစ်ကိုင်းတောင်တန်းများအပေါ်သို့ အမေ့ကို လက်တွဲခေါ်ရင်း ဇာတ်ဝင်ခန်းများကို ရိုက်ခဲ့ရသည်။ စစ်ကိုင်းမှ ပြန်သောအခါ အမေ

www.burmeseclassic.com



အိပ်ရာအိပ်ရာထဲမှပင် မထနိုင်တော့။ ယခင် အစီအစဉ်မှာ ရန်ကုန်တွင်ပင် ပုံတူဆောက်၍ ရိုက်ရန်ဖြစ်သော်လည်း အမေ့ဆန္ဒကြောင့် စစ်ကိုင်းဘက်သို့လှည့်၍ ရိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ခရီးသွားရန် လမ်းတစ်လျှောက်လုံး အမေက သူ့ကျန်းမာရေးကောင်းကြောင်း မပြတ်ပြောသည်။ ရိုက်ရသူကို စိတ်မညစ်စေရန် ချော့သိပ်ခြင်းသာဟု ကျွန်တော်ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် အမေအခြေအနေကို သိနေသောကြောင့်တည်း။

'နွေး'မှ အမေ့အမူအရာသည် မူရာမာယာမှ ဟန်နှင့် လုံးဝခြားနားနေသည်ကို တွေ့ရပေလိမ့်မည်။

**ချစ်သောဖေဖေ**

"ငါက စိတ်ချမ်းသာရမယ်ဆိုရင် တစ်ပြားမှ မရရင်နေပါစေ. . . လုပ်မယ်"

"စိတ်မချမ်းသာရလို့ကတော့ ရွှေထွက်သွားပါစေ၊ မလုပ်ဘူး"

ဒီစကားက အမေ့ရဲ့ လက်သုံးစကား။ ရွှေမထွက်သော ကျွန်တော်တို့နှင့် အမေလုပ်ကိုင်နေရသည်မှာ စိတ်ချမ်းသာ၍ဟု ကျွန်တော် ထင်ပါသည်။

ထို့ကြောင့်လည်း 'ချစ်သောဖေဖေ' ရိုက်ဖြစ်သွားသည်။ ပါးစပ်သတင်း၊ အရပ်သတင်းများ၊ အတွန်း၊ အတိုက်၊ အပြိုင်၊ အဆိုင်ကြားမှ 'ချစ်သောဖေဖေ' ကို ပြီးအောင် ရိုက်ပေးခဲ့သည်။ 'ချစ်သောဖေဖေ'သည် အမေနှင့် ကျွန်တော်တို့ သံယောဇဉ် မည်မျှရှိကြကြောင်း ဖုံးကွယ်မရအောင် ပေါ်လွင်စေသည့်ကားဟု ကျွန်တော်ယုံကြည်သည်။

ငွေပုံပေးသူတို့မှ ဖယ်ကြဉ်၍ ကျွန်တော်တို့အတွက်ဟု ဆိုအာ





တစ်သက်လုံး လက်မတွဲတော့ဟု အမေ ဆုံးဖြတ်ထားသူနှင့် 'ချစ်သောဖေဖေ' တွင် အမေ စိတ်အရှည်ဆုံးထားပြီး သရုပ်ဆောင်သွားခဲ့သည်။

'ချစ်သောဖေဖေ' တွင် အမေ့အတွက် အခန်းနည်းသည်ဟု မဆိုသာသော်လည်း အစီကတော့ မဟုတ်ပါ။ သို့သော် အမေ့ပညာ၊ အမေ့သတ္တာကြောင့် အမေ အကောင်းဆုံး ဖြစ်နေခဲ့သည်။

ကျန်းမာရေးကြောင့် အိပ်ရာထဲတွင် အနားယူနေရမည့် အမေ့ကို ရိုက်ကွင်းပေါ် သို့ ရအောင်ခေါ်ကာ အလွမ်းခန်းတွေရိုက်သည်အထိ ဒုက္ခပေးခဲ့သူက ကျွန်တော်ပါ။

ရုပ်ရှင်ရိုက်ခြင်းများကို အကြောင်းကြောင်းများကြောင့် ရပ်နားတော့မည့် အမေ့မျက်နှာပေါ် မှာ မိတ်ကပ်မပြတ် လိမ်းစေပြီး တစ်ကားပြီးတစ်ကား ရိုက်ခဲ့သူကလည်း ကျွန်တော်ပါ။

ရွှေပုံပေးပြီး ဖြစ်စေချင်သလိုဖြစ်ရပါစေမည်ဟူသော အာမခံသူများနှင့်တောင် မရိုက်ကူးဘဲ ရွှေထွက်မည်မဟုတ်သော ကျွန်တော်တို့နှင့် ဒုက္ခဆင်းရဲ အမျိုးမျိုးခံကာ အိပ်ရာထဲ လဲအောင် လုပ်ခဲ့သူကလည်း ကျွန်တော်ပါ။

'မထေရ်၏အမည်ကို မခေါ်ဝံ့ပါ။ မထေရ်သည် ကျွန်ုပ်၏ လေးစားကြည်ညိုအပ်သော ပုဂ္ဂိုလ်တည်း' ဟု ရှင်အာနန္ဒာက ရှင်မဟာကဿပနှင့် ပတ်သက်၍ ဆိုဖူး၏။

ယခုလည်း 'ပုဂ္ဂိုလ်၏အမည်ကို မခေါ်ဝံ့ပါ။ ပုဂ္ဂိုလ်သည် ကျွန်ုပ်လေးစားသောပုဂ္ဂိုလ်တည်း' ဟု ကျွန်တော် ဆိုရချေမည်။

ထိုပုဂ္ဂိုလ်ကား . . . . အမေ (သို့မဟုတ်) အနုပညာရှင်ဒေါ်ကြည်ကြည်ဌေး ။

ဒါရိုက်တာအောင်မြင့်မြတ်